NDSP

THE VEGETARIAN

HAN KANG

သားသတ်လွှတ် သမ

သင့်မြ

WHISPER OF WORDS

ဘာသာပြန်ဝတ္ထု

သင့်လူ

E-Books

ပုံနှိပ်မှတ်တမ်း

သားသတ်လွှတ်သမ(သင့်လူ)

ပထမအကြိမ် ၊ ၂၀၁၆ တန်ဖိုး • ****ကျပ်

E-books Creator • Whispers of Words

© သင့်လူမူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

About Us
ဟိုအကြောင်း ဒီအကြောင်း စကားစမြည်
သားသတ်လွှတ်သမ
မွေးရာပါ မွန်ဂိုလီးယားအမှတ်
လောင်မီးကျသစ်ပင်များ

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

Ⓦ Ⓗ Ⓘ Ⓢ Ⓟ Ⓔ Ⓡ of Ⓦ Ⓞ Ⓡ Ⓓ Ⓢ

Subscribe Telegram Channel

https://t.me/TheBookR

THE VEGETARIAN

HAN KANG

2016 THE MAN BOOKER INTERNATIONAL PRIZE WINNER

ယခု စာအုပ်သည် Deborah Smith ၏ အင်္ဂလိပ်ဘာသာပြန်မှုကို မြန်မာဘာသာပြန်ဆိုထားခြင်း ဖြစ်ပါသည်။

««« »»»

ဟိုအကြောင်း ဒီအကြောင်း စကားစမြည်

ဘာရယ်မဟုတ် နည်းနည်းတော့ပြောချင်သား။

ဟိုတလောဆီက စာပေတန်းဝင်ခြင်း မဝင်ခြင်းဆိုလား လူမှုကွန်ယက်မှာ အငြင်းပွားကြသံသဲ့သဲ့ ကြားမိတယ်။ ထုံးစံအတိုင်း သူ့ဘက်ကိုယ့်ဘက် သည်းသည်းလှုပ် ကဲကဲဆတ် ငြင်းကြတာပေါ့။ ပြီးတော့လည်း မြန်မာ့ထုံးစံအတိုင်း ဘာမှမပါပဲ ပြီးသွားရော။ သူတို့ ပြောဆိုငြင်းခုံကြတဲ့ တန်းမြင့်စာပေဆိုတာ ဘယ်လိုဟာမျိုးလဲ။ ဖတ်ပြီးရင် လူတွေ တမ်းတမ်းစွဲဖြစ်တသသပြောပြီး ခေတ် အဆက်ဆက် တင်ကျန်ခဲ့မယ့် စာမျိုးလား။ အင်မတန်ခက်ခဲနက်နဲတဲ့ ဘဝအဓိပ္ပာယ် အတွေးအခေါ်အပြည့်နဲ့ လေးလည်းလေး၊ နက်လည်းနက်တဲ့ ကတ္တရာပုံးလိုဟာမျိုးလား။ ဆုတွေ တစ်လှေကြီးရပြီး အများကကောင်းပါတယ်၊ မဖတ်ရင် လူဖြစ်ရှုံးမယ်ပြောလို့ ဖတ်ချင်ချင် မဖတ်ချင်ချင် ဆေးခါးကြီးမျိုသလို ကြိတ်မှိတ်ဖတ်ရတဲ့ စာအုပ်တွေလား။ နော်တင်ဟန် တက္ကသိုလ်က ဒဿနိကပါမောက္ခ ဂရီဂိုရီကာရေး ကတော့ နယူးယောက်တိုင်းမ်စ်မှာ စာပေဆိုင်ရာ အဆိုတစ်ခု တင်ခဲ့ဖူးတယ်။ သူ့အဆိုအရ တော်စတွိုင်းအစချီတဲ့ ရောမဝတ္ထု ဘုတ်အုပ်ကြီးတွေ တကိုင်ကိုင် ဖတ်နေရုံနဲ့ လူတွေမှာ လူမှုရေးအခြေအနေတွေ တိုးတက်၊ ကိုယ်ကျင့်တရားတွေ ဖြူစင်ဝင်းပဆိုတဲ့ အခြေအနေတွေဖြစ်လာလို့လား၊ ဒီလိုဖြစ်လာတဲ့ သက်သေ အထောက်အထားရော ရှိလို့လား၊ အဲလိုမေးခွန်းတွေရှိပေမဲ့ စာပေဟာ လူထုကို တိုးတက်အောင် ဘာမှမလုပ်နိုင်ဘူးဆိုတဲ့ တရားလက်လွတ် အပြောအဆို တွေကို ရပ်တန်းကရပ်လိုက်ပါတဲ့။

ဒီလို သက်သေမျိုးလိုချင်တယ်ဆိုရင် ပြစရာသက်သေတွေ ရှိပါတယ် တဲ့။ ၂၀၀၆ခုနှစ် ကနေဒါ ယော့ခ်တက္ကသိုလ်က စိတ်ပညာရှင် ရေမွန်မား လုပ်ခဲ့တဲ့ သုတေသနစာတမ်းမှာရော ၂၀၀၉ ခုနှစ် တိုရွန်တို တက္ကသိုလ်က စိတ်ပညာပါမောက္ခ အုတ်ထ်လေ လုပ်ခဲ့တဲ့ စာတမ်းမှာပါ တူညီတဲ့ ရလာဒ်တစ်ခု ထွက်ထားတာရှိတယ်။ ဝတ္ထုဖတ်တဲ့သူတွေဟာ သူတစ်ပါးကို ပိုပြီး စာနာတတ် တယ်။ နားလည်တတ်တယ်။ ကိုယ်ချင်းစာ တတ်တယ်။ လောကကို ရှုမြင် သုံးသပ်ရာမှာလည်း ပိုကောင်းတဲ့အမြင်တွေ ရှိကြတယ်လို့ စာတမ်းနှစ်ခုလုံးက ဆိုခဲ့ပါတယ်။ စာနာ၊ နားလည်၊ ကိုယ်ချင်းစာ၊ သနားတတ်တဲ့ ခံစားနားလည် နိုင်စွမ်းရှိလေလေ စာအုပ်စာပေ (အထူးသဖြင့် ရသစာပေကို) ပို စွဲစွဲလမ်းလမ်း ဖတ်လေလေ ပဲလို့ သုတေသနပညာရှင်တွေက ကောက်ချက် ဆွဲခဲ့ကြတယ်။

ရေမွန်မားဟာ ၂၀၁၀ခုနှစ်မှာ အလားတူ သုတေသနမျိုးကို ကလေးငယ်လေးတွေနဲ့ လုပ်ခဲ့ပြန်တယ်။ ပိစိလေးတည်းက ပုံပြင်တွေ နားထောင်၊ ဇာတ်လမ်းတွေ နားထောင်ခဲ့ရတဲ့ ကလေးလေးတွေဟာ စိတ်ခါတ်မြင့်မားတဲ့ အခြေအနေရှိတယ်လို့ သူ တွေ့ခဲ့ပြန်ပါသတဲ့။

သို့သော်လည်း အင်တာနက်ပေါ်တက်၊ ဖေ့စ်ဘွတ်ခ်ထဲဝင် တင်သမျှ စတေးတပ်စ်တွေ နုတ်စ်တွေကို နောက်က ရန်သူလိုက်သလို အပြေးအလွှား လိုက်ဖတ်တတ်တဲ့၊ ပန်းခင်းကို မြင်းစီးရင်းကြည့်တဲ့ အပေါ်ယံပကာသန

စာဖတ်ခြင်းတွေ ခေတ်စားလာတဲ့ ခုချိန်ကာလ သမယမှာ တငြိမ့်ငြိမ့်တသိမ့်သိမ့် အရသာခံ စာဖတ်တတ်တဲ့အကျင့်ဟာ လူမသိသူမသိ မျိုးသုဉ်း ပျောက်ကွယ်လု ဆဲဆဲ အန္တရာယ်နဲ့ ရင်ဆိုင် နေရပါတယ်။ အချိန်မီ မပျောက်ပျက်အောင် ထိန်းသိမ်းနိုင်စွမ်းမရှိခဲ့ရင်တော့ (Web) မျိုးဆက်၊ နက် (Net) မျိုးဆက်ရဲ့ အသိဉာဏ်နဲ့ အာရုံဖွံ့ဖြိုးမှုတွေဟာ ကြောက်စရာ ကောင်းလောက်အောင် ဝရုန်းသုန်းကား ချိန့်ပျော့ပြဲ သွားစရာ အကြောင်းရှိပါတယ်။ ခေတ် အဆက်ဆက် ဂုဏ်ယူဝံ့ကြွားလာကြတဲ့ လူသားမျိုးနွယ် ယဉ်ကျေးမှု ရုပ်စုံမဟာသဘင်ရဲ့ အဓိကဇာတ်ဆောင် ရုပ်သေးရုပ်ကလေး ကြိုးပြတ်သွား သလို အခြေအနေမျိုး ဖြစ်ပါလိမ့်မယ်။ နှလုံးသားနဲ့ ဦးနှောက် အပြန်အလှန် အပေးအယူမျှစွာ ခံစားနိုင်အောင် စနစ်တကျ လေ့ကျင့်ပေးထားသူ အချို့သာ ဖတ်နိုင်တော့မယ့် ဝတ္ထု၊ ကဗျာနဲ့ ရသစာပေဟာလည်း ပြတိုက်ထဲ၊ ဒါမှမဟုတ် မြောင်းထဲ ရောက်ပါလိမ့်မယ်။

လူသားရဲ့ သိမှုဗေဒဆိုင်ရာ သိပ္ပံပညာ၊ စိတ်ပညာနဲ့ အာရုံကြောဗေဒ သိပ္ပံပညာဆိုင်ရာ သုတေသနတွေမှာ တငြိမ့်ငြိမ့် တသိမ့်သိမ့် အရသာခံ စာဖတ်တတ်တဲ့ အကျင့်အကြောင်း တို့ထား ထိထား လေ့လာ ထားကြတာတွေ အများကြီးပါ။ စာအုပ်များ၌ ပျော်မွေ့ခြင်း၊ သို့တည်းမဟုတ် စာကို ကျားကုတ် ကျားခဲ မြတ်မြတ်နိုးနိုး တန်ဖိုးထားရင်း အပြင်းအထန် အလေးအနက် ဖတ်တတ်တဲ့ အကျင့် (အထုံဝလေ့) ဆိုတာ အက္ခရာသီကုံး ထိုစာလုံးများကို အဓိပ္ပာယ်အနက် ဖော်တတ်ရုံဆိုတာထက် အများကြီးပိုပါတယ်။ ဒီဝလေ့ဟာ လူ့ရဲ့ အာရုံခံစားမှု၊ စိတ်ပိုင်းဆိုင်ရာနဲ့ စောင့်ထိန်းအပ်တဲ့ ကျင့်ဝတ်တရား အပြန်အလှန်ဆက်စပ်တဲ့ ကွန်ရက်စနစ်ကြီး တစ်ခုအသွင် အလုပ်လုပ် ပါသတဲ့။

ဒီလိုပြောလို့ အွန်လိုင်းစာပေအားလုံးဟာ အပေါ်ယံဖတ်တွေ၊ လျော့ကြီးထိုးရိုးရိုး စာအုပ်မှသာ နက်နက်နဲနဲ ဖတ်ရမယ့်စာပေလို့ သိမ်းကြုံး ဆိုလိုတာမျိုး မဟုတ်ပါဘူး။ Link လေးတစ်ခု ပေးထားပြီး Continue reading ဆိုတာကို ကလစ်တစ်ချက်နှိပ်ရုံနဲ့ အပေါ်ယံ ရုပ်ဖတ်ခြင်းဘဝကနေ နက်နက်နဲနဲ ဖတ်ခြင်း ဘဝကို ပြောင်းချင်လည်း ပြောင်းသွားနိုင်ပါတယ်။ ဒီ Link ကို နှိပ်မှာလား မနှိပ်ဘူးလား ဆိုတာကတော့ စာဖတ်သူဖြေရမယ့် ပုစ္ဆာတစ်ပုဒ်ပေါ့။ အခြောက်တိုက် အချက်အလက်တွေ ကိုချည်း ဦးနှောက်ထဲ ဖွတ်သိပ်ထည့်ပေးမှာလား။ ခံစားနားလည်ပြီး စိတ်ရောင်စုံ အတွေးမျိုးစုံနဲ့ ပိတ်ထားတဲ့ အရှုတ္တ ပြတင်းကို ဖွင့်ကာလှစ်ကာ ကြည့်မှာလားဆိုတာ ဘယ်ဝလေ့နဲ့ စာဖတ် လေ့ရှိသလဲဆိုတဲ့ ပေါ် မူတည်ပါတယ်။ သက်ဆိုင်သူ ကာယကံရှင်ကသာ ဒီကိစ္စကို ဆုံးဖြတ်နိုင် မှာ အသေအချာပါပဲ။

ဟန်ကန်ရဲ့ သားသတ်လွတ်သမဟာ အပေါ်ယံရုပ်ဖတ်လို့ရတဲ့ စာပေမျိုး လုံးဝမဟုတ်။ တငြိမ့်ငြိမ့် အရသာခံဖတ်ရမယ့်စာမျိုး ဖြစ်တယ်။ စာရေး ဆရာမ ဟန်ကန် ဟာ စာကြောင်းတိုင်းကို အင်မတန် ဂရုတစိုက်နဲ့ ရေးဖွဲ့ထားခဲ့ပြီး ဖြုတ်ပစ်လို့ရတဲ့ စာကြောင်းပို တစ်ကြောင်းတောင် မပါတာလည်း ဒီဝတ္ထုရဲ့ ထူးခြားလှတဲ့အချက်ပါပဲ။ ဝတ္ထုရဲ့ အဓိက အပိုင်းကြီး သုံးပိုင်းကို ဇာတ်ကြောင်း ပြောသူ သုံးယောက်နဲ့ ဖွဲ့စည်းထားပြီး မြင်ကွင်းတစ်ခုကိုပဲ အပြောသုံးမျိုး အပြသုံးမျိုး ရေးဖွဲ့နိုင်စွမ်း ရှိတာကလည်း အလွန့်ကို ရင်သပ်ရှုမောစရာပါပဲ။

ဒီနေရာမှာ အနုပညာသမားတွေ ပြောလေ့ရှိတဲ့ စကားတစ်ခွန်းကို သတိရပါတယ်။ အနုပညာလက်ရာတစ်ခုကို ဖန်တီးရာမှာ အာရုံခံစားအား

သက်သက်နဲ့ ဖန်တီးမှု (Art) က အဓိကကျတယ်။ အတတ်ပညာနဲ့ မွန်းမံတဲ့ လက်ရာ (Craft) ဟာ အနုပညာ အတုပဲ ဆိုတာကိုပေါ့။ အနုပညာ အာရုံခံစားမှု အားပြု ဖန်တီးမှုဟာ တကယ့်အနုပညာ ဆိုတာ ငြင်းဖို့မလိုပါ။ သို့သော်လည်း ကျွန်တော့်အမြင်အရတော့ အတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုကလည်း ထပ်တူ ထပ်မျှ အရေးပါပါလိမ့်မယ်။ ဖန်တီးနိုင်စွမ်းဟာ ဘယ်လို ဖန်တီးတည်ဆောက်ရမယ်ဆိုတဲ့ နည်းပညာ ပံ့ပိုးမှုကြောင့် ပိုတောက်ပနိုင်စွမ်း ရှိမယ် ထင်ပါတယ်။ အတတ်ပညာ မရှိတဲ့အခါ ခံစား မှုသက်သက် ဖန်တီးနိုင်စွမ်းဟာ အနုပညာလက်ရာကို ဖန်တီးနေရင်း ဖြုတ်ခနဲ လျော့ကျပျောက်ဆုံး တဲ့အခါမျိုးမှာ ဖန်တီးထားတဲ့ အနုပညာလက်ရာ တွေဟာ ခေါင်းကြီးကိုယ်သေး ဖြစ်လိုဖြစ်၊ ဖင်ပိန်ရင်လိမ် ဖြစ်လိုဖြစ်၊ အသေလေး မွေးလိုမွေးနဲ့ ထင်မှတ်မထားတဲ့ ပရမ်းပတာ အခြေအနေတွေကို ရောက်သွားကောင်း ရောက်သွား နိုင်ပါတယ်။

လူတွေ အရသာခံဖတ်ကြတဲ့ တန်းမြင့်စာပေလက်ရာတွေဟာ အထက်ကပြောခဲ့တဲ့ အနုပညာနဲ့ အတတ်ပညာနှစ်ခုကို အချိုးညီ ပေါင်းစပ် ထားတဲ့ လက်ရာမျိုးတွေ များတယ်လို့သုံးသပ်မိတယ်။ ခု ဖတ်ရတော့မယ့် ဟာန်ကန်ရဲ့ သားသတ်လွတ်သမဟာ ခံစားမှုအရှိန်ကဲတဲ့ အနုပညာရယ်၊ ကျွမ်းကျင်တဲ့ ဖန်တီးမှုအတတ်ပညာရယ် နှစ်ခု အချိုးညီပေါင်းစပ်ထားတဲ့ လက်ရာတစ်ခုလို့ မြင်ပါတယ်။ ဒါကြောင့်မို့လည်း ၂၀၁၆ မန်းဘွတ်ကာ ဆုရခဲ့တဲ့ ဒီစာအုပ်ကို ဘာသာပြန် ဖြစ်ခဲ့တာပါပဲ။

နောင်တစ်ချိန် မြန်မာ့စာပေလက်ရာတွေ နိုင်ငံတကာ တန်းဝင်စေဖို့ နိုင်ငံတကာစာပေစင်မြင့်မှာ မျက်နှာပန်းလှစေဖို့ဆိုရင် ဒီကိစ္စတွေကို စဉ်းစား ကြည့်ကြဖို့လိုမယ်လို့ ထင်တာပါပဲ။

««« »»»

၊

သားသတ်လွတ်သမ

သားသတ်လွှတ်သမ မဖြစ်ခင်တုန်းက ကျွန်တော့်မိန်းမမှာ ထူးခြားတာဆိုလို့ ဘာမှကိုရှိတယ်လို့ မထင်ပါဘူး။ ပွင့်ပွင့်လင်းလင်း ပြောရရင် စတွေ့ကတည်းက ဆွဲဆောင်မှုနည်းနည်းမှ မရှိဘူး။ အရပ်မနိမ့်မမြင့်၊ ကုပ်ဝဲဆံပင်မရှည်မတို၊ အသည်းယောင်အသားဝါ လူမမာလို မကျန်းမမာအသားအရေ၊ ပါးရိုးမြင့်မြင့်နဲ့ ရှက်သလိုလို ကြောက်သလိုလို သူ့ပုံစံက ကျွန်တော်သိချင်တာ အားလုံးကို ပြောပြနေသလိုပဲ။ ကျွန်တော်စောင့်နေတဲ့ စားပွဲကို သူ လျှောက်လာတဲ့အခါ သူ့ဖိနပ်တွေကို သတိမထားမိဘဲ မနေနိုင်ဘူး။ ဘာမှဆွဲဆောင်မှု မရှိတဲ့ ရိုးရိုးဖိနပ်အနက်ပဲ။ လမ်းလျှောက်ပုံကလည်း ခါတာယမ်းတာ၊ ယိမ်းတာ နွဲ့တာ ဘာမှမရှိ။ မနှေးလွန်း မမြန်လွန်း။

ဆွဲဆောင်မှုလည်း ဘာမှမရှိ။ ငြင်းစရာအကြောင်းလည်း ဘာမှမရှိတဲ့အတွက် လက်မထပ်ဖြစ်ဖို့ အကြောင်းရင်းခံက မရှိဘူးလေ။ သူ့ရဲ့ လန်းခြင်း ဆန်းခြင်း နတ္ထိ၊ မြဲစိစိ ကုပ်ချိချိ ကိုယ်ရည်ကိုယ်သွေးက ကျွန်တော့်အတွက်တော့ တိုင်း၍ယက်သည့် ကမ္ဗလာ မိုးရွာသည်နှင့် အခန့်သင့်ဆိုသလို အံကိုက်ပဲ။ သူ့ကိုရဖို့အတွက် အင်မတိအင်မတန် ဉာဏ်ရည်မြင့်စရာလည်း မလို။ ဖက်ရှင်စာအုပ်တွေထဲက မော်ဒယ် ကောင်လေးတွေနဲ့ ကျွန်တော့်ကို နှိုင်းယှဉ်ပြီး ရှင်က ဘယ်လိုဘယ်ဝါ ပြောမယ့်အစားမျိုးလည်း မဟုတ်။ အစည်းဝေးရှိလို့ အိမ်ပြန်နောက်ကျလည်း ပြဿနာရှာမယ့် မိန်းမမျိုး မဟုတ်ဘူးကိုး။ အသက်နှစ်ဆယ်ကျော်တည်းက ရွှဲလာတဲ့ဗိုက်ရယ်၊ ဘယ်လောက်အားကစားလုပ်လုပ် ကြွက်သား တက်မလာတဲ့ စာကလေးခြေထောက်နဲ့ စာခြောက်ရုပ် လက်မောင်းတွေရယ်၊ ဘယ်လိုလုပ်လုပ် သန့်မာ ထွားကြိုင်းခြင်း အလျှင်းကင်းတဲ့ ရွှေပန်း ငုတ်တို ကြောင့်ဖြစ်ရတဲ့ သိမ်ငယ်စိတ်တွေရယ်ဟာ သူလိုမိန်းမမျိုးနဲ့ဆို ပူစရာမလိုဘူးဆိုတာ သေချာသဗျာ။

ကျွန်တော်က ဘဝမှာ သက်တောင့်သက်သာပဲ နေချင်တယ်။ ကျောင်းမှာတုန်းကလည်း သက်တူရွယ်တူတွေနဲ့ မပေါင်းဘဲ ကိုယ့်ထက် နှစ်နှစ်သုံးနှစ်လောက်ငယ်တဲ့ ဂျူနီယာတွေနဲ့ပေါင်းပြီး မဟုတ်တာလုပ်ဖို့ နည်းပေးလမ်းပြ ဆရာကြီးလုပ်တာပေါ့။ ကောလိပ်တက်တော့လည်း ပညာသင်စကော်လာရှစ်များများပေးတဲ့ ကောလိပ်ကို ဘာရယ်မဟုတ် လျှောက်လိုက်တာပဲ။ အလုပ်ဝင်ပြန်တော့လည်း ကျွန်တော့်ကို မရစ်မယ့်၊ မညှစ်မယ့်ကုမ္ပဏီသေးသေးမှာ ကျေနပ်လောက်တဲ့ လစာရနေတဲ့အတွက် စွဲစွဲမြဲမြဲ လုပ်လိုက်တာပဲ။ အဲလိုစရိုက်ကြောင့်လည်း ကမ္ဘာ့ဆွဲဆောင် မှုမရှိဆုံးမိန်းမလို့ စံချိန်တင်လောက် တဲ့ ဒီမိန်းမကိုလက်ထပ်ခဲ့တာပေါ့။ ချောချောလှလှ၊ ထက်ထက်မြက်မြက်၊ စူးစူးရှရှမိန်းမတွေ၊ သူဌေးသမီး ခြေမွေးမီးမလောင် လက်မွေးမီးမလောင်တွေ ကို သွားမှန်းရင် ကျွန်တော့် မရှိမဲ့ရှိမဲ့ မနည်းကြိုးစားထားရတဲ့ တည်ရှိမှုကလေးကို ဖနောင့်နဲ့ နင်းခြေသွားကြမှာလေ။

ကျွန်တော် မျှော်လင့်ထားသလိုပါပဲ။ တကယ့်ကို သာမန်အိမ်ထောင်ရှင်မိန်းမတစ်ယောက်လို သူ့နိစ္စဓူဝ အိမ်မှုကိစ္စတွေနဲ့ ဂျင်ချာလည်နေခဲ့တယ်။ မနက်ဆို ခြောက်နာရီထ၊ ထမင်းနဲ့ စွပ်ပြုတ်ပြင်၊ များသောအားဖြင့်တော့ ငါးစွပ်ပြုတ်ပေါ့။ သူက အရွယ် ရောက်စကတည်းက မိသားစုကို အချိန်ပိုင်း အလုပ်တွေနဲ့ ဝင်ငွေရှာပေးခဲ့တာ။ တစ်နှစ်လောက် သူတက်ခဲ့တဲ့ ကွန်ပျူတာ ဂရပ်ဖစ် ကောလိပ်မှာ လက်ထောက် သင်တန်းနည်းပြ လုပ်ဖူးတယ်။ ကာတွန်း စာအုပ်တွေမှာ

ဇာတ်ကောင်တွေပြောတဲ့စကားကို ဆပ်ပြာပူဖောင်းလို အကွက်လေးတွေထဲထည့်ရေးရတဲ့အလုပ်ကိုလည်း အိမ်ယူလုပ်ဖူးတယ်။

ဒါပေမဲ့ မိန်းမဟာ စကားနည်းလွန်းတယ်။ ဘာမှလည်း နားပူ နားဆာ မလုပ်တတ်ဘူး။ အိမ်ပြန်ဘယ်လောက် နောက်ကျနောက်ကျ ဘာမှ ပြောတယ်လို့ မရှိဘူး။ နားရက်တွေ တိုက်ဆိုင်ရင်လည်း အပြင်သွားမယ်၊ ဟိုဟာစားမယ် ဒီသွားမယ် ဘာမှပြောလေ့မရှိဘူး။ နေ့လည်နေ့ခင်း ဧည့်ခန်းထဲ ကျွန်တော် တီဗွီကြည့်နေရင် သူ့ဘာသာသူ အခန်းတံခါး ပိတ်ပြီးနေတာပဲ။ များသောအားဖြင့်တော့ စာဖတ်နေလေ့ရှိတယ်။ စာဖတ်ခြင်းဟာ သူ့ရဲ့ တစ်ခု တည်းသော ဝါသနာလို့ ပြောရမလားပဲ။ စာအုပ်တွေထဲမှာ သူ့ဘဝကိုနှစ်ထား တယ်လို့တောင် ပြောလို့ရတယ်။ သူဖတ်တဲ့စာအုပ်တွေ ကလည်း သူ့အတိုင်းပဲ လေးလံထိုင်းမှိုင်းလွန်းလို့ ကျွန်တော်ဖြင့် လှန်တောင်မကြည့်ဘူး။ စားချိန်သောက်ချိန်ရောက်မှ သူ အခန်းထဲကထွက်လာပြီး တိတ်တိတ်ဆိတ်ဆိတ်နဲ့ ပြင်ဆင်တယ်။ ဒီလိုမိန်းမမျိုး ဒီလိုဘဝနေနည်းမျိုးဆိုတော့ ကျွန်တော့်ဘဝဟာ ဘာမှထူးထူးခြားခြား မဟုတ်ဘူးပေါ့။ ထူးခြားတဲ့ လှုံ့ဆော်မှုတွေကိုလည်း ကျွန်တော်က မတွေ့ချင်ပါဘူး။ တခြားတစ်ဖက်က ပြန်ကြည့်မယ်ဆိုရင် တစ်နေ့လုံးတစ်ညလုံး အပေါင်းအသင်းတွေနဲ့ တရုန်းရုန်း ဖုန်းတဂွမ်ဂွမ်ဆက်၊ ယောကျ်ားကို ပြဿနာချည်းရှာတတ်တဲ့ မိန်းမမျိုးသာယူမိရင် ကိုယ်ကျိုးနည်းမှာ။

မိန်းမမှာ ထူးခြားတယ်လို့ပြောရမယ့် တစ်ခုထဲသော ကိစ္စကတော့ ဘယာစီယာ မဝတ်တာဘဲ။ သူနဲ့ မယူခင် ချိန်းတွေ့ကြတုန်းက သူ့ကျောကို ဖက်သလိုလိုနဲ့ ဘယာစီယာချိတ်ကို စမ်းကြည့်တော့ မတွေ့ဘူးခင်ဗျ။ ဟယ်... သင်း ဘာမှမဝတ်ထားပါလား၊ ဒါ ငါ့ကို အထာပေးတာလားဆိုတဲ့ အတွေးက ဝင်လာတော့ စိတ်ကကြွရော။ သူ့ကို မျှော်လင့်ချက်မျက်လုံးတွေနဲ့ ကြည့်မိတယ်။ လေ့လာတယ်။ လေ့လာမှုရဲ့ရလာဒ်ကတော့ သူဟာ ဘာမှမဘာဘူး ဆိုတာပဲ။ ဘာအထာမှ မပေးဘူး။ ဘာမှလည်း စိတ်ထဲရှိပုံမရဘူး။ ဒါဖြင့် သင်း ဘာဖြစ်လို့ ဘယာစီယာ မဝတ်တာတုံး။ ပျင်းလို့လား၊ ဂရုကိုမစိုက်တာလား။ အဲဒီကိစ္စကတော့ ကျွန်တော့်ခေါင်းထဲက တော်တော်နဲ့ မထွက်ဘူး။ သူ့ ရွှေရင်အစုံက ဘယာစီယာနဲ့ မထိုက်တန်လောက်အောင် လှလွန်းအားကြီးလို့ မဟုတ်တာ သေချာတယ်။ အပြင်တူတူသွားကြရင် သူ့ကို ရင်သားပုံထွက်တဲ့ ထူထူထဲထဲ ဘယာစီယာလေးဝတ်စေချင်တာ မိတ်ဆွေတွေရှေ့ မျက်နှာပူလွန်းလို့။

တစ်ခါသား နွေတုန်းက သူ့ကို ဘယာစီယာဝတ်ဖို့ ဖျောင်းဖျတာ အောင်မြင်ဖူးတယ်။ အမလေး အိမ်ကထွက်လာပြီး တစ်မိနစ်လောက်ကြာတော့ ဘာမပြောညာမပြောနဲ့ ချိတ်ဖြုတ်ချ လိုက်ရော။ ဝတ်ထားတဲ့အင်္ကျီက အပါးလေး၊ အရောင်ဖျော့လေးဆိုတော့ ဘယာစီယာချိတ်ပြုတ်ကြီးက ထင်းလို့။ မဝတ်တာထက်တောင် ဆိုးသေးတယ်။ သူကတော့ ဂရုမစိုက်ပေါင်။ ကျွန်တော် သူ့ကို ပြောပါတယ်။ ဒီလောက် ပူအိုက်နေတာ အပေါ်အင်္ကျီလည်း မဝတ်နိုင် တဲ့အတွက် ဘယာစီယာလေးတော့ ဝတ်မှဖြစ်မယ်ပေါ့။ သူ့ ရင်သားတွေကို ညှစ်ထားတဲ့ ဒဏ်ကို မခံနိုင်ဘူးတဲ့။ ဒါကြောင့် မဝတ်တာတဲ့။ အင်းလေ.. ကျွန်တော်လည်း ဘယာစီယာ ဆိုတာကို တစ်ခါမှမဝတ်ဖူးတော့ ဘယ်လို ညှစ်ထားသလဲဆိုတာ ဘယ်သိပါ့မလဲ။ ဒါပေမဲ့ သူကလွဲလို့ မိန်းမတိုင်း ဘယာစီယာ ဝတ်ကြတာပဲဟာ။ သူ့ကျမှ ဘာလို့သူများထက်ထူးပြီး ဘယာစီယာမုန်း

ရောဂါစွဲနေမှန်း မသိပါဘူး။

ကျန်တာကတော့ အားလုံးအဆင်ပြေပါတယ်။ ခုဆို အိမ်ထောင်သက်တမ်း ငါးနှစ်ထဲရောက်လာပြီ။ တစ်ယောက်နဲ့တစ်ယောက် မမြင်ရမနေနိုင်အောင် အရူးအမူးအလူးအလဲ တုန်နေအောင် ချစ်တာမျိုးလည်းမဟုတ်၊ ကွဲရကွာရလောက်အောင် မကြည့်ချင်၊ မမြင်ချင် မုန်းတီးတာ ငြီးငွေ့တာမျိုးလည်း မဟုတ်၊ တကယ့်ကို သာမာန်ပါပဲ။ အိမ်ပိုင်ယာပိုင်နဲ့ မနေနိုင်မချင်း ကလေးမယူဘူးလို့ ဆုံးဖြတ်ထားခဲ့ကြတာ။ ပြီးခဲ့တဲ့ ဆောင်းဦးတုန်းကတော့ အိမ်ပိုင်ယာပိုင် နေနိုင်ခဲ့တယ်။ သားသားမီးမီးတွေရဲ့ မပီကလာ ပေပွေ့ ခေါ်သံ များကြား,ကြားရပါ့မလားလို့ တစ်ခါတလေ သံသယဖြစ်မိတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမနက် ဝေလီဝေလင်းကြီးမှာ ညဝတ်အကျႌကြီးနဲ့ မီးဖိုချောင်ထဲ မတ်တတ်ကြီးရပ်နေတဲ့ မိန်းမကို မတွေ့ခင်နေ့အထိ ကျွန်တော်တို့ဘဝမှာ ရောမ အပြောင်းအလဲကြီး တစ်ခုနဲ့ ကြုံကြိုက်နိုင်ချေရှိတယ်လို့ ကျွန်တော် ဘယ်တုန်းက မှ မစဉ်းစားခဲ့ဖူး တာအမှန်ပါပဲ။

※

"မင်းဘာရပ်လုပ်နေတာလဲ"

လန့်နိုးလာပြီး ရေချိုးခန်းမီးကို ဖွင့်မိတယ်။ မနက်လေးနာရီပဲ ရှိသေးတယ်။ ညတုန်းက ညစာစားရင်း ဆိုဂျူတစ်ပုလင်းခွဲလောက် နှက်မိတော့ ရေငတ်လိုက်တာမှ မခံမရပ်နိုင်လောက်အောင်ပဲ။ လူကလည်း ရီဝေရီဝေပေါ့။

"ဟယ်လို... မင်း ဘာလုပ်နေတာလဲလို့ ငါမေးနေတယ်"

မနက်ခင်းစောစောမှာ အေးရတဲ့အထဲ သူ့ပုံစံမြင်ရတာ ကြက်သီး တောင် ထတယ်။ မူးနေတာတောင် ဘယ်ပျောက်သွားမှန်း မသိဘူး။ သူဟာ ရေခဲသေတ္တာရှေ့မှာ မလှုပ်မယှက် ငူငူကြီးရပ်နေတယ်။ မျက်နှာကို မှောင်နေလို့ မမြင်ရဘူး။ ဒါပေမဲ့ ကြောက်စရာကြီး။ အုံကောင်းပြီး နက်မှောင်နေတဲ့ ဆံပင်တွေက ပွထလို့။ ခြေမျက်စိ ထိရောက်တဲ့ သူဝတ်နေကျ ညအိပ်ဝတ်စုံဖြူ ကြီးနဲ့။

အိမ်တွင်းဖိနပ် အမြဲစီးလေ့ရှိတဲ့ မိန်းမဟာ ခုတော့ ခြေဗလာနဲ့။ သူ ညဝတ်စုံပါးပါးနဲ့ ခြေဗလာနဲ့ ခုလိုရပ်နေတာ ဘယ်လောက်တောင် ကြာပြီလဲ မသိ။ သူ့မျက်နှာက တစ်ဖက်ကိုလှည့်ထားလို့ မမြင်ရဘူး။ ရပ်နေပုံကြီးက သူ့ရဲ့ကြီး ကိုယ်ထင်ပြနေသလိုပဲ။

ဘာတွေဖြစ်နေတာလဲ။ ကျွန်တော်မေးတာသူမကြားဘူးလား။ ညဖက် ယောင်ပြီး လမ်းထလျှောက်တတ်တဲ့ ရောဂါများ ဖြစ်နေသလား။

ကျွန်တော် သူ့နားလျှောက်သွားတယ်။ သူ့မျက်နှာမြင်ရအောင် စောင်းငဲ့ကြည့်လိုက်တယ်။

"ဟေ့ ဘာလို့ ဒီလိုကြီး ရပ်နေတာလဲ၊ ဘာတွေဖြစ်နေတာလဲကွာ"

သူ့ပုခုံးပေါ် လက်တင်လိုက်တော့ ကျွန်တော် လန့်သွားတယ်။ သူ့မှာဘာမှ တုန့်ပြန်မှုမရှိဘူးပဲ။ တကယ်ဖြစ်နေတာရော ဟုတ်ရဲ့လား။ အာရုံမှောက်မှားနေသလား။ မဟုတ်ဘူး . . . ကျွန်တော် အသိစိတ်ရှိတာသေချာတယ်။ အိပ်ခန်းထဲကထွက်၊ ဧည့်ခန်းကိုဖြတ်၊ မီးဖိုချောင်ထဲဝင်၊ သူ့ကိုမေး၊ သူ့ဆီသွား၊ ဒါတွေအားလုံးကို ပုံမှန်အသိနဲ့ ကျွန်တော်လုပ်နေတာ။ သူသာ လောကကြီးကို မေ့နေသလို မလှုပ်မယှက်ကြီး ရပ်နေတာ။ တစ်ခါတလေ တီဗွီက ဇာတ်လမ်းထဲ စိတ်ရောက်လွန်းပြီး ကျွန်တော်ပြန်ရောက်တာတောင် မသိသလိုမျိုး သူ ဖြစ်နေ

တာလား။ ဒါပေမဲ့ မနက်လေးနာရီ မှောင်မှောင်မဲမဲထဲမှာ ရေခဲသေတ္တာတံခါး ဖြူဖြဲဖြဲကြီးကို ကြည့်ပြီး ဘာများ အာရုံ စိုက်စရာရှိလို့တုံး။

“ဟေး”

ကျွန်တော့်ဖက်ကို သူလှည့်လာတယ်။ သူ့မျက်လုံးတွေကို ကြည့်လိုက်တယ်။ တဖျတ်ဖျတ်နဲ့ တောက်လို့ပဲ။ အဖျားသွေး ရှိပုံတော့ မပေါ်ပါဘူး။ နှုတ်ခမ်းတွေက မပွင့်တပွင့်ဟလို့။

“ကျွန်မ အိပ်မက်မက်တယ်”

သူ့အသံက အိပ်မက်ထဲ စကားပြောတဲ့အသံမျိုးမဟုတ်။ အသိစိတ်ရှိတဲ့ အသံပါပဲ။ သူ့ထုံးစံအတိုင်း မပွင့်တပွင့်။

“အိပ်မက်မက်တယ် ဟုတ်လား။ မင်း ဘာတွေ ပြောနေတာ လဲကွာ။ ဘယ်အချိန်ရှိပြီလဲရော သိလို့လား”

သူ ကျွန်တော့်ဘက် တစ်ကိုယ်လုံး လှည့်လာတယ်။ ပြီးတော့ ဧည့်ခန်းဘက် ထွက်သွားတယ်။ တံခါးတောင် သေချာ ပြန်ပိတ်ပေးသွား သေးတယ်။ ခုတော့ မီးဖိုချောင် မှောင်မှောင်မည်းထဲမှာ ကျွန်တော် တစ်ယောက်ထဲ။ ကူကယ်ရာမဲ့ ခံစားချက်မျိုးနဲ့ ထွက်သွားတဲ့ သူ့ကို ငေးနေမိတယ်။

ရေချိုးခန်းထဲ ဝင်လိုက်တယ်။ အားလားလား . . .အင်မတန်အေးတာပဲ။ ခုရက်ပိုင်း ပိုအေးနေတယ်။ ၁၄ ဒီကရီ ဖာရင်ဟိုက် (အနှုတ် ဆယ်ဒီဂရီ ဆယ်စီးယပ်စ်လောက်) ပဲ ရှိတယ်။ အိပ်ခါနီး ရေချိုးထားတော့ ခု ရေချိုးခန်းစီး ဖိနပ်တွေဟာ အေးစက် တောင့်တင်းနေတယ်။ ရက်စက်လှတဲ့ ရာသီဥတုဟာ ရေချိုးခန်း မျက်နှာကြက် လေစုပ်စက်က တစ်ဆင့် ဝင်လာပြီး ကြမ်းပြင်နဲ့ နံရံဖြူဖြူတွေ ပေါ်မှာ ခိုအောင်းတွယ်ငြိနေသလိုလို။

ဧည့်ခန်းထဲပြန်ဝင်လာတော့ မိန်းမက ဒူးနဲ့ရင်ဘတ်နဲ့ထိအောင် ကွေးရင်းလှဲနေတယ်။ တိတ်ဆိတ်ငြိမ်သက်လွန်းလို့ အခန်းထဲမှာ ကျွန်တော် တစ်ယောက်တည်း ရှိနေသလိုပါပဲ။ ကျွန်တော်လည်း မလှုပ်မယှက် ရပ်နေမိတယ်။ အသက်အောင့်ထားမိတယ်။ ဘာမှန်းမသိတာကို နားစွင့်နေမိတယ်။ သူ့ဆီက အသက်ရှူသံ တိုးတိုးလေးကိုတောင် ပီပီသသ ကြားနေရတယ်။ အိပ်ပျော်နေတဲ့လူရဲ့ အသက်ရှူသံလို ဖြည်းဖြည်းမှန်မှန် မဟုတ်ဘူး။ ကျွန်တော် သူ့နားသွားပြီး သူ့အရေပြား နွေးနွေးကို လက်တွေနဲ့ ထိတွေ့ပွတ်သပ် နိုင်သားပဲ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ ကျွန်တော် မလှုပ်နိုင်ဘူး ဖြစ်နေတယ်။ သူ့ကို စကားလုံးတွေနဲ့တောင် ထိတွေ့ပွတ်သပ်ချင်စိတ် မရှိ။

※

မနက်ခင်း မျက်လုံးတွေ ပွင့်ပွင့်ချင်း . . . အမှန်တရားရဲ့ ဇာတိမပြခင် အချိန်ကလေးမှာ စောင်ပုံထဲက မထွက်သေးဘဲ ခန်းဆီးစဖြူဖြူကို ထွင်းဖောက်လို့ အခန်းထဲရောက်လာတဲ့ ဆောင်းနေရဲ့ အပူအားကို သိစိတ်မဲ့စူးစမ်းရင်း နှပ်နေမိတယ်။ နံရံပေါ်ကနာရီကို အကြည့်ကရောက်၊ ဘယ်အချိန်ရှိပြီလဲ ဆိုတာမြင်မှ ဝုန်းခနဲ အိပ်ရာပေါ်က ခုန်ဆင်း၊ အခန်းတံခါးကို ကန်ဖွင့်ရင်း အပြေးတစ်ပိုင်း ထွက်လာခဲ့မိတယ်။ မိန်းမကတော့ ရေခဲသေတ္တာရှေ့မှာ ရှိနေတုန်းပဲ။

“ဟေ့ မင်းရူးနေလား၊ ဘာလို့ ငါ့ကို မနှိုးတာလဲ၊ ဘယ်အချိန်ရှိ. . . ရှိ”

တစ်ခုခုကို တက်နင်းမိပြီ၊ စကားတစ်ဝက်တစ်ပျက်နဲ့ ရပ်သွားတယ်။

အမလေး . . . ကိုယ့်မျက်လုံးတောင် ကိုယ်မယုံနိုင်။

သူဟာ ညဝတ်အင်္ကျီနဲ့ပဲ ရေခဲသေတ္တာကိုဖွင့်ပြီး တကုန်းကုန်း အလုပ်ရှုပ်နေတယ်။ ဆံပင်တွေကလည်း ရှုပ်ပွဖွာလန်ကြဲလို့ပဲ။ ကြမ်းပြင်ပေါ်မှာ အထုတ်တွေ၊ ဗူးတွေ အပြည့်၊ ခြေချစရာနေရာတောင် မရှိဘူး။ ဂျပန် ဟော့ပေါ့ လုပ်ဖို့ အမဲသားတွေ၊ ဝက်သုံးထပ်သားတွေ၊ အမဲနံရိုး တုတ်တုတ်ကြီးတွေ၊ အလုံအိတ်နဲ့ ထည့်ထားတဲ့ ပင်လယ်မျှော့တွေ၊ တောက ယောက္ခမကြီး ပို့ထားတဲ့ ငါးရှဉ့် သားလွှာတွေ၊ ကြိုးဝါလေးနဲ့ စည်းထားတဲ့ ငါးခြောက်တွေ၊ ခဲထားတဲ့ အသားဖက်ထုပ်ပေါင်းတွေ၊ ရေခဲသေတ္တာ အောက်ခြေမှာ ရောက်နေတဲ့ တခြား စားဖွယ် စုံစီနဖာတွေ။ ဟော တကျွတ်ကျွတ်အသံတွေ ကြားနေတယ်။ အလို.. မိန်းမဟာ ကျွတ်ကျွတ်အိတ်နက်တွေထဲ ဒါတွေကို တစ်ခုချင်းထည့်နေပါ့လား။ ဒင်းဘာလုပ်တာတုံး၊ ကျွန်တော် အတော်တင်းသွားတယ်။

"မင်းကွာ.. စောက်ရေးမပါတာ"

အတင်းကုန်းအော်လိုက်မိတယ်။

သူကတော့ အသားထုပ်၊ အသားဗူးတွေကို အမှိုက်ပစ်တဲ့ ကျွတ်ကျွတ် အိတ်နက်တွေထဲ ထည့်နေတုန်းပဲ။ ကျွန်တော် ရှိနေတယ် ဆိုတာတောင် သတိထားမိပုံမပေါ်ဘူး၊ ညကလိုပဲ။ သူ ထည့်နေတာတွေက အမဲ၊ ဝက်၊ ကြက်နဲ့ အနည်းဆုံး ဝမ် နှစ်သိန်းလောက်တန်တဲ့ ရေငန် ငါးရှဉ့်အသားလွှာတွေ။

"ဒါတွေကို လွှင့်ပစ်မလို့လား။ မင်း ရူးသွားပြီလား"

ကျွန်တော် သူ့နားကပ်သွားပြီး သူ့လက်ကောက်ဝတ်ကို ဖမ်းကိုင်လိုက် တယ်။ သူ့လက်ထဲက ကျွတ်ကျွတ်အိတ်တွေကို လုတယ်။ ကျွန်တော့်ကို သူ ရုတ်တရက် ဆောင့်တွန်းလိုက်တာ ဟန်ချက်ပျက်ပြီး လဲတော့မလို ဖြစ်သွားတယ်။ ဒါပေမဲ့ ဒေါသက ကျော့မတက်နေတော့ သူ့ လက်ကောက်ဝတ်ကို အတင်း ဆုပ်ထားမိတယ်။ သူက နီရဲသွားတဲ့ လက်ကောက်ဝတ်ကို ပွတ်ရင်း သူ့ထုံးစံ အတိုင်း မထုံတက်တေးပြောတယ်။

"ကျွန်မ အိပ်မက်မက်တယ်"

လာပြန်ပြီ။ မျက်နှာပေးက ညကအတိုင်းပဲ။ အဲဒီအချိန် ကျနော့်ဖုန်းက မြည်လာတယ်။

"စောက်ကျိုးနည်းမှုပဲကွာ"

အပြေးအလွှား ကုတ်အင်္ကျီအိတ်တွေထဲ လိုက်နှိုက်ရတယ်။ ကုတ် အင်္ကျီက မနေ့ညက ဧည့်ခန်းဆိုဖာပေါ် ပစ်တင်ထားခဲ့တဲ့အတိုင်း အရာမယွင်း။ နောက်ဆုံးတော့ အတွင်းအိတ်တစ်ခုထဲက မြည်နေတဲ့ဖုန်းကို စမ်းမိတယ်။

"ဟုတ်ကဲ့ခင်ဗျ၊ အား... စိတ်မကောင်းလိုက်တာ ခင်ဗျာ၊ ကျွန်တော့် မှာ အရေးပေါ် မိသားစုကိစ္စလေး ပေါ်နေလို့ခင်ဗျ။ အင်မတန် ဝမ်းနည်းပါတယ် ခင်ဗျာ။ ခုချက်ချင်း အမြန်ဆုံး လာခဲ့ပါ့မယ်၊ မဟုတ်ပါဘူး ခင်ဗျာ။ ခု အိမ်က ထွက်တော့မှာပါ ခင်ဗျ။ ခဏလေးပါ... အို မဟုတ်တာ။ ခဏလေး စောင့်ပေးပါ ခင်ဗျာ။ တောင်းပန်ပါတယ်ခင်ဗျ။ ဟုတ်ကဲ့ . ဟုတ်ကဲ့၊ ခု ဖုန်းချလိုက်ပါတော့မယ် ခင်ဗျာ"

ဖုန်းကို ဆောင့်ကြီးအောင့်ကြီး ပိတ်ပြီး ရေချိုးခန်းထဲ အမြန် ဝင်ရတယ်။ ဒရောသောပါးနဲ့ မုတ်ဆိတ်ရိပ်တော့ နှစ်နေရာလောက် ဓားရှသွားတယ်။

"ရှပ်အင်္ကျီအဖြူ မီးပူတိုက်ပြီးပြီလားဟေ့"

အဖြေပြန်မရ။ ရေ ရေကမန်းကတမ်းချိုးပြီး မီးပူတိုက်မယ့်

ခြင်းတောင်းထဲကနေ မနေ့ကဝတ်ပြီးသားအင်္ကျီကို ရှာရတယ်။ ကံကောင်းလို့ သိပ်တွန့်ကြေ မနေဘူး။ မိန်းမက မီးဖိုချောင်ထဲကနေ တစ်ချက်တောင် လှည့်ကြည့်ဖော်မရဘူး။ နက်ခ်တိုင်ကို ဖြစ်သလိုစီး၊ ခြေအိတ်စွတ်၊ အိတ်ဆောင်ကွန်ပျူတာနဲ့ ပိုက်ဆံအိတ် ယူ။ အိမ်ထောင်ကျပြီးတဲ့ ငါးနှစ်အတောအတွင်းမှာ ခုလို ကိုယ်ထူကိုယ်ထ အလုပ်သွားဖို့ ပြင်ဆင်ရတာ ဒါပထမဆုံးအကြိမ်ပဲ။

“မင်း ဂေါက်သွားပြီ။ မင်း ရူးနေပြီ”

အော်ဟာစ်သောင်းကျန်းရင်း ဝယ်ထားတဲ့ဖိနပ်သစ်တွေကို စီးတော့ ကျပ်နေတယ်။ အတင်းသွပ်ထည့်ပြီး အခန်းပြင်ပြေး ထွက် လိုက်တယ်။ ဓာတ်လှေကား ကိုကြည့်လိုက်တယ်။ အပေါ်တက် နေတုန်း၊ ဒါနဲ့ လှေကား သုံးဆင့်ကို ဆင်းပြေးတယ်။ မြေအောက်ရထားပေါ် ခုန်တက်လိုက်နိုင်မှပဲ ပြတင်းမှန်မည်း တွေပေါ် ထင်နေတဲ့ ကိုယ့်ပုံရိပ်ကို ကြည့်ချိန်ရတော့တယ်။ ဆံပင်ကို လက်နဲ့သပ်တယ်၊ နက်ခ်တိုင်ကို စနစ်တကျစီးတယ်၊ ရှပ်အင်္ကျီကို ပြန့်အောင် ကြိုးစားရတယ်။ မိန်းမရဲ့ ပုံမှန်မဟုတ်ဘဲ ငြိမ်သက်လွန်းတဲ့ မျက်နှာပေးရယ် သူ့အသံ အေးစက်စက် ရယ်ကို အမှတ်ရလာတယ်။

ကျွန်မ အိပ်မက်မက်တယ်ဆိုတာကို သူ နှစ်ခါတိတိပြောတယ်။ ပြတင်းဟိုမှာဖက်က နက်မှောင်နေတဲ့ လှိုဏ်ခေါင်းထဲက သူ့မျက်နှာ။ သူ့မျက်နှာ ဘယ်လိုမှ မရင်းနှီးဘူး။ တစိမ်းတရံစာ ဆန်လွန်းနေတယ်။ ဒီလိုမျက်နှာပေးမျိုး ပထမဆုံးအကြိမ် မြင်ဖူးတာပဲ။ ဒါပေမဲ့ ဖောက်သည်ကို နောက်ကျတဲ့အတွက် သေလောက်အောင် တောင်းပန်ရ၊ ကနေ့ အစည်းအဝေးမှာ တင်ပြဖို့ စာရွက်စာတမ်းတွေ ပြင်ဆင်ရနဲ့ အချိန်မရတဲ့ အတွက် သူစိမ်းဆန်လွန်းနေတဲ့ မိန်းမရဲ့ ထူးထူးဆန်းဆန်း အမူအရာတွေကို ဆန်းစစ်ဝေဖန်နေဖို့ အချိန်မရခဲ့ဘူး။ ဘာပဲပြောပြော ကနေ့ ရုံးကနေ စောစောပြန်မယ် (ခု နေရာသစ်ကို ရောက်ပြီး ကတည်းက ညသန်းခေါင်ထက်စောပြီး အိမ်ပြန်မရောက်တာ လပေါင်းများစွာ ကြာခဲ့ပြီ) ပြီးရင် ထိပ်တိုက်တွေ့ကြပြီသာမှတ်လို့ ကိုယ့်ကိုယ်ကိုယ် မောင်းတင် ထားလိုက်တယ်။

※

စုန်းစုန်းမှောင်တဲ့ သစ်တော။ ဘယ်သူမှမရှိ။ အပင်တွေပေါ်က အဖျားချွန် သစ်ရွက်ကလေးတွေ စုတ်ပြတ်။ ပွန်းရိနေတဲ့ ငါ့ခြေဖဝါး။ ဒါဘယ်နေရာ လဲ။ သိတယ်... သိပါတယ်။ ဟင်း ခုတော့ လမ်းပျောက်ပြီ။ ကြောက်တယ်။ အေးလိုက်တာ။ တောင်ကြားလမ်းကျဉ်း ကလေးရဲ့တစ်ဖက်မှာ စပါးကျီ နီနီ ကလေး၊ မြက်ဖျာထူထူ ခင်းထားတဲ့ကြမ်း၊ ဖျာကိုလိပ် လိပ်၊ ငါက ဖျာလိပ်ထဲမှာ၊ အထဲမှာ အသားကင်တဲ့ ဝါးတံစို့ကြီးထိပ်က သွေးစိမ်းရှင်ရှင်ကျ၊ ရုန်းထွက်ဖို့ ကြိုးစား၊ အသားတွေကြားမှာ ပိတ်မိ၊ ငါ့ပါးစပ်ထဲ သွေးတွေဝင်၊ အဝတ် အစားတွေ သွေးနဲ့ရွှဲစို။

ထွက်ပေါက်တစ်ပေါက်၊ ပြေး.. ပြေး..တောင်ကြားလမ်းအတိုင်း ပြေး..။ အို.. သစ်တောတစ်ခုလုံး လင်း၊ ရှင်း၊ ဝင်း။ နွေဦးပေါက်လို စိမ်းစိုဝင်းပ နေလိုက်တာ။ မိသားစုတွေ ပျော်ပွဲစား။ ကလေးလေးတွေက လျှောက်ပြေး။ အနံ့၊ သိပ်အရသာရှိတဲ့အနံ့။ နာကျင်စရာ ကောင်းလောက်အောင် ထင်ရှား ပီသလွန်းလှတယ်။ စမ်းရေစီးသံ တငြိမ့်ငြိမ့်ဘေး ဖျာခင်းထိုင်ကြရင်း ထမင်းလိပ်နဲ့ အသားကင်စား၊ သီချင်းဆို တူပျော်ပျော် ရွှင်မြူးကြ။

ကြောက်တယ်။ တစ်ကိုယ်လုံး သွေးတွေ ရွဲ။ သစ်ပင် တွေနောက်မှာ ပုန်း- ပုန်း- ပုန်း။ ဝပ်နေ၊ ထိုင်နေ၊ ဘယ်သူမှ မမြင်စေနဲ့။ သွေးစွန်းတဲ့လက်၊ သွေးတစ်စက်စက်ကျနေတဲ့ ပါးစပ်၊ စပါးကျီထဲ ငါဘာများလုပ်ခဲ့မိပါလိမ့်။ သွေးစိမ်းရှင်ရှင် အသားတုံးကြီး ပါးစပ်ထဲ အတင်းတိုးဝင်။ အာခေါင်တွေကို ကြိတ်ခြေ။ ပါးစပ်ထဲ သွေးညှီတွေ စေးကပ်။

ပါးစပ်ထဲ ဝါးနေရတာက တကယ်လိုပဲ၊ ဒါပေမဲ့ မဖြစ်နိုင်။ ဖြစ်ကို မဖြစ်နိုင်။ ငါ့မျက်နှာ၊ ငါ့မျက်လုံး၊ ငါ့အကြည့်၊ ငါ တစ်ခါမှမမြင်ဖူးတဲ့ ငါ၊ ဟင့်အင်း. . . ငါဟာငါမဟုတ်။ ဒါပေမဲ့ သိပ်ရင်းနှီးနေသလို အဓိပ္ပာယ်မဲ့လွန်းလှ။ ခံစားချက်တွေက ဆန်းကြယ်၊ ကြောက်ဖွယ်။

※

ထမင်းစားစားပွဲပေါ်မှာ မိန်းမဟာ ဆလပ်ရွက်တွေရယ်၊ ပဲပိစပ် အနှစ်ရယ်၊ ပင်လယ်ရေညှိ ဟင်းချိုရယ်ပဲ တည်ခင်းထားတယ်။ အမဲသားမရှိ၊ ခရုမပါ၊ ကင်ချီနတ္ထိ။

“စောက်ရေးမပါတာကွာ။ မင်း စောက်အိပ်မက်ကြောင့် အသားတွေ အကုန် လွှင့်ပစ်လိုက်တာလား။ အဲဒါတွေဟာ ဘယ်လောက်တန်လဲ ရော သိရဲ့လား”

ကျွန်တော် ကုလားထိုင်ကထပြီး ရေခဲသေတ္တာဖွင့်လိုက်တယ်။ တကယ်ပဲ အထဲမှာဘာမှမကျန်ဘူး။ မီဆိုမှုန့်ရယ်၊ ငရုတ်သီးမှုန့်ရယ်၊ ငရုတ်သီးတောင့်တွေရယ်၊ လှီးပြီးသား ကြက်သွန်ဖြူတစ်ဘူးရယ်ပဲ ရှိတယ်။

“ကဲကွာ ကြက်ဥပဲကြော်ပေးတော့။ ဒီနေ့ သိပ်ပင်ပန်းတယ်။ နေ့လည်စာလည်း ကောင်းကောင်းမစားရဘူး”

“ကြက်ဥတွေလည်း အကုန်ပစ်လိုက်ပြီ”

“ဘာကွ”

“နို့ဗူးတွေရောပဲ”

“စောက်ကျိုးနည်းမှပဲ။ မင်း ငါ့ကိုပါ အသားမစားရဘူးလို့ ပြောနေတာလား”

“ဒါတွေကို ရေခဲသေတ္တာထဲ ထည့်မထားနိုင်ဘူး။ ဒါဟာ မှန်ကန်မှု မရှိဘူးလေ”

ဘယ်လို... ဘယ်လို၊ ဒင်းဟာ အတ္တကြီးလှချည်လား။ ကျွန်တော် သူ့ကို စိုက်ကြည့်လိုက်တယ်။ သူ့မထုံတက်တေး မျက်ခွက်ကိုပေါ့။ သူလုပ်ချင်တာ လုပ်ပြီး သူ့ပဲ ပြန်တောင်းပန် ရတော့မလိုလို။

“အဲဒီတော့ ခုချိန်ကစလို့ ဒီအိမ်မှာ ညစာမစားရတော့ဘူးပေါ့ အဲလိုလား”

“အင်း ရှင်က အိမ်မှာ မနက်စာလောက်ပဲစားတာပဲကို။ နေ့လယ်စာ ညစာတွေဆို ရှင်စိတ်ကြိုက်စားလို့ရတာပဲ။ တစ်နပ်လောက် အသားမစားရတာနဲ့ ရှင်သေသွားမှာမို့လား”

အမယ်မယ်... ချက်ကျလက်ကျနဲ့ ပြောနေလိုက်တာ။ သူ့ စောက်အဓိပ္ပာယ်မရှိတဲ့ ဆုံးဖြတ်ချက်ကပဲ အင်မတိအင်မတန် ကျိုးကြောင်း ဆီလျော် ဆင်ခြင်တုံတရားနဲ့ ပြည့်စုံနေသလိုလို ဘာလိုလို။

“အော်.. အေး... ကောင်းသားပဲ၊ ကဲ ငါ့ကိစ္စတော့ထားပါတော့၊ မင်းကရော အသားမစားတော့ဘူးလား”

သူက ခေါင်းညိတ်ပြတယ်။

"အော်... ဘယ်အချိန်အထိလဲ"

" ရာသက်ပန်ပေါ့"

ကျွန်တော် ဘာပြောရမှန်းတောင် မသိတော့ဘူး။ အင်းလေ... သားသတ်လွတ်စားတယ်ဆိုတာ ခုခေတ်မှာ အရင်ခေတ်ကလို ရှားရှားပါးပါး ဖြစ်တောင့်ဖြစ်ခဲ့ ကိစ္စတော့လည်း မဟုတ်ပါဘူး။ လူတွေဟာ အကြောင်းအမျိုးမျိုးကြောင့် သားသတ်လွတ်သမားတွေ ဖြစ်သွား တတ်ကြတာပဲ။ ဗီဇကအစပြုတဲ့ ခတ်မတည့်တဲ့ အစားအစာတွေကို ရှောင်လွဲချင်လို့၊ သဘာဝပါတ်ဝန်းကျင်ကို ချစ်မြတ်နိုးလို့၊ ဗုဒ္ဓဘာသာဘုန်းကြီးတွေလို ပါဏာတိပါတာကိစ္စတွေကို တစ်နွယ်ငင် တစ်စင်ပါ အားပေးအားမြှောက် မလုပ်ချင်လို့ အစရှိသဖြင့်ပေါ့။ ဒါပေမဲ့လည်း စတိုင်လ် လုပ်ချင်တဲ့ ကောင်မလေး တွေတောင် တကယ်တမ်းကျတော့ အကြာကြီး မစားနိုင်ပါဘူး။ ကျွန်တော်သိသလောက်တော့ အစားအသောက် ပုံစံကို ပြောင်းရတဲ့ တစ်ခုထဲသော အကြောင်းပြချက်ဟာ ပိန်ချင်လို့၊ ရောဂါနဲ့ မတည့်လို့၊ နာနာဘာဝတစ်မျိုးမျိုး ဝင်ပူးနေလို့၊ ဒါမှမဟုတ် အစာမကြေ ရင်ပြည့်ရင်ကယ်နဲ့ အိပ်မရလို့ပဲ။ ဘယ်လိုပဲဖြစ်ဖြစ် ယောကျာ်းဆန္ဒကို ဆန့်ကျင် ပြီး ခေါင်းမာမာနဲ့ သားသတ်လွတ်ပဲ ထာဝရစားမယ်ဆိုတဲ့ မိန်းမမျိုးတော့ မရှိလောက်ဘူး။

တကယ်လို့ သူဟာ အသားမြင်တိုင်း ပျို့ချင်အန်ချင် ဖြစ်နေကြဆိုရင် နားလည်လို့ရပါသေးတယ်။ အမှန်က အဲဒါနဲ့ ဆန့်ကျင်ဖက်ပဲ။ သူနဲ့ညားပြီး ကတည်းက သူ့လက်ရာကို ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် စားလာခဲ့တာ။ သူ့ ချက်နည်းပြုတ်နည်းတွေကို အမြဲ အထင်ကြီးလာခဲ့တာ။ လက်တစ်ဖက်က ညှပ်ကိုကိုင်၊ တခြား လက်တစ်ဖက်က ကပ်ကြေးကိုင်ပြီး နံရိုးကြော် ကြော်တာ တွေ၊ ချင်းနံ့သင်းသင်းလေးနဲ့ ဝက်ဗိုက်သားအကြွပ်ကြော်တွေ၊ သူ့ စပါယ်ရှယ် လက်ရာဖြစ်တဲ့ အမဲသားအလွှာပါးလေးတွေကို ငရုတ်ကောင်းအနက်စေ့၊ ဟင်းရွက်ဆီလေးနဲ့ နယ်ပြီး ဆန်မှုန့်နဲ့နှစ်ပြီး ကြော်ထားတဲ့ ဟင်းပွဲဟာ လျှာလည် လောက်တယ်။ ကိုးရီးယား ထမင်းသုပ်ဆိုလည်း ပဲပင်ပေါက်၊ အမဲသား၊ ဟင်းရွက်ဆီနဲ့ နှပ်ထားတဲ့ ထမင်းစေးစေးနဲ့ ကောင်းလိုက်တာများ ဆိုတာ ပြောမနေနဲ့။ အာလူးအတုံးကြီးကြီးနဲ့ ရောထားတဲ့ ကြက်သားနဲ့ ဘဲသားစွပ်ပြုတ်၊ ခရုသား၊ ဂုံးသားစွပ်ပြုတ်အစပ်ဆိုရင် တစ်ထိုင်တည်းနဲ့ သုံးခွက်ဆက်တိုက် သောက်ပစ်တာတောင် အာသာကမပြေဘူး။

ခုတော့ အသားဆို ဝေးရာမဏီ၊ လွှန်တာရှိက ဝန္တာမိတဲ့လားကွာ။ သူကတော့ ကုလားထိုင် ပေါ်ထိုင်ပြီး ရေသောက်ရသလို ဘာမှ အရသာမရှိတဲ့ ပင်လယ်ရေညှိ စွပ်ပြုတ်ကို သောက်နေပြီ။ ဆလပ်ရွက် ပေါ်မှာ ထမင်းတင်၊ ပဲပိစပ်အနှစ် ထည့်လိပ်ပြီး ပါးစပ်ထဲ ထည့်ရင်း အားရပါးရ ဝါးနေတယ်။ ဘာမှန်းကိုမသိ၊ သူ့ကို နား ကိုမလည်ဘူး။ သိတာ တစ်ခုကတော့ သူ ရုတ်တရက် ခုလို ဖြစ်သွားရတဲ့ အကြောင်းရင်းကို ကျွန်တော် ဘာမှမသိဘူး ဆိုတာပဲ။

"စားလေ... မစားဘူးလား"

မိန်းမကြီးတစ်ယောက် အရွယ်ရောက်စ သူ့သားကို ပြောနေသလို သူ ကျွန်တော့်ကို သိစိတ်မဲ့စွာ ပြောနေတယ်။ ကျွန်တော်လည်း ဘာမှမပြောတော့ ပါဘူး။ တိတ်တိတ်ဆိတ်ဆိတ်ပဲ ချကျွေးတာ စားလိုက်တော့တယ်။ အသား မစားရခြင်းဆိုင်ရာ သူ့အကြောင်းပြချက်တွေကို စိတ်မဝင်စားပါဘူး။ တစ်သက်

လုံးစားလာတဲ့ ကင်ချီကိုလွမ်းလွန်လွန်းလို့။

※

နွေဦးပေါက်လာပေမယ့် မိန်းမဟာ စောက်ရူးထနေတုန်းပဲ။ စကားတော့ တည်သဗျ။ သူ့နှုတ်ခမ်းပေါ် အသားတစ်မျှင်တောင် မတွေ့ဖူးဘူး။ ပြောလည်းမေ့ရုံ ရှိမှာမို့ ကျွန်တော်လည်း ဘာမှမပြောတော့ တာကြာပြီ။ တစ်ယောက်ယောက်ဟာ အကြီးအကျယ် ပြောင်းလဲမှုတစ်ခုခု ဖြစ်နေပြီဆိုရင် ဘာမှပြောမနေဘဲ အသာလေး လွှတ်ထားပြီး ထိုင်ကြည့်နေတာ အကောင်းဆုံး မဟုတ်လား။

သူ တဖြည်းဖြည်းနဲ့ ပိန်ကျလာတယ်။ ပါးရိုးတွေ ငေါထွက်လာတယ်။ မိတ်ကပ်သာပြင်မထားရင် ဆေးရုံတက်နေတဲ့ လူနာရုပ်မျိုး ဖြစ်နေပြီ။ ပိန်ချင်လို့ တမင်သက်သက် သားသတ်လွတ် စားတာ ဆိုရင်တော့ တစ်မျိုးပေါ့လေ။ ဒါပေမယ့် သူ့ဟာက ရိုးရိုး သားသတ်လွတ်စားချင်လို့ စားတာမျိုး မဟုတ်ဘူး။ အိပ်မက်ကြောင့်ဖြစ်တာ ဆိုတော့ အဲဒီအိပ်မက်ဟာ အခြေခံအကြောင်းတရား ဖြစ်နေတယ်။ နောက်တစ်ခုကတော့ သူဟာ အိပ်လည်း မအိပ်ဘူးဗျ။

ကျွန်တော့်မိန်းမဟာ နဂိုတည်းက အအိပ်အနေ နည်းပါးတဲ့လူမျိုး ဟုတ်ကိုမဟုတ်ဘူး။ အရင်တုန်းကဆို အိပ်ပြန်နောက်ကျတဲ့ အခါတိုင်း သူက တခေါခေါနဲ့ အိပ်နှင့်နေပြီ။ ခုတော့ သန်းခေါင်သန်းလွဲ အိမ်ပြန်ရောက်လို့ ရေမိုးချိုး မျက်နှာသစ် ဆေးကြောသန့်စင်ပြီး အိပ်ရာထဲရောက်တာတောင် သူက ရောက် မလာသေးဘူး။ အဲလိုပြောလို့ စာဖတ်နေတာ၊ ချက်တင်ဝင်နေတာ၊ တီဗွီ ကြည့်နေတာလား ဆိုတော့လည်း မဟုတ်ပြန်ဘူး။ ကာတွန်းပုံစာတွေ ရေးနေတာ ဖြစ်မယ်ထင်တယ်။ တခြား အချိန်ပေးစရာအလုပ်လည်း သူ့မှာ ဘာမှမှ မရှိဘဲ။

မနက်ငါးနာရီထိုးတဲ့ထိ သူ အိပ်ခန်းထဲ ဝင်မလာဘူး။ သူ လာရော အိပ်ရဲ့လား မသေချာဘူး။ သူ့မျက်နှာက နွမ်းဖတ်လို့၊ ဆံပင်က ပွယောင်းလို့၊ ရဲတွတ်နေတဲ့ မျက်လုံးသေးသေးလေး တွေက ထမင်းစား စားပွဲကို ရောက်လာတဲ့ ကျွန်တော့်ကို စူးစမ်းနေတယ်။ ဇွန်းကလေး ကိုင်ပြီး အာကလံပါကလံနဲ့ ဘာမှ လည်း ဟုတ်တိပတ်တိ မစားပါဘူး။

ဒါပေမဲ့ ဒါတွေက ပြဿနာမဟုတ်ဘူး။ အကြီးအကျယ် ဒုက္ခပေးတာ ကတော့ သူဟာ ကျွန်တော်နဲ့ အတူနေဖို့ကိစ္စကို အပြင်းအထန် ဆန့်ကျင်တာ ကိုပဲ။ အရင်ကတော့ ကျွန်တော့် ကိုယ်ကာယ လိုအင်ကို သူ လိုလိုလားလားပဲ လိုက်လျော တတ်တယ်။ တစ်ခါတလေ ဆို သူကတောင် ဦးဆောင်လိုက်သေးတယ်။ ခုတော့ သူဟာ ဘာဆိုဘာမှ မဘာတော့ဘူး။ ကျွန်တော့်လက်တွေ က သူ့ပုခုံးကို မြူဆွယ်သလို အသာပွတ်ပေး နေရင် သူက တည်တည်ငြိမ်ငြိမ်ပဲ ကျွန်တော်နဲ့ ဝေးရာကို ရွှေ့သွားတယ်။ ဒီလိုနဲ့ တစ်နေ့မှာတော့ သင်းနဲ့ ထိပ်တိုက် တွေ့ရတော့တယ်။

"နေစမ်းပါဦး မင်း ပြဿနာက ဘာတုံး"

"ကျမ ပင်ပန်းနေတယ်"

"အေးလေ အစာမှ မစားဘဲကိုး။ မင်းမှာ ဘယ်အားရှိပါ့မလဲ။ မဟုတ်ဘူးလား"

"တကယ်တော့..."

"ဘာဖြစ်လဲ"

"အနံ့"

“ဟင် ဘာအနံ့လဲ”

“အသားနံ့၊ ရှင့်ကိုယ်က အသားနံ့ နံနေတယ်”

ကြည့်စမ်းပါဦး… ဘယ်လောက် စောက်အခ်ိပ္ပာယ် မဲ့သလဲဆိုတာ။

“ငါ ခုပဲ ရေချိုးထားတာ မင်းမမြင်ဘူးလား။ ဘယ်က စောက်အနံ့က ရတာလဲ။ ပြောစမ်းပါဦး”

“ရှင့်ချွေးနံ့ထဲမှာ ဒီအနံ့ပါနေတာပဲလေ”

သူ့အဖြေက နောက်နေတာမျိုးမဟုတ်။ လေးလေးနက်နက်ကို ပြောနေတာမျိုး။

စောက်ရူးထနေတယ်ဆိုတာထက် ခုတော့ စိုးရိမ်သလိုလို ဖြစ်လာခဲ့ပါ ပြီ။ ခုလိုဖြစ်နေတာတွေဟာ ပျောက်မသွားဘဲ ပိုဆိုးလာရင် ဘယ်နဲ့လုပ်မလဲ။ ဟစ်စတီးရီးယားတို့၊ ထင်မိယောင်မှားရောဂါတို့၊ အာရုံကြောရောဂါတို့ ဖြစ်နေတာဆို ဘယ်လိုလုပ်မလဲ။ သေချာ စောင့်ကြည့်ဖို့ လိုနေပြီထင်တယ်။

တစ်ချိန်တည်းမှာပဲ သူ ဘာရိန်းချောင်နေပြီလို့ ယုံမှတ်ဖို့ကလည်း ခက်လှတယ်။ နိစ္စဓူဝအိမ်မှုကိစ္စတွေနဲ့ ပတ်သက်ရင် သူဟာ ပုံမှန်အတိုင်းပဲ။ ပိတ်ရက်များဆို သားသတ်လွတ်ဟင်းမျိုးစုံ၊ မှိုပေါင်းနဲ့ မုန်ရောင်ခေါက်ဆွဲကြော် လို စားကောင်းသောက်ဖွယ်လေးတွေ ကို ချက်ကျွေးတုန်းပါပဲ။ ရုတ်တရက် သားသတ်လွတ်သမားအဖြစ် ပြောင်းလဲသွားတဲ့အတွက် ထူးထူးဆန်းဆန်းတွေ ချည်း ဖြစ်နေတယ်လို့ ပြောလို့တော့မရပါဘူး။ သူ တစ်ညလုံးမအိပ်ဘဲ မျက်နှာကြီး ချောင်ကျပြီး တစ်ကိုယ်လုံး လေလျှော့ခံ ထားရသလိုဖြစ်တဲ့ မနက်ခင်း မျိုးဆိုရင်တော့ ဘာမေးမေး ကျွန်မ အိပ်မက်မက်တယ်ချည်း ဖြေတော့တာပဲ။ သူ့အိပ်မက်က ဘယ်လိုမျိုးလဲ။ ဘာ သဘော သဘာဝ ရှိသလဲဆိုတာကို တစ်ခါမှ ဆန်းစစ်မကြည့်ခဲ့ဖူးပါဘူး။ မှောင်မည်းနေတဲ့ သစ်တောထဲက စပါးကျီထဲမှာ ဖြစ်ခဲ့တဲ့ စောက်ရူးကိစ္စတွေ၊ သွေးအိုင်ထဲမှာ မြင်နေရတဲ့မျက်နှာနဲ့ တခြားကိစ္စတွေ၊ တစ်ခါဆက်ဆံ ဆယ်ခါလန်ဆိုသလိုပဲ၊ တစ်ခါနားထောင်ပြီးကတည်းက ပြန်ပြောချင်စိတ်တောင် မရှိပါဘူး။

ကျွန်တော် မကြားချင်တဲ့ အဲဒီအိပ်မက်ကြောင့်ပဲ သူ တဖြည်းဖြည်း ချုံးချုံးကျလာခဲ့တယ်။ သူ့ခန္ဓာကိုယ်ဟာ အကမယ် တစ်ယောက်လို သေးသွယ် ပါးလျလာခဲ့တယ်။ အဲသလောက်နဲ့ ပြီးသွားဖို့ မျှော်လင့်ခဲ့ပေမဲ့ မပြီးဘူးဗျာ။ ခုတော့ သူဟာ အရိုးပေါ် အရေတင်ဖြစ်နေခဲ့ပြီ။ အတွေးတွေ ဂယောက်ဂယက်နဲ့ စိတ်ရှုပ်လာတိုင်း သင်း မျိုးရိုးလိုက် လေသလားလို့ သူ့မိသားစုကို ပြန်စဉ်းစား ကြည့်မိတယ်။ သူ့အဖေက မြို့လေးတစ်မြို့က သစ်စက်အလုပ်သမား။ သူ့အမေက နှာခေါင်းပေါက်လောက် ကျယ်တဲ့ စတိုးဆိုင်လေး ဖွင့်ထားတယ်။ သူ့ညီမနဲ့ သူ့ညီမယောက်ျားကလည်း ပုံမှန်ပါပဲ။ ဆိုတော့ သူ့မျိုးရိုးထဲ စိတ်ဖောက် တဲ့လူရယ်လို့ မရှိဘူးပေါ့။

သူတို့တစ်အိမ်လုံးမှာ အမြဲတမ်းလိုလို အသားနံ့တွေ၊ ကြက်သွန်ကြော်နံ့ တွေ၊ အရက်ခွက်ချင်း တိုက်တဲ့အသံတွေ၊ မီးဖိုချောင်ထဲက မိန်းမတွေရဲ့ ကျွက်ကျွက်ညံ စကားပြောသံတွေနဲ့ ပြည့်လို့။ သူတို့အကုန်လုံး အသားစား ကြူးတွေချည်းပဲ။ ကျွန်တော့် ယောက္ခထီးက ဟင်းခတ်အမွှေးအကြိုင်အစုံနဲ့ အသီးအရွက်တွေ ရောစားရတဲ့ အမဲသားစိမ်းစတိတ်ဆို အသည်းအမည်း။

ယောက္ခမကြီးကတော့ ငါးအစိမ်းလွှာဆို ခေါင်းမဖော်တမ်း။ မိန်းမနဲ့

သူ့ညီမ ကလည်း ကြက်သတ်တာ လက်ယဉ်သလား မမေးနဲ့ဆိုတဲ့ အစားထဲကပဲ။ ပိုးဟပ်တွေ များတွေ့ရင် ဖြန်းခနဲ ရိုက်သတ် လိုက်တာပဲ။ ဇီဇာကြောင်မနေဘူး။ ဒီလိုမျိုး သာမန်ဆန်တဲ့ မိန်းမကို ကျွန်တော် သဘောကျခဲ့ဖူးတယ်ပေါ့လေ။

သူ့အခြေအနေ ဒီလောက်ဖြစ်နေပေမဲ့ ကျွန်တော် သူ့ကို ဆေးရုံ ဆေးခန်းသွားမပြမိဘူး။ ကုသမှုခံယူဖို့လိုတယ်လို့ မယူဆမိဘူး။ ဒါ တကယ့် ရောဂါတစ်ခုခု ဖြစ်နေတာလို့ မထင်ဘူး၊ ကျွန်တော် ဘာမှမတတ်နိုင်တဲ့ ထူးဆန်းတဲ့ အခြေအနေတစ်ခုလို့ပဲ ထင်နေမိတယ်။

※

အိပ်မက်မမက်ခင်နေ့ မနက်က ခဲထားတဲ့အသားကို ကျွန်မ ဓားနဲ့ ပါးပါးလှီးနေတုန်း၊ မှတ်မိလား… ရှင် ဒေါသ ထွက်နေတာလေ။

“စောက်ကျိုးနည်းမှပဲ။ ဘာလို့များ ဒီလောက်တောင် တွန့်လိမ်နေရတာလဲ။ မင်းကြည့်ရတာ ထိတ်ထိတ်ပြာပြာနဲ့”

သတိလက်လွတ် မဖြစ်အောင် ဘယ်လောက်တောင် ကျွန်မ ကြိုးစား ရုန်းကန်နေရတယ်ဆိုတာ ရှင်မသိပါဘူး။ သူများတွေအတွက် နည်းနည်းလေး ဖြစ်တဲ့ စိတ်အနှောက်အယှက်ဟာ ကျမအတွက်တော့ ရောမကြီးပဲ။ ကြီးသထက်ကြီး၊ မြန်သထက်မြန်။ အသားကို ဓားနဲ့နှုတ်နှုတ်စဉ်းနေတဲ့လက်ဟာ မြန်လွန်းတဲ့အခါ၊ လည်ဂုတ်နောက်က မိတ်ဖုယားလာသလိုခံစားရချိန်မှာ၊ လက်ရယ်၊ အသားစဉ်းတဲ့ ဘုတ်ပြားရယ်၊ အသားတုံးရယ်၊ ဓားသွား အေးစက် စက်ရယ်ဟာ အသားတုံး ကိုင်ထားတဲ့လက်ချောင်းဆီ တစ်ပြိုင်နက်ထဲဝင်လို့လာ။

ဓားရှမိတဲ့နေရာက နီစွေးစွေးသွေးတစ်စက်ပေါက်ကနဲကျလာ။ သွေးစက်က ကြီးသထက်ကြီးလာ။ ဒါနဲ့ပဲ လက်ကို ပါးစပ်ထဲ ထည့်စုပ်ရင်း တည်ငြိမ်မှုကိုရှာ။ နီရင့်ရင့်သွေး၊ ချိုမြမြသွေး၊ တစ်ခုခုကို ဖုံးကွယ်ထားရင်း ကျွန်မကို ထူးထူးခြားခြား တည်ငြိမ်စေခဲ့တယ်။ နေ့လယ်ကျတော့ အမဲသား စဉ်းကောဟင်းကို စားရင်း ဒုတိယ အလုတ်မှာ ရှင် ထွီခနဲ ထွေးထုတ်၊ ပြောင်ပြောင်လက်လက် အရာတစ်ခု ထွက်လာခဲ့တယ်။ ရှင် အတင်းနင်းကန် ဖြဲအော်တယ် မဟုတ်လား။

“ဒါဘာတုန်း၊ ကြည့်စမ်း.. ဟာ ဓားစကလေးမဟုတ်လား”

ဒေါသထွက်ပြီး ရှုံ့မဲ့နေတဲ့ ရှင့်မျက်ခွက်ကြီးကို ကျွန်မ သိမှတ်မဲ့ ငေးနေမိတယ်။

“ဟေ့ ငါ ဒါကိုများ မျိုချလိုက်မိရင် ဘယ်လို ဖြစ်သွားမယ်ထင်သလဲ။ အခန့်မသင့်ရင် သေသွားနိုင်တယ်ဆိုတာ မင်းသိရဲ့လား”

ဒီကိစ္စကြောင့် ကြောက်ရလန့်ရမယ့်အစား ကျွန်မ ပိုလို့တောင် တည်ငြိမ် လာခဲ့တယ်။ နဖူးပေါ် လက်အေးကြီး တင်ထားသလိုပဲ။ ရုတ်တရက် ချက်ချင်း ကျွန်မဘေးက အရာတွေအားလုံးကို လှိုင်းက ဆွဲချသွားသလို လျှောခနဲ ကျသွား ကြတယ်။ ထမင်းစား စားပွဲရယ်၊ ရှင်ရယ်၊ မီးဖိုခန်းထဲက ပရိဘောဂ အားလုံးရယ်။ ကန့်သတ်မဲ့ နေရာကျယ်ကြီးထဲမှာ ကျွန်မကလွဲလို့ အားလုံး နတ္ထိ။ နောက်တစ်နေ့ အရုဏ်တက်ခါနီးမှာတော့ စပါးကျီထဲက သွေးအိုင်ထဲမှာ မျက်နှာတစ်ခု အရိပ်ထင်နေတာကို တွေ့လိုက်ရတော့တာပါပဲ။

※

“မင်းနှုတ်ခမ်းတွေက ဘာဖြစ်နေတာလဲ။ မိတ်ကပ်လေး ဘာလေး မလိမ်းတော့ဘူးလား”

ကုတ်အင်္ကျီဝတ်ပြီး အိမ်ရှေ့ထွက်လာတဲ့ မိန်းမ။ ဖိနပ် ပြန်ချွတ်ပြီး ယောင်နနဖြစ်နေတဲ့ ဒင်းကို အိမ်ထဲ ဒရွတ်တိုက်ပြန်ဆွဲ ခေါ်ရတယ်။ မှန်ထဲမှာ ကျွန်တော်တို့နှစ်ယောက်ပုံ ပေါ်နေတယ်။

"ဒီပုံစံကြီးနဲ့များ အပြင်ထွက်ဖို့ ကြံရဲတာ အံ့ပါရဲ့။ မိတ်ကပ် လိမ်းချေ"

သူ့ပုခုံးပေါ်တင်ထားတဲ့ ကျွန်တော့်လက်ကို သူ ပုတ်ချ လိုက်တယ်။ မိတ်ကပ်ဘူးထုတ်ပြီး မျက်နှာကိုလိမ်းတယ်။ နည်းနည်း ကြည့်ကောင်းလာ တယ်။ သူသုံးနေကျ ပန်းဆီရောင်နှုတ်ခမ်းနီတောင့်ကို ဖွင့်တယ်၊ ဆိုးတယ်။ ဘာမှ မဆိုးထားတဲ့ သူ့နှုတ်ခမ်းဟာ လူမမာနှုတ်ခမ်းကို ဖြူဖျော့နေတာပဲ။ ခုတော့ နည်းနည်းတော်သွားပြီ။

"ကဲ နောက်ကျနေပြီဟေ့ မြန်မြန်လုပ်"

တံခါးဖွင့်ပြီး သူ နက်ပြာရောင်ရှူး ကြိုးချည်နေတာကို စိတ်ရှည်ရှည်ထားပြီး ကြည့်နေရတယ်။ သူ့အိုဗာကုတ် အနက်နဲ့ ရှူးဖိနပ်ဟာ နည်းနည်းမှ မလိုက်ဖက်ဘူး။ ဒါပေမဲ့လည်း မတတ်နိုင်ဘူး။ သူ့မှာရှိသမျှ သားရေဖိနပ် လှလှလေးတွေအကုန် ဝဲပစ်လိုက်ပြီကိုး။

ကားစက်နှိုးပြီးတာနဲ့ ရေဒီယိုဖွင့်ပြီး လမ်းကြော အခြေအနေ အကြောင်း နားထောင်တယ်။ ခုသွားမယ့် ကိုးရီးယား-တရုတ် စားသောက်ဆိုင်နားက လမ်းအခြေအနေကို အာရုံစိုက်ထားရတယ်။ သူဌေးက အဲဒီမှာ ဘွတ်ကင် လုပ်ထားတာ။ ဘယ်လမ်းကသွားသွား ထူးပြီး မြန်မြန်မရောက်တာ သေချာတဲ့ အခါမတော့ ခါးပတ်ပတ်ပြီး လက်ကိုင် ဘရိတ်ကို လွှတ်လိုက်တယ်။ မိန်းမက ခါးပတ်ခေါင်း သူ့ကုတ်အင်္ကျီနဲ့ ညှိနေလို့ နှစ်ခါသုံးခါ ပြန်ပတ်နေရတယ်။

"ဒီနေ့ ညစာစားပွဲမှာ ချောချောမောမောဖြစ်စေချင်တယ်ကွာ။ သူဌေး က ငါ့ကို ဖိတ်ကျွေးတာ ဒါပထမဆုံးအကြိမ်ပဲဆိုတာ မင်းသိတယ်မဟုတ်လား"

အသားကုန် ကြုံးမောင်းတာတောင် စားသောက်ဆိုင်ကို အချိန်မီရုံလေး ရောက်သွားတယ်။ ရောမ ကားပါကင်ကြီးနဲ့ နှစ်ထပ် အဆောက်အဦးကို ရှာတွေ့ဖို့ အတော်မျက်စိလည်နေသေးတယ်။

ဆောင်းနှောင်းရဲ့အအေးဒဏ်က တူးတူးခါးခါးပဲ။ နွေဦးပေါက် အပေါ်ဝတ်ကုတ်အင်္ကျီနဲ့ မိန်းမဟာ ကားပါကင်မှာ ခိုက်ခိုက်တုန်နေတယ်။ စကားတော့ တစ်ခွန်းမှ မပြောဘူး။ ဒါ ပြဿနာမဟုတ်ပါဘူး။ ငြိမ်ငြိမ်နေလေ ကောင်းလေပေါ့၊ မိန်းမတွေဆိုတာ ပင်ကိုယ်သဘောအရ စောက်စကား များတယ် မဟုတ်လား။

သူဌေးရယ်၊ အမှုဆောင် ဒါရိုက်တာရယ်၊ စီမံရေးရာ ဒါရိုက်တာရယ် ဟာ သူတို့ မယားများ နဲ့အတူ ရောက်နှင့်နေကြပြီ။ ခဏနေတော့ အဖွဲ့မှူးနဲ့ သူ့မိန်းမ ရောက်လာတဲ့ အတွက် လူစုံတက်စုံ ဖြစ်သွားတယ်။ ခေါင်းညွှတ်လိုက်၊ ပြုံးလိုက်၊ အပြန်အလှန် သုတိသာယာ နှုတ်ဆက်လိုက်၊ ကုတ်အင်္ကျီတွေချွတ်ပြီး တန်းမှာချိတ်လိုက်နဲ့ပေါ့။ မျက်ခုံးမွေးကို အသားကုန်သထားပြီး ကျောက်စိမ်းလည်ဆွဲ အယ်စတုံကြီး နဲ့ သူဌေးကတော်က ကျွန်တော်နဲ့ မိန်းမကို ထမင်းစား စားပွဲကို ဖိတ်ခေါ်ရင်း ထိပ်ဆုံးနေရာမှာ သူ ထိုင်ချလိုက်တယ်။ တခြားလူတွေကတော့ လာနေကျမို့ ပေါ့ပေါ့ပါးပါး အေးအေးဆေးဆေးပဲ။ ရိုးရာစားသောက်ဆိုင်ရဲ့ မျက်နှာကြက် ကောက်ကြောင်း ဒီဇိုင်းတွေကို တေသားဒိုက်ဖတ်လို ဖွတ်မေ့ပုတတ်မေ့ မငေးမိအောင်

အတော်သတိထားနေရတယ်။ မိန်းမကတော့ ဖန်တကောင်းထဲမှာ ပျင်းပျင်းရိရိကူးနေတဲ့ ရွှေငါးတစ်ကောင်ကို စိုက်ကြည့်နေ တယ်။ သူ့ကို သတိပေးဖို့ သူ့ဘက်လှည့်လိုက်တာ မြင်လိုက်ရတဲ့ မြင်ကွင်း ကြောင့် အသက်ရှူရပ်မတတ် ဖြစ်သွားတယ်။

သူက လည်ပင်းအတော်ဟိုက်ပြီး အတော်ချောင်တဲ့ ဘလောက်စ်အနက်ကို ဝတ်ထားတယ်။ အင်္ကျီပါးလေးထဲကနေ သူ့ရင်သားထိပ်တွေကို အသေအချာမြင်လိုက်ရတဲ့အခါ ရှက်လွန်းလို့ နေရာတင်လဲသေချင်စိတ်တွေ တဖွားဖွား ပေါ်လာတယ်။ အမလေးဗျာ... တခြားလူတွေ လည်ပင်း သစ်ကုလားအုတ် ဖြစ်နေပါရောလား။ သူတို့မြင်ရတဲ့ဟာကို သေချာချင်စိတ်တွေ ငယ်ထိပ် တက်နေကြပါပကော။ အမှုဆောင်ဒါရိုက်တာကတော်နဲ့ ကျွန်တော် မျက်လုံးချင်း ဆုံမိတယ်။ တည်ငြိမ်ရင့်ကျက်သယောင် ဖိနှိပ်နေပေမဲ့ စပ်စုချင်စိတ်တွေ၊ အံ့သြစိတ်တွေ၊ အထင်သေးစိတ်တွေဟာ သူ့မျက်ဝန်း ထဲမှာ အထင်း သားပေါ်နေတယ်။

ပါးတွေ တရှိန်ရှိန်ပူ လာတာ သိနေတယ်။ မျက်လုံး ကြောင်ကြောင် နဲ့ ထိုင်ပြီး တခြားအမျိုးကောင်းသမီးတွေရဲ့ သုတိသြဘာသ စကားဝိုင်းမှာ ဘာတစ်လုံးမှ ဝင်မပြောတဲ့ မိန်းမကို လူတွေသတိထားမိနေကြပြီ။ ဖြစ်သေးဘူး။ ကိုယ့်ကိုယ်ကိုယ် ထိန်းစမ်း။ ဘာမှမဖြစ်သလို မသိသလိုနေတာ အကောင်းဆုံး။

"ဒီဆိုင်ကို အတော်ရှာလိုက်ရလားရှင့်"

သူဌေးကတော်က ကျွန်တော့်ကို မေးလိုက်တယ်။

"မရှာရပါဘူး ခင်ဗျ။ ကျွန်တော် ဒီနားကနေ တစ်ခါ နှစ်ခါ ဖြတ်သွား ဖူးပါတယ်။ ဒီကို လာစားဖို့တောင် စိတ်ကူးနေတာခင်ဗျ"

"အော်...ဟုတ်တာပေါ့။ ဒါနဲ့ ဒီဆိုင်ရဲ့ဥယျာဉ်က သိပ်လှတယ်။ နေ့ဘက်လာသင့်တာ။ ပြတင်းပေါက်ကနေ ပန်းတွေကို သေချာ မြင်ရတယ်"

အဲဒီအချိန်မှာ အစားသောက်တွေစရောက်လာတယ်။ ခုထိ မသိလိုက် မသိဘာသာ ဟန်ဆောင်လို့ ရနေသေးပေမဲ့ အစားအသောက်ပွဲတွေ ရောက်လာပြီဆိုတော့ ဖုံးသမျှပေါ်တော့မယ် ထင်တာပဲ။ ပထမဆုံး ရောက်လာတာက မြောင်ပဲဂျယ်လီသုပ်၊ ပဲစိမ်းဂျယ်လီရယ်၊ မှိုရယ်၊ အမဲသားမျှင်လေးတွေရယ်နဲ့ စားမြိန်ဟင်းပွဲပေါ့။ အဲဒီမတိုင်ခင်အထိ မိန်းမဟာ စားပွဲဝိုင်းမှာ အသံတိတ် ထိုင်နေနိုင်ပေမယ့် စားပွဲထိုးလေးက သူ့ပန်းကန်ထဲ ဟင်းထည့်မယ်လုပ်တဲ့ အခါမတော့ သူ့ရွှေနှုတ်တော် ဖွင့်ဟတော် မူလာခဲ့တယ်။

"မထည့်နဲ့ ကျွန်မ မစားဘူး"

သူက တိုးတိုးလေးပြောတာပါ။ ဒါပေမဲ့ အားလုံးက ခေါင်းထောင် ကြည့်ကြသည်။ သူ့ အရိုးပေါ်အရေတင် ခန္ဓာကိုယ်ကို အံ့သြတကြီးအကြည့် တွေနဲ့ ကြည့်ကြတာ။

"ကျွန်မ အသားမစားဘူး"

ဒီတစ်ကြိမ်မှာ သူ့အသံ နည်းနည်းကျယ်လာတယ်။

"အား ဒါဆို ခင်ဗျားက သားသက်လွတ်သမားပေါ့။ ဟုတ်လား"

ကျွန်တော့်သူဌေးက ဝင်မေးတယ်။ ပြီးတော့ ဆက်ပြောပြန်တယ်။

"တချို့တိုင်းပြည်တွေမှာ လူတွေဟာ သားသက်လွတ် သက်သက် စားကြတာ ကျွန်တော် သိပါတယ်။ ဒီမှာလည်း ခင်ဗျားသိတဲ့အတိုင်း လူတွေရဲ့

စံယူချက်တွေဟာ နည်းနည်းစီ ပြောင်းပြောင်းလာတယ်လေ။ ခုဆို အသားစား တာဟာ ယုတ်ညံ့တယ်ဆိုတာမျိုး ပြောလာကြပြီ။ အသားရှောင်လို့ အသက်ရှည် မယ်ဆိုတာကတော့ သဘာဝမကျဘူးထင်တယ်။ မဟုတ်ဘူးလား"

"ဒါပေမဲ့ အသားမစားဘဲ အသက်ရှင်ဖို့ ဆိုတာ မဖြစ်နိုင်ဘူးလေ"

သူဌေးကတော်က ပြုံးပြုံးလေးဝင်ပြောပြန်တယ်။

စားပြီးသား ပန်းကန်ပြား ကိုးချပ်ကို စားပွဲထိုးက လာသိမ်းသွားတယ်။ မိန်းမရှေ့က ဘာမှမထည့်ထားတဲ့ ပန်းကန်ပြားကတော့ အရာမယွင်း။ စကားဝိုင်းဟာ သဘာဝကျစွာပဲ သားသက်လွတ်စားခြင်း အကြောင်းကို ဆက်နေကြ တယ်။

"ဟိုတစ်လောက အသစ်ထပ် တွေ့တယ်ဆိုတဲ့ သမိုင်းမတင်မီခေတ် လူအရိုးစုတွေအကြောင်းကို မှတ်မိလား။ လွန်ခဲ့တဲ့ နှစ်ပေါင်းငါးသိန်းလောက်က လူသားတွေဆိုတာလေ။ အဲဒီထက်တောင် ပိုရှေးကျချင်ကျလိမ့်ဦးမယ်။ အဲဒီ အရိုးစုတွေကို စစ်ဆေးပြီးတဲ့အခါ သူတို့အသားစားကြတယ်။ အသားအတွက် အမဲလိုက်ခဲ့ကြတယ်လို့ တွေ့ကြသတဲ့။ အသားစားတယ်ဆိုတာ လူရဲ့ အခြေခံ ဇာတိစိတ်ပဲ။ သားသက်လွတ်သမားဆိုတာ လူ့သဘာဝကိုဆန့်ကျင်တာပဲ မဟုတ် ဘူးလား။ သဘာဝမကျဘူးလေ"

"လူတွေဟာ ယုံကြည်ချက်တစ်ခု၊ အတွေးအခေါ်တစ်ခု၊ အိုက်ဒီယိုလိုဂျီ တစ်ခုကြောင့်မို့ သားသက်လွတ်သမားဘဝကို ပြောင်းလဲသွားတတ်ကြတယ်။ ကျွန်တော် ဆရာဝန်တွေ ပေါင်းစုံပြခဲ့ဖူးတယ်။ စစ်ဆေးမှုမျိုးစုံ ခံခဲ့ဖူးတယ်။ ရှောင်ရမယ့် အစားအသောက်တွေကို ဆရာဝန်တွေ တစ်ယောက်တစ်မျိုး ပြောကြတာပဲ။ အထူးခာတ်စာ ဆိုတာကို စဉ်းစားလိုက်တာနဲ့တောင် ကျွန်တော် မအီမသာ ဖြစ်လာတတ်တယ်။ အစားအသောက်နဲ့ ပတ်သက်လို့ကတော့ ဇီဇာ မကြောင်သင့်ဘူးလို့ ထင်တာပဲဗျာ"

"ခာတ်မတဲ့လို့မဟုတ်ဘဲ ဟိုအစားရှောင် ဒီအစားရှောင် နဲ့လုပ်နေတဲ့ လူတွေကို ကျွန်မကလည်း ဇီဇာကြောင်သူတွေလို့ သတ်မှတ်ချင်တယ်ရှင့်"

အမှုဆောင်ဒါရိုက်တာ ကတော်ကလည်း တစ်စခန်း ထလာပြန်တယ်။ သူက မိန်းမရဲ့ ရင်သားတွေကို ခဏခဏ ကွက်ကြည့် ကွက်ကြည့် လုပ်နေတတ်တာ။

"အာဟာရခာတ်မျှတတဲ့ အစားအသောက်ကမှ ဟန်ချက်ညီ ဆင်ခြင် တုံတရားရှိတဲ့ စိတ်ထားကို ပေးစွမ်းနိုင်မယ် မဟုတ်လား"

သူ့စကား မြားတံက မိန်းမကို ဦးတည်ချိန်ရွယ်ပစ်နေတာ အထင် အရှားပါပဲ။

"ရှင်က ဘယ်လိုအကြောင်းနဲ့ သားသက်လွတ်သမား ဖြစ်လာတာလဲ။ ကျန်းမာရေးကြောင့်လား၊ ဘာသာရေးကြောင့်လား၊ တခြားအကြောင်း တစ်ခုခုကြောင့်လား"

"မဟုတ်ဘူး"

မိန်းမရဲ့ အေးစက်စက်တုံ့ပြန်မှုက သူ လက်ရှိအခြေအနေကို ဘယ်လောက် ဥပေက္ခာထားတယ်ဆိုတာကို သက်သေပြနေတယ်။ ရုတ်တရက် ချက်ချင်း ကျွန်တော် တုန်တုန်ခိုက်ခိုက်ကြီး ဖြစ်သွားတယ်။ သူ ဘာဆက်ပြော တော့မယ်ဆိုတာကို ကျွန်တော်သိနေတယ်။

"ကျွန်မ အိပ်မက်မက်တယ်"

သူ စကားမဆက်နိုင်ခင် ကျွန်တော် အသည်းအသန် ဖြတ်ပြောတယ်။

"ကျွန်တော့်အမျိုးသမီးဟာ အစာအိမ်အူလမ်းကြောင်း ယောင်ယမ်း တဲ့ ဝေဒနာကို ခံစားနေရတာ ကြာပြီခင်ဗျ။ ခုရက်ပိုင်းမှာ ဝေဒနာသိပ်ဆိုးလွန်းလို့ အိပ်မရလောက်အောင် ဖြစ်လာတယ်။ အစားအသောက်ပညာရှင်က သူ့ကို အသား ရှောင်ခိုင်းတယ်။ သားသက်လွတ်စားပြီး နောက်ပိုင်း သူ အတော်လေး သက်သာလာတယ်"

ကြောင်းကျိုးညီညွတ်တဲ့ ဒီစကားကြားတော့မှ သူတို့ခေါင်းတွေ တညိတ်ညိတ်ဖြစ်ပြီး ကျေနပ်တော်မူသွားကြတယ်။ ဒါတောင် စကားစတွေက မပြတ်နိုင်ကြသေးဘူး။

"အင်း ကျွန်တော်တစ်ခါမှ တကယ့်သားသက်လွတ်သမား တစ်ယောက် နဲ့ တစ်ဝိုင်းတည်းထိုင်ပြီး မစားဖူးဘူးဗျ။ အသားစားတာကို ရှောင်သူ တစ်ယောက် နဲ့ ထိုင်ပြီး အသားစားနေရတာကို စိတ်မသန့်ပါဘူး။ တကယ် . . . သူတို့ခံစားချက် တွေကို စာနာပါတယ်။ ခင်ဗျား သဘောတူလားမသိ...."

"စားပွဲဝိုင်းမှာထိုင်။ တည်ခင်းထားတဲ့ ဟင်းပွဲထဲက တွန့်လိမ်နေဆဲ ရေဘဝဲပေါက်စလေးကို တူနဲ့ ထိုးချလိုက်တဲ့အခါ မျက်နှာချင်းဆိုင်က အမျိုးသမီး က ခင်ဗျားကို တိရိစ္ဆာန်တစ်ကောင်ကို ကြည့်သလို ငေးကြည့်နေမှာ။ သားသက်လွတ်သမားတစ်ယောက်နဲ့ တစ်စားပွဲတည်း ထိုင်စားရတာဟာ အဲသလို ခံစားချက်မျိုး..."

တစ်ဝိုင်းလုံး ဝါးခနဲ ရယ်လိုက်ကြတယ်။ တစ်ယောက်ချင်းစီရဲ့ ရယ်သံ၊ ရယ်ပုံ၊ ရယ်နည်းတွေကို ကျွန်တော် သတိပြုနေမိတယ်။ မိန်းမကတော့ ပြုံးယောင်တောင် မသမ်းဘူးဆိုတာ ပြောနေစရာတောင် မလိုပါဘူး။ ဒါပေမဲ့ အားလုံးဟာ ပလုပ်ပလောင်းနဲ့ စားသောက်ဝါးမျိုရင်း စကားဆက် ပြတ်သွားခဲ့ပြီ။ ဒါပေမဲ့လည်း ကြည်ကြည်နူးနူး သက်တောင့်သက်သာ စားနေရတာ မဟုတ်ဘူး ဆိုတာတော့ သိသာလွန်းတယ်။

နောက်ဟင်းပွဲက ကြက်သားကြော်ကို ငရုတ်၊ ကြက်သွန် ဆော့စ်နဲ့ တည်ခင်းတယ်။ နောက်တစ်ပွဲက တူနာငါးအစိမ်း။ မိန်းမကတော့ မလှုပ်မယှက် ပါးစပ်ပိတ်ထားမြဲ။ သူ့ရင်သားထိပ် တွေကလည်း အင်္ကျီထဲကနေ တိုးထွက်တော့ မတတ် ထင်းလင်း နေအောင်မြင်ရဆဲ။ တစ်စက်ကျန်ထိ အရသာရှိလို့ သဘောထားပြီး ချပေးသမျှဟင်းပွဲတွေကို ပြောင်သလင်းခါအောင် စားသောက်နေကြ တဲ့ ပါးစပ်ပေါက်တွေကို သူ လိုက်ငေးနေတယ်။

အရသာထူးကဲလှတဲ့ ဟင်းပွဲတစ်ဒါဇင် တည်ခင်းပြီးသွားတဲ့အခါ မိန်းမအဖို့ အရွက်သုပ်လေးနည်းနည်း၊ ကင်ချီလေနည်းနည်း၊ အခွံမာသီးတွေ ထောင်းထည့်ထားတဲ့ သီးစုံစွပ်ပြုတ်လေး တစ်ခွက်လောက်ပဲ စားလိုက်ရတယ်။ အမဲသားနဲ့ချက်ထားပြီး အင်မတန်အရသာထူးလှတဲ့ ဒီဆိုင်ရဲ့ စပါယ်ရှယ် လက်ရာ ကောက်ညှင်းထောင်းကို သူ လက်ဖျားနဲ့တောင် မတို့ဘူး။ တခြား ဧည့်သည်တွေဟာ သူ့ရှိနေတာကို မေ့စပြုပြီ။ အသီးသီးအသက စကားလက်ဆုံကျနေကြပြီ။ စကားဝိုင်းမှာ ကျွန်တော် ဝင်ပြောလို့ရအောင် သူတို့တတ်စွမ်းသရွေ့ ကြိုးစားကြပေမဲ့ ကျွန်တော်တို့ လင်မယားနဲ့ သူတို့ကြား ကွက်လပ်တစ်ခု ခြားခဲ့ ပြီဆိုတာကို ကျွန်တော့် နှလုံးသားထဲက အသေအချာ သိလို့နေပါတယ်။

သီးနှံအချိုပွဲချချိန်မတော့ မိန်းမဟာ ပန်းသီးလေးတစ်စိတ်နဲ့ လိမ္မော်သီး

တစ်မြွာထပ်စားတယ်။

"ရှင် မဆာဘူးလား၊ ရှင် ဘာမှလည်း မစားဘူး"

သူဌေးကတော်က ရင်းရင်းနှီးနှီး မေးတယ်။ မိန်းမက သူ့ကို စိန်းစိန်း ကြီး ကြည့်နေတယ်။ အားနာပါးနာ တောင်းပန်တဲ့ အပြုံးမျိုး သူ့မျက်နှာမှာ တစ်စက်မှ ပေါ်မလာခဲ့ဘူး။ သူ့အကြည့်က အားလုံးကို စိတ်မသက်မသာ ဖြစ်စေတယ်။ သူဟာ အခြေအနေနဲ့ အချိန်အခါကို နည်းနည်းမှ နားမလည်ဘူးလား။ အထက်တန်းလွှာ သက်လတ်ပိုင်း အမျိုးသမီးကြီးတစ်ယောက်နဲ့ မျက်နှာချင်းဆိုင်နေရတဲ့ အနေအထားကို မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား။ သူ့စိတ်တွေ တိမ်သလ္လာဖုံးနေတာလား။ ကျွန်တော် မသိတဲ့ လျှို့ဝှက်ချက်တွေ များ ရှိနေသလား။ အဲဒီ တဒင်္ဂ အခိုက်အတန့်မှာ သူဟာ ဘယ်လိုမှ သိနားလည် နိုင်စွမ်းမရှိတဲ့ လူတစ်ယောက် ဖြစ်နေခဲ့။

※

ဘာလုပ်နိုင်တယ်ဆိုတာ ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ တစ်ခုခု လုပ်ရတော့မယ်ဆိုတာတော့ သိတယ်။

အိမ်အပြန်လမ်းတစ်လျှောက် ကားမောင်းရင်း ဒီဒွိဟက လွှမ်းဆွဲ။ စိတ်ထဲမှာ ပဋိပက္ခတွေဖြစ်၊ ပင်ပန်းလွန်းတယ်။ မိန်းမကတော့ နေသာသပ လေညာကပဲ။ ခုနက သူလုပ်ခဲ့တာ ဘယ်လောက် ကျက်သရေတုံးတယ်ဆိုတာ နည်းနည်းမှ သိပုံမပေါ်၊ စိတ်ဝင်စားပုံ လည်းမပေါ်။ ကားပြတင်းဘောင်မှာ ခေါင်းမှီထားပြီး မှိန်းနေတယ်။ ကျွန်တော့်ဒေါသက သဘာဝကျစွာပဲ ဟုန်းဟုန်း ထလာခဲ့တယ်။ လင် အလုပ်ပြုတ်တာကို သင်းမြင်ချင်တယ်လား။ ဘာစောက်ချိုး ချိုး နေတယ်ဆိုတာရော သူ့ကိုယ်သူ သိရဲ့လား။

ဒါပေမဲ့ အော်ဟစ်ငေါက်ငမ်း ဆူပူသောင်းကျန်းလည်း မောတာ အဖတ်တင်ပြီး ဘာမှ အကျိုးမထူးဘူးဆိုတာ သိပါတယ်။ ဒေါသပဲ ထွက်ထွက် သာယာညှင်းပျောင်းပဲ ပြောပြော သူကတော့ မယိမ်းမယိုင်ပါပဲ။ ဒီကိစ္စကို ကျွန်တော် တစ်ယောက်တည်း ဖြေရှင်းလို့မရဘူး ဆိုတာလဲ သိပ္ပါ။

ကိုယ်လက်ဆေးကြော ညဝတ်အင်္ကျီလဲပြီး လင်မယား နှစ်ယောက် အိပ်တဲ့ အိပ်ရာပေါ်မလာဘဲ မိန်းမဟာ သူ့ကိုယ်ပိုင် အခန်းထဲ ဝင်သွားခဲ့တယ်။ အဲဒီမှာ သူ အိပ်မယ်ပေါ့လေ။ ကျွန်တော် တစ်ယောက်တည်း အိပ်ခန်းထဲမှာ ဆောက်တည်ရာမရ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတုန်း ဖုန်းမြည်သံ ကြားလိုက်ရတယ်။ ယောက္ခမကြီးဆီက ဖုန်း။

"သားမက်လေး ဘယ်လိုတုံး။ စာမလာ သတင်းမကြားနဲ့ အတော် ကြာနေပြီ""

"ဟုတ်ကဲ့ အမေ။ အလုပ်တွေရှုပ်ပြီး အိမ်ပြန်နောက်ကျလို့ပါ။ အဖေရော ကျန်းမာရဲ့လား"

"အို တို့ကတော့ နဂိုနေ စိုပြေပဲပေါ့။ အလုပ်အကိုင်အဆင်ပြေ ရဲ့လား"

ကျွန်တော် ပြောရမလား မပြောသေးဘဲနေရမလား။ ချီတုံချတုံ ဖြစ်နေတယ်။

"ကျွန်တော်က အဆင်ပြေပါတယ်၊ မိန်းမကတော့..."

"ဟင် ယောင်ဟေး ဘာဖြစ်လို့လဲ။ ပြောပါဦး... ဘာဖြစ်လို့လဲ"

ယောက္ခမကြီးဟာ ချက်ချင်းပဲ စိတ်ပူသွားခဲ့တယ်။ သူ့ဒုတိယသမီးကို သူ

တစ်ခါမှ သည်းသည်းလှုပ် မဖြစ်ဖူးဘူး။ ခုတော့ ဩော်. . . သားသမီးဟာ သားသမီးပဲလေ။

"သူက အသားမစားတော့ဘူး အမေ"

"ဟင် မင်းဘာပြောလိုက်တာလဲ"

"သူခု ဘာအသားမှမစားတော့ဘူး၊ ငါးတောင်မစားဘူး၊ ဟင်းသီးဟင်းရွက်ပဲစားနေတာ လတော်တော်ကြာပြီ"

"အလိုတော်.. ဒါဘယ်လိုစကားလဲဒီလိုမလုပ်ဖို့ မင်းက သူ့ကို ပြောမှပေါ့"

"ဩော်် ကျွန်တော်မပြောဘဲနေပါ့မလားအမေရဲ့။ သူမှ နားမထောင်တာ။ သူ့တစ်ယောက်တည်း ဒီလိုစားတာမဟုတ်ဘူး အမေ။ ကျွန်တော့်ကိုလည်း အဲဒါတွေပဲ ကျွေးတယ်။ အိမ်မှာ ဘယ်တုန်းက နောက်ဆုံး အသားစားခဲ့ရတယ် ဆိုတာ မှတ်တောင်မမှတ်မိတော့ပါဘူး အမေရယ်"

ယောက္ခမကြီးခမျာ ဘာစကားမှကို မပြောနိုင်ရှာဘူး။ ကျွန်တော် လည်း ဒါကို အခွင့်ကောင်းယူပြီး ဝက်အူထပ်ကျပ်တယ်။

"ခုဆို သူဟာ အင်မတန်ကို အားနည်းနေပြီအမေ။ ဘယ်လောက်ဆိုးမလဲ ဆိုတာ ကျွန်တော်လည်း မပြောတတ်တော့ ...တော့..."

"တော်တော့.. ယောင်ဟေး ခုရှိလား၊ ဖုန်းပေးလိုက်စမ်း"

"သူအိပ်ပြီအမေ.. ကျွန်တော် မနက်ကျမှပြောလိုက်မယ်"

"ထားလိုက်တော့ ငါ သူ့ဆီ ဖုန်းခေါ်မယ်။ ဒီကလေး ဘာလို့များ ဒီလောက် ဆိုးရတာလဲ။ မင်းလည်း သူ့အတွက် ဒုက္ခများနေပါပြီကွယ်"

ဖုန်းချလိုက်ပြီးတော့ မှတ်စုစာအုပ်ကို ဖွင့်တယ်။ သူ့အစ်မ ကျွန်တော့် မရီး အင်ဟေးရဲ့ ဖုန်းနံပါတ်ကို နှိပ်လိုက်တယ်။

အမလေး။

သူ့သားရဲ့ ဟယ်လိုးဆိုတဲ့ အသံစူးစူးကြောင့် ကျွန်တော့်နားတွေ အူတက်သွားတယ်။

"အေး မင်းအမေကို ဖုန်းပေးလိုက်စမ်းပါ"

အင်ဟေးက ဖုန်းလာကိုင်တယ်။ သူက ကျွန်တော့်မိန်းမနဲ့ ရုပ်ချင်း အတော်ဆင်တယ်။ ဒါပေမဲ့ သူ့မျက်လုံးတွေက ပိုလှတယ်။ ရွှဲနေတာပဲ။ အင်ဟေးက မိန်းမဆန်ဆန်လှတာ။

"ဟယ်လို"

ဖုန်းထဲမှာပေမဲ့ သူ့အသံက ခါတိုင်းလိုပဲ ကျွန်တော့်ကို ရင်ခုန် စိတ်လှုပ်ရှားစေတယ်။ ခု မိန်းမရဲ့အခြေအနေကို ယောက္ခမကြီးကို ပြောပြခဲ့ တဲ့အတိုင်း သူ့ကို ပြောပြလိုက်တယ်။ ယောက္ခမကြီးလိုပဲ အင်ဟေးက ကျွန်တော့် ကို တောင်းပန်နေတာကို နားထောင်ပြီး ဖုန်းချလိုက်တယ်။ သူတို့မောင်အငယ်ဆုံး ယောင်ဟိုဆီ ဖုန်းဆက်ဦးမလို့ စဉ်းစားသေးပေမဲ့ အပိုသိပ်လုပ်လွန်းရာကျမလား လို့ တွေးမိလို့ မဆက်တော့ဘူး။

※

သတ်ဖြတ်မှုတွေ ပြည့်လျှမ်းနေတဲ့ အိပ်မက်တွေ။

သတ်တာလား အသတ်ခံရတာလား... မကွဲပြား။ ဒီနှစ်ခုကြားက နယ်နမိတ်ဟာ ပါးလျှ ဖျော့တော့ ရင်းနှီးကျွမ်းဝင်မှုတွေက သွေးစိမ်းရှင်ရှင် ကျတော့ သူစိမ်းတစ်ရံဆံလာခဲ့။ သေချာရေရာမှုဆိုတာ မဖြစ်နိုင်တော့တဲ့အရာ၊

ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုတွေကိုသာ ပြတ်ပြတ်ထင်ထင်မြင်။ အသံ တစ်သံ၊ ခေါင်းကို သတ္တုချောင်း နဲ့ထိတဲ့အခါ ထွက်လာတဲ့ ရုန်းပြန်သံ၊ အေးစိမ့်နေတဲ့အမှောင်ထုထဲ ဗိုင်းခနဲလဲသွားတဲ့ အရိပ်တစ်ခု။

အိပ်မက်တွေကျွန်မဆီ မရေမတွက်နိုင်အောင် ရောက်လာခဲ့။ အိပ်မက်ပေါ် အိပ်မက်ဆင့်လို့ အကြောက်တရားကို ထပ်ခါထပ်ခါ စာထက် ကဗ္ဗည်းတင်နေသလို။ ညအမှောင်မှာ ကျူးလွန်တဲ့ အကြမ်းဖက်မှုတွေ၊ ဖော်ပြနိုင်စွမ်း မရှိတဲ့၊ သွေးပျက်ဖွယ်ခံစားမှုတွေကို မှတ်မိနေ။

ကာလရှည်ကြာ နှိပ်ကွပ်ထားခဲ့တဲ့ သည်းမခံနိုင်အောင် မုန်းတီးစက်ဆုပ်မှု။ အရင်က ဟန်ဆောင်ဖုံးကွယ်ခဲ့ပေမဲ့ ခုတော့ မျက်နှာဖုံး ကွာကြခဲ့ပြီ။

ရွံရှာ၊ ထိတ်လန့် စက်ဆုပ်၊ ကျက်သရေတုံး၊ အော့နှလုံးနာတဲ့ ခံစားချက်။ ဘာမှမကျန်ရစ်ခဲ့။ သတ်တာလား အသတ်ခံရတာလား။ ဘယ်လိုမှ မကွဲပြား။ အေးစက်စက် သွေးစက်တွေသာ ထင်ရှား။

အရာအားလုံးဟာ အသာမကျသလို ခံစားရ။ တစ်စုံတစ်ခုရဲ့ နောက်ကျောကို ရောက်သွားသလို၊ လက်ကိုင်မပါတဲ့ ပိတ်ထားတဲ့ တံခါးတစ်ချပ်နောက်မှာ ပိတ်မိနေသလို၊ အဲဒီမှာအမြဲရှိနေတဲ့အရာတွေနဲ့ ခုမှ မျက်နှာချင်းဆိုင် ကြုံနေရသလိုပါပဲ။ မှောင်လိုက်တာ။ မဟုရာ အမှောင်အောက် မှာ အရာအားလုံး နိဂုံးကပ္ပါတ်အဆုံးသတ်။

※

ကျွန်တော်မျှော်လင့်ခဲ့တာနဲ့ ပြောင်းပြန်၊ ယောက္ခမနဲ့ မရီးတို့ရဲ့ ဖျောင်းဖျမှုတွေဟာ နည်းနည်းမှ အရာမထင်ခဲ့ဘူး။ မိန်းမဟာ သူ့ စားသောက်နေတဲ့ပုံစံကို မပြောင်းဘူး။ ဒီလိုနဲ့ ရက်သတ္တပတ်အဆုံး ပိတ်ရက်မှာ ဖုန်းက မြည်လာတယ်။ မိန်းမက ဖုန်းကိုင်တယ်။

"ဟဲ့ ယောင်ယေး၊ နင် ခုထိ အသားပြန်မစားသေးဘူးလား"

ယောက္ခထီးကြီးရဲ့အသံက ဖုန်းထဲကနေ ဟိန်းထွက်လာတယ်။ သူ့တစ်သက်လုံး တစ်ခါမှ ဖုန်းနဲ့စကားမပြောဖူးဘူး၊ ဒါကြောင့် အတင်း ကုန်းဖြဲအော်နေတယ်။

"နင်ဘာလုပ်နေတာလဲ။ နင့်ကိုနင် ဘာထင်နေတုန်း။ ကလေးများ မှတ်နေလား။ မစ္စတာချိုင်းက ဘယ်လိုထင်မတုံး ဟင်"

ဖုန်းခွက်ကို နားမှာကပ်ထားတဲ့ မိန်းမကတော့ တုပ်တုပ်တောင် မလှုပ်ဘူး။ ဘာတစ်ခွန်းမှ ပြန်မပြောဘူး။

"ဟေ့ မေးနေတယ်လေ။ ပြောတာမကြားဘူးလား"

အဲဒီအချိန် မီးဖိုပေါ်က စွပ်ပြုတ်အိုးပွက်လာတာမြင်တော့ မိန်းမဟာ ဖုန်းခွက်ကို စားပွဲပေါ်ချပြီး ဘာတစ်ခွန်းမှမပြောဘဲ မီးဖိုခန်းထဲ ဝင်သွားခဲ့တယ်။ အဖိုးကြီးက ဒီဘက်မှာနားထောင်မယ့်လူ ရှိမရှိမသိဘဲ ဟိုဘက်ကနေ ဖွတ်အော်နေတယ်။ သနားလာတာနဲ့ ကျွန်တော် ဖုန်းကောက်ကိုင်လိုက်တယ်။

"ဆောရီးပါ အဖေရယ်"

"မဟုတ်ဘူးကွ.. ငါက ရှက်ရမှာ"

မျိုးချစ်ပုဂ္ဂိုလ်ကြီး ခုလိုတောင်းပန်နေတာကို ကျွန်တော်ဖြင့် ယုံတောင် မယုံနိုင်ဘူး။ သူနဲ့ ပတ်သက်ခဲ့ရတဲ့ ငါးနှစ်ကာလ အတောအတွင်း သူ့နှုတ်ကဒါမျိုးစကား ထွက်လာတာ တစ်ခါမှ မကြားဖူးဘူး။ ရှက်တယ်တို့၊

ကြောက်တယ်တို့ဆိုတာ သူနဲ့ ဘာမှကိုမဆိုင်တာ။ ဗီယက်နမ်စစ်ပွဲမှာ အမှုထမ်းခဲ့လို့ စစ်မှုထမ်းကောင်း တံဆိပ်ရခဲ့တဲ့ အကြောင်းသာ မမောနိုင်မပန်းနိုင် ထပ်ကာ တလဲလဲ အသံကျယ်ကြီးနဲ့ ပြောတတ်တဲ့ ယောက္ခထီးကြီးဟာ တစ်ယူသန် တစ်ဇောက်ကန်းကြီးကို။

ဗီယက်နမ်မှာတုန်းက ငါက တစ်ယောက်တည်း ဗီယက်ကောင်း တွေက ခုနှစ်ယောက်. . .

သူ့သားမက်ဖြစ်ရတဲ့အတွက် ဒါနဲ့အစချီတဲ့ သူ့ တစ်ကိုယ်တော် မာရသွန်စကားတွေနဲ့ သဟဇာတ ဖြစ်လို့နေပါပြီ။ ဆယ့်ရှစ်နှစ်သမီး အပျိုကြီး ဖားဖားဖြစ်တဲ့ထိ ခြေသလုံးကို ကျာပွတ်နဲ့ရိုက်တုန်းပဲတဲ့။ မိန်းမ ပြောပြဖူးတယ်။

"ဘာပဲဖြစ်ဖြစ် အဖေတို့ နောက်လ လာကြမှာပဲမဟုတ်လား၊ အဲဒီကျမှပဲ ဆွေးနွေးကြတာပေါ့"

လာမယ့်ဇွန်လရဲ့ ဒုတိယပတ် တနင်္ဂနွေမှာ မိသားစု စုဝေးညီလာခံဖို့ ရက်သတ်မှတ်ပြီးပြီ။ ပွဲကြီးပွဲကောင်းပဲ။ ဘယ်သူမှ ပွင့်ပွင့်လင်းလင်း မပြောကြပေမဲ့ သူတို့အားလုံး မိန်းမရဲ့အစွဲကိုချွတ်ဖို့ မောင်းတင်ပြင်ဆင်ထားကြမှာ အသိသာကြီး။

ဒီကိစ္စကို မိန်းမက သတိထားချင်လည်းထားမိမယ်။ ဒါပေမဲ့ ဂရုကို မစိုက်ဘူး။ ကျွန်တော်နဲ့ လင်မယားလိုမနေတာ၊ ညဘက်အိပ်ရင်တောင် ဘောင်းဘီရှည် ဝတ်အိပ်တာတွေကလွဲလို့ အပြင်ပန်းမတော့ ကျွန်တော်တို့ဟာ ပုံမှန် ဇနီးမောင်နှံ အသွင်ဆောင်နေဆဲပါပဲ။ ပြောင်းလဲသွားတာ တစ်ခုကတော့ မနက်စောစော နှိုးစက်နာရီသံကြားလို့ ထထိုင်လိုက်ပြီဆိုရင် သူဟာ တောင့်တောင့်ကြီးလှဲရင်း မှောင်ထဲကို ကြောင်ကြောင်ကြီး ကြည့်နေတတ်တာပဲ။ ဟိုစားသောက်ဆိုင် ကိစ္စဖြစ်ပြီးတော့ ကုမ္ပဏီက လူတွေဟာ ကျွန်တော့်အပေါ် အေးစက်စက်ကြီးဖြစ်နေသလိုထင်ရပေမဲ့ ကျွန်တော့် ပရောဂျက် အကျိုးအမြတ် တွေရလာချိန်မှာတော့ သူတို့ဒီကိစ္စကို အလွယ်တကူပဲ မေ့သွားခဲ့ကြ တယ်။

တစ်ခါတလေတော့လည်း ကိုယ့်ကိုယ်ကိုယ် ဆုံးမပါတယ်။ မိန်းမဟာ နည်းနည်းကြောင်စီစီနိုင်ပေမဲ့ ဘာမှ ဆိုးဆိုးဝါးဝါး ဖြစ်တာမှ မဟုတ်ပဲလေ။ သူ့ကို သူစိမ်းတစ်ရံဆံလို့၊ ဒါမှမဟုတ် ညီမတစ်ယောက်လို မဟုတ်လည်း ချက်ပြုတ်လျှော်ဖွတ် သန့်ရှင်းရေး လုပ်တဲ့ အိမ်အကူတစ်ယောက်လို သဘောထားလိုက်ရကောင်းမလား စဉ်းစားမိတယ်။ ဒါပေမဲ့လည်းဗျာ... အိမ်ထောင် ရှိရက်နဲ့ မအိမ်ထောင်ရတဲ့ ယောကျ်ားတစ်ယောက်အဖို့ ကာလရှည်ကြာ လိုဘ မပြည့်တဲ့အခြေအနေမှာ ရေရှည်နေနိုင်ဖို့ ဘယ်လွယ်ပါ့မလဲလေ။ ဒါကြောင့်လည်း သူငယ်ချင်းတွေနဲ့ သောက်စားပြီး အိမ်ပြန်နောက်ကျတဲ့ တစ်ညမှာ သူ့ကို အတင်းဆွဲလုံးပြီး ကြမ်းပေါ်ဆွဲလှဲချမိတယ်။ အတင်းရုန်းကန်နေတဲ့ သူ့လက်တွေကို ဖမ်းချုပ်ပြီး ဘောင်းဘီ ကိုဆွဲချွတ်တယ်။ စိတ်ဆန္ဒတွေကလည်း ထိလုမိုးဆီ တိမ်သို့မှီပါပဲ။ သူဟာ ကြောက်စရာကောင်းလောက်အောင် သေမတတ်ရုန်းနေတယ်။ အယုတ္တအနတ္တ ဆဲသံမှန်သမျှ သူ့ပါးစပ်ကထွက်လာတယ်။ သုံးကြိမ် သုံးခါလောက် ကြိုးစားပြီးတဲ့အခါ ကျွန်တော်အောင်မြင်စွာ ထိုးဖောက် ဝင်ရောက်လိုက်နိုင်တယ်။ အဲဒီအချိန်ကျတော့ သူဟာ အမှောင်ထဲမှာ မျက်နှာကြက်ကို စိုက်ကြည့်ရင်း ဂျပန်စစ်သား တစ်ယောက်ကို ပျော်တော်ဆက်ဖို့ အလိုမတူဘဲ ဒရွတ်တိုက်ဆွဲခေါ်ခံလာရတဲ့ အပျော်မယ်လို မျက်နှာသေကြီးနဲ့ မလှုပ်မယှက်လုပ်နေတယ်။ ကျွန်တော်က သူ့ကို

မုဒိန်းကျင့်နေတဲ့ ဂျပန်စစ်သား ပေါ့လေ။ ကျွန်တော်ပြီးပြီးချင်း သူ မှောက်လိုက်ပြီး မျက်နှာကို ကြမ်းနဲ့ အပ်ထားတယ်။ ကျွန်တော် ရေချိုးခန်းဝင် ရေမိုးချိုးပြီး ပြန်ထွက်၊ အိပ်ရာဝင်တဲ့ အခါမှာတော့ သူဟာ အိပ်ယာပေါ်ရောက်နေပြီ။ မျက်စိတွေမှိတ်လို့၊ ကျွန်တော် ဆေးကြောသန့်စင်နေတုန်း အရာရာအားလုံးကို စနစ်တကျ ဖြေရှင်းခဲ့ပြီးသလို၊ ဘာမှမဖြစ်ခဲ့သလို အေးအေးဆေးဆေးပဲ။

ဒီပထမဆုံးအကြိမ် ပြီးတဲ့နောက်မှာတော့ ကျွန်တော့်အတွက် ဒါမျိုး ထပ်လုပ်ဖို့ လွယ်သွားခဲ့တယ်။ ဒါပေမဲ့လည်း မလွယ်ပါဘူး။ တစ်ခါ ကြိုးစား တိုင်း တစ်ခါ ကျိန်စာအတိုက်ခံနေရသလိုပါပဲ။ ကျွန်တော်က ပင်ကိုယ်သဘာဝ အားဖြင့် အရေထူတဲ့အကောင်။ အယူသီးတာတွေ ဘာတွေလည်း မရှိပါဘူး။ ဒါပေမဲ့ ဒီလိုလုပ်ပြီးတိုင်း မှောင်မဲတိတ်ဆိတ်နေတဲ့ အိပ်ခန်းဟာ ကြက်သီးထစရာလို့ ခံစားရတယ်။ နောက်တစ်နေ့မနက် နံနက်စာစားကြတဲ့အခါ မိန်းမ ဟာ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ဘာမှလည်းမပြောဘူး၊ ကျွန်တော် ဘာပြောပြော ဘာမှလည်းဂရုမစိုက်ဘူး။ တကယ်ပါပဲ သူ့ကို စေ့စေ့ကြည့်လေ စောက်မြင်ကပ်လေ ဖြစ်လာတယ်။ ဘယ်နှယ့် လုပ်နေပုံကိုက လင်ဆိုးမယား တဖားဖားမို့ ခါးသည်းလွန်းတဲ့ အတွေ့အကြုံတွေ တစ်နင့်တစ်ပိုးနဲ့ သနားစရာ့ အိမ်ရှင်မလိုလို ဘာလိုလို။ သူ့ပုံက။

မိသားစုတွေ့ဆုံပွဲလုပ်ဖို့ သုံးရက်အလို တစ်ညပေါ့။ အဲဒီနေ့က ဆိုးလ်မှာ စံထိုင်းဆအမြင့်ဆုံး စံချိန်တင်သွားတယ်။ ပူလွန်းလို့ အဲကွန်းတွေ အစွမ်းကုန် ဂိတ်ကုန်ဖွင့်ကြတာပေါ့။ တစ်နေ့လုံးရုံးမှာ အဲကွန်းမိပြီးတဲ့အခါ ကျွန်တော် ချမ်းတုန်လာခဲ့တယ်။ ဒါကြောင့်မို့ ခါတိုင်းထက် နည်းနည်းစောစော လေး အိမ်ပြန်မိတယ်။ တံခါးဖွင့်ဖွင့်ချင်း မိန်းမကို မြင်လိုက်ရတဲ့အခါ အခန်းထဲ အမြန်ဝင်ပြီး တံခါးကို အမြန်ဆုံးပိတ်လိုက်ရတယ်။ ကျွန်တော်တို့နေတာက ဘုံစကြံန်ရှည်ကြီးနဲ့ အခန်းတွဲတွေကိုး။ အမလေးဗျာ... တစ်ယောက်ယောက် ဖြတ်သွားတုံး မြင်များသွားလေသလားမသိ။ မိန်းမဟာ တီဗွီစင်ကြီးကို မှီရင်း အာလူးတွေ အခွံနွှာနေတယ်။ ချည်ဘောင်းဘီရှည်အဖြူ ခပ်ပါးပါးကို ဝတ်ထား တယ်။ အပေါ်ပိုင်းကတော့ ဗလာကျင်းထားလေရဲ့။ အင်မတန်ပိန်တဲ့အတွက် သူ့ရင်သားတွေဟာ ငေါထွက်နေတဲ့ ညှပ်ရိုးအောက်မှာ ပေါက်စီ အသေးလေး နှစ်လုံး တင်ထားသလို ဖြစ်နေတယ်။

"ဟဲ့ ဘာလို့ အကျႌချွတ်ထားတာလဲ၊ ဟား ဟား ဟား"

ကျွန်တော်သူ့ကို ရယ်ရယ်မောမောပဲ မေးလိုက်ပါတယ်။

"ပူလို့လေ"

တဲ့။ ပြန်ဖြေသဗျ။ မော့လည်း မကြည့်ဘူး၊ အာလူးနွှာလည်း မပျက်ဘူး။ အေးဆေးဘဲ။

အသံထွက်အောင် အံကြိတ်လိုက်မိတယ်။ ပါးစပ်က အသံမထွက်ဘဲ စိတ်ထဲက အသံတိတ် သူ့ကို ပြောနေမိတယ်။

ငါ့ကို ကြည့်စမ်း...

ကြည့်စမ်း

ရယ်စမ်း

ရယ်ချလိုက်စမ်း

မင်း နောက်တီးနောက်တောက် ပြန်ဖြေလိုက်တာလို့ ပြောစမ်း...

မရယ်ဘူး။ သူ ဘာမှလည်းမပြောဘူး၊ မော့လည်းမကြည့်ဘူး၊ ရယ်လည်း

အချိန်က ညရှစ်နာရီလောက်ရှိပြီ။ လသာဆောင်တံခါးက ဖွင့်ထားတဲ့အတွက် အခန်းထဲမှာ အတော်အေးနေပြီ။ သူ ကြက်သီးတွေ ထနေတာတောင် မြင်နေရတယ်။ သတင်းစာဟောင်းတွေ ဖြန့်ခင်းထားတဲ့အပေါ်မှာ အာလူးအခွံ တွေ တောင်ပုံရာပုံ။ အခွံသင်ထားတဲ့အာလူးက အလုံးသုံးဆယ်လောက် ရှိမယ်။

“မင်း ဘာလုပ်မလို့လဲ”

“ပြုတ်မယ်လေ”

“အကုန်လုံးလား”

“အင်း”

ကျွန်တော် ဖြစ်ညှစ်ရယ်ချလိုက်တယ်။ သူ လိုက်ရယ်မလားလို့ စောင့်နေမိတယ်။ မရယ်ပါဘူး။ မော့တောင် မကြည့်ဘူး။

“ရှင်သိတဲ့အတိုင်း ကျွန်မ ခု ဗိုက်ဆာနေတယ်လေ”

※

ကျွန်မ တစ်ယောက်ယောက်ကို လည်ပင်းညှစ်နေတာ။ သတ်နေတာ။ ဆံပင်ရှည်တွေကို ဆောင့်ဆောင့်ဆွဲနေတာ။ မျက်လုံးကို လက်တွေနဲ့ နှိုက်ထုတ်နေတဲ့ အိပ်မက်တွေ။ ရှည်လျှားလှတဲ့ နိုးတစ်ဝက်အချိန်တွေ။ ခိုအရောင်လို မွဲခြောက်ခြောက် လမ်းမတွေ။ ပြဿနာကို အဖြေရှာဖို့ မရှိ့မရဲ၊ ယုံကြည်မှု ပျောက်ဆုံး၊ သတ်ဖို့ဖြတ်ဖို့ကတော့ လက်ချောင်းတွေက အဆင်သင့်ဖြစ်ပြီ။ ဟိုဘက်အိမ်က ကြောင်ရဲ့ဝင်းဝင်းတောက်တဲ့ မျက်လုံးတွေ။ အဲဒီ ဝင်းဝင်းတောက်တွေကို ဖောက်ထုတ်ပစ်ဖို့ ကျွန်မလက်တွေ အဆင်သင့်ပဲ။ တဆတ်ဆတ်တုန်နေတဲ့ ခြေထောက်တွေ၊ မျက်ခုံးပေါ်က ဇောချွေးတွေ၊ ကျွန်မ တခြားတစ်ယောက် ဖြစ်သွားခဲ့ပြီ။ အဲလိုအချိန်မျိုးတွေမှာ ကျွန်မ မသိတဲ့ တခြားတစ်ယောက်ဟာ ကျွန်မခန္ဓာကိုယ်ကို သိမ်းပိုက်အုပ်စိုးနေခဲ့။

သွားရည်တွေ တမြှားမြှားကျ။ သားသတ်ရုံ။ ပါးစပ်ကို လက်နဲ့ တင်းတင်းပိတ်။ လျှာက နှုတ်ခမ်းတွေကို တရစပ်သပ်။ တံတွေးကိုသိမ်း။ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းနှစ်လွှာကြားက လျှာတစ်လစ်ထွက်။ တွဲလဲရွဲကျ။

※

အိပ်ပါရစေ . . . တစ်နာရီလောက်ဖြစ်ဖြစ် အိပ်ပါရစေ။ ခုညတွေမှာ အိမ်က ထူးထူးကဲကဲ အေးနေတယ်။ ခါတိုင်းထက် ပိုအေးတယ်၊ အိပ်ရာက ထပြီး ခြေဖလာနဲ့ လျှောက်တဲ့အချိန်မှာ တုန်တုန်ခိုက်ခိုက်။ ငရုတ်သီးစပ်စပ် ထမင်းနဲ့ စွပ်ပြုတ်တွေလည်း အေးစက်လို့၊ မဲမှောင်နေတဲ့ ပြတင်းပေါက် အပြင်ဘက်ကို ဘာမှ မမြင်ရ။ လေတိုးနေတဲ့ အိမ်ရှေ့တံခါးက မြွေတွန်နေသလို၊ ဒါပေမဲ့ ဘယ်သူမှ တံခါးလာမခေါက်။ အိပ်ရာဝင်ပြီး လက်တွေကို စောင်ပုံ ကြား ထိုးထည့်ထားပေမဲ့ နွေးထွေးသက်သာမှုကတော့ ပျောက်ဆုံးသွားခဲ့ပြီ။

※

ငါးမိနစ်အတွင်း အိပ်ပျော်၊ သိစိတ်တွေလျှောကျ။ အိပ်မက်ထဲ ပြန်ရောက်ရ၊ ခုတော့ အိပ်မက်လို့တောင် မခေါ်နိုင်တော့။ သွေးနံ့ရတဲ့ တိရိစ္ဆာန် တွေ၊ မျက်လုံးတွေ ဝင်းဝင်းတောက်နေကြ။ ဗိုက်ထဲက တစ်စုံတစ်ရာ ခေါင်းထောင်ထပြီး နိုးထလာ၊ လက်တွေ. လက်တွေကို မြင်ရမှုဖြစ်မယ်။ အသက်ရှူစမ်း။ လက်သည်းတွေက ပျော့နေတုန်း၊ သွားတွေက ပျော့ပျော့ ပျောင်းပျောင်း ရှိနေတုန်း။

ခုတော့ ယုံကြည်စရာကောင်းတာ ကျွန်မ ရင်သားတွေပဲ ရှိတော့ တယ်။ ရင်သားတွေက သိပ်ကောင်းတယ်။ ဘယ်သူ့ကိုမှ ရင်သားတွေနဲ့ မသတ်နိုင်ဘူး။ လက်၊ ခြေထောက်၊ လျှာ၊ အကြည့် အားလုံးဟာ အန္တရာယ်ရှိ။ ဒါပေမဲ့ ပြည့်တင်းလုံးဝန်းနေတဲ့ ရင်သားတွေကတော့ နဘယံ ဘေးမရှိ။ ရင်သားတွေ ပြည့်တင်းနေသမျှ ကျွန်မ အေးဆေးပဲ။ ဒါပေမဲ့ ဘာလို့များ ဒီရင်သားတွေဟာ ရှုံ့တွ ပုံပျက်လာရသလဲ၊ ဘာဖြစ်လို့လဲ.. ဘာလို့ ဒီလို ပြောင်းလဲလာတာလဲ။ ခြေတွေလက်တွေ ဘာလို့များ ချွန်မြထက်မြက်လာနေ သလဲ။ ကျွန်မ စူးဆောက်ဘဝများ အသွင်ပြောင်းလေဦးမလား။

※

နေရောင်ရတဲ့ တောင်ဖက်လှည့်အခန်းဟာ ၁၇ လွှာမှာ။ အရှေ့ဘက် မြင်ကွင်းကတော့ တခြားအဆောက်အဦတွေက ပိတ်ကာထားတယ်။ သို့သော် အဝေးက တောင်တန်းတွေကိုတော့ မြင်နိုင်သေးတယ်။

“ကဲ-ဘာမှ စိုးရိမ်မနေနဲ့တော့”

ယောက္ခထီးကြီးက ဇွန်းနဲ့ တူတွေကို ယူရင်း ပြောလိုက်တယ်။

“ငါကိုယ်တိုင် ဒီကိစ္စကို ကိုင်တွယ်မဟေ့” တဲ့လေ။

ကျွန်တော့်မရီး အင်ဟေးဟာ အိမ်ထောင်မကျခင်ကတည်းက အလှကုန်စတိုးဆိုင်လေးဖွင့်။ အဲဒီကရတဲ့ ဝင်ငွေတွေနဲ့ ခုတိုက်ခန်းကို ဝယ်ထားနိုင်ခဲ့တယ်။ သူ ကိုယ်လေးလက်ဝန်ရှိလာတော့ သူ့စတိုးဆိုင်က နဂိုထက် သုံးဆလောက် ကြီးနေ ကျယ်နေခဲ့ပြီ။ ကလေးမွေးပြီးတော့ ညပိုင်းခဏလောက်ပဲ သူ ဆိုင်သွားကြီးကြပ်နိုင်ခဲ့တယ်။ သူသာ ကျွန်တော့်တူ ဂျီဝူး သုံးနှစ်ပြည့်လို့ ကလေးထိန်းကျောင်းသွားတဲ့ အရွယ်ရောက်တော့ သူ ဆိုင်ကို အချိန်ပြည့် ပြန်ကြီးကြပ်တယ်။

သူ့ယောက်ျား ကျွန်တော့်မယားညီအစ်ကို အကောင်ကို မနာလိုတောင် ဖြစ်တယ်။ သူက အနုပညာကောလိပ်က ဘွဲ့ရတာ။ အနုပညာရှင်ဖြစ်ဖို့ ကြိုးစား နေတာ။ ခုထိတော့ တစ်ပြားမှ မရှာနိုင်သေးဘူး။ မှန်ပါတယ်၊ သူ အမွေ ရထားတာ အတန်အသင့် ရှိပါတယ်။ ဒါပေမဲ့ သူ့မှာ ပုံမှန်ဝင်ငွေမရှိဘူး။ ဖင်ကျောက်ချထိုင်ပြီး တကုပ်ကုပ်နဲ့ မဟုတ်တာတွေချည်းလုပ်နေတာပဲ။ အင်ဟေးက ဒေါင်းတင်မောင်းတင် အလုပ်လုပ်နေတော့ သူ့ ယောက်ျားဟာ အနုပညာ နာမည်ခံပြီး အပူအပင်မရှိ နေနိုင်တာပေါ့လေ။ ဒါတင်မကသေးဘူး။ အင်ဟေးဟာ ကျွန်တော့်မိန်းမ ယောင်ယေးလိုပဲ အင်မတန် အချက်အပြုတ် ကျွမ်းကျင်တယ်။ ခုလည်း သူ့ဟင်းနံ့တွေကြောင့် ဗိုက်ထဲက ဟာတာတာ ဖြစ်လာတယ်။ အင်ဟေးရဲ့ ကိုယ်လုံးလေး၊၊ မျက်ရစ်နှစ်ထပ်နဲ့ မျက်ဝန်းလှလှ၊ စကားပြောဟန်နွဲ့နွဲ့တွေကို ကြည့်ရင်း ခုလိုပြဿနာတွေနဲ့ ဂျင်ဂျာ လည်နေရ တာကို ကျွန်တော် ယူကြုံးမရ နောင်တတွေရနေမိတယ်။

မိန်းမကတော့ ဘာပဋိသန္ဓာရ စကားမှလည်းမဆို။ ဟင်းတွေစုံနေအောင် ချက်ထားတဲ့ သူ့အစ်မကို ကျေးဇူးတင် စကားလည်း မပြောဘဲ ထမင်းနဲ့ ကင်ချီကို တိတ်တိတ်ဆိတ်ဆိတ် စားနေတယ်။ ထမင်းဝိုင်းမှာ သူ စားတာ ဒီနှစ်မျိုးတည်းရယ်။ မယိုးနီးစ်ပါတဲ့ ကြက်ဥကို တို့တောင်မတို့ဘူး။ သွားရည် တောက်တောက်ကျလောက်တဲ့ အရွက်သုပ်ကိုလည်း လှည့်မကြည့်ဘူး။

ကာလရှည်ကြာ အိပ်မရတဲ့ဒဏ်ကြောင့် သူ့မျက်နှာဟာ

ဖြူဖျော့နေတယ်။ လမ်းပေါ်မှာ သူ့ကို မြင်တဲ့လူတိုင်း ဆေးရုံပေါ်က ထွက်ပြေးလာတဲ့ လူနာလို့ ထင်မှာပဲ။ ခုနက ကျွန်တော်တို့ ဝင်လာလာခြင်း သူ့ကို မိသားစု အိပ်ခန်းကြီးထဲ သူ့မိသားစုက ဆင့်ခေါ်သွားတယ်။ ခဏနေတော့ မရီးက ထွက်လာတယ်။ သူ့ မသက်မသာ မျက်နှာပေးကြည့်ရတာတော့ မိန်းမဟာ ဘယာစီယာမပါဘဲ လုပ်လာပြန်ပြီထင်တယ်။ ဟုတ်ပါ့။ အနီးကပ်ကြည့်တော့ သူ့အညိုနုနု ရင်သားထိပ်ကလေးတွေကိုတောင် မြင်နေရသဗျာ။

"ဒီအခန်းက စပေါ်ဘယ်လောက် ပေးထားရလဲ"

"ဟာ တကယ်လား။ မနေ့ကတောင် ကျွန်တော်တို့ အိမ်ခြံမြေ အရောင်းအဝယ် ဝက်ဘ်ဆိုက်ဒ် ဝင်ကြည့်ဖြစ်သေးတယ်။ ဒီအခန်းမျိုးဆို ခု အနည်းဆုံး ဝမ် သန်းငါးဆယ်တန်နေပြီတဲ့။ မြေအောက်လိုင်းတွေ နောက်နှစ်ဆို အကုန်ပြီးပြီဆိုပဲ"

"အင်း... မယားညီအစ်ကိုတော်ကြီး ကတော့ တယ်တော်တာပဲ"

"ဟာ ကျွန်တော် ဘာမှ မလုပ်ပါဘူး။ အားလုံး အင်ဟောပဲ ဦးဆောင် လုပ်နေတာ"

ကျွန်တော်တို့ရဲ့ ယဉ်ကျေးပျူငှာ မိသားစု စကားဝိုင်းဟာ တစ်ချက် တစ်ချက် ထထပြောနေချိန်မှာ ကလေးတွေကတော့ ကမြင်းကြောထလိုက် ပလုပ်ပလောင်းစားလိုက်နဲ့ ငြိမ်ငြိမ်ကို မနေကြဘူး။ ကျွန်တော် အင်ဟောကို မေးလိုက်တယ်။

"ဒါတွေအားလုံး မရီးတစ်ယောက်ထဲ ဒိုင်ခံချက်တာလား" ..

အင်ဟောက မပွင့်တပွင့်လေး ပြုံးပြတယ်။

"အင်း တစ်မြန်နေ့တည်းက နည်းနည်းချင်းလုပ်ထားရတာပေါ့။ ဟို ရေဘဝဲတွေကတော့ တခုတ်တရ သွားဝယ်ထားရတာ။ ယောင်ဟေး ကြိုက်တတ်လို့။ ခုတော့ သူ တို့တောင်မတို့ဘူး"

အသက်မရှူနိုင်အောင် ဖြစ်သွားတယ်။ ဇာတ်လမ်းကတော့ စပြီဟေ့ လို့ တွေးမိတယ်။

"တော်လောက်ပြီဟေ့"

ယောက္ခထီးကြီးရဲ့အသံဟာ ကျားဟိန်းသလို ထွက်လာတယ်။

"ဟဲ့ ယောင်ဟေး၊ နင် အဖေ တစ်ယောက်လုံး ပြောနေတာကို နားမထောင်ဘူးလား"

သူ ပြောပြီးပြီးချင်းပဲ အင်ဟောက မိန်းမကို တိုးတိုးတိုးတိုးနဲ့ တွတ်ထိုး နေတယ်။

"ယောင်ဟေးရယ်.. နင်ဘယ်လိုဖြစ်နေတာလဲ။ လူဆိုတာ အာဟာရ ဖြစ်တာ စားပေးရတယ်လေ။ သားသတ်လွတ်စားချင်တယ် ဆိုရင်လည်း သေချာစီစဉ်ပြီး အာဟာရဖြစ်တာတွေစားရမှာပေါ့။ ခုတော့ဟယ်... နင့်မျက်နှာ နင်လည်း ပြန်ကြည့်စမ်းပါဦး"

သူတို့မောင်အငယ်ဆုံး ယောင်ဟိုက ပါးစပ်ပိတ်နေတဲ့အတွက် သူ့မိန်းမက သူ့အစားဝင်ပြောဖို့ ဆုံးဖြတ်လိုက်ပုံပဲ။

"ဟုတ်ပ။ စတွေ့တွေ့ချင်း လူများမှားလားလို့တောင် ထင်မိတယ်။ ယောက်ျားဆီက ဒီအကြောင်းကြားပြီး ပေမဲ့ သားသတ်လွတ်သမား တစ်ယောက် ရဲ့ ခန္ဓာကိုယ်ဟာ အစ်မလို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားနိုင်မှန်း တစ်ခါမှ

မတွေးကြည့်ခဲ့မိဘူး”

ယောက္ခမကြီးဟာ သူယူလာတဲ့ အမဲကြော်တွေ၊ ဝက်ချိုချဉ်တွေ၊ ကြက်သားပေါင်းတွေ၊ ရေဘဝဲခေါက်ဆွဲတွေကို မိန်းမရှေ့မှာ တန်းစီ ဒရိုန်းပြနေတယ်။ ပါးစပ်ကလည်း ဗျစ်တောက် ဗျစ်တောက် ပြောရင်းပေါ့။

“ယောင်ယေး ရေ တော်လောက်ပြီကွယ် သားသတ်လွတ်တွေ ဘာတွေ လုပ်မနေနဲ့တော့။ ဒါလေးစားကြည့်စမ်း။ ဒါရောပဲ.. ဒါလည်းစား။ ဘာလို့များ ဒီလောက်ထိဖြစ်သွားရတာလဲ သမီးရယ်။ ဒီကမ္ဘာပေါ်မှာ ညည်းစားချင်တာ တစ်ခုမှ မရှိတော့ဘူးလား”

“ဟော့ လာလေ စားလေ။ ဘာလုပ်နေတာလဲ”

ယောက္ခထီးအဖိုးကြီးက ဗုံးကွဲသလို ဝင်ပြောပြန်တယ်။

“ယောင်ယေး နင် စားမှဖြစ်မယ်နော်”

အင်ဟေးရဲ့အသံ။

“စားမှ အားရှိမှာ။ အသက်ရှင်ဖို့အတွက် အားရှိ ဖို့လိုတယ်လေကွယ် နော်။ ဘုရားကျောင်းက ဘုန်းတော်ကြီးတွေတောင် အသက်ရှင်သန်ဖို့ စားရ သောက်ရသေးတယ်လေ”

ကလေးတွေက မိန်းမကို မျက်လုံးအဝိုင်းသားနဲ့ ကြည့်နေကြတယ်။ မိန်းမကတော့ သူ့မိသားစုကို ဘာတွေ ပြောနေတာလဲဆိုတဲ့ အကြည့်နဲ့ ကြောင်တောင်တောင် ကြည့်နေတယ်။

အိမ်ထဲမှာ မှန်တိုင်းမလာခင် အခြေအနေလို့ ငြိမ်သက်တိတ်ဆိတ် တင်းမာနေပြီ။ အဖိုးကြီးရဲ့ ဒေါသရောင်လွှမ်းတဲ့ ပါးစုန့်မည်းမည်းကြီးတွေ၊ အဖွားကြီးရဲ့ သောကရောင်လွှမ်းတဲ့ မျက်ဝန်းတွေ၊ အင်ယေးရဲ့ စိုးရိမ်စိတ်ကဲတဲ့ မျက်ခုံးတွေ၊ သူ့ယောက်ျားရဲ့ သူစိမ်းတစ်ယောက်လို ဘာသိဘာသာ ဥပေက္ခာ ပုံစံတွေ၊ ယောင်ဟိုတို့ လင်မယားရဲ့ မနှစ်မြို့တဲ့ အကြည့်တွေ။ မိန်းမဟာ သူ့ ကိုယ်သူ ကာကွယ်တဲ့အနေနဲ့ တစ်ခုခုပြောလိမ့်မယ်လို့ ထင်မိပေမဲ့ ဘာမှကို မပြောဘူး။ လက်ထဲကိုင်ထားတဲ့တူကို စားပွဲပေါ် ပစ်ချလိုက်တာဟာ သူ့အဖြေ များလား။

မိသားစုစုံညီပွဲဟာ ချက်ချင်းပဲ စိတ်ညစ်စရာဖြစ်လာခဲ့တယ်။ ယောက္ခမကြီးဟာ ဝက်သားချိုချဉ်တစ်ဖတ်ကို တူနဲ့ညှပ်၊ မိန်းမပါးစပ်နား တေ့ရင်း. . .

“လာလာ… မြန်မြန်လေး ပါးစပ်ဟပြီး စားလိုက်”

လို့ ချော့ကျွေးနေတယ်။

မိန်းမကတော့ ပါးစပ်ကို တင်းတင်းစေ့ထားပြီး သူ့ အမေ သူ့ကြောင်တက်တက်နဲ့ ငေးကြည့်နေတယ်။ ကိုးရိုးယား မိသားစု ဓလေ့ထုံးတမ်း စဉ်လာတွေကို ဘာမှ ဂရုမစိုက်သလိုပဲ။ အဖွားကြီးကတော့ ဇွဲမလျှော့သေးဘူး။

“ကဲ ပါးစပ်လေးဟ၊ ဒါမကြိုက်ဘူးလား။ အင်း… ဒါလေး စားကြည့်စမ်း”

ဆိုပြီး အမဲကြော်ကျွေးပြန်တယ်။ မိန်းမကတော့ ပါးစပ်ပိတ်ထား တုန်းပဲ။ ယောက္ခမ ကြီးက အမဲကြော်ကိုချ၊ ရေဘဝဲကို တူနဲ့ညှပ်ပြန်တယ်။

“သမီး ကလေးလေးဘဝတည်းက သိပ်ကြိုက်တာလေ၊ အမြဲ စားချင် နေတာလေ…”

“ဟုတ်ပ သမီးလည်း မှတ်မိတယ်”

အင်ဟေးက သံယောင်လိုက်တယ်။ ယောင်ဟေး ရေဘဝဲမစားတဲ့ ကိစ္စကို ကမ္ဘာပျက်မလို ပြောနေကြတယ်။

“ရေဘဝဲမြင်တိုင်း ယောင်ယေးကို မြင်ယောင်မိ လောက်အောင်ကို နင်ကြိုက်တာလေ”

ရေဘဝဲညှပ်ထားတဲ့တူဟာ မိန်းမပါးစပ်နားမှာ ဝဲနေတယ်။ ကြည့်စမ်း... သူက တွန်းထုတ်ပစ်လိုက်တယ်ဗျာ။

“မြန်မြန်စား ယောင်ဟေးရယ်၊ အမေ လက်မောင်းတွေ အောင့်နေပြီ”

တကယ်လည်း ယောက္ခမကြီးရဲ့ လက်မောင်းတွေ တဆတ်ဆတ် တုန်နေရှာပြီ။ မိန်းမက ဝုန်းခနဲ ထရပ်လိုက်တယ်။

“သမီး မစားနိုင်ဘူး”

ဒီအိမ်ရောက်ပြီးကတည်းက ပထမဆုံးအကြိမ် သူစကားပြောတာပဲ။ တကယ့်ကို ပီပီသသ ရှင်းရှင်းလင်းလင်းပြောတာ။

"ဘာ"

ဒေါသကုမ္ဘာရသားအဖဖြစ်တဲ့ ယောက္ခထီးနဲ့ ယောက်ဖဟာ သံပြိုင် အော်လိုက်ကြတယ်။ ယောင်ဟို့မိန်းမက သူ့ယောကျ်ား လက်မောင်းကို တင်းတင်းဆုပ် ဖြစ်ညှစ်ရင်း သတိပေးနေတယ်။

ယောက္ခထီးကြီးကတော့ ယောင်ဟေးကိုကြည့်ရင်း အသားကုန် အော်ဖြဲနေပြီ။

“ဟေ့ ငါ သည်းမခံနိုင်တော့ဘူးကွ။ နင် အဖေပြောနေတာကို နားမလည်ဘူးလား။ ငါက စားဆို စားလိုက်ပေါ့။ ဘာပြန်ပြောနေတာလဲ”

“သမီး တောင်းပန်ပါတယ် အဖေရယ်။ ဘယ်လိုမှ စားမရလို့ပါ”

ဒီလို တောင်းပန်မယ်လို့ မျှော်လင့်နေမိတာ သူ ဘာပြောတယ်မှတ်လဲ။

“ကျွန်မ အသားမစားဘူးတဲ့”

မာမာပဲ၊ တင်းတင်းပဲ။ တောင်းပန်တဲ့လေသံ တစ်စက်မှမပါ။

ယောက္ခမကြီးဟာ တူကိုချလိုက်ရင်း မျက်ရည်ဖြိုင်ဖြိုင် ကျလာရှာတယ်။ မျက်ရည်တွေဟာ ပါးရည်တွန့်နေတဲ့ သူ့ပါးပြင်ပေါ်ကနေ လိမ့်ဆင်းလာတယ်။ ဟော အဖိုးကြီးက တူတစ်စုံ ကောက်ကိုင်လိုက်ပြီ။ ဝက်ချိုချဉ် တစ်တုံး ညှပ်ယူလိုက်ပြီ။ မိန်းမရှေ့မှာ မားမားကြီး ရပ်လိုက်ပြီ။

ဝက်သားဖတ်ကို မိန်းမမျက်နှာရှေ့ ထိုးလိုက်တယ်။ ခုလို အိုမင်း မစွမ်း အရွယ်ရောက်နေတာတောင် တစ်သက်လုံးလိုက်နာလာတဲ့ အိမ်စည်းကမ်း ကို အလျှော့မပေးနိုင်ဘူးဆိုတဲ့ သဘောပေါ့။

“ကဲ... စား၊ အဖေပြောတာနားထောင်ပြီး စားလိုက်စမ်း။ နင် ကောင်းဖို့အတွက် ပြောနေတာ။ အလကားနေရင်း ကိုယ့်ကိုယ်ကိုယ် နေမကောင်းဖြစ်အောင်လုပ်နေတာ တော်တော့ ယောင်ဟေး”

အဖိုးကြီးရဲ့ ဖခင်မေတ္တာကြောင့် ကျွန်တော် အတော် ခံစားလိုက်ရတယ်။ မျက်ရည်တောင်ဝဲတယ် တကယ်။ လူတိုင်းလည်း ဒီလိုပဲ ခံစားရမယ် ထင်နေတုန်း မိန်းမက သူ့ပါးစပ်နားက တူကို ဖယ်လိုက်တယ်။ တူဟာ သူ့မျက်နှာတစ်ဖက်ကို ရောက်သွားပြီး မသိမသာ တဆတ်ဆတ်တုန်လာခဲ့တယ်။

“ကျွန်မ အသားမစားနိုင်ဘူးအဖေ”

ဆိုင်းမဆင့်ဗုံမပါ ယောက္ခထီးကြီးရဲ့လက်ဝါးကြီး မြောက်တက်လာတယ်။

မိန်းမဟာ ပါးကို လက်နဲ့အုပ်ရင်း ယိုင်သွားတယ်။

"အဖေ . . ."

အင်ပေါးက အော်ရင်း သူ့အဖေလက်မောင်းကို ဝင်ဆွဲတယ်။ အဖိုးကြီးဟာ ဒေါသပြေသေးပုံ မပေါ်ဘူး။ နှုတ်ခမ်းတွေ တွန့်လိမ် မဲ့ရွဲ့နေတယ်။ သူ့ဒေါသကိုသိထားပေမယ့် ခုလို မျက်စိရှေ့မှာ ဆော်တာကို မြင်ဖူးတာ ဒါ ပထမဆုံးအကြိမ်ပဲ။

"မစ္စတာ ချိုင်းနဲ့ ယောင်ဟို ဒီနားလာကြစမ်း"

ကျွန်တော် ကြောက်ကြောက်နဲ့ သူ့နားသွားရတယ်။ သူ ပါးချလိုက်တာ မိန်းမခမျာ ပါးတစ်ခြမ်းလုံးရဲရဲနီလို့ပဲ။ သူ့အသက်ရှူသံ တွေ တရှူးရှူး ကြားနေရတယ်။ ခုတော့ သူ တည်တည်ငြိမ်ငြိမ် မနေနိုင်တော့ဘူးလေ။

"မင်းတို့နှစ်ယောက် ယောင်ပေါးကို တစ်ဖက်စီ ချုပ်ထားကြစမ်း"

"ခင်ဗျာ . . ."

"သူ တစ်ခါစားပြီးရင် နောက်ထပ်စားတော့မှာပဲ၊ ဘာတုန်း အသားရှောင်မယ်ဆိုတာ။ စောက်အဓိပ္ပာယ်မရှိ၊ လူတိုင်း အသားစားတယ်ကွ"

ယောင်ဟိုက ထရပ်လိုက်တယ်။ စိတ်ညစ်တဲ့မျက်နှာပေးနဲ့ပေါ့ ။

"အစ်မရာ ... နင်စားလိုက်ပါဟာ။ ဟန်ဆောင်ပန်ဆော င်ဖြစ်ဖြစ် စားလိုက်။ အဖေ့ရှေ့မှာမှ ဒါမျိုးလုပ်ရလားဟာ"

"ဟဲ့ကောင် မင်းဘာစကားပြောတာလဲ"

ယောက္ခထီးကြီးအသံက ဟိန်းသထက် ဟိန်းလာတယ်။

"သူ့ကို ချုပ်ထားစမ်း။ မစ္စတာချိုင်း မင်းလည်းလာခဲ့"

"အဖေ.. အဖေ ဘာလို့ဒီလိုလုပ်နေတာလဲ အဖေရယ်"

အင်ပေါးက သူ့အဖေ ညာဖက်လက်ကို ဆွဲရင်း တတွတ်တွတ်ပြော နေတယ်။

ယောက္ခထီးကြီးဟာ တူကို ပစ်ချလိုက်တယ်။ ဝက်သားတုံးကို လက်နဲ့ကိုင်ပြီး မိန်းမနား ကပ်လာတယ်။ မိန်းမက အတင်းရုန်းတယ်။ သူ့မောင် ယောင်ဟိုက သူ့ကို ချုပ်ထားပြီး ထိုင်ချလိုက်တယ်။

"အစ်မ . . အသာလေးအလိုက်အထိုက်နေစမ်းပါဟာ။ သူကျွေးသမျှ စားလိုက်နော်..."

"အဖေ သမီးတောင်းပန်ပါတယ်။ တော်ပါတော့နော်..."

ယောက္ခထီးကြီးဟာ အတင်းလိုက်ဆွဲနေတဲ့ အင်ပေါးရဲ့လက်ကို ပုတ်ချလိုက်ပြီး ဝက်သားတုံးကို မိန်းမ နှုတ်ခမ်းနားတေ့လိုက်ချိန်မှာတော့ မိန်းမရဲ့ တင်းတင်းစေ့ထားတဲ့ နှုတ်ခမ်းကြားက ညည်းသံထွက်လာတယ်။ စကားသံ တော့မထွက်ဘူး။ စကားပြောဖို့ ပါးစပ်ဟလိုက်တာနဲ့ အသားက သူ့ပါးစပ်ထဲ လျှောကနဲ ဝင်သွားတော့မှာလေ။

"အဖေ"

ယောင်ဟိုရဲ့ ခပ်ဆတ်ဆတ်အော်သံ။ ဒါပေမဲ့ မိန်းမကို ချုပ်ထားတဲ့ သူ့လက်တွေကတော့ မလျှော့ဘူး။

"အင်း...အွန်း...အု....

ဝက်သားတုံးကို ပါးစပ်ထဲ အတင်းထိုးထည့်နေတဲ့ ယောက္ခမကြီးဟာ မိန်းမနှုတ်ခမ်းတွေ ကို ပွင့်အောင်လုပ်နိုင်ပေမဲ့ တင်းတင်းစေ့ထားတဲ့ သွားတွေ

ကိုတော့ ဘာမှလုပ်လို့မရဘူး။ ဒေါသက ကျောမှတစ်ဖန်ပြန်တက်လာလို့ သူ မိန်းမကို နောက်တစ်ချက် ပါးချလိုက်ပြန်တယ်။

အင်ဟေးက အာခေါင်ခြစ်အော်ပြီး သူ့လက်ကောက်ဝတ်ကို ဖမ်းဆွဲလိုက်တယ်။ ပါးရိုက်လိုက်တဲ့အရှိန်ကြောင့် မိန်းမပါးစပ် ပွင့်သွားတုန်း အခွင့်ကောင်းယူပြီး ယောက္ခထီးကြီးဟာ ဝက်သားတုံးကို ပါးစပ်ထဲ ထိုးထည့်လိုက်တော့တယ်။ ယောင်ဟိုရဲ့ ချုပ်ထားတဲ့ လက်အားပြေလျော့မှုကြောင့် မိန်းမဟာ ဝုန်းခနဲ ရုန်းထွက်လိုက်ပြီး ဝက်သားဖတ်ကို ထွီခနဲ ထွေးထုတ်လိုက်တယ်။ သူ့နှုတ်ခမ်းကြားကနေ တိရိစ္ဆာန်တစ်ကောင် အော်ညည်းသံလိုမျိုး ဆွဲဆွဲငင်ငင် အသံတစ်သံ ထွက်လာတယ်။

"သွားကြ…သွားကြ။ အနားမကပ်နဲ့. . . အားလုံးသွားကြ"

ပထမတော့ သူ အိမ်ရှေ့တံခါးကနေ ထွက်ပြေးဖို့ကြံနေပုံပဲ။ နောက်တော့ ပြန်လှည့်လာပြီး ထမင်းစားစားပွဲပေါ်က သစ်သီးလှီးတဲ့ ဓားကို ဖျတ်ခနဲ ကောက်ကိုင်လိုက်တယ်။

"ယောင်ဟေး….

ယောက္ခမကြီးဟာ အသံတွေ တုန်နေတယ်။ ကလေးတွေက ကြောက်လန့်တကြား အော်ငိုကြတယ်။ တစ်အိမ်လုံး ငရဲပွက်သလို ဆူညံနေလိုက်တာ တော်တော်နဲ့ကို ပြန်မတိတ်ဘူး။

အံကိုတင်းတင်းကြိတ်။ တစ်ယောက် ချင်းစီကို စူးစူးရဲရဲကြည့်ရင်း မိန်းမဟာ ဓားနဲ့လှီးချလိုက်တော့တယ်။

"ဟော့ တားကြပါ. လုပ်ကြပါဦး…"

"တစ်ယောက်မှ အနားမကပ်နဲ့"

သူ့လက်ကောက်ဝတ်ကနေ သွေးတွေပန်းထွက်လာတယ်။ ဖွေးဥနေတဲ့ တရုတ်ကြွေပန်းကန်တွေပေါ် သွေးရဲရဲတွေ ထင်းခနဲ။ သူ ဒူးတွေတုန်လာတယ်။ ကြမ်းပေါ် ခွေကျသွားတယ်။ တစ်ချိန်လုံး ဘာမှမပြောဘဲ ထိုင်ကြည့်နေတဲ့ အင်ဟေးယောက်ျား ဟာ မိန်းမ လက်ထဲက ဓားကို အတင်းလုယူလိုက်တယ်။

"ဘာလုပ်နေကြတာလဲ။ ပုဝါဖြစ်ဖြစ် တဘက်ဖြစ်ဖြစ် တစ်ခုခုယူခဲ့ကြလေ"

သူဟာ မိန်းမလက်ကောက်ဝတ်က ဓားဒဏ်ရာကို အဝတ်နဲ့ ကျွမ်းကျွမ်းကျင်ကျင် စည်းတယ်။ ပြီးတော့ မိန်းမကို ပွေ့ချီလိုက်တယ်။

"အောက်ဆင်းကြ၊ ကားစက်နှိုးထား… မြန်မြန်"

ကျွန်တော် ဖိနပ်စီးတယ်။ ဟာ.. ကျွန်တော့်ဖိနပ်မဟုတ်ဘူး။ ကျွန်တော်ဖိနပ်တွေကို ကောက်စွပ်ပြီး အခန်းထဲကနေ ကမူးရှူးထိုး ပြေးထွက်လာမိတယ်။

※

ခြေသားလုံးကို သွားမြုပ်အောင်ခဲတဲ့ခွေး၊ အဖေ မော်တော်ဆိုင်ကယ်မှာ သံကြိုးနဲ့ ချည်ထားတယ်။ အမေကတော့ ခွေးမြီးဖျားကိုဖြတ်၊ မီးဖုတ်ပြီး အနာမှာကပ်၊ ပတ်တီးစည်းပေးတယ်။ ရိုးရာနည်းပေါ့။ ကျွန်မ ခြံတံခါးနားမှာ ရပ်နေမိတယ်။ အဲဒီတုန်းက ကိုးနှစ်သမီး။ နွေနေက တရှိန်ရှိန်ပူနေတယ်။ ညနေစောင်းပေမဲ့ ချွေးက တစိမ့်စိမ့်ထွက်တုန်း။ ခွေးက လျှာနီနီကြီးထုတ်ပြီး ဟစိဟစိ လုပ်နေတယ်။ ရောမ ခွေးဖြူကြီး၊ ကျွန်မထက်တောင် ကြီးသေး တယ်။

ရွာလူကြီးသမီးကို မကိုက်ခင်အထိ တစ်ရွာလုံးရဲ့အချစ်တော်ဖြစ်ခဲ့တဲ့ အကောင်ကြီး။

အဖေက ခွေးကို သစ်ပင်မှာချည်ပြီး သူ့နားမှာ မီးအိမ်တစ်လုံး စိုက်လိုက်တယ်။ ဒီခွေးကို ရိုက်မသတ်ဘူးတဲ့။ ညင်ညင်သာသာ အပြစ်ပေးတဲ့ အနေနဲ့ သေအောင်ပြေးခိုင်းမတဲ့။ ဆိုင်ကယ်ကို စက်နှိုးတယ်။ သစ်ပင်ကို ပတ်ပြီး ဝိုင်းကြီးပတ်ပတ်မောင်းတယ်။ ခွေးက အတင်းပြေးလိုက်တယ်။ တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ်၊ ဆိုင်ကယ်နဲ့ခွေး ပတ်လို့ပြေး။ ခြံတံခါးနောက်ကနေ ကျွန်မ ဒီမြင်ကွင်းကို မလှုပ်မယှက်ရပ်လို့ကြည့်၊ ခွေးမျက်လုံးတွေ ပြူးထွက်၊ အသက်ကို အမောတကောရှူ၊ အမောဆို့စပြု။ သူနဲ့ ကျွန်မ မျက်လုံးချင်းဆုံ။

ခွေးဆိုး... နင် ငါ့ကို ဘာလို့ကိုက်တုန်း။

ငါးပတ်ပြည့်တဲ့အခါ လည်ပင်းကကြိုး တင်းသထက်တင်းလာပြီး ခွေးပါးစပ်က အမြှုပ်တွေ ထွက်လာတယ်။ ကြိုးချည်ထားတဲ့ လည်ပင်းက ပွန်းပြီး သွေးတွေထွက်လာတယ်။ ခွေးဟာ တအီအီအော်ရင်း မြေပေါ် ဒရွတ်တိုက် ဆွဲလာတယ်။ ခြောက်ပတ်မြောက်မှာတော့ ခွေးပါးစပ်ထဲက သွေးမည်းတွေ ထွက်ကျလာတယ်။ အမြှုပ်နဲ့ သွေး ရောထွေး။ ကျွန်မ မျက်တောင်မခတ်တမ်း ကြည့်နေမိ။ ခုနှစ်ပတ်မြောက် အဖေက လှည့်ကြည့် လိုက်တယ်။ ခွေးက ဗုန်းဗုန်းလဲနေပြီ။ ပါးစပ်မှာ သွေးအလိမ်းလိမ်း ပွင့်နေတဲ့ မျက်လုံးတွေက သွေးနဲ့ မျက်ရည်စတွေ ရောထွေး။

ညနေကျတော့အိမ်မှာ စားပွဲသောက်ပွဲကျင်းပတယ်။ ဧည့်သည်တွေက ဈေးထဲက အဖေ့မိတ်ဆွေ လူလတ်ပိုင်း ယောကျ်ားကြီးတွေချည်းပဲ။ ပါးစပ် ရာဇဝင်အရတော့ ခွေးကိုက်ခံရရင် အဲဒီကိုက်တဲ့ခွေးရဲ့အသားကို စားရသတဲ့။ ဒါကြောင့် ကျွန်မလည်း ပလုပ်ပလောင်းစားနေတာပေါ့။ ပန်းကန်လုံးကြီး တစ်လုံးစာ ခွေးသားတွေကို ထမင်းနဲ့စားပစ်တာ။ ဟင်းခတ်အမွှေးအကြိုင် အစုံ ထည့်ထားပေမဲ့ ခွေးသားအနံ့က နှာခေါင်းထဲမှာ စူးရှရှ။ ကျွန်မကို ကြည့်နေတဲ့ သူ့မျက်လုံးတွေ၊ သွေးရူးသွေးတမ်း ပတ်ပြေးနေတာတွေ၊ သူ့ပါးစပ်က ထွက်ကျလာတဲ့ ဆပ်ပြာလို အမြှုပ်တွေနဲ့ သွေးနက်နက်တွေ၊ ဂရုမစိုက်ပါဘူး။ တကယ့်ကိုဂရုမစိုက်တာ။

※

ကလေးတွေကို ချော့ဖို့ အမျိုးသမီးတွေ အိမ်မှာနေခဲ့ကြတယ်။ ယောက္ခမကြီးက မေ့လဲနေလို့ အိမ်မှာလည်း ပျာယာခတ်ကုန်တာပါပဲ။ အင်ဟေးယောကျ်ားနဲ့၊ ကျွန်တော်နဲ့ မိန်းမကို အနီးဆုံးဆေးရုံ အရေးပေါ်ဌာနကို ပို့ရတယ်။ ခုတော့ မစိုးရိမ်ရတော့ဘူးဆိုလို့ အထွေထွေရောဂါကုဆောင် နှစ်ယောက်ခန်းကို ပြောင်းရတယ်။ အဲဒီကျမှပဲ ကျွန်တော်တို့ ယောကျ်ား နှစ်ယောက် အင်္ကျီမှာ သွေးတွေစွန်းနေတာကို သတိပြုမိတော့တယ်။

ညာဖက်လက်မှာ ပိုက်တန်းလန်းနဲ့ မိန်းမကတော့ အိပ်ပျော်သွားခဲ့ပြီ။ ကျွန်တော်တို့နှစ်ယောက် သူ့ကို ငြိမ်ငြိမ်သက်သက် ငေးနေမိတယ်။ သူ့မျက်နှာကို စေ့စေ့ကြည့်နေရင် အဖြေတစ်ခုခုရ လာနိုးနိုးပေါ့။

"ခင်ဗျား အပြင်ခဏထွက်ပေးလို့ရမလား"

ကျွန်တော် မယားညီအစ်ကိုကို ပြောလိုက်တယ်။ သူက တစ်ခုခု ပြောမလိုလိုလုပ်ပြီးမှ ကိုယ်ရှိန်သတ်ပြီး "အင်းပါ" တဲ့။ ကျွန်တော် အိတ်ကပ်ထဲ က ရှာလို့ရသမျှ ငွေကို ထုတ်ပေးလိုက်တယ်။

"အနားက စတိုးဆိုင်တစ်ခုခုကနေ တီရှပ်ဖြစ်ဖြစ် ဝယ်ဝတ်လိုက် ပါဗျာ"

"ကျွန်တော်လား . . . ရတယ်ဗျ၊ မိန်းမက အဝတ်တွေယူလာပေးလိမ့်မယ်"

ညနေပိုင်းမှာ ယောင်ဟိုတို့ လင်မယားရယ်၊ အင်ဟေားရယ် ရောက်လာခဲ့တယ်။ ယောက္ခထီးကြီးက ခုထိ တရှုံးရှုံး တရှုံ့ရှုံ့ ဖြစ်နေတုန်းတဲ့။ ယောက္ခမကြီးကလည်း ဆေးရုံလာဖို့ ငြင်းနေတုန်းတဲ့။

"ဘယ်လိုများလုပ်လိုက်တာလဲ ကလေးတွေရှေ့မှာကို......"

ယောင်ဟိုမိန်းမဟာ ရောက်တာနဲ့ အသံတုန်တုန်နဲ့ ပြောတယ်။ သူငိုထားပုံပဲ။ မိတ်ကပ်တွေလည်း ပျက်လို့၊ မျက်လုံးတွေလည်း အစ်လို့။

"အဖေကလည်း လွန်ပါတယ်။ ယောကျ်ားရှေ့ မှာများ ယောင်ဟေား ကိုရိုက်ရတယ်လို့။ သူအမြဲ ဒီလိုချည်းပဲလား"

"အင်းလေ သူက အဲလိုချည်းပဲ။ ဒါတောင် ခု အိုသွားလို့ သိပ်မဆိုးတော့တာ။ ယောင်ဟိုလည်း အဖေတူပဲမဟုတ်လား"

အင်ဟေားက သူ့ယောင်းမကို ပြောလိုက်တယ်။

ယောင်ဟိုက သူ့ပြောခံထိတော့ တစ်စခန်းထလာတယ်။

"အံမယ် ကျွန်တော့် ဘာလို့ ဆွဲထည့်နေတာလဲ"

အင်ဟေားက သူ့မောင်ကို ဂရုမစိုက်ဘဲ ဆက် ပြောတယ်။

"ယောင်ဟေားက သူ့ကို အဖက်လုပ်ပြီး စကားတစ်လုံးတောင် မပြောတော့ သူ ပိုဒေါပွတယ်။ သူ့သမီးကများ ရာရာစစ ဆိုပြီးတော့ပေါ့။ သိတယ်မဟုတ်လား"

"ဒါပေမဲ့ အသား အတင်းကျွေးတာကတော့ လွန်လွန်းပါတယ်။ ယောင်ဟေားကလည်း ဘာလို့များ ချက်ချင်းကြီး အသားမစား တော့တာလဲ မသိဘူးနော်။ ပြီးတော့ ဘာလို့ လက်ကောက်ဝတ် ကိုလှီးတာလဲ။ ကျွန်မဖြင့် ဒါမျိုး တစ်ခါမှကို မမြင်ဖူးဘူး။ သူ့ယောကျ်ားနဲ့ သူ ဘယ်လိုမျက်နှာချင်းဆိုင် မလဲ မသိ"

ယောင်ဟိုမိန်းမ ကတော့ ဂယောင် ချောက်ချားနဲ့ သူပြောချင်တာ တွေ ဖွတ် ပြောနေတယ်။

အင်ဟေားက မိန်းမနားရှိနေတုန်း ကျွန်တော် သူ့ယောကျ်ားအတွက် အပိုယူလာတဲ့ တီရှပ်ကို လဲဝတ်ပြီး အပေါ်ထပ်က ချွေးထုတ်ခန်းကို တက်ခဲ့တယ်။ ရေပန်းက ရေနွေးနွေးနဲ့ အကျီမှာ မြင်မကောင်းအောင် စွန်းနေတဲ့ သွေးခြောက်တွေကို ဆေးတယ်။ မှန်ကြည့်မိတယ်။ မှန်ထဲမှာ ကိုယ့်ကိုယ်ကိုယ် သွားဖြဲပြမိတယ်။ ဒီအဖြစ်အပျက်ကြီး တစ်ခုလုံးကို ထိုင်းထိုင်းမှိုင်းမှိုင်း လေးလေးကန်ကန်ကြီး မြင်နေရတာဟာ တကယ်ဖြစ်တာမှ ဟုတ်ရဲ့လား၊ မိန်းမဟာ တစ်ခါမှ ကျွန်တော့်ကို စိတ်ရှုပ်အောင်၊ စိတ်ညစ်အောင်၊ စိတ်ကုန် အောင် အရင်က မလုပ်ခဲ့ဖူးပါဘူး။

အင်ဟေား အိမ်ပြန်သွားတော့ အခန်းထဲမှာ ယောင်ဟေားရယ် ကျွန်တော်ရဲ့ အူပေါက်တဲ့ ကျောင်းသူမလေးရယ်၊ သူ့မိဘတွေရယ်ပဲ ကျန်ခဲ့တယ်။ သူတို့က ကျွန်တော့်ကို ကွက်ကျိုကွက်ကျို လုပ်နေကြတယ်။ ကျွန်တော်က မိန်းမ ခုတင်နားရပ်ရင်း မိန်းမကို ငေးနေမိတာကိုး။ တိုးတိုးတိုးတိုးနဲ့ အတင်းတုပ်နေကြပုံပဲ။ ကဲလေ.. ဘာပဲဖြစ်ဖြစ် ဒီနေ့တာရှည်လှတဲ့ တနင်္ဂနွေဟာ ကုန်တော့မှာပါ။ တနင်္လာနေ့ဆို ဒီမိန်းမကို ကြည့်နေဖို့ အချိန်မရှိတော့ဘူး။ ဆေးရုံကို ယောင်ဟို စောင့်ပေးမလားမသိ။ သဘက်ခါဆိုရင်တော့ သူ ဆေးရုံ

ဆင်းရမယ်။ အင်း ဆေးရုံဆင်းလာပြီးရင် ဒင်းနဲ့အတူ နေရဦးမယ်။ ထူးဆန်းတဲ့၊ ကြောက်ဖို့ကောင်းတဲ့၊ ကြောက်နေတဲ့မိန်းမနဲ့ တစ်အိမ်တည်း အတူနေရမှာ။ စိတ်ညစ်စရာပဲ။

နောက်တစ်နေ့ည ကိုးနာရီမှာ ဆေးရုံသွားတယ်။ ယောင်ဟိုက ပြုံးပြနှုတ်ဆက်တယ်။

"ပင်ပန်းနေပလား ယောက်ဖကြီး" တဲ့။

"ကလေးတွေဘယ်လိုနေလဲ"

လို့ ပြန်မေးလိုက်တယ်။

"ဒီနေ့တော့ ဂျိုဝူးအဖေက သူတို့နဲ့ နေတယ်လေ"

အလုပ်ကအပြန် ကျောင်းနေဖက်တွေနဲ့ မိတ်ဆုံစားပွဲ တို့ဘာတို့ရှိရင် နှစ်နာရီလောက် နောက်ကျပြီးမှ လာလို့ရတယ်။ ဒါပေမဲ့ ဒီနေ့ တနင်္လာ၊ ဘာစားပွဲမှ မရှိဘူး။

"ယောင်ဟေး ဘယ်လိုနေတုံး"

"ခုပဲ အိပ်သွားတာ၊ ခုတော့ ကျွေးသမျှ အကုန်စားတယ်၊ အဆင်ပြေ ပြီ ထင်တာပဲ"

သူ့စကားကြောင့် စိတ်ဓာတ်နည်းနည်းပြန်တက်လာတယ်။ သူ ပြန်သွားတော့ နက်ခ်တိုင်ကို လျှော့၊ မျက်နှာလေးဘာလေး သစ်ပြီး လန်းဆန်း အောင် လုပ်နေတုန်း တံခါးလာခေါက်တယ်။

ဟောဗျာ ယောက္ခမကြီးဗျ။

"အမေ မင်းကို ဘယ်လိုမျက်နှာပြရ မှန်းတောင် မသိပါဘူးကွယ်"

အဖွားကြီးဟာ တတွတ်တွတ်နဲ့ ပွားရင်း ကျွန်တော့်နား ကပ်လာတယ်။

"ကိစ္စမရှိပါဘူး အမေ နေကောင်းရဲ့လား"

သူက အသက်ပြင်းပြင်းကြီးရှူသွင်းရင်း . . .

"အင်း အသက်ကြီးတော့ သွေးလေချောက်ချားလွယ်တယ်ကွဲ့ "

သူက အိတ်တစ်လုံး လှမ်းပေးလာတယ်။

"ဘာတွေလဲအမေရဲ့"

"ဆိုးလ်ကိုမလာခင် ချက်လာခဲ့တာတွေလေ။ အသား မစားရတော့ ငါ့သားမက် အတော်ပိန်သွားတာပဲ။ ဒါကို မင်းတို့လင်မယား နှစ်ယောက်အတူ သောက်ကြကွယ်။ ဒါ ဆိတ်နက်သားစွပ်ပြုတ်ကွဲ့။ အင်ဟေးနဲ့ သူ့ယောက်ျား တွေ့ရင် တားမစိုးလို့ အမေ ဖွက်ယူလာတာ။ ယောင်ဟေးကို ဒါတိုက်နော်။ တိုင်းရင်းဆေးရည်လို့ပြောလှည့်။ အနံ့ပျောက်အောင် ဆေးမြစ်တွေ အများကြီး ထည့်လာတယ်။ သူ့ကြည့်ရတာ တစ္ဆေလိုပဲ၊ သွေးမရှိတဲ့နာနာဘာဝလို ဖြစ်နေပြီ"

မိခင်မေတ္တာတဲ့လား။ ဒီလောက်ခေါင်းမာတဲ့ ဒီမိခင်မေတ္တာဆိုတာကြီးကို ကျွန်တော် အတော်လေး စိတ်ပျက်စပြုလာတယ်။

"ဒီမှာ နွေးဖို့ မီးဖိုရှိလား။ သူနာပြုခန်းထဲမှာ သွားကြည့်လိုက် ဦးမယ်"

အိတ်ကြီးထဲက စက္ကူဘူးတစ်ဘူးထုတ်ပြီး ဘွားတော်ကြီး လစ်သွား တယ်။ ကျွန်တော် နက်ခ်တိုင်ကို ထပ်ကာထပ်ကာ ပြန်စည်းရင်း စိတ်အနှောက်အယှက်က ဖြစ်လာပြန်တယ်။ ခဏနေတော့ မိန်းမ နိုးလာတယ်။ အမလေး ယောက္ခမကြီးရှိတာ ကောင်းလိုက်တာ။ သူနိုးလာတုန်း ကျွန်တော့်တစ်ယောက် တည်းများဆိုရင်တော့ ...။

ယောက္ခမကြီး ပြန်ရောက်လာပြီ။ မိန်းမက သူ့ကို စူးစူးရဲရဲ ကြည့်နေတယ်။ တံခါးဖွင့်လိုက်တာနဲ့ သူ့သမီး နိုးနေတာမြင်တော့ အဖွားကြီး မျက်နှာက ပြုံးလို့ချိုလို့။ မိန်းမမျက်နှာပေးကတော့ အဓိပ္ပာယ်ဖော်ရခက်တယ်။ ခုတင်ပေါ် တစ်နေကုန်လှဲနေရလို့လား၊ နည်းနည်းအမ်းနေလို့လားတော့မသိ။ သူ့မျက်နှာဟာ နွားနို့လို ဖွေးဖွေးဖြူနေတယ်။

အငွေ့တထောင်းထောင်းထနေတဲ့ ဗူးကို တစ်ဖက်ကကိုင်ပြီး မိန်းမလက်ကို သူ တင်းတင်းဆုပ်ထားတယ်။

"ကြည့်စမ်းပါဦး....."

သူ့မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လို့ပဲ။

"ရော့ ဒါကိုယူ၊ မျက်နှာလေးကို ကြည့်စမ်းပါဦး"

"ဒါ အားတိုးဆေး သမီးလေး၊ သမီး အိမ်ထောင်မကျခင်က အမေ လုပ်ပေးတာ မှတ်မိလား"

မိန်းမက တရှုံ့ရှုံ့ အနံ့ခံရင်း ခေါင်းခါတယ်။

"ဒါ အားတိုးဆေး မဟုတ်ပါဘူး"

သူ့အမူအရာက တုံဏှိဘာဝေပဲ။ သူ့မျက်လုံးတွေကလည်း တစ်မျိုးပဲ။ ထူးဆန်းနေတယ်။ ဘူးကို သူ့အမေလက်ထဲ ပြန်ထည့်တယ်။

"အားတိုးဆေးပါသမီးရယ်၊ တစ်ကျိုက်တည်း မော့ချလိုက်"

"တော်ပြီ မသောက်ဘူး"

"သောက်လိုက်ပါ သမီးရယ်၊ အမေတိုက်တာသောက်ပါ။ သေသူရဲ့ ဆန္ဒကိုတောင် ဖြည့်ပေးရသေးတာ။ အမေတစ်ယောက်လုံးကို သမီး လျစ်လျူရှုတော့မလို့လားကွယ်"

သူ့ဘူးကို မိန်းမနှုတ်ခမ်းနား တေ့ပေးနေတယ်။

"တကယ် အားတိုးဆေးလား"

"အင်းပေါ့ အားတိုးဆေးပါဆို"

မိန်းမက နှာခေါင်းပိတ်ပြီး အရည်မည်းမည်းတွေကို တစ်ကျိုက် သောက်လိုက်တယ်။ ယောက္ခမကြီးက ပြုံးပြုံးကြီးလုပ်ရင်း သောက်ဦး... သောက်ဦးတဲ့၊ ရှုံ့တွနေတဲ့ မျက်ရစ်တွေပေါ်က မျက်လုံးလေးတွေဟာ တဖျတ်ဖျတ်လက်လို့။

"ခဏထားလိုက်ဦး ပြီးမှသောက်မယ်"

မိန်းမက ပြန်လှဲလိုက်တယ်။

"ဘာစားချင်တုန်း . . . ချိုတာလေး တစ်ခုခု ဝယ်ပေးမယ်လေ။ ခံတွင်းလိုက်အောင်"

"တော်ပြီ အဆင်ပြေပါတယ်ဆို"

အဖွားကြီးက ကျွန်တော့်ကို မုန့်အချို သွားဝယ်ခိုင်းတယ်။ ကျွန်တော် က အင်တင်တင်လုပ်နေတုန်း သူကိုယ်တိုင် သွားပါလေရော။ သူသွားတာနဲ့ မိန်းမက စောင်ကိုခွာ၊ အိပ်ရာက ထလိုက်တယ်။

"ဟင် ဘယ်သွားမလို့လဲ"

"ရေချိုးခန်း"

သူ့လက်က တန်းလန်း တန်းလန်း ချိတ်ထားတဲ့ ဆေးအိတ်ကိုကိုင်ပြီး နောက်ကလိုက်ရတယ်။ ဆေးအိတ်ကို အိမ်သာထဲ ချိတ်ပြီး သူ အိမ်သာတံခါးကို

ပိတ်လိုက်တယ်။ ပျို့သံ၊ အန်သံတွေ ထွက်လာတယ်။ မဆုံးနိုင်တော့ဘူး၊ အစာအိမ်ထဲရှိသမျှ အကုန် အန်ထုတ်နေတော့တာပဲ။

သူ ပြန်ထွက်လာတယ်။ သူ့နားက အန်ဖတ် ချဉ်စုတ်စုတ်နဲ့ ရနေတယ်။ ဆေးရည်အိတ်ကို သူ့ဘာသာသူပဲ ကိုင်လာတယ်။ ကျွန်တော်လည်း ကြည့်နေလိုက်တယ်။ ခပ်မြင့်မြင့် မကိုင်တဲ့ အခါကျတော့ ဆေးရည်က သူ့သွေးကြောထဲစီးရမဲ့အစား သူ့သွေးတွေက ပိုက်ထဲ ပြန်စီး ကျလာတယ်။ အိပ်ရာပေါ်မှာ သူ့အမေ တင်ပေးသွားတဲ့ ဆိတ်နက်စွပ်ပြုတ်ဘူးကို ယူတယ်။ ဆေးချိတ်ထားတာကို သိတောင်သိပုံ မပေါ်ဘဲ သူ လူနာခန်းထဲက ထွက်သွားတယ်။ ကျွန်တော်လည်း စိတ်ကုန်တာနဲ့ ဒီအတိုင်း ကြည့်နေလိုက်တယ်။

ခဏနေတော့ အခန်းတံခါးကို ဝုန်းခနဲ ဖွင့်သံကြားရတယ်။ အူပေါက်မ နဲ့ သူ့အမေက စိတ်အနှောက်အယှက် ဖြစ်တဲ့ပုံနဲ့ လှည့်ကြည့်တယ်။ ယောက္ခမကြီးက ကွတ်ကီးထုတ် တစ်ဖက်၊ လက်ဆွဲအိတ် တစ်ဖက်နဲ့ ဒေါကြီးမောကြီး ဝင်ချလာတယ်။ လှမ်းကြည့်လိုက်တော့ အပြင်မှာ စွပ်ပြုတ်ရည်မည်းမည်းတွေ ကြမ်းပေါ် မှောက်နေတယ်။

"ဟဲ့ မောင်ရင်၊ မင်း ဒီမှာဘာထိုင်လုပ်နေတာလဲ။ ဒီကလေး ဘာတွေ ကြံစည်နေတယ်ဆိုတာရော သိရဲ့လား"

ဇာတ်လမ်းတော့စပြီ။ ချက်ချင်း အခန်းထဲက ထပြေးပြီး အိမ်ပြန်ချင်စိတ်တွေ တဖွားဖွား ပေါ်လာတယ်။

"ယောင်ပေး၊ နင် ဒါကို ဘယ်လောက်များတန်တယ် အောက်မေ့ နေလဲ။ ဘာလို့များ သွန်ပစ်ရတာလဲ ယောင်ပေးရယ်။ နင့်မိဘတွေ ချွေးနဲ့ သွေးနဲ့ရင်းပြီး ရှာထားတဲ့ ချွေးနဲ့စာကလေးနဲ့ ဝယ်ထားတဲ့ဟာကိုကွယ်။ ဒါနဲ့ များတောင် နင်ဟာ ငါ့သမီးတဲ့လား"

မိန်းမရဲ့ သွေးစက်တွေဟာ ဆေးအိတ်ထဲကို တပေါက်ပေါက်နဲ့ ကျနေတာ မြင်နေရတယ်။

"ခု နင့်ပုံနင် ပြန်ကြည့်စမ်း၊ အသားမစားဘူး ဟုတ်လား၊ မှန်ထဲမှာ ကြည့်လိုက်စမ်း၊ ဘယ်လိုရုပ်ထွက်နေလဲဆိုတာ"

နောက်ဆုံးတော့လည်း ဒေါသသံစူးစူးအစား ရှိုက်သံတွေ ထွက်လာ တော့တာပါပဲ။ မိန်းမကတော့ တရှုံ့ရှုံ့ငိုနေတဲ့ မိန်းမကြီးကို ပီဘိ သူစိမ်းတစ်ရံစာ လို စိမ်းစိမ်းကြီး ကြည့်နေတယ်။ ပြဇာတ်ကနေတယ် ထင်နေလားမသိ။ နောက်တော့ ကြည့်ရတာ ပျင်းလာပုံနဲ့ ခုတင်ပေါ်တက်၊ စောင်ခြုံပြီး မျက်စိမှိတ်လိုက်တယ်။ အဲဒီကျမှပဲ သူ့သွေးတွေနဲ့ တစ်ဝက်လောက်ပြည့်နေတဲ့ ဆေးအိတ်ကို ကျွန်တော်တိုင်မှာ ပြန်ချိတ်ခွင့်ရတော့တယ်။

※

ဒီမိန်းမကြီးဟာ ဘာလို့များ တအီအီ လာငိုနေပါလိမ့်။ ငါ့မျက်နှာကို ဝါးစားတော့မလို၊ မျိုချတော့မလို မျက်နှာပေးနဲ့ သူ ဘာလို့များ ကြည့်နေပါလိမ့်။ ငါ့လက်ကောက်ဝတ်က ပတ်တီးကို သူ ဘာဖြစ်လို့ လက်တုန်ကြီးနဲ့ လာပွတ်နေ ပါလိမ့်။

ငါ့လက်ကောက်ဝတ်က အိုကေပဲ၊ ဘာဒုက္ခမှ မပေးဘူး။ တကယ်နာတာက ရင်ဘတ်ထဲက၊ အစာအိမ်နားက အလိုလျှောက် တုန့်ပြန်နာ့ဗ်ကြော စနစ်မှာ ပြဿနာတစ်ခုခု ရှိနေလား။ ဘာဖြစ်တာလဲ။

ဘယ်သိမလဲ၊ အဲဒါက အမြဲဒုက္ခပေးနေတယ်။ ဘယာစီယာ မ၀တ်ပေမယ့်လို့ ရင်ထဲမှာ အလုံးအကျိတ် တစ်ခုခု ရှိနေသလို အမြဲ ခံစားရတယ်။ အသက်ပြင်းပြင်း ရှူထုတ်လည်း ပျောက်မသွားဘူး။

အော်သံတွေ၊ ဆူသံတွေ၊ ငေါက်သံတွေ၊ ဟောက်သံတွေ တစ်လွှာပြီး တစ်လွှာ စုဝေးပြီး ဒီအလုံး ဖြစ်လာတယ်ထင်တယ်။ အသားစားလို့၊ ဟုတ်တယ် ငါ အသားတွေ အများကြီးစားခဲ့တယ်။ စားခဲ့တဲ့အသားတွေက ဒီနေရာမှာ လာစုနေတာ၊ အကြိတ် အဖု အစိုင်အခဲဖြစ်လာတာ။ တိရစ္ဆာန်တွေရဲ့သွေးတွေ၊ အသားတွေ၊ အသက်ဝိညာဉ်တွေ ငါ့ကိုယ်တွင်းမှာ စုဝေးရစ်ပတ် ထုံးဖွဲ့နေပေါ့။

တစ်ကြိမ်ပါပဲ၊ တစ်ကြိမ်လေးပဲ တစ်ခါလောက်တော့ အော်ပစ်လိုက်ချင်တာ။ ပြတင်းပေါက်ကနေ ခုန်ချလိုက်ချင်တာ။ ဒါဆို ဒီအလုံး ပြုတ်ထွက်သွားမလား။ အင်း... အလုပ်ဖြစ်မယ်ထင်တယ်။

ငါ့ကို ဘယ်သူမှ မကယ်နိုင်၊ မကူနိုင်၊ အသက်ကောင်းကောင်း ရှူလို့ရအောင် မလုပ်ပေးနိုင်။

※

ယောက္ခမကြီးကို ချော့မော့ တက္ကစီပေါ်တင်ပေးပြီး ပြန်တက်လာတော့ တစ်ခန်းလုံး မှောင်နေပြီ။ တစ်ဖက်က လူနာနဲ့ လူနာစောင့်ဟာ ကျွန်တော်တို့ ဖြစ်ပျက်နေတာတွေ အားလုံး မြင်ပြီးတဲ့နောက် တီဗွီကိုပိတ်၊ မီးကိုပိတ်ပြီး ကန့်လန့်ကာ ချသွားပြီ။ မိန်းမလည်း အိပ်ပျော်နေပြီ။ ကျွန်တော်လည်း ခေါက်ခုတင်လေးချပြီး အိပ်ဖို့ကြိုးစားတယ်။ ဒီ အရှုပ်ထုပ်ကြီးကို ဘယ်က ဘယ်လို စရှင်းရမယ် မှန်းမသိ။ သေချာတာတစ်ခုတော့ ရှိတယ်၊ ဒီကိစ္စဟာ ကျွန်တော့်ကို ပြဿနာတစ်ထွေးကြီး မပြီးနိုင် မစီးနိုင် ပေးလိမ့်မယ်ဆိုတာပဲ။

အောင်မြင်စွာ အိပ်ပျော်သွားချိန်မှာပဲ အိပ်မက်တစ်ခု မက်တယ်။ အိမ်မက်ထဲမှာ ကျွန်တော်က လူတွေ လိုက်သတ်နေတယ်။ ဓားကိုင်ပြီး ဗိုက်တွေထဲ အသားကုန်လိုက်ထိုး။ အူတွေဆွဲထုတ်၊ အရေခွံခွာ၊ အသားတွေဖွဲ့စား။ နောက်ဆုံး အရိုးချည်းကျန်တဲ့ အထိတဲ့။ လန့်နိုးလာတဲ့အခါ ဘယ်သူတွေကို သတ်ခဲ့တာလဲဆိုတာ စဉ်းစားလို့ မရဘူး။

စောသေးတယ်၊ မိုးမလင်းသေးဘူး။ မှောင်တုန်းပဲ။ ဘာမှန်းမသိတဲ့ တွန်းအားတစ်ခုကြောင့် မိန်းမကို စောင်ထခြုံပေး မိတယ်။ တစ်လောကလုံး မှောင်နေတယ်။ သွေးတွေ ..အူတွေ ဘာမှမရှိ။ အိပ်နေတဲ့လူတွေရဲ့ အသက်ရှူသံတွေသာရှိ၊ မိန်းမကတော့ ထူးထူးခြားခြား တိတ်ဆိတ်နေတယ်။ တကယ်ပဲလား၊ ကိစ္စများ ပြတ်သွားပြီလား။ အတွင်းထဲက တုန်တုန်ခိုက်ခိုက် ဖြစ်လာတယ်။ သူ့နှာခေါင်းဝမှာ လက်ညှိုးတင်ကြည့်မိတယ်။ အသက်ရှူနေတုန်းပါပဲ အသက်ရှင်နေတုန်းပါပဲ။

※

နိုးလာတော့ တစ်ခန်းလုံး ထိန်ထိန်လင်းနေပြီ။

"အမယ်လေး ရှင်အိပ်နေလိုက်တာ အရမ်းပဲ"

အူပေါက် ကောင်မလေး အမေက ကျွန်တော့်ကို ပြောလိုက်တယ်။

"မနက်စာ လာပို့တာတောင် ရှင်မနိုးဘူး"

သူက ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်နေသလိုပဲ။ ခုတင်ပေါ်မှာ မနက်စာဗန်းကို တွေ့တယ်။ မိန်းမက လှန်တောင် ကြည့်ထားပုံမရဘူး။ ပြီးတော့

သူလည်း မရှိဘူး။ ဘယ်သွားနေပါလိမ့်။ အကြောဆေး သွင်းထားတဲ့အပ် ကိုလည်း ဖြုတ်သွားတယ်။ သွေးစွန်းနေတဲ့အပ်ဟာ ပလတ်စတစ် ပိုက်ပျော့ရဲ့ အစွန်းကနေ တွဲလောင်းကျလို့။

မျက်နှာကို လက်ဝါးနဲ့ပွတ်၊ သွားရည်တွေ သုတ်လိုက်ရင်း. . .

“ကျွန်တော့်လူနာ ဘယ်သွားလဲမသိဘူး ခင်ဗျ”

လို့ ပြောမေးမေးလိုက်တယ်။

“မသိဘူးတော့။ ကျွန်မတို့နိုးတော့ သူ့ကို မတွေ့ဘူး”

“ဟင် ကျွန်တော့်ကို နိုးပါတော့လားဗျာ”

“အမလေး နိုးပါသော်ကောရှင်၊ နိုးမှမနိုးဘဲ။ တကယ်တည်း အိပ်နေလိုက်တာများ သစ်တုံးကျနေတာပဲ။ တစ်ခုခုများ ဖြစ်နေလား တောင် ထင်မိတယ်"

သူ မျက်နှာနီလာတယ်။ ဒေါပွလို့လား၊ စိတ်ရှုပ်လို့လား၊ ဘာဖြစ်လို့ မှန်း တော့မသိ။

အဝတ်အစားတွေ သပ်သပ်ရပ်ရပ်ဖြစ်အောင် လုပ်ရင်း အခန်းပြင်ထွက်။ စင်္ကြန်လမ်း အတိုင်းလျှောက်၊ ခတ်လှေကား နားရောက်။ ဘယ်မှာမှ သူ့ကို မတွေ့၊ ပြဿနာပဲ။ အချိန်ကမရှိဘူး။ ရုံးမှာ နှစ်နာရီလောက် နောက်ကျမယ်လို့ ပြောထားခဲ့တယ်။ ခုဆို ဆေးရုံဆင်းပြီး အိမ်အပြန်လမ်းမှာ ဖြစ်နေရမှာ။ အိမ်ပြန်နေတုန်း ဖြစ်သမျှအားလုံးကို မေ့ပြီး အိပ်မက်ဆိုးတစ်ခုလို့ သဘောထား ကြရအောင်လို့ သူ့ကိုပြောမယ် မှန်းထားတာ။

ခတ်လှေကားနဲ့ မြေညီထပ်ကိုဆင်းလိုက်တယ်။ ဧည့်ခန်းမဆောင်ထဲ မှာလည်း မတွေ့။ အပြင်ဘက် ထွက်၊ ဥယျာဉ်ထဲ ရောက် အမောတကော ရှာ၊ မနက်စာစားပြီးလို့ အပြင်ထွက်နေကြတဲ့ လူနာတွေကို တွေ့ရတယ်။ မနက်ခင်း ချမ်းစိမ့်စိမ့်လေးဟာ တဖြည်းဖြည်း အအေးလျော့လာခဲ့ပြီ။ ပုံစံကြည့်တာနဲ့ ဘယ်ဟာက နာတာရှည်လူနာ၊ ဘယ်ဟာက ယာယီလူနာဆိုတာ သိနိုင်တယ်။ ရေမထွက်တဲ့ ရေပန်းနားရောက်တော့ လူတွေ ရုံးစုရုံးစုလုပ်နေတာ တွေ့လိုက် တယ်။ တိုးဝှေ့ပြီး ဝင်ကြည့်လိုက်တယ်။

ရေပန်းနားက ခုံတန်းလေးမှာ မိန်းမ ထိုင်နေတယ်။ ဆေးရုံဝတ်စုံကို ချွတ်ပြီး ဒူးပေါ်တင်ထားတယ်။ အမလေး. . မိမွေးတိုင်း ဖမွေးတိုင်းပါကလား။ ပြူးထွက်နေတဲ့ ညှပ်ရိုးတွေ၊ ရှုံ့တွနေတဲ့ ရင်သားတွေ၊ ညိုမောင်းနေတဲ့ ရင်သားထိပ်တွေ အားလုံး အထင်းသား။ ဘယ်လက်ကောက်ဝတ်က ပတ်တီးက ကွာကြနေတယ်။ ချုပ်ထားတဲ့ ဒဏ်ရာ က သွေးလေးတွေ စို့နေတယ်။ သူ့ မျက်နှာနဲ့ အဝတ်မဲ့ခန္ဓာပေါ် နေရောင်က ဖြာလို့ကျ။

“သူ ဒီလို ထိုင်နေတာ ဘယ်လောက်ကြာပြီလဲ”

“သနားပါတယ်ဟယ်။ စိတ္တဇရုံက လူနာနေမှာ။ ငယ်ငယ်လေး ရှိသေးတာကို”

“သူ ဘာကိုင်ထားတာလဲ”

“တစ်ခုခု ကိုင်ထားသလိုပဲနော်”

“အား.. ဟိုမှာ၊ သူတို့ လာနေကြပြီ”

လှည့်ကြည့်လိုက်တော့ အမျိုးသားသူနာပြုတစ်ယောက်၊ လူလတ်ပိုင်း လုံခြုံရေးအစောင့် တစ်ယောက် အပြေးအလွှား လာနေကြတယ်။

မျက်နှာတွေကလည်း စိုးရိမ်တကြီးပုံ ပေါက်နေကြတယ်။ မိန်းမကို ပြန်ကြည့်မိပြန်တယ်။ အလို… နှုတ်ခမ်းတွေက သွေးလို ရဲရဲနီနေတယ်။ နှုတ်ခမ်းနီတွေ ဆိုးထားတာ များလား။ သူဟာ သူ့ကို စိုက်ကြည့်နေကြတဲ့ လူအုပ်ကို ကြည့်ရင်း ကျွန်တော်နဲ့ မျက်လုံးချင်း ဆုံမိတယ်။ သူ့မျက်လုံးတွေဟာ အရည်လဲ့နေတယ်။

အင်း ဒီမိန်းမကို ငါ မသိဘူးလို့ ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြောမိတယ်။ ဒါ လိမ်တာမဟုတ်ဘူး အမှန်တရားပဲ။ ဒါပေမဲ့လည်း ရှောင်လွှဲလို့ မရတဲ့ တာဝန်ကြောင့် သူ့နား တိုးသွားမိတယ်။ ကျွန်တော့်ဘဝဟာ သွက်သွက်ခါ တော့မှာလား၊ အထိန်းအကွပ်မဲ့ တော့မှာလား။

"အချစ်ရေ ဘာတွေလုပ်နေတာလဲကွယ်"

အသံတိုးတိုးနဲ့ပြောရင်း ဆေးရုံဝတ်စုံနဲ့ သူ့ကို ခြုံပေး လိုက်တယ်။

"အရမ်းပူတယ်လေ၊ ဒါကြောင့်မို့.."

သူက ယောင်ယောင်လေး ပြုံးတယ်။ သူ့ရဲ့ မူပိုင်အပြုံး၊ အင်မတန်မှ ယောင်ပေးဆန်လှတဲ့အပြုံး။ ကျွန်တော် အင်မတန် အကျွမ်းဝင်နေတဲ့ အပြုံးပါ။

"အရမ်းပူလို့ အဝတ်တွေ ချွတ်ထားလိုက်မိတာ"

မျက်နှာကိုထိုးနေတဲ့ နေရောင်ကို ဘယ်ဖက်လက် ကို နဖူးပေါ်တင်ရင်း သူ ကာထားတယ်။ ဒါကြောင့် လက်ကောက်ဝတ်က ဓားဒဏ်ရာက အထင်းသားပေါ့။

"ကျွန်မ မဟုတ်တာတစ်ခုခုများ လုပ်ခဲ့မိလား"

ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ သူ့ညာလက်ကို ကျွန်တော် ဖြေကြည့်မိတယ်။ သူ့လက်သီးဆုပ်ထဲ ကနေ ကြေမွနေတဲ့ ငှက်ကလေးတစ်ကောင် ခုံတန်းပေါ် ကျသွားတယ်။ အမွှေးတွေ ဟိုတစ်ကွက် ဒီတစ်ကွက် ကျွတ်နေတဲ့ မျက်ကွင်းဖြူဖြူ ငှက်သေးသေးလေး။ ကိုက်ရာတွေက အထင်းသား၊ သွေးတွေ က အရဲသား။

««« »»»

။

မွေးရာပါ မွန်ဂိုးလီးယန်း အမှတ်

ကတ္တီပါ ကန့်လန့်ကာကြီး တဖြည်းဖြည်း ကျလာတယ်။ ကချေသည် တွေအားလုံး ပြိုင်တူလက်တွေ ဝှေ့ယမ်း ပြနေကြတာကြောင့် စင်ပေါ်က လူတန်းကြီးဟာ ပျားပန်းခတ် လှုပ်ရှားနေတယ်။ တစ်ယောက်ချင်းစီကို စေ့စေ့ စပ်စပ် မမြင်ရဘူး။ လက်ခုပ်သံတွေ ကျယ်လှပေမဲ့၊ ဟိုနားဒီနားက ဘရာဗို အော်သံတွေ ကြားရပေမဲ့ ကန့်လန့်ကာ ပြန်မပြီး ကချေသည်တွေ ပြန်ဦးညွှတ် နှုတ်ဆက်ရ လောက်တဲ့အထိတော့ မဖြစ်ခဲ့ဘူး။ မတ်တတ်ရပ် လက်ခုပ်တီးကြတာတွေ တိတ်သွားပြီ။ ပရိတ်သတ်ဟာ အိတ်တွေ ကုတ်တွေယူပြီး ပြန်ဖို့ စိုင်းပြင်း နေကြပြီ။ ချိတ်ထားတဲ့ ခြေထောက်တွေကို ဖြေပြီး သူ ထရပ်လိုက်တယ်။ ပရိတ်သတ် လက်ခုပ်တီးနေတဲ့ ငါးမိနစ်လောက်အချိန်အတွင်း သူ လက်ကြီး ပိုက်ရင်း လက်ခုပ်သံတွေကို လောဘတကြီး သောက်မျိုနေတဲ့ ကချေသည် တွေရဲ့ မျက်နှာတွေကို ငေးနေမိတယ်။ သူတို့အားထုတ်မှုကို အားကျတာရယ်၊ လေးစားတာရယ်၊ ရောယှက်ရင်း သူပါ စိတ်ခတ်တွေ တက်ကြွလို့ပေါ့။ ဒါပေမဲ့ သူ့လို ဗလာခန္ဓာ အနုပညာရှင်တစ်ယောက်ရဲ့ လက်ခုပ်သံကို ခံယူရ လောက်အောင်တော့ မဟုတ်သေးဘူးလို့ ခံစားရတယ်။

ရုံထဲကထွက်လိုက်ပြီး အပြင်ရောက်တော့ ကြော်ငြာ ပိုစတာတွေ ကို ထပ်ကြည့်မိပြန်တယ်။ စာအုပ်ဆိုင် တစ်ဆိုင်ထဲမှာ ဒီပါဖောမန့်စ်ပွဲ ကြော်ငြာ တွေတော့ တစ်ကိုယ်လုံး တုန်တုန်ခိုက်ခိုက် ဖြစ်သွားတယ်။ ဒီပွဲကို လွတ်သွားမှာ စိုးတဲ့စိတ်ကြောင့် ဇာတ်ရုံကို ဖုန်းဆက်ပြီး ကြိုတင်လက်မှတ် မှာလိုက်တယ်။ ကြော်ပြာပိုစတာပေါ်မှာ ယောကျ်ားနဲ့ မိန်းမ မော်ဒယ်တွေဟာ လည်ဂုတ်ကနေ တင်ပါးထိ ဗလာကျင်းခန္ဓာကိုယ်ပေါ် အနီနဲ့ အပြာရောင် ပန်းပင်ပန်းပွင့်တွေ ရိုးတံလိမ်ယှက် ရေးဆွဲထား ခဲ့တယ်။ အဲဒါကိုကြည့်ရင်း စိတ်လည်းလှုပ်ရှား၊ ကြောက်လည်းကြောက်၊ ကြက်သီးလည်းထ၊ စိတ်ခတ်လည်းကျမိတယ်။ သူ့ အာရုံကို တစ်နှစ်လောက် ဖမ်းစားထားခဲ့တဲ့၊ အိပ်မက်မက်ခဲ့ရတဲ့ အတွေး ပုံရိပ်တစ်ခုကို ခုတော့သူများက အကောင်အထည် ဖော်သွားခဲ့ပြီ။ သူ တစ်ခါမှ မကြားဘူးတဲ့ ဗလာခန္ဓာ အနုပညာရှင်တစ်ယောက်။ သူတို့ တင်ဆက် မှုဟာ သူ အိပ်မက်မက်ခဲ့တာနဲ့ တစ်ထပ်တည်း တူနေမလား။ မီးတွေ မှိန်လိုက်ပြီး ပါဖောမန့်စ် စတင်ချိန်မှာ သူဟာ ဆောက်တည်ရာမရ ဖြစ်နေတယ်။ ရေလေး တစ်ငုံတောင် မသောက်နိုင်လောက်အောင် စိတ်လှုပ်ရှားနေတယ်။

ဒါပေမဲ့ သူ မျှော်လင့်နေတာကို မတွေ့ခဲ့ရပါဘူး။ လူအုပ်ကြီးနဲ့ အတူရောပြီး ရုံထဲက ထွက်လာရင်း အနီးဆုံး မြေအောက်ရထား ဘူတာကို ထွက်တဲ့ ထွက်ပေါက်ဘက် ဦးတည်လိုက်တယ်။ ဆူဆူညံညံ အီလက်ထရစ် ဂီတသံ၊ ပြောင်ပြောင်လက်လက် အဝတ်အစားတွေ၊ တမင်လုပ်ယူထားတဲ့ ဝတ်လစ်စလစ်အနေအထားနဲ့ သိသာကြမ်းရှတဲ့ လိင်ဆွဲဆောင်မှု ကိုယ်ဟန် အနေအထားတွေဟာ သူ့စံနဲ့ တခြားစီပဲ။ သူက တိတ်တိတ်ငြိမ်ငြိမ် နက်နက် ရှိုင်းရှိုင်းနဲ့ ပုဂ္ဂလဓိဋ္ဌာန် ခံစားမှုအာရုံကို ရှာနေတာ။

တနင်္ဂနွေနေ့လည်မို့ ရထားက စောင့်ရတယ်။ ရထားရောက် လာတော့ ကြော်ငြာပိုစတာ ဓာတ်ပုံတွေနဲ့ အစီအစဉ်စာအုပ် တစ်အုပ်ကိုကိုင်ရင်း တွဲတံခါး နားမှာ ရပ်စီးတယ်။ သူ့ မိန်းမနဲ့ ငါးနှစ်အရွယ် သူ့သားကတော့ အိမ်ကနေ သူ့ကို မျှော်နေမှာ။ မိန်းမက ပိတ်ရက်ကို မိသားစု အတူတူ အချိန် ကုန်ဆုံးချင်ပေမဲ့၊ ဒီ ပါဖောမန့်စ်ကြည့်ဖို့ နေ့တစ်ဝက် အချိန်ပေးလိုက်ရတယ်။ အဲဒါက ဘာပြန်ရသလဲ။

ထင်သလိုမဟုတ်လို့ အောင့်သက်သက် ဝေဒနာကြီးပဲ ခံစားပြီး ပြန်ခဲ့ရတယ်မဟုတ်လား။ အမြဲတမ်း ဒီလိုချည်းပဲ။ သူ့ရင်ထဲက အနုပညာ၊ သူ့အိပ်မက်ထဲက ဒဿနကို အသက်သွင်းနိုင်တဲ့ လူတစ်ယောက် တလေတောင် ဒီကမ္ဘာပေါ်မှာ မရှိတော့ဘူးတဲ့လား။ ဟိုးအရင်တုန်းက ဂျပန် အနုပညာရှင် ယာယိုအီကူဆားမားရဲ့ ဗွီဒီယို အနုပညာကိုကြည့်ရင်း ဖြစ်မိသလို ခါးခါးသီးသီးခံစားမှုတွေ ခုပြန်ဖြစ်လာခဲ့တယ်။ ကူဆားမား လုပ်ပုံက ယောက်ျား၊ မိန်းမ ဆယ်တွဲလောက်ကို အဝတ်မဲ့ခန္ဓာကိုယ်မှာ အရောင်အပြည့် ခြယ်တယ်။ ကံဆိုးစား ဆန်းကုန်သွား လိင်ဆက်ဆံနေတဲ့ မြင်ကွင်းမျိုး သရုပ်ဖော် တယ်။ တစ်ယောက်ခန္ဓာကိုယ် တစ်ယောက် မက်မက်စက်စက် တပ်တပ် မက်မက် ဖြစ်နေပုံကို ဆေးကြောင်နေတဲ့ ဂီတသံနောက်ခံနဲ့ ခြယ်မှုန်းဖော်ပြတယ်။ သူတို့ တစ်ချိန်လုံး ရေထဲကငါး ကုန်းပေါ်တင်ထားသလို တွန့်လိမ်လှုပ်ရှားနေကြတယ်။ သူ့ အာလယဟာ ကူဆားမားထက် လျော့စရာ အကြောင်းမရှိပေမဲ့ ဒီလိုပုံစံမျိုးတော့ သူ မဖော်ကျူးချင်ဘူး။ တခြား တစ်မျိုးမျိုး ကြိုက်တာနဲ့ ပုံဖော်၊ ဒါမျိုးတော့ မဟုတ်ဘူး။

သူနေတဲ့ တိုက်ခန်းတွဲကို ရထားက ဖြတ်ကျော်ပြီး ဆက်မောင်းသွား တယ်။ သူ့မှာ ဆင်းဖို့ စိတ်ကူးကို မရှိပါဘူး။ စာအုပ် ကို ကျောပိုးအိတ်ထဲထည့်။ ဆွယ်တာ အိတ်ကပ်တွေထဲကို လက်သီးနှစ်လုံး ကျစ်ကျစ် ဆုပ်ထည့်ပြီး ပြတင်းပေါက်မှန်ကတစ်ဆင့် ရထားတွဲထဲကို သူ လေ့လာကြည့်မိတယ်။ ပြောင်စ ပြုနေတဲ့ ဆံပင်ကို ဘေ့စ်ဘောဦးထုပ် ဆောင်းပြီးဖုံး၊ ဗိုက်ပူပူကို ဆွယ်တာပွပွနဲ့ ဖုံးထားတဲ့ သက်လတ်ပိုင်း အမျိုးသားဟာ သူပဲဆိုတာကို စိတ်ထဲက လက်ခံနိုင်ဖို့ မနည်းအားယူနေရတယ်။

※

ကံကောင်းတယ်။ စတူဒီယိုတံခါးက သော့ခတ်ထားတယ် ဆိုတော့ သူ့တစ်ယောက်တည်း စိတ်တိုင်းကျပေါ့။ တကယ်တော့လည်း ဒီလို တနင်္ဂနွေ နေ့လယ်မှာသာ အနှောက်အယှက် ကင်းကင်းနဲ့ စတူဒီယိုကို သုံးခွင့်ရတာပါ။ စတူဒီယိုက ကေအုပ်စု ရုံးချုပ် အဆောက်အဦး မြေအောက်ထပ် နှစ်လွှာမှာရှိတဲ့ အခန်းလေးတစ်ခုပါပဲ။ ကေအုပ်စုက စပွန်စာပေးထားတာပေါ့။ ကွန်ပျူတာ လေးတစ်လုံးကို ဗွီဒီယိုအနုပညာရှင် လေးယောက် ဝိုင်းသုံးနေရတဲ့ စတူဒီယို ပေါက်စလေးပါ။ ဒီမှာ ပစ္စည်းတွေ အလကား သုံးခွင့်ရတာကို သဘောကျပေမဲ့ တခြားသူတွေရှိနေတာကို သဘောမကျဘူး။ သူက တစ်ယောက်တည်း ရှိနေမှ အလုပ်ထဲ စူးစူးနစ်နစ် အာရုံစိုက် နိုင်တာဆိုတော့ သူ့အတွက် စုပေါင်းစပ်ပေါင်း စတူဒီယိုဟာ အတော်ခွကျတဲ့ နေရာ ဖြစ်နေတယ်။

ကလစ်ဆိုတဲ့ အသံတိုးတိုးလေးနဲ့အတူ တံခါးပွင့်သွားတယ်။ မီးခလုတ် မတွေ့မချင်း နံရံကိုစမ်းနေရတယ်။ မီးဖွင့်ပြီးပြီးချင်း ပထမဆုံးလုပ်ရတဲ့ အလုပ်က အခန်းတံခါး လော့ခ်ချရတာပဲ။ ပြီးတော့ ဦးထုတ်နဲ့ ဆွယ်တာချွတ်၊ အိတ်ကို ကြမ်းပေါ်ချ။ ပါးစပ်ကို လက်ဖဝါးနဲ့ ပိတ်ရင်း စတူဒီယိုထဲ ခေါက်တုံ့ ခေါက်ပြန် လျှောက်၊ ခဏနေတော့ ခေါင်းကို လက်နှစ်ဖက်နဲ့ အုပ်ကိုင်ပြီး ကွန်ပျူတာရှေ့ ထိုင်လိုက်တယ်။

အိတ်ကို ဖွင့်တယ်။ အစီအစဉ်စာအုပ်ကို ထုတ်တယ်။ ပုံကြမ်းခြစ် စာအုပ် ထုတ်တယ်။ မာစတာခွေကို ထုတ်တယ်။ သူ့နာမည်၊ လိပ်စာ၊ ဖုန်းနံပါတ် ရေးထိုးထားတဲ့ မာစတာခွေထဲမှာ လွန်ခဲ့တဲ့ ဆယ်နှစ်အတွင်း သူ လုပ်ခဲ့သမျှ ဗွီဒီယို

အနုပညာ အားလုံးပါတယ်။ နောက်ဆုံးလက်ရာကို ဒီထဲထည့်ထားပြီး ကတည်းက အသစ် မလုပ်ဖြစ်တာ နှစ်နှစ်ကျော်ခဲ့ပြီ။ နှစ်နှစ်၊ နှစ်နှစ်ဆိုတာ ဒီလိုပဲ။ ဘာသိဘာသာ ကုန်ဆုံးသွားခဲ့ပေမဲ့ ဖန်တီးချင်စိတ်ကြောင့် စိတ်လှုပ်ရှား ရင်ခုန်နေတုန်းပါပဲ။

ပုံကြမ်းခြစ်စာအုပ်ကို ဖွင့်လိုက်တယ်။ စာမျက်နှာတိုင်းဟာ ပုံကြမ်း တွေနဲ့ ပြည့်နေတယ်။ ခုနက ပါဖောမန့်စ်နဲ့ အခြေခံစိတ်ကူး တူပေမဲ့ ရေခံမြေခံနဲ့ အနုပညာ အာရုံခံစားအားက သိသိသာသာ ကွာတယ်။ ဝတ်လစ်စလစ် အမျိုးသားတွေ၊ အမျိုးသမီးတွေကို တစ်ကိုယ်လုံး ပန်းတွေဆေးရေးခြယ် ပေးပြီး သဘာဝကျကျ လိင်ဆက်ဆံနေတဲ့ ပုံကြမ်းတွေ။ ကချေသည် အချိုးအဆစ်လို တင်သားတွေ၊ လိမ်ကျစ်၊ ပေါင်တံတွေတင်းတောင့်၊ အရိုးပြိုင်းပြိုင်း ခန္ဓာတွေ မဖြစ်စေရ။ မျက်နှာကို ဆေးမခြယ်ထားတဲ့ ပန်းပွင့်ခန္ဓာတွေဟာ စိတ်လှုပ်ရှား ဖွယ် ကာလံဒေသံ အခင်းအကျင်းနဲ့ ဆန့်ကျင်ဖက် ငြိမ်သက် တိတ်ဆိတ် ကေစာကျင့်နေဟန် ဖြစ်ရမယ်။

စိတ်ထဲပေါ်လာတဲ့ လင်းပွင့်မှု အာရုံပုံရိပ်ကြောင့် ဖျတ်ခနဲ စိတ်အား ထက်သန်လာခဲ့တယ်။ တကယ်တော့ အဲဒီ စိတ်အား ထက်သန်မှုဟာ ပြီးခဲ့တဲ့ ဆောင်းတွင်းက စခဲ့တာ။ နှစ်နှစ်တာ အသီးအပွင့်မယ့် ဝေလေလေ ကာလတွေ ကုန်ဆုံးတော့မယ်လို့ သူ့စိတ်ထဲ ယုံမှတ်လာခဲ့တယ်။ ခွန်အားသတ္တိတွေ ဗိုက်ထဲ မှာ တိုးဝှေ့လှုပ်ရှားလာခဲ့ပြီ။ နည်းနည်းချင်းစီ၊ ဖြည်းဖြည်းချင်းစီ။ ဒါပေမဲ့ ဒီ ခွန်အားသတ္တိတွေနဲ့ ခုနက စိတ်ကူးပုံရိပ်ကို ဘယ်လို ချိတ်ဆက်ရမယ် ဆိုတာ သူ သိနိုင်ပါ့မလား။ ခုထိတော့ သူ့လုပ်ခဲ့တာတွေဟာ သရုပ်မှန်ကိုပဲ ဦးတည်နေတုန်း။ အရင်းရှင် လူ့အဖွဲ့အစည်းရဲ့ အပုပ်နံ့ တထောင်းထောင်းကြောင့် အော့နှလုံး နာနေကြတဲ့လူတွေကို သုံးဖက်မြင် ဂရပ်ဖစ်နဲ့ အချက်အလက်သက်သက် သတင်းမှတ်တမ်းကားတွေ လုပ်ခဲ့တဲ့ လူတစ်ယောက်အဖို့ အာရုံထဲက တပ်မက် စိတ်ကို အမိအရဖော်ပြဖို့ဆိုတာ တကယ့် ဧရာမကိစ္စကြီးပေပဲ။

တကယ်တော့ အဲဒီ အာရုံပုံရိပ်မြစ်ဖျားခံရာဟာ အမှတ်တမဲ့ စကား တစ်ခွန်းပဲ။ တနင်္ဂနွေတစ်ရက်မှာ သားကို ရေချိုးပေးဖို့ မိန်းမက မခိုင်းခဲ့ဘူးဆို ဒီအာရုံ ဖြစ်တည်လာမယ်မထင်။ မိန်းမက ရေချိုးပြီးတဲ့သားကို တဘက်နဲ့ သုတ်ပေး ဘောင်းဘီဝတ်ပေးနေတာကို သူ ကြည့်မနေခဲ့ဘူးဆိုရင်လည်း ဒါ ဖြစ်လာဖို့ အကြောင်းမရှိ။

“ဒီအမှတ်ကြီးက ကြီးလိုက်တာနော်။ ပျောက်ရောပျောက်ပါ့ဦး မလား”

လို့ သူက ကလေးတင်ပါးပေါ်က ပြာဖျော့ဖျော့ မွေးရာပါ မွန်ဂိုးလီးယန်းအမှတ်ကို ကြည့်ရင်း ဘာရယ်မဟုတ်မေးမိတော့ မိန်းမက ချက်ချင်းမဖြေ ဘဲ စဉ်းစားနေတယ်။

“အင်း ကျွန်မတုန်းကတော့ ဒီအမှတ် ဘယ်အချိန် ပျောက်သွားတယ် မမှတ်မိတော့ဘူး။ ယောင်ဟေးကတော့ အသက် နှစ်ဆယ်ပြည့်တဲ့ထိ အမှတ်က ရှိနေတုန်းပဲ..."

“အသက်နှစ်ဆယ်ထိ ဟုတ်လား”

“အင်း . . . လက်မလောက် အပြာဖျော့ဖျော့အမှတ်လေးက ကျန်နေ တုန်းပဲ၊ ခုထိတောင် ရှိချင်ရှိဦးမှာ...”

အဲဒီ တဒင်္ဂ အခိုက်အတန့်လေးမှာ မိန်းမတစ်ယောက်ရဲ့ တင်ပါး ပေါ်က

ကြွားကြွားဝံ့ဝံ့ပွင့်နေတဲ့ အပြာရောင်ပန်းပွင့်လေးတစ်ပွင့် သူ့အာရုံထဲ ဝင်လာခဲ့တယ်။ တစ်ကိုယ်လုံး ပန်းပွင့်တွေဖုံးနေတဲ့ ဝတ်လစ်စလစ်ခန္ဓာနဲ့ ယောကျ်ားနဲ့ မိန်းမ ရှမ္ဘက်မာန်ထန် နေကြပုံကိုလည်း တစ်ပါတည်း မြင်လာခဲ့ တယ်။ ဒီအာရုံနှစ်ခုကြားက ဆက်စပ်မှုဟာ ပီသကြည်မြလှတဲ့ အတွက် သူ့ စိတ်ထဲမှာ အဲဒီအချိန်ကစလို့ ခိုင်ခိုင်မြဲမြဲ ခြေကုပ်ယူထားတော့တယ်။

ပုံကြမ်းစာအုပ်ထဲက ခဲခြစ်ကောက်ကြောင်း အမျိုးသမီးပုံဟာ မျက်နှာ မပါပေမဲ့ သူ့ခယ်မ ယောင်ဟေးပုံပဲဆိုတာ သံသယရှိ စရာမလို။ မဟုတ်ဘူး။ ဒါ ယောင်ဟေးမှ ယောင်ဟေးစစ်စစ်။ သူကလွဲလို့ တခြားလူမဖြစ်စေရဘူး။ ယောင်ဟေးရဲ့ခန္ဓာကိုယ်လေးကို သူ အာရုံထဲမှာ မှန်းဆရင်း တင်ပါးအလယ် လောက်မှာ ပန်းပွင့်ပြာအမှတ်လေး ဆွဲပြီးပြီးချင်းပဲ သူ အာလယတွေ ပြင်းထန်လာတာကို သတိထားမိတယ်။ အိမ်ထောင်ကျပြီးကတည်းက၊ သုံးဆယ်ကျော် ကာလတွေကို တာ့တာပြုပြီးကတည်းက ခုလို ပြင်းပြင်းပြပြ လိင်အာရုံ ဖြစ်တည်လာတာ ပထမဆုံးပဲ။ ပုံထဲက ယောင်ဟေးရဲ့ လည်ပင်းကို လက်တွေနဲ့ ရစ်သိုင်းနှောင်ဖွဲ့ပြီး သူ့ခန္ဓာကိုယ်ထဲ တိုးဝင်တော့မလိုဟန်နဲ့ ယောကျ်ား တစ်ယောက်၊ ဒါဟာ သူပဲ။ သူ့အပြင် တခြားမရှိ။ ဒီတော့ဘာဖြစ်လဲ ဒီနေရာ ရောက်လာတိုင်း သူ့မျက်နှာဟာ ရှုံ့တွလို့ပေါ့။

※

ဒီအာရုံပုံရိပ်အဖမ်းစားခံဘဝက လွတ်မြောက်ရာလမ်းကို အဖြေရှာနေ တာ ကြာတောင့်ကြာလှပေါ့။ ဒါပေမဲ့ ဘယ်အရာကမှ အစားမထိုးနိုင်ခဲ့ဘူး။ ဒီပုံရိပ်လို ထိရှပြင်းပြတဲ့ ဆွဲဆောင်နိုင်စွမ်းကို ဘာကမှ မပေးနိုင်ခဲ့ဘူး။ ဒါကြောင့်လည်း သူ တခြား ဘာကိုမှ လုပ်ချင်စိတ်မရှိ၊ ဒါကိုမှ မလုပ်ရရင် တခြားအလုပ်တွေအားလုံးဟာ ပျင်းစရာကောင်းလောက်အောင် လေးတိလေးကန်နဲ့ ထုံထိုင်းမှုန်မှိုင်းနေ။

သူဟာ နွေခင်းကြောင်တောင် အိပ်မက်မက်ရင်း အချိန်တွေကို ကုန်ဆုံးစေခဲ့။ အာရုံပုံရိပ်ကို ဇာန်အမှန် ဖြစ်လာအောင် ဘယ်လိုလုပ်ရပါ့မလဲ ဆိုတာကို တွေးရင်း ငေးရင်းပေါ့။ ပန်းချီဆရာ သူငယ်ချင်းတစ်ယောက်ရဲ့ စတူဒီယိုကို ငှား၊ မီးတွေဆင်၊ ဗလာခန္ဓာကို ပန်းချီဆွဲ၊ ကြမ်းခင်းကို ဖွေးဖွေး ဖြူတဲ့ အဝတ်စခင်း၊ အတွေးတွေကို စိတ်ရှိသလောက် လွှတ်ပေးထားလိုက်တယ်။ အရေးအကြီးဆုံး ကိစ္စဖြစ်တဲ့ ခယ်မကို ဆွဲဆောင်မြူဆွယ်ဖို့ကတော့…။

ယောင်ဟေးကို တခြားမိန်းမတစ်ယောက်နဲ့ အစားထိုး လိုက်ရမလားလို့ ချီတုံချတုံဖြစ်နေတာ အကြာကြီး။ သူ ဗွီဒီယိုအဖြစ် ဖန်တီးဖို့ စီမံနေတဲ့ ဒီအနုပညာအလုပ်ဟာ သူများတွေအမြင်မှာ အပြာကား စာရင်းသွင်းလိုက်ဖို့ အင်မတန် ဖြစ်နိုင်ချေများတယ်။ အလွယ်တကူပဲ ညစ်ညမ်းဗွီဒီယိုလို့ သတ်မှတ် လိုက်ကြမှာ။ ခယ်မ မပြောနဲ့၊ ဘယ်အမျိုးကောင်းသမီးမှ ဒါမျိုးလုပ်ဖို့ သဘော တူလိမ့်မယ်မထင်။ ငွေအများကြီးသုံးပြီး တကယ့်မင်းသမီး တစ်ယောက်လောက် ငှားလိုက်ရမလား။ ငွေကုန်ကြေးကျခံ အပင်ပန်းခံပြီး လုပ်ဖြစ်ပြီ ထားပါတော့၊ ဒီဗွီဒီယိုကို ပြပွဲရှိုးပွဲ တစ်ခုခု တကယ်ပဲ လုပ်ခွင့်ရနိုင်ပါ့မလား။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစံတွေနဲ့ ပွတ်တိုက်ခံနိုင်လို့လား။ အလုပ်ပြုတ်ခံနိုင်လို့လား။ ဒါပေမဲ့ လည်း ဒီ လင်းပွင့်အာရုံ ပေါ်မလာခင်အထိ သူဟာ ရွက်ကြမ်းရေကျို တစ်ယောက်ပဲလေ။ ဘယ်တုန်းကမှ ဒီလောက်ပွင့်လင်း လွှတ်လပ်တဲ့ အာရုံ ခံစားအား ပေါ်မလာဖူးတဲ့အတွက် တိမ်းတိမ်းမူးမူး ဖြစ်စရာ ကောင်းလှတာ လည်း

အမှန်ပဲ။

ဒီတိမ်းညွှတ်မှုကြောင့်သာ မဟုတ်ခဲ့ရင် မအီမလည် ခံစားမှုတွေနဲ့ပဲ လုံးခြာလည် လိုက်နေမှာ။ အခန့်မသင့်ရင် မိသားစုအပါအဝင် အရာရာကို ဆုံးရှုံးသွားနိုင်ပေမဲ့ သူ့အတွေးအာရုံကို အကောင်အထည် ဖော်ချင်စိတ်က လျှော့မသွားဘူး။ နောင်တလည်း မရမိဘူး။ ဆုံးရှုံးရနိုင်တာတွေအတွက်လည်း ဘာမှ မခံစားရသလိုပဲ။ သူဟာ နှစ်ခြမ်းကွဲထွက်နေသလို ဖြစ်နေတယ်။ သူဟာ မှုမှန်စိတ် ပုံမှန်အတွေးနဲ့ ကိုယ်ကျင့်တရားစံကို အလေးဂရုပြုတတ်တဲ့၊ အာရုံ ဆန္ဒကို အသိတရားနဲ့ ထိန်းချုပ်နိုင်တဲ့ လူသားတစ်ယောက်လား။ မသိတော့ဘူး။ ဘာမှမသေချာတော့ဘူး။

တံခါးကို သော့တံနဲ့ ထိုးဖွင့်သံ ကြားလိုက်ရတယ်။ ပုံကြမ်းစာအုပ်ကို ကမန်းကတန်းပိတ်ပြီး တံခါးဘက် မျက်နှာမူလိုက်တယ်။ ဘယ်သူပဲဖြစ်ဖြစ် သူ့ပုံတွေကို မြင်မသွားစေချင်ဘူး။ ဒါ သူ့အတွက် အတွေ့အကြုံသစ်ဖြစ်သလို ထူးထူးဆန်းဆန်းလည်း ဖြစ်နေတယ်။ ပုံမှန်ဆို သူ့ပုံကြမ်းတွေ ဖန်တီးမှုတွေ အတွေးတွေကို သူများနဲ့ မျှဝေဖို့ ဘယ်တုန်းကမှ မတွန့်ဆုတ်ခဲ့ဖူးဘူး။

"ဟေး"

တံခါးဝမှာ ဂျေ။ ဆံပင်ရှည်တွေကို နောက်မှာ ပိုနီတေးလ် စည်းထားတယ်။

"ဘယ်သူမှမရှိဘူးထင်လို့"

ဂျေက ဖြည်းဖြည်းချင်း နောက်ပြန်ဆုတ်ရင်း ရယ်နေတယ်။

"ကော်ဖီသောက်ဦးမလား"

အိတ်ထဲက အကြွေစေ့နှိုက်ရင်း ဂျေက မေးတယ်။ သူ ခေါင်းခါပြ လိုက်တယ်။ ဂျေဟာ လမ်းဘေးစက်ထဲက ကော်ဖီသွားဝယ်ဖို့ ထွက်သွားတယ်။ သူ စတူဒီယိုကို တစ်ချက်ဝေ့ကြည့်လိုက်တယ်။ အင်း ဒီမှာ မလုံခြုံပါလား။ စိတ်မချရပါလား။ ဘော့စ်ဘောဦးထုပ်ကို အမြန် ဆောင်းလိုက်တယ်။ ချောင်းဆိုးချင်လွန်းလို့ လည်ချောင်းထဲ ရွစိ တက်လာသလိုမျိုး သူ့အတွင်းထဲက လိုက်တက် လာတဲ့ အော်ဟစ်ပစ်လိုက်ချင်စိတ်တွေကို ခံစားနေမိတယ်။ ပစ္စည်းတွေ အိတ်ထဲ ကောက်ထည့်ပြီး ဓာတ်လှေကားဆီ အပြေးတစ်ပိုင်း လျှောက်လာတယ်။ မှန်လိုအရိပ်ထင်နေတဲ့ ဓာတ်လှေကားမှာ သူ့ မျက်လုံးရဲရဲကြီးတွေထဲက မျက်ရည်တွေကျနေသလို ပုံပေါ်နေတယ်။ ဒီလိုပုံမျိုး အရင်က မတွေ့ဖူးဘူး။ မမှတ်မိဖူးဘူး။ အဲဒီမျက်လုံးနီကြီးတွေကို ဖောက်ထုတ် ပစ်ချင်လိုက်တာ။ ဖိနှပ်ချွတ်ပြီး သူ့မျက်ခွက်သူ ဘယ်ပြန်ညာပြန် အားရပါးရ ဖိနပ်နဲ့ချချင်တာ။ မုတ်ဆိတ်တွေမှာ သွေးစွန်းလာတဲ့ထိ။ ဆန္ဒတွေ တရှိန်ရှိန်နဲ့ သူ့ ထူအမ်းအမ်း နှုတ်ခမ်းကြီး ပေါက်ပြဲ စုတ်ပြတ် သွားတဲ့အထိ။

※

"ရှင် နောက်ကျလိုက်တာ"

မိန်းမက သူ့ထုံးစံအတိုင်း မပွင့်တပွင့် ပြောတယ်။ သူတို့သားလေး ကတော့ ပလတ်စတစ် ထရပ်ကားရုပ်လေးနဲ့ ဆော့နေတယ်။ အဖေ့ကိုတွေ့လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်၊ မဖြစ် မသိပါဘူး။

အလှကုန်စတိုးဆိုင်ကို အချိန်ပြည့် ပြန်ကြီးကြပ်ကတည်းက မိန်းမဟာ အမြဲအလုပ်များ၊ အမြဲတမ်း အားကုန်နေတဲ့ပုံမျိုး ဖြစ်နေတယ်။ ဒါပေမဲ့ သူဟာ

အညည်းသန်တဲ့ မိန်းမစားမဟုတ်ဘူး။ တစ်ခုပဲတောင်းဆိုတာက တနင်္ဂနွေဆို အားအောင်လုပ်ပေးပါတဲ့။

"ကျွန်မလည်း တစ်ရက်လောက်တော့ နားချင်တယ်၊ သားလည်း တနင်္ဂနွေဆို သူ့အဖေနဲ့ တူတူနေချင်မှာပေါ့ မဟုတ်ဘူးလား"

ဟုတ်ပါတယ်။ တနင်္ဂနွေဟာ သူ့အတွက် တစ်ရက်တည်းသော နားရက်ပါ။ စီးပွားရေးရော အိမ်တွင်းရေးရော တာဝန်မှန်သမျှ သူ့ပေါ် ပုံချထားတာကို မိန်းမဟာ တစ်ချက်ကလေးတောင် မညည်းပါဘူး။ သနားစရာပါပဲ။ ဒါပေမဲ့ သူ့မိန်းမ အင်ဟေး အစား ခယ်မ ယောင်ဟေး မျက်နှာကိုချည်း မြင်ယောင်နေတဲ့ ခုချိန်မှာတော့ အိမ်တွင်းရေးဟာ သူ့အတွေးထဲမှာ လွှမ်းမိုးနိုင် စွမ်း လုံးဝမရှိခဲ့ဘူး။

"ညစာ စားပြီးပလား"

"လမ်းကနေ တစ်ခုခု ဝယ်စားလိုက်တယ်"

"အဲလိုချည်း ပြီးနေလို့ဘယ်ဖြစ်မလဲ၊ ရှင် အစားကို သေချာစားမှပေါ့"

အဲသလို ပြောပေမဲ့ အလေးအနက်တော့ မဟုတ်ပါဘူး။ ပြောရိုး ပြောစဉ် ပြောလိုက်တာပါ။ သူ့ယောက်ျားကို သူ လွှတ်ထားတာ ကြာခဲ့ပြီ။ ပင်ပန်းနွမ်းလျှနေတဲ့ မျက်နှာက သူစိမ်းတရံ ဆံသလိုပဲ။ သဘာဝက ပေးတဲ့ မျက်ခွံနှစ်ထပ်နဲ့ မျက်လုံးတွေ ဟာ ကြည်ကြည်လင်လင် နက်နက်ရှိုင်းရှိုင်း၊ ခပ်သွယ်သွယ် ဘဲဥပုံမျက်နှာဟာ အဆင်ပြေလွန်းလှတဲ့ ဣန္ဒြိယမျက်နှာက စစ်စစ်မှန်မှန်။ ခပ်ငယ်ငယ် အပျိုပေါက်ဘဝတည်းက နှစ်ဖျောင်းခဲ့လောက် ကျယ်တဲ့ နေရာလေးမှာ စလုံးရေစခဲ့တဲ့ စတိုးဆိုင်ဟာ ခုတော့ ဈေးမဆိုင်ကြီး ဖြစ်နေခဲ့ပြီ။ အင်ဟေးရဲ့ မျက်နှာကျ၊ ကိုယ်လုံးကိုယ်ထည်၊ အနေအထိုင်သဘာ ဒါတွေ အားလုံးပေါင်းပြီး သူ့တစ်ဘဝလုံး ရှာဖွေဖို့ ကြိုးစားခဲ့တဲ့ မိန်းမတစ်ယောက် ရဲ့ ပုံရိပ်ဖြစ်လို့လာ။ အပြစ်အနာအဆာ တစ်ကွက်မရှိ၊ လက်ထပ်ပေါင်းသင်းဖို့ ဆုံးဖြတ်ခဲ့မိ။ ခယ်မနဲ့ မိတ်ဆက်ပေးတဲ့အခါမှပဲ သူ့အသစ်စက်စက် မိန်းမမှာ ဘာတွေလိုအပ်နေတယ်ဆိုတာကို သူ သိခဲ့မြင်ခဲ့ သတိထားမိခဲ့တော့တယ်။

ခယ်မ ယောင်ဟေး၊ အင်မတန် သဘောကျမိတဲ့ကောင်မလေး။ သူ့မျက်ရစ်တစ်ထပ်တည်း မျက်လုံးလေးတွေရယ်၊ မိန်းမလို ကန့်ကလျ မဟုတ်တဲ့ ခပ်ဆတ်ဆတ် စကားပြောပုံရယ်၊ မှုန်မှိုင်းမှိုင်း အဝတ်အစားတွေရယ်၊ ထင်းနေတဲ့ ပါးရိုးတွေရယ် အားလုံးကိုပေါ့။ သူ့မိန်းမ အင်ဟေးနဲ့ယှဉ်ရင် ယောင်ဟေးဟာ ရုပ်ဆိုးတယ်လို့ ပြောကြမှာပဲ။ ဒါပေမဲ့ ယောင်ဟေးဆီကနေ ဖြာထွက်နေတဲ့ အလင်းတွေ၊ အရောင်တွေ၊ စွမ်းအင်တွေကို သူ မြင်တယ်၊ တောကြီးမျက်မည်းထဲ တစ်ပင်တည်းထီးတည်း ကြီးထွားသန်စွမ်းလွန်းလှတဲ့ သစ်ပင်ကြီးလိုပဲ။ စတွေ့ကတည်းက ယောင်ဟေးဟာ သူနဲ့ နှစ်ကိုယ့်တစ်စိတ်လို့ ထင်မိနေခဲ့တယ်။ အား... သူကမှ ငါ့လို ပုံစံမျိုး၊ ညီအမနှစ်ယောက် တူတာ တွေ အများကြီးပေမဲ့ ကွဲပြားခြားနားချက်က ဈေးမကြီးပါလားလို့ အဲဒီတုန်း က စိတ်ထဲမှာ အတွေးပေါ်ခဲ့ဖူးပေမဲ့ ပြန်ပျောက်သွားခဲ့တယ်။

"စားဖို့သောက်ဖို့ တစ်ခုခုလုပ်ပေးရမလား"

မိန်းမ မေးပုံက လုပ်ပေးပါရစေ ဆိုတဲ့အဓိပ္ပာယ်မျိုးပဲ။

"ဟင့်အင်း စားပြီးပါပြီဆို"

အတွင်းအစွှတ်ထဲ ဝုန်းဒိုင်းကြဲနေတဲ့ စိတ်ခံစားမှု

ကြမ်းကြမ်းရှရှတွေကြောင့် သူ နွမ်းလျနေတယ်။ ရေချိုးခန်းတံခါးကို ဖွင့်လိုက်တယ်။ မီးဖွင့်နေတုန်း မိန်းမအသံက နားထဲ ရောက်လာပြန်တယ်။

"အားလုံးထက် ယောင်ပေါကို ပိုပြီး စိတ်ပူမိတယ်။ တစ်နေ့လုံး ရှင်ကလည်း ပျောက်ချက်သားကောင်းနေတော့ ကျွန်မ ဂျီဝူးနဲ့ နေပေးနေရတယ်လေ"

သက်ပြင်းချသံနဲ့အတူ ဂျီဝူးကို အော်လိုက်တဲ့အသံက တစ်ပြိုင်နက် နီးပါး ထွက်လာတယ်။

"ဟဲ့ ဘာလုပ်နေတာလဲ လာလေ၊ ဆေးသောက်ရမယ်"

ဂျီဝူးက အင်တင်တင် လုပ်နေပုံ။ မိန်းမက စတော်ဘယ်ရီ အရသာ ဆေးမှုန့်တွေကို ဇွန်းထဲထည့်ပြီး သူ့သားကို တိုက်ဖို့ တကဲကဲ လုပ်နေပုံတွေကို မြင်ယောင်နေတယ်။ သူ ရေချိုးခန်းထဲကထွက်၊ ရေချိုးခန်းတံခါးကို ပိတ်လိုက်တယ်။

"မင်း ညီမ ဘာဖြစ်လို့တဲ့လဲ"

"ကွာရှင်းဖို့ စာရွက်စာတမ်းတွေ ရောက်လာပတဲ့လေ။ မစ္စတာင်းရဲ့ အနေအထားကို နားမလည်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ခုချိန်မှာ သူ ယောင်ပေါကို ပိုပြီး ကြင်ကြင်နာနာ ဆက်ဆံသင့်တယ်။ ကွာပစ်မယ်ဆိုတာက တော့..."

"ဟိုလေ"

သူ ချီတုံချတုံ ဖြစ်နေတယ်။

"ငါ မင်းညီမဆီ ဖုန်းဆက်ပြီး တွေ့ပေးရမလား"

မိန်းမဟာ ချက်ချင်းပဲ အသက်ဝင်လာသလို လှုပ်လှုပ်ရှားရှား ဖြစ်လာတယ်။

"အင်း... အဲလို လုပ်ပေးမလား။ သူ့ကို ပစ်ထားသလိုဖြစ်နေတာ ကြာခဲ့ပြီ။ ရှင် သွားတွေ့ပေးမယ်ဆို ကောင်းတာပေါ့။ သူလည်း သိတော့ သိမှာပါ"

မိန်းမကို သူ လှေ့လာကြည့်မိတယ်။ သားကို ဆေးတိုက်ဖို့ လုပ်နေတဲ့ မိန်းမ။ တကယ့် အိမ်ထောင်ရှင်မကောင်း။ ဒါပေမဲ့ သူ ကောင်းတာက တစ်မျိုးတစ်ဖုံရယ်။

"အင်း မနက်ဖြန် သူ့ဆီ ဖုန်းဆက်လိုက်မယ်"

"ဖုန်းနံပါတ်ယူဦးမလား"

"ဟင့်အင်း ရှိပါတယ်"

ခံစားချက်တွေဟာ ရင်ဝမှာစုပြီး အုန်းခနဲ ပွင့်ထွက်တော့မလို ဖြစ်လာတယ်။ ရေချိုးခန်းထဲ အမြန်ပြေး တံခါးပိတ်၊ ရေပန်းဖွင့်၊ အဝတ်တွေချွတ်၊ ရေသံကို နားစွင့်။ မိန်းမနဲ့ လင်မယားလို အတူမနေဖြစ်တာ နှစ်လလောက်ရှိပြီ။ ခု မိန်းမနဲ့ ဘာမှ မပတ်သက်ဘဲ သူ ရုတ်တရက် စိတ်ထလာတယ်။ စိတ်ဆာ လာတယ်။

ခု ယောင်ပေါ ငှားနေနေတဲ့၊ သူတို့ညီအမနှစ်ယောက် တူတူနေခဲ့ကြဖူးတဲ့ တိုက်ခန်းမှာ ခွေခွေလေးအိပ်နေတဲ့ ယောင်ပေါကို စိတ်ထဲမှာ တရစပ် မြင်ယောင်လာတယ်။ သူ့ကျောပေါ်က သတိမေ့နေတဲ့ ယောင်ပေါ၊ သွေးတွေ စွန်းသွားတဲ့ သူ့အင်္ကျီ၊ သူ့ကျောနဲ့ကပ်နေတဲ့ ယောင်ပေါရဲ့ ရင်သားတွေ၊ သူ နောက်ပြန်ပွေ့ထားတဲ့ တင်ပါးလေး၊ ဘောင်းဘီအောက်က အဲဒီ တင်ပါးလေး ပေါ်မှာ မွေးရာပါ အမှတ်ပြာလေးကို မြင်ယောင်လာတယ်။

သူ ရေပန်းအောက်ဝင်ရပ်ရင်း တစ်ကိုယ်ရေ အာသာဖြေတယ်။ သူ့နှုတ်ခမ်းကြားက ရယ်သံလည်းမဟုတ်၊ ငိုသံလည်းမပြည်တဲ့ ညည်းသံတစ်မျိုး ထွက်လာတယ်။ စောက်ကျိုးနည်း အေးလိုက်တဲ့ ရေ။

※

လွန်ခဲ့တဲ့နှစ်နှစ် နွေဦးကာလမှာ သူ့ခယ်မဟာ သူတို့အိမ်မှာ လက်ကောက်ဝတ်ကို ဓားနဲ့လှီးခဲ့တယ်။ နေရာအတော်ကျယ်တဲ့ ဒီအိမ်ကို ပြောင်းပြီးကာစမှာပေါ့။ အဲဒီတုန်းက မိန်းမရဲ့ မိသားစုတွေအားလုံး ဒီမှာစုပြီး နေ့လယ်စာစားကြတယ်။ သူ့ခယ်မဟာ ရုတ်တရက် သားသတ်လွှတ်သမ ဖြစ်သွားသတဲ့။ ဆိုတော့ အင်မတန် အသားငါးချစ်တဲ့ မိသားစုနဲ့ ထိပ်တိုက် တွေ့ရော။ အဓိကကတော့ သူ့ယောက္ခထီးကြီးပေါ့။ ယောင်ဟေးဟာ သနားစရာ ကောင်းလောက်အောင် ပိန်နေတာ။ ဒါပေမဲ့ သူတို့အားလုံး အတင်းအဓမ္မ ယောင်ဟေးကို အသားတွေ ဇွတ်ကျွေးနေကြတာကို နားမလည်နိုင်ဘူး။ ဗီယက်နမ် စစ်ပြန်သူရဲကောင်း ယောက္ခထီးကြီးဟာ သူ့သမီး သူပုန်မကို ပါးပိတ်ရိုက်ပြီး ပါးစပ်ထဲ အသားတုံးကြီး အတင်းခွံ့တယ်။ ဒီအဖြစ်အပျက်တွေ ဟာ တကယ်ဖြစ်ပျက်ခဲ့တာနဲ့တောင် မတူဘူး။ ပြဇာတ်အစုတ်ပလုတ် တစ်ပုဒ်ထဲ က ဇာတ်ဝင်ခန်းတစ်ခုနဲ့ တောင်တူနေသေး။

ကြောက်စရာအကောင်းဆုံးကတော့ အသားတုံး သူ့ပါးစပ်ထဲ ဝင်ခါနီး မှာ အော်ထည့်လိုက်တဲ့ သူ့ခယ်မရဲ့အသံပဲ။ အသားတုံးကို အော်ကလီဆန်စွာ ထွေးပစ်လိုက်ပြီ သစ်သီးခွဲဓားကို ဆတ်ကနဲ ကောက်ကိုင်ရင်း မိသားစုဝင်တွေကို တစ်ယောက်ချင်း လိုက်ကြည့်နေတဲ့ သူ့မျက်လုံးတွေဟာ အကြောက်တရား ကြောင့် ဝိုင်းဝိုင်းလည်နေတယ်။ ချောင်ပိတ်ရိုက်ခံရတဲ့ တိရစ္ဆာန်လိုပဲ။

လက်ကောက်ဝတ်ကနေ သွေးတွေ ပန်းထွက်လာတဲ့အခါ သူဟာ အဝတ်ဟစ်စ ဆွဲဆုတ်ပြီး ယောင်ဟေး လက်ကောက်ဝတ်ကို တင်းတင်းစီးရင်း ကျောပိုးလိုက်တယ်။ ယောင်ဟေး ခန္ဓာကိုယ်ဟာ သရဲတစ်ကောင်လို ပေါ့ပါး လွန်းတယ်။ ကားပါကင်ကို ပြေးဆင်းသွားတော့ သူ့ဆုံးဖြတ်ချက်နဲ့ အမြန်နှုန်းကို သူ့ကိုယ်သူတောင် အံ့သြမိတယ်။

သူ ဒီလိုလုပ်နိုင်တာပါလားလို့ တစ်ခါမှ တွေးတောင် မကြည့်ခဲ့ဖူးဘူး။ အရေးပေါ်ဌာနမှာ သတိမေ့နေတဲ့ ယောင်ဟေးကို ကြည့်ရင်း သူ့ခန္ဓာကိုယ်ထဲက အသံတစ်သံကို သူပြန်ကြားနေမိတယ်။ ရှင်းမပြတတ်တဲ့ ခံစားချက်တစ်မျိုး ဖြစ်ထွန်းလာခဲ့တယ်။ သူ့မျက်စိရှေ့ တင် ကိုယ့်ကိုယ်ကိုယ် အသားတုံးတစ်တုံးလို သဘောထားပြီး ဓားနဲ့မွှန်းတဲ့ လူတစ်ယောက်။ သူ့ရှပ်ဖြူ ပေါ် မြင်မကောင်းအောင် စွန်းနေတဲ့ ယောင်ဟေးရဲ့ သွေးတွေဟာ သူ့ချွေးတွေ နဲ့ ရောယှက်ရင်း ညိုမဲမဲ အကွက်တွေအဖြစ် ခြောက်စပြုလာတယ်။

ယောင်ဟေး အသက်ရှင်မယ်လို့ သူ မျှော်လင့်မိတာကိုလည်း သတိရတယ်။ တစ်ချိန်တည်းမှာပဲ ရှင်သန်ခြင်းရဲ့အဓိပ္ပာယ်ကိုလည်း သံသယဝင်မိသေးတယ်။ ယောင်ဟေးဟာ ဘဝအချိုးအကွေ့တစ်ခုကို ဖန်တီးခဲ့ပြီ။ သူ့ကို ဘယ်သူမှ မကူညီနိုင်ဘူး။ မိဘတွေက အသားအတင်းကျွေး၊ ယောက်ျားနဲ့ မောင်နှမတွေက ဖြစ်ပျက်နေတာကို သူစိမ်းတွေလို ရပ်ကြည့်နေကြ။ ယောင်ဟေး သတိပြန်ရလာလည်း ဒီအခြေအနေက ပြောင်းလဲသွားမှာ မဟုတ်ဘူး။ ရုတ်တရက် မထင်မှတ်ဘဲ ဖြစ်သွားခဲ့တဲ့ ကိုယ့်ကိုယ်ကိုယ် သေကြောင်း ကြံစည်မှုကို သူ

နောက်တစ်ကြိမ် ထပ်မကြိုးစားဘူးလို့ ဘယ်သူမှ မပြောနိုင်ဘူး။ တကယ်လို့ ထပ်လုပ်ခဲ့ရင် ယောင်ဟေးဟာ သတိထားမှာပဲ။ ဘယ်သူမှ တားလို့ ဆီးလို့ မရတဲ့ အခြေအနေမျိုးဖြစ်အောင်လုပ်မှာ။ ရုတ်တရက် သူ့အတွေးတွေရဲ့ နိဂုံးကို သူ သတိပြုမိသွားတယ်။ ယောင်ဟေး ပြန်မနိုးလာတာ အကောင်းဆုံးပဲ လို့ပေါ့။ မျက်လုံးတွေ ပိတ်နေတုန်း ယောင်ဟေးကို ပြတင်းပေါက်ကနေ ပစ်ချလိုက်ရကောင်းမလား။

ယောင်ဟေး အသက်အန္တရာယ် မစိုးရိမ်ရတော့ဘူး ဆိုတဲ့အချိန်မှာ ယောင်ဟေးယောက်ျားပေးတဲ့ ပိုက်ဆံနဲ့ ရုပ်အင်္ကျီ အသစ်တစ်ထည် ဝယ်တယ်။ အင်္ကျီ လဲတယ်။ သွေးပေနေတဲ့ရုပ်ကို လုံးထွေးပြီး တက္ကစီနဲ့အပြန် အိမ်ယူလာမိတယ်။ လမ်းမှာ သူ အခုလုပ်နေတဲ့ ဗွီဒီယိုအကြောင်း တွေးနေမိတယ်။ အင်မတန် ရင်နာစရာကောင်းတဲ့ ကိစ္စတစ်ခုကို တွေးမိနေသလို ခံစားလိုက်ရလို့ သူ့ကိုယ်သူတောင် အံ့သြတယ်။ အင်္ဂလိပ်များလို့ နာမည်ပေးဖို့ တွေးထားတဲ့ ဒီဗွီဒီယိုမှာ ဂီတတွေ၊ အောက်ခြေစာတန်းထိုးတွေ၊ သတင်းဖြတ်စတွေ၊ တီဗွီဇာတ်လမ်းတွဲတွေ၊ နိုင်ငံရေးသမား မျက်ခွက်တွေ၊ ဆွေးနေတဲ့ တံတားတွေ၊ စတိုးဆိုင်တွေ၊ သူခိုးကြမ်းပိုးတွေ၊ ကုမရတဲ့ရောဂါခံစားနေရတဲ့ ကလေးတွေရဲ့ မျက်ရည်စတွေကို သူ ရောသမမွှေထားခဲ့တယ်။

ရုတ်တရက် နေလို့ထိုင်လို့မကောင်း ဖြစ်လာတယ်။ ဒီ ပုံရိပ်တွေကို သူ မုန်းတီးရွံရှာ စက်ဆုပ်ပေမဲ့လို့ ဒါတွေနဲ့ နပန်းလုံးခဲ့ရတဲ့ညတွေ များလှပြီ။ ခုတော့ အဲဒီပုံရိပ်တွေဟာ သိပ်ကြမ်းတမ်းခက်ထန်လွန်းလှတယ်လို့ သူ ခံစား နေရတယ်။ အဲဒီ တဒင်္ဂ အချိန်လေးအတွင်း သူ့အာရုံတွေဟာ နယ်နမိတ်တစ်ခု ကို ဖြတ်ကျော်မိတယ်။ တရှိန်ထိုးပြေးနေတဲ့ တက္ကစီတံခါးကို ဆွဲဖွင့်ပြီး လမ်းပေါ် ခုန်ချပစ်လိုက်ချင်စိတ်တွေ ပေါ်လာတယ်။ ဒီ ပုံရိပ်တွေအကြောင်း စဉ်းစားမိနေတာကို သူမခံနိုင်တော့ဘူး။ တွေးလည်း မတွေးချင်တော့ဘူး။ ဆက်လည်း မလုပ်ချင်တော့ဘူး။ နွေနေ့လည်ခင်းမှာ တက္ကစီပေါ် ငြိမ်ငြိမ်လေး ထိုင်လိုက်လာရင်း၊ ခယ်မရဲ့ သွေးနံ့တွေကို ရှူရှိုက်နေရင်း၊ အမှန်ဘဝနဲ့ အတွေးပုံရိပ်တွေ ဟာ သူ့ကို လည်ပင်းညှစ်ထားသလိုဖြစ်ပြီး လည်ချောင်းထဲ သည်းခြေရည်တွေ တက်လာလို့ အသက်ကို မနည်းရှူနေရတယ်။ သူ ပင်ပန်းလှပြီ။ ဘဝက ခါးလွန်းတယ်။ ညစ်တူး ပေစုတ်လှတဲ့ ဒီအရာတွေ ကို သည်းမခံ နိုင်တော့ဘူး။

လွန်ခဲ့တဲ့ ဆယ်နှစ်လုံးလုံး လုပ်ခဲ့တဲ့ အလုပ်တွေဟာ သူ့ကို ချက်ချင်းပဲ ကျောခိုင်းလက်ပြသွားခဲ့တယ်။ ဒါတွေဟာ သူ့ ဖန်တီးမှု လုံးလုံးမဟုတ်တော့ဘူး။ တစ်ချိန်က သိခဲ့ဖူးတဲ့ လူတယောက် လုပ်ခဲ့တဲ့ အရာတွေ။

※

တစ်ဖက်ဖုန်းထဲမှာ သူ့ခယ်မဟာ ပကတိ ငြိမ်သက် တိတ်ဆိတ်လို့ နေတယ်။ ဖုန်းကိုင်ထားတာ သူသိတယ်။ အသက်ရှူသံလို အသံမျိုးလေး သူ ကြားနေတယ်။

“ဟယ်လို...”

စကားပြောဖို့ အင်မတန် ခက်ခဲတာပဲ။ စကားလုံးတွေက ဖြစ်တည်ဖို့ ခက်ခဲလွန်းလှတယ်။

“ခယ်မလေးလား။ ငါပါ၊ ဂျီဝူး အမေက...”

မရိုးမသား ကလိန်ဉာဏ်များနေတဲ့ သူ့ကိုယ်သူ ရွံမိတယ်။ ဒီခံစားချက်ကို

ကြွဲ့ကြွဲ့ခံတွန်းလှန်ရင်း သူ စကားဆက်ပြောတယ်။
"သူ မင်းကို စိတ်ပူနေတယ်"
ဘာမှ ပြန်မဖြေဘူး။ သူ သက်ပြင်းချမိတယ်။ ခါတိုင်းလိုပဲ ယောင်ဟေးဟာ ခြေဗလာလေးနဲ့ မတ်တတ်ရပ်နေမှာကို သူ သိတယ်။ စိတ်ရောဂါကုဆေးရုံမှာ လပေါင်းများစွာ နေခဲ့ရပြီးနောက်ပိုင်း ဆေးရုံဆင်းတော့ ယောင်ဟေးဟာ သူတို့နဲ့ အတူတူ တစ်လလောက် လာနေတယ်။ မိသားစု အားလုံးက ယောင်ဟေးကို ပြန်ခေါ်ဖို့ မစ္စတာချွိုင်းကို ဖျောင်းဖျကြတယ်။ သူတို့နဲ့ လာနေပြီး ခု ငှားနေတဲ့အခန်းကို ပြောင်းသွားတဲ့အထိ ယောင်ဟေးဟာ ဘယ်သူ့ကိုမှ ဒုက္ခမပေးခဲ့ဘူး။ အဲဒီတုန်းက ယောင်ယေးရဲ့အမှတ်အကြောင်း သူ မကြားမိသေးတဲ့အတွက် ယောင်ယေးကို ထူးထူးဆန်းဆန်း သနားစရာ သတ္တဝါတစ်ကောင်လို့ပဲ ယူဆခဲ့မိတယ်။
များသောအားဖြင့်တော့ ယောင်ဟေးဟာ ဝရန်တာမှာထိုင်၊ ဆောင်းနှောင်းနေစာကို လှုံရင်း တုံဏှိဘာဝေ နေတာပဲ။ ပန်းအိုးထဲ စိုက်ထားတဲ့ အပင်တွေက ကြွေကျလာတဲ့ သစ်ရွက်ခြောက်တွေကို ကောက်ပြီး အမှုန့် ထောင်းချင်ထောင်း၊ ကျနေအရိပ်တွေကို လက်ဖဝါးထဲထည့်ပြီး ပွတ်ချင် ပွတ်နေတတ်တယ်။ အင်ဟေး အလုပ်သိမ်ရှုပ်နေရင် ဂျီဝူးရဲ့ ဝေယျာဝစ္စတွေကို သူ ကူတတ်တယ်။ ရေချိုးခန်းထဲက အင်မတန်အေးတဲ့ ကြွေပြားတွေပေါ် ခြေဗလာနဲ့ ရပ်ပြီး ဂျီဝူးကို သူ ရေချိုးပေးတတ်တယ်။
ဒီမိန်းမဟာ တစ်ချိန်တုန်းက ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်ခဲ့တာ၊ သူစိမ်းတွေ အုပ်လိုက်ကြီး ရှေ့မှာ ဗလာကျင်းပြီး ထိုင်နေတာတွေ လုပ်ခဲ့တယ် ဆိုတာ ယုံဖို့သိပ်ခက်တာပဲ။ သေကြောင်းကြံပြီးနောက်ပိုင်း ဖြစ်လာတတ်တဲ့ မှတ်ဉာဏ်မဲ့ခြင်းရဲ့ လက္ခဏာတစ်ခုလား ထင်ရတယ်။ သွေးစက်လက်နဲ့ ကျောပေါ်တင်ပြီး ဆေးရုံပို့ခဲ့ရတဲ့မိန်းမဟာ ယောင်ဟေးမှ ဟုတ်ရဲ့လား။ တခြား မိန်းမတစ်ယောက်ကို ကျောပိုးခဲ့ရသလိုပါပဲ။ ဒါမှမဟုတ် ကွဲပြားခြားနားတဲ့ တခြားအချိန်တစ်ခုခုမှာပေါ့။
ယောင်ဟေးနဲ့ ပတ်သက်လို့ ပုံမမှန်ဘူးလို့ပြောရမယ့် တစ်ခုတည်းသော ကိစ္စကတော့ အသားမစားတာဘဲ။ တကယ်တော့လည်း ဒီကိစ္စတွေ အားလုံးရဲ့ ဇာတ်လမ်းအစ ရေသောက်မြစ်က အဲဒီက စတာပဲ။ အသားရှောင်ပြီး ကတည်းက သူ့အမူအကျင့်တွေ တဖြည်းဖြည်း ပြောင်းလဲလာတယ်။ ထူးဆန်း လာတယ်။ လူရှေ့သူရှေ့ အပေါ်ပိုင်းဗလာကျင်းဝံ့တဲ့ထိ ဖြစ်လာတယ်လို့ ဆိုကြတယ်။ မစ္စတာချွိုင်း ကတော့ သားသတ်လွတ်သမဖြစ်သွားတာဟာ ယောင်ဟေးအနေနဲ့ ဘယ်တော့မှ ပုံမှန်ပြန်ဖြစ်မလာတော့ဘူးဆိုတဲ့ သက်သေပြချက်ပဲလို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချခဲ့သတဲ့။
"သူက အမြဲတမ်းကောင်းခဲ့တဲ့ အိမ်ရှင်မကောင်း တစ်ယောက်ပါ။ အင်မတန်ကောင်းခဲ့တယ်။ အင်း ခုတော့ နေ့စဉ် ဆေးမှန်မှန် မသောက်ရင် ဆိုးသထက်ဆိုး လာတော့မယ့် ရောဂါသည် လုံးလုံး ဖြစ်ရပြီ"
မယားညီအစ်ကိုတော် မစ္စတာချွိုင်းဟာ သူ့မိန်းမကို နာရီအပျက် တစ်လုံးလို ပရိဘောဂအကျိုးအပဲ့ တစ်ခုလို အလွယ်တကူ စွန့်ပစ်နိုင်တာကို သူ အံ့သြလို့မဆုံးဘူး။
"ကျွန်တော့်ကို လူယုတ်မာလို့မထင်ပါနဲ့။ ကျွန်တော်ဟာ ဒီကိစ္စမှာ

သားကောင်ဖြစ်ခဲ့ရတာ အကုန်သိပါတယ်ဗျာ"

ဟုတ်ပါတယ်၊ ဒါအမှန်တရားပါပဲ။ ငြင်းလို့မရပါဘူး။ ယောင်ဟေးလို မဟုတ်ဘဲ မစ္စတာချိုင်းဟာ ဒီကိစ္စမှာ အပြစ်မရှိတာတော့ အမှန်ပဲ။ တခြား တစ်ဖက်ကလည်း ယောင်ဟေးဟာ မစ္စတာချိုင်းကို ကွာရှင်းဖို့ကိစ္စ အလောတကြီး မလုပ်ပါနဲ့လို့ တောင်းပန်ပေမယ့် မစ္စတာချိုင်းကတော့ မလှုပ်ဘူး။

နဖူးကျဉ်းကျဉ်း၊ မေးချွန်ချွန်နဲ့ ကျက်သရေတုံးတဲ့၊ ခေါင်းမာတဲ့ မစ္စတာချိုင်းရဲ့မျက်ခွက်ကြီးကို သူ့အာရုံထဲက အတင်းတွန်းထုတ်ရင်း ယောင်ဟေးကို ဆက်စကားပြောတယ်။

"ခယ်မလေး ပြန်ဖြေပါဦး။ တစ်ခုခုဖြေလိုက်စမ်းပါ"

ဖုန်းချတော့မလို့ စဉ်းစားနေတုန်းမှာ ယောင်ဟေးရဲ့ စကားသံ ကြားလိုက်ရတယ်။

"ရေနွေးအိုး ဆူနေပြီ"

သူ့စကားသံဟာ ပြောနေတဲ့အကြောင်းအရာပေါ် ဘာအာရုံမှ ထားပုံ မပေါ်ဘူး။ ငှက်မွှေးလေးတွေလို ပေါ့ပါးလွန်းလှတယ်။ ဒါပေမဲ့ အပြင်းအထန် စိတ်ဝေဒနာ ခံစားနေရတဲ့ လူနာလို၊ အသိစိတ်မရှိဘဲ ပြောနေသလိုမျိုးတော့ မဟုတ်ဘူး။ လေးလေးနက်နက်လည်း မဟုတ်။ စကားအဖြစ် ပေါ့ပေါ့ပါးပါး ပြောတာလည်း မဟုတ်။ စကားသံ ကိုကြားရတာ ဘယ်နိုင်ငံမှမဟုတ်တဲ့ နယ်ခြား နယ်နမိတ်တစ်ခုမှာ နိုင်ငံမရှိတဲ့ လူတစ်ယောက် ထိုင်နေပြီး ပါးစပ်က တီးတိုး ထွက်နေတဲ့ အသံလိုပဲ။

"သွားတော့မယ် ဖုန်းချလိုက်တော့မယ်"

"ခဏလေး ခယ်မ ... ငါ...."

ဖုန်းချပစ်လိုက်မှာစိုးလို့ သူ အထစ်ထစ်အငေါ့ငေါ့နဲ့ ကမန်းကတန်း ပြောနေတယ်။

"ငါ အခုလာမယ်ဆို အဆင်ပြေလား။ ဒီနေ့ ဘယ်မှသွားစရာမရှိဘူး မဟုတ်လား"

ငြိမ်နေတယ်၊ ခဏနေတော့ ဖုန်းချလိုက်တဲ့အသံကို ကြားတယ်။ သူလည်း ဖုန်းကို ချလိုက်တယ်။ လက်ဖဝါးတွေက ချွေးစေးတွေ ရွှဲရွှဲစို။

※

မိန်းမဆီက မွေးရာပါအမှတ်အကြောင်းကြားပြီးကတည်းက သူ ယောင်ဟေးကို အမြင်တစ်မျိုး အကြည့်တစ်မျိုးနဲ့ ကြည့်တတ်လာတယ်။ အဲဒီ မတိုင်ခင်ကတော့ ယောင်ဟေးအပေါ် ဘာမှမပါပါဘူး။ ခုနောက်ပိုင်း ယောင်ဟေး သူတို့နဲ့အတူနေခဲ့တဲ့ အချိန်တွေကို တစိမ့်စိမ့်ပြန်စဉ်းစားရင်း ဆန္ဒ တွေ ဒီရေလိုတိုးလာတာကတော့ သူ့စားမြုံ့ပြန်စိတ်ကြောင့်ပါပဲ။ အဲဒီတုန်းကတော့ ဘာစိတ်မှမပေါ်ခဲ့တာ အမှန်ပါ။ ခုချိန်မှာတော့ ဝရံတာမှာထိုင်ရင်း အရိပ်တွေကို လက်ခုပ်နဲ့ ခံနေတတ်တဲ့ ယောင်ဟေးပုံရိပ်ကို ပြန်စဉ်းစားမိတိုင်း ဆန္ဒရမ္မက်တွေကြောင့် အသားတွေ တရှိန်ရှိန် တဖျင်းဖျင်း ပူလာသလို ခံစားရ တယ်။ ဘက်ဂီ ထရက်ဆု ဝတ်စုံကို လိပ်တင်ထားပြီး ဂျီပူးကို ရေချိုးပေးနေတုန်း မြင်ရတဲ့ ယောင်ဟေးရဲ့ ခြေမျက်စိနဲ့ သလုံးသား ဖွေးဖွေးလေးတွေ၊ တီဗွီရှေ့ ထိုင်နေတဲ့ ခန္ဓာကိုယ်ကောက်ကြောင်းလေး၊ အမွှေးအမျှင်မဲ့ သူ့ခြေသလုံးလေး၊ ဒါ အမြင်မှတ်ဉာဏ်တွေ အားလုံးပေါ် သိမ်းကြုံးအုပ်စီး ထားတာကတော့

ယောင်ဟေးတင်ပါးက မွန်ဂိုးလီးယန်းအမှတ်ပြာ လေးပဲ။ ကလေးတွေ တင်ပါး၊ ကျောကုန်းမှာ မွေးမွေးချင်း ပါလာတတ်တဲ့ အမှတ်ပြာလေး။ ကြီးကောင် ဝင်လာတာနဲ့အမျှ ပျောက်သွားတတ်တဲ့ အမှတ်ကလေး။

ခုဆို ယောင်ဟေး အသားမစားဘဲ ဟင်းသီးဟင်းရွက်နဲ့ ကောက်ပဲသီးနှံသက်သက်ပဲ စားနေတဲ့အခါ ဒီအမှတ်ဟာ သူ့အာရုံထဲမှာ ပိုထင်ရှားလာခဲ့တယ်။ ထင်ရှားလွန်းလို့ တစ်ခုနဲ့ တစ်ခု ခွဲမရလောက်အောင် ဖြစ်လာတယ်။ ယောင်ဟေးသွေးကြောတွေထဲက ပန်းထွက်လာပြီး သူ့ရုပ်အကျီဖြူပေါ်စွန်းလို့ မည်းညစ်ညစ်နဲ့ ခြောက်သွားတဲ့ သွေးကွက်တွေဟာ ပန်းနီဟင်းရည်မှောက်ထားသလိုဖြစ်နေခဲ့တာ။ ဒါဟာ သူ့ဘဝကြမ္မာရဲ့ နိမိတ်ပြလက္ခဏာ တစ်ခုများလားလို့ တွေးရင်း ချောက်ချားနေမိတယ်။

※

ယောင်ဟေးအခန်းက အတော်တိတ်ဆိတ်တဲ့ လမ်းကြားလေး တစ်ခုထဲမှာ၊ အမျိုးသမီးတက္ကသိုလ်တစ်ခုအနားမှာ။ အထပ်မြင့် အဆောက်အဦကြီးရှေ့မှာ မိန်းမထည့်ပေးလိုက်တဲ့ သစ်သီးအိတ်ကြီး နှစ်အိတ်ဆွဲရင်း သူရပ်နေမိတယ်။ ဂျီဂျူးကျွန်းက ပန်းသီးတွေ၊ သစ်တော်သီးတွေနဲ့ ခု ရှားသွားပြီဖြစ်တဲ့ စတော်ဘယ်ရီတွေ အများကြီး။ ခြေထောက်နဲ့ လက်တွေ ညောင်းတောင့်နေပေမဲ့ အပေါ်တက်ပြီး အခန်းထဲဝင် ယောင်ဟေးနဲ့ မျက်နှာချင်းဆိုင် နဖူးတွေ့ဒူးတွေ့ တွေ့ရမယ့်ကိစ္စကို လန့်နေမိတယ်။

နောက်ဆုံးတော့ သစ်သီးအိတ်တွေကိုချ၊ မိုဘိုင်းဖုန်းကို ဖွင့်ပြီး ယောင်ဟေးကို ဖုန်းခေါ်လိုက်တယ်။ ဖုန်းဆယ်ကြိမ်မြည်ပြီးတဲ့ထိ မကိုင်တာနဲ့ သစ်သီးအိတ်တွေဆွဲပြီး လှေကားပေါ် စတက်တယ်။ တတိယထပ် ထောင့်ခန်းက လူခေါ်ခေါင်းလောင်းကို မရှိုမရဲနှိပ်တယ်။ ထင်တဲ့အတိုင်းပဲ ဘာမှ တုံ့ပြန်မှု မရှိဘူး။ တံခါးကို တွန်းကြည့်တော့ အမလေး တံခါးက ဖွင့်ထားတယ်။ ဘေ့စ်ဘောဦးထုတ်ကို ပြင်ဆောင်းတုန်း ဆံပင်က ချွေးတွေရွှဲနေတာ သတိထားမိတယ်။ သပ်သပ်ရပ်ရပ်ဖြစ်အောင်လုပ်၊ အသက်ပြင်းပြင်းရှုပြီး တံခါးကို တွန်းဖွင့်လိုက်တယ်။

※

တောင်ဖက်လှည့်အခန်းဟာ မီးဖိုခန်းနားထိ အောက်တိုဘာ နေရောင်ဝင်နေတယ်။ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ် နေတယ်။ ယောင်ဟေးကို ပေးထားတဲ့ သူ့မိန်းမရဲ့အဝတ်တွေဟာ ကြမ်းပေါ် ဟိုတစ်စဒီတစ်စ ပြန့်ကြဲနေတယ်။ ကြမ်းက ဖုန်တွေ တင်နေတယ်။ ဒါပေမဲ့ ပစ်စလတ်ခတ်ထားတဲ့ပုံ တော့ မပေါက်ဘူး။ ဘာ ပရိဘောဂပစ္စည်း မှလည်း မရှိဘူး။

သစ်သီးအိတ်ကို တံခါးနားချ၊ ဖိနပ်ချွတ်ပြီး အထဲဝင်လိုက်တယ်။ ယောင်ဟေးကို ဘယ်မှာမှ မတွေ့ဘူး။ အပြင်များ ထွက်သွားလားမသိ။ သူလာမယ်ပြောလို့များ တမင်သက်သက် ထွက်သွားတာများလား။ တီဗွီမရှိတဲ့ အတွက် ကေဘယ်ကြိုးပေါက်နှစ်ခု ဟာ နံရံအလည်ခေါင်မှာ ထီးထီးပေါ်နေ တယ်။ အိပ်ရာပြင်ထားတဲ့ အခန်းထောင့် တစ်နေရာမှာတော့ သူ့မိန်းမက ကြိုးဖုန်း တပ်ပေးထားတယ်။

လေငြိမ်နေတယ်။ ဝရံတာကို ထွက်ဖို့ပြင်နေတုန်း အသံကြားလို့ လှည့်ကြည့်လိုက်တာ အသက်ရှုရပ်မတတ် ဖြစ်သွားတယ်။ ယောင်ဟေးဟာ

ရေချိုးခန်းထဲက ထွက်လာတယ်။ သူ အသက်ရှူရပ်သွား ရတာကတော့ ယောင်ဟေးဟာ ကိုယ်တုံးလုံးနဲ့ ထွက်လာလို့ပဲ။ သူ့ခန္ဓာကိုယ်ဟာ ရေတစ်စက်မှ မစိုထားဘူး။ သူဟာ မတ်တတ်ကြီး ရပ်နေတယ်။ ခဏနေမှ ပြန့်ကြဲနေတဲ့ အဝတ်တွေထဲက တစ်ခုပြီးတစ်ခု ကောက်စွပ်တယ်။ အေးအေးဆေးဆေးပဲ၊ ရှက်တဲ့ပုံ ကြောက်တဲ့ပုံလည်း တစ်စက်မှမပေါ်ဘူး။ အခြေအနေကြောင့်သာ အဝတ်ကောက်ဝတ်လိုက်ရတယ်။ သူ့ဘာသာသူ တစ်ယောက်တည်းဆို ဝတ်စရာမလိုဘူးဆိုတဲ့ ပုံစံမျိုးပဲ။

စိမ်ပြေနပြေအဝတ်အစားဝတ်နေတုန်း ယောင်ဟေးဟာ သူ့ကို တစ်ချက်မှ လှည့်မကြည့်ဘူး။ သူလည်း ဟိုဘက်လှည့်နေရမလိုလို၊ ထွက်သွားရမလိုလိုနဲ့ ဘာလုပ်ရမှန်းမသိတော့ ရပ်နေတဲ့နေရာမှာပဲ အမြစ်တွယ်သလို နေနေမိတယ်။ သားသတ်လွတ် စစားခါစလောက် ရိုးကြီးဂေါင်ဂင် ဖြစ်မနေတော့ တာတော့ အမှန်ပဲ။ ဆေးရုံပေါ်မှာ ကတည်းက ယောင်ဟေး တဖြည်းဖြည်း ပြန်ပြည့်လာတယ်။ သူတို့နဲ့နေတော့လည်း ကောင်းကောင်းမွန်မွန် စားသောက်တဲ့အတွက် ခုဆို ရင်သားလေးတွေ လုံးလုံးပြည့်ပြည့် ပြန်ဖြစ်လာတယ်။

ယောင်ဟေးရဲ့ ခါးသေးသေးလေး၊ အမွေးအမှင်နည်းလွန်းတဲ့ ကိုယ်လုံးလေး၊ ဖြောင့်စင်းတဲ့ ပေါင်တံလေးတွေကို ကြည့်ရတာ တဏှာစိတ်ကို အသာဖယ်ထား လိုက်ဦး၊ ဒီကိုယ်လုံးဟာ တန်းခန် စိုက်ခန် အကြည့်တွေ ညွှတ်ကြလာမယ့် ကိုယ်လုံးမျိုးပဲ။ အဝတ်တွေ စိမ်ပြေနပြေဝတ်နေတုန်း တင်ပါးက အမှတ်ပြာကို မကြည့်မိဖို့ သူ့ကိုယ်သူ အတင်းအဓမ္မ ထိန်းသိမ်းနေရတယ်။

“ဆောရီးပါ”

သူ့လိပ်ပြာသူ မလုံဘဲ တောင်းပန်နေမိတယ်။

“တံခါးက ဖွင့်ထားတော့ ငါလည်း ဝင်လာလိုက်မိတာ။ ခယ်မ အပြင်ထွက်သွားတယ် ထင်နေတာ”

“ကိစ္စမရှိပါဘူး”

ယောင်ဟေးက မျှော်လင့်ထားတဲ့အဖြေကို ပေးတယ်။

“ကျွန်မတစ်ယောက်တည်းနေရင် ဒီလိုပဲ နေတတ်တာ”

သူဟာ အတွေးတွေကို မနိုင်ရင်ကာ ပြန်စုစည်းနေရတယ်။ သူ့စိတ်က ဗလာဖြစ်နေတာကိုး။ အိမ်မှာနေရင် ဒီလိုပဲ ဗလာကျင်းနေတယ်လို့ ယောင်ဟေး ပြောနေတယ်။ အဲလို ပြောလိုက်တာနဲ့ တစ်ပြိုင်နက် သူ့ဖွားဖက်တော် ဟာ ကြီးထွား သန်စွမ်းလာ။ ဘောင်းဘီအတွင်းခံကို ကမန်းကတန်းချွတ်ပြီး ရုပ်ပျက် ဆင်းပျက်မဖြစ်ခင် ထိုင်ချလိုက်ရတယ်။

“ခဲအိုကို ကျွေးစရာ ဘာမှမရှိဘူး”

မီးဖိုခန်းထဲလျှောက်သွားတဲ့ ယောင်ဟေး၊ ခဲရောင်ဖျော့ဖျော့ ထရက်ဆူ အောက်မှာ ဘာမှဝတ်မထားဘူး ဆိုတဲ့အသိက ရင်ကို ခုန်စေတယ်။ တင်သား တွေက မကြီးလွန်း မသေးလွန်း၊ သူ အာတွေခြောက်လာတယ်။

"ငါ မဆာပါဘူး "

ထကြွသောင်းကျန်းနေတာကို နှိပ်ကွပ်ဖို့ အချိန်ယူတဲ့အနေနဲ့ သူ ပြောတယ်။

“ပါလာတဲ့ သစ်သီးလေး နည်းနည်းပါးပါး စားကြတာပေါ့”

“စားချင်လည်းစားလေ”

ယောင်ဟေးဟာ အိမ်ရှေ့တံခါးနားက သစ်သီးအိတ်ထဲက သစ်တော်သီး၊ ပန်းသီးတွေ နှိုက်ပြီး မီးဖိုခန်းထဲက အင်တုံထဲ ထည့်လိုက်တယ်။ သစ်သီး ရေဆေးနေသံတွေ ကြားနေရတယ်။ သူဟာ ပုံဆိုးပန်းဆိုး ပလပ်ပေါက်တွေ ဖုန်းတွေကိုကြည့်ရင်း အာရုံလွှဲနေပေမဲ့ ယောင်ဟေးရဲ့ ဆီးစပ်နားတစ်ဝိုက်ကိုသာ မြင်ယောင်နေလို့ ပိုဆိုးလာတယ်။ ယောင်ဟေးတင်ပါးပေါ် ပန်းရောင်စုံတွေ ဆေးခြယ်၊ တစ်ကိုယ်လုံး ပန်းတွေနဲ့ဝေနေတဲ့ ယောက်ျားနဲ့ မိန်းမ ချစ်တင်းနှော ကြတာတွေကို သူ့ပုံကြမ်းစာအုပ် လှန်ကြည့်ရသလို ပြက်ပြက်ထင်ထင် မြင်နေတယ်။

ခွဲထားတဲ့ သစ်သီးပန်းကန်နဲ့အတူ ယောင်ဟေး သူ့နားလာထိုင် ချိန်မှာတော့ သူဟာ အယောင်ယောင် အကန်းကန်းနဲ့ ဦးညွှတ် လိုက်မိတယ်။ သူ့မျက်လုံးတွေကို ယောင်ဟေး မကြည့်မိအောင်ပေါ့။

"ပန်းသီးတွေက ကောင်းရဲ့လား ..."

သူ့ပါးစပ်က ဘာမှအဓိပ္ပာယ်မရှိတဲ့ စကားတွေ ထွက်လာတယ်။

ခဏနေတော့ ယောင်ဟေးက စပြောတယ်။

"ကျွန်မကို ခဲအို လာကြည့်နေစရာ မလိုပါဘူး"

"အိုး"

"ဆရာဝန်က ပြောတယ်။ ဘာအလုပ်မှမလုပ်ဘဲ တစ်ယောက်တည်း ထိုင်တွေးနေတာ မကောင်းဘူးတဲ့။ ဒါကြောင့် စတိုးဆိုင် တစ်ခုခု မှာအလုပ်လုပ်ဖို့ စဉ်းစားနေတယ်။ ပြီးခဲ့တဲ့အပတ်က အင်တာဗျူးတောင် ဖြေပြီးပြီ"

"အို တကယ်လား..."

အံ့သြစရာပဲ။

ဟိုတစ်ခါ ဖုန်းဆက်တော့ မူးပြဲနေတဲ့ မစ္စတာချိုင်း အာလေးလျှာလေး ကြီးနဲ့ ပြောတာကို သတိရတယ်။

"ဒီမယ် အရူးဆေးတွေ နေ့စဉ်သောက်ပြီး တစ်သက်လုံး ခင်ဗျားကို မှီခိုရတော့မယ့် မိန်းမတစ်ယောက်ကို ခင်ဗျားပေါင်းမှာလား ပြော"

တဲ့။ ခုတော့ အလုပ်လုပ်တော့မယ်ဆို ပါ့လား။ သူ ယောင်ဟေးဘက် လှည့်လိုက်တယ်။ မျက်လုံးတွေကို ကြမ်းပြင်မှာ စိုက်ထားရင်း နောက်ဆုံး အဖြေတစ်ခု ရှာတွေ့လာခဲ့တယ်။

"ဒါဆိုလည်း နင့်အစ်မရဲ့ဆိုင်မှာ လုပ်ပါလား"

စကားပြောလိုက်တော့ ဟိုဆန္ဒတွေ နည်းနည်းငြိမ်သွားတယ်။

"ဂျီဝူးအမေက နင့်ဆို လစာကောင်းကောင်းပေးမှာပဲ။ သူ ဘယ်လောက်ကောင်းလဲဆိုတာ နင်သိသားပဲ။ သူစိမ်းထက်စာရင် နင်ရှိနေတော့ ကောင်းတာပေါ့။ နင်တို့ညီအစ်မနှစ်ယောက်လည်း အမြဲတွေ့ရတာပေါ့။ တခြားစတိုးဆိုင်တွေထက်စာရင် လုပ်ရတာလည်း သက်သာမှာပါ"

ယောင်ဟေးက သူ့ကို တည့်တည့်ကြည့်လိုက်တယ်။ သူ့အကြည့်က တည်ငြိမ်လွန်း ဖြူစင်လွန်းတယ်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးတစ်ပါးရဲ့ အကြည့် လိုပဲ။ အဲသလို ဖြူစင်လွန်းလို့ သူ ကြောက်လာတယ်။ တွေးနေမိတာတွေ မှားပြီလားလို့ သံသယ ဖြစ်လာတယ်။ ယောင်ဟေးဟာ သူ့ဘာသာ ဗလာ နေတတ်လို့နေတာကို သူက မဟုတ်ကဟုတ်က အတွေးနဲ့ ချဉ်းကပ်လာမိတာကိုး။ ဒါပေမဲ့လေ.. ယောင်ဟေးရဲ့ ဗလာကိုယ်လေးဟာ သူ့ဦးနှောက်ထဲမှာ တန်ဖိုးကြီး

အမှတ်တံဆိပ်တစ်ခု သံပူတံဆိပ် နှက်ထားသလို ကဗ္ဗည်းတင်မိပြီ။

"သစ်တော်သီးစားဦး ခဲအို"

"အေး နင်လည်းစား"

ယောင်ဟေး သစ်တော်သီးတစ်စိတ်ကို လက်နဲ့ကိုင်ပြီး ပါးစပ်ထဲ ထည့်လိုက်တယ်။ အတင်းဖက်ပစ်လိုက်ချင်တဲ့စိတ်ကို သူ အနိုင်နိုင် ထိန်းနေရတယ်။ သစ်တော်သီးရည် တွေပေနေတဲ့ ယောင်ဟေး လက်ညှိုးလေးကို စုပ်၊ ပြီးတော့ နှုတ်ခမ်းတွေ၊ လျှာတွေ၊ ထရက်ဆု ဘောင်းဘီကို ချွတ်ပစ်ရင်း၊ ပြီးတော့...ပြီးတော့..........။

※

"တစ်မိနစ်လောက်ပဲ ကြာမှာပါ"

ဖိနပ်ကိုစွတ်ရင်း သူပြောမိတယ်။

"နင် ငါနဲ့ ခဏလိုက်ခဲ့ချည်"

"ဘယ်ကိုလဲ"

"လမ်းလျှောက်ရင်း စကားလေးဘာလေး ပြောရအောင်"

"ခဲအို စိတ်ဝင်စားတဲ့အကြောင်းအရာကို ပြောနိုင်ဖို့ ကျွန်မ ကြိုးစားရမှာပေါ့"

"ဟင့်အင်း ဟင့်အင်း မလိုပါဘူး။ တကယ်က ငါ မေးစရာလေး ရှိလို့ပါ"

ယောင်ဟေးက မရေမရာ ကြည့်နေတယ်။ ဒါပေမဲ့ သူ စိတ်ဒုံးဒုံးချ ဆုံးဖြတ်ပြီးခဲ့ပြီ။ အပြင်ထွက်မှဖြစ်မယ် ဒီအခန်းထဲက ခွာမှ ဖြစ်မယ်။ မဟုတ်ရင် အန္တရာယ်များလွန်းတယ်။

"ဒီမှာပြောလည်း ရတာပဲကို"

"လမ်းနည်းနည်းလျှောက်ချင်လို့ပါ။ နင်လည်း တစ်နေကုန် အခန်း အောင်းနေတာ ညောင်းမှာပေါ့"

ဘာပဲပြောပြော ယောင်ဟေးဟာ ညှပ်ဖိနပ်လေးကောက်စွပ်ပြီး သူနဲ့ အတူ လိုက်လာရှာပါတယ်။ လမ်းကြားလေးအတိုင်း ခပ်မဆိတ် လျှောက်လာကြရင်း လမ်းမပေါ် ရောက်လာတယ်။ ကော်ဖီဆိုင် တစ်ခုတွေ့တော့ သူ ယောင်ဟေးကို မေးတယ်။

"နင် ရေခဲသုပ်ကြိုက်လား"

ယောင်ဟေးက ချစ်သူနဲ့ချိန်းထားတဲ့နေ့ တစ်လောကလုံးကို ထီမထင် တဲ့ အပြုံးလို ယောင်ယောင်လေး ပြုံးပြတယ်။

ပြတင်းပေါက်နားက ခုံမှာ ထိုင်လိုက်ကြတယ်။ ပဲနီရေခဲသုပ်ကို သစ်သားဇွန်းနဲ့ မွှေနေတဲ့ ယောင်ဟေးကို သူ ငေးနေမိတယ်။ ယောင်ဟေးရဲ့ လျှာဟာ သူ့ခန္ဓာကိုယ်ကို ဝါယာတွေနဲ့များ ဆက်ထားသလား။ လျှာပန်းရောင်လေး ထွက်ထွက်လာတိုင်း သူ ခါတ်လိုက်ခံရသလို တွန့်တွန့်သွားတယ်။

ကဲ ထွက်လမ်းက တစ်လမ်းပဲရှိတော့တယ်လို့ သူ တွေးနေမိတယ်။ ဒီဆန္ဒငရဲထဲက ထွက်ဖို့က သူ့အာရုံပုံရိပ် အတွေးပုံရိပ်တွေကို အမှန်တကယ် ဖြစ်လာအောင် အကောင်အထည် ဖော်ဖို့ပဲ။

"ဟိုဟာလေ..."

ယောင်ဟေးက လျှာထိပ်မှာ ပဲနီစေ့လေးကပ်နေရင်း သူ့ကို ကြည့်တယ်။ မျက်ရစ်တစ်ထပ်နဲ့ မျက်လုံးလေးတွေဟာ မွန်ဂိုမရုပ် ထွက်နေ တယ်။ သူ့ မကြိုးလွန်း

မသေးလွန်း မျက်ဆံကလေးက အရောင်လက်လက်လေး။
“နင် ငါ့ကို မော်ဒယ် လုပ်ပေးမလား”
ယောင်ဟေးက သူ့စကားကြားရချိန်မှာ ရယ်လည်းမရယ်၊ ဒေါသလည်းမထွက် ငေးပြီး စိုက်ကြည့်နေတယ်။ ပျင်းရိငြီးငွေ့နေတဲ့ ပုံမျိုးများလား။
“ငါ့ပြပွဲတွေ နင်လာဖူးတယ် မဟုတ်လား”
"အင်း"
“အင်း ခုလည်း အရင်တုန်းကလို ဗွီဒီယိုပါပဲ။ ရိုက်တာလည်း သိပ်မကြာပါဘူး။ ဒါပေမဲ့ ဟိုလေ.. အဝတ်အစားတွေတော့ ချွတ်ရလိမ့်မယ်”
ကဲ ပြောချလိုက်ပြီ။ ခုတော့ သူ့လက်တွေ ချွေးစေးမပြန်တော့ဘူး။ ငြိမ်သွားပြီ၊ အေးသွားပြီ၊ ဆုံးဖြတ်ပြီးပြီ။
“အဝတ်တွေချွတ်ပြီးရင် ငါက နင့်ခန္ဓာကိုယ်ပေါ်မှာ ပန်းချီရေးမယ်”
ယောင်ဟေးက အားလုံးကြားပေမယ့် တည်တည်ငြိမ်ငြိမ်ပဲ ငေးကြည့်နေတုန်း။
“ကျွန်မ ခန္ဓာကိုယ်ပေါ် ပန်းချီရေးမယ် ဟုတ်လား”
“ဟုတ်တယ် ဗွီဒီယိုရိုက်နေတုန်းတော့ အဲဒီအရုပ်တွေကို မဖျက်ရဘူး”
“ဘာဆွဲမှာလဲ”
“ပန်းတွေ အမျိုးမျိုး ရောင်စုံပေါ့”
ယောင်ဟေးမျက်လုံးတွေက ရှက်ရိပ်သမ်းသွားတယ်။ သူမှားများ မှားသွားပြီလား။
“အလုပ်က ခက်လှတယ်မ ဟုတ်ပါဘူး။ တစ်နာရီ နှစ်နာရီလောက်ပဲ ကြာမှာပါ။ နင် အဆင်ပြေတဲ့အချိန်ပေါ့”
ပြောစရာရှိတာ ပြောချလိုက်ပြီးတဲ့ အခါမတော့ သူ ခေါင်းငုံ့ရင်း ရေခဲသုပ်ကို မွှေနေလိုက်တယ်။ မြေပဲဆံတွေ ဗာဒံစေ့တွေနဲ့ ရေခဲသုပ်ဟာ အရည်ပျော်စပြုပြီ၊ ခွက်ဘေးမှာ ရေခဲချွေးတွေသီးနေပြီ။
“ဘယ်မှာလုပ်မှာလဲ”
နောက်ဆုံးတော့ ယောင်ဟေးရဲ့ မေးသံထွက်လာတယ်။ ရေခဲသုပ်ကို စားရင်း ပဲနီတွေကြောင့် ယောင်ဟေးရဲ့ ခပ်ဖွေးဖွေး နှုတ်ခမ်းတွေ ရဲလာတယ်။
“ဘော်ဒါတစ်ယောက်ရဲ့ စတူဒီယိုကို ငှားမလို့ လုပ်နေတယ်”
ယောင်ဟေးမျက်နှာက မျက်နှာသေမို့ စိတ်ထဲဘာရှိမယ် ဆိုတာကို သူ ဘယ်လိုမှ မခန့်မှန်းနိုင်ဘူး။
“နင့် အစ်မကိုလေ....”
အင်း. . . မပြောဘဲနေလို့မရတော့ စိတ်ညစ်ညစ်နဲ့ပဲ ပြောရတော့မယ်။
“သိတယ်မဟုတ်လား.. ဒါက လျှို့ဝှက်ချက်နော်”
ယောင်ဟေးဟာ လက်ခံတယ်လည်း မဟုတ်၊ ငြင်းတာလည်း မဟုတ်ဘဲ ဒီအတိုင်း ခပ်မဆိတ်နေနေတယ်။ သူ ယောင်ဟေးကို ငေးနေလိုက်တယ်။ ဆိတ်ဆိတ်နေတာဟာ သဘောတူတယ်လို့ပဲ မှတ်လိုက်ရမလား။

※

အမ်ရဲ့ စတူဒီယိုဟာ နှစ်လို့ဖွယ်ရွှေးထွေးလွန်းတယ်။ ပြတင်းပေါက် ကျယ်ကျယ်က နေရောင် အတားအဆီးမရှိ ဝင်နိုင်တယ်။ ဖျောင်းတစ်ရာ ပတ်လည်လောက် ကျယ်တဲ့အတွက် စတူဒီယို ဆိုတာထက် အနုပညာပြခန်းနဲ့

ပိုတူတယ်။ အမ်ရဲ့လက်ရာ ပန်းချီကားတွေကို စနစ်တကျ ချိတ်ဆွဲထားတယ်။ သူ့ ပုံဆွဲကိရိယာတွေ ကိုလည်း အင်မတန် သပ်ရပ်စွာ နေရာချထားတယ်။ ဆွဲချင်လာရင် အချိန်မရွေး အဆင်သင့် ကောက်ကိုင်နိုင်အောင်ပေါ့။

"ခင်ဗျားဖုန်းခေါ်တော့ ကျွန်တော် အတော် အံ့သြသွားတာ"

သူ့ကို သော့ပေး၊ လက်ဖက်ရည်ဖျော်ပေးရင်း အမ်က ပြောနေတယ်။ သူတို့အတန်းထဲမှာ အသက် ၃၂ နှစ်နဲ့ ဆိုးလ် တက္ကသိုလ်မှာ အမြဲတမ်းဆရာ အဖြစ် ရာထူးရအောင် စွမ်းဆောင် နိုင်ခဲ့တဲ့ အမ်ဟာ ခုဆို ဘယ်ထောင့်က ကြည့်ကြည့် ပါမောက္ခ တစ်ယောက်ရဲ့ ဂုဏ်ကျက်သရေတွေနဲ့ ပြည့်စုံနေခဲ့ပြီ။

"စတူဒီယိုကို လွတ်လွတ်လပ်လပ်သုံးပါ။ ကျွန်တော်က တစ်နေ့လုံး လိုလို ကျောင်းမှာပဲဆိုတော့ စတူဒီယိုက အားနေတာပဲ"

ပြတင်းပေါက်အစွန်းတွေကို ကွယ်နေတဲ့ အမ်ရဲ့ပန်းချီကား အချို့ကို သူ ဖြုတ်လိုက်တယ်။ ပန်းချီကားတွေက သမားရိုးကျ တွေများတယ်။ သူ့အနေနဲ့ ဒါမျိုးတွေဆွဲပြီး လက်မှတ်ထိုးဖို့ဆို အတော် စဉ်းစားရမယ်။ အလင်းရောင် ကောင်းကောင်းရတဲ့ ကြမ်းပြင် တစ်နေရာမှာ ပိတ်ဖြူစခင်းပြီး ခဏလှဲကြည့် လိုက်တယ်။ သက်တောင့် သက်သာရှိရဲ့လား၊ မြင်ကွင်းကောင်းရဲ့လားပေါ့။ အမိုးမြင့်မြင့် မျက်နှာကြက်၊ ပြတင်းပေါက် အပြင်က ကောင်းကင်၊ ပိတ်ဖြူစ၊ ကျောအောက်က စိမ့်နေအောင်အေးတဲ့ ကြမ်းမာမာ၊ သိပ်တော့မ ဆိုးလှပါဘူးလေ။ လှဲနေရာကနေ မှောက်လိုက်တယ်။ အမ်ရဲ့ ပန်းချီကားတွေ၊ သစ်သားကြမ်းခင်းပေါ် စွေစောင်းစောင်းကျနေတဲ့ နေရောင်၊ မသုံးတော့တဲ့ အုတ်မီးဖို ထဲကပြာတွေ မြင်ကွင်းထဲ ရောက်လာတယ်။

ပန်းချီရေးဖို့ပစ္စည်းတွေချခင်း၊ ပီဒီ ၁၀၀ ကင်မရာကို ဘက်ထရီတွေ စစ်၊ စတူဒီယိုရဲ့ အလင်းရောင်အနေအထားကို ပြင်ဆင်၊ ပုံကြမ်းစာအုပ်ကိုဖွင့်၊ ပြန်ပိတ်၊ အိတ်ထဲပြန်ထည့်၊ ဆွယ်တာကိုချွတ်၊ ရှပ်အင်္ကျီလက်တွေ ပင့်တင်၊ စောင့်။ ချိန်းထားတဲ့အချိန် သုံးနာရီထိုးခါနီတော့ ဆွယ်တာပြန်ဝတ်၊ ဖိနပ်စီး၊ အပြင်ထွက်၊ မြေအောက်ဘူတာရုံကို ဆတ်တောက်ဆတ်တောက် လျှောက်ရင်း အေးမြတဲ့လေကို တစ်ဝရှူလိုက်တယ်။

ဖုန်း မြည်လာတယ်။ လမ်းလျှောက် မပျက်ဘဲ ပြန်ဖြေလိုက်တယ်။

"ကျွန်မပါ"

သူ့မိန်းမ ဆက်တာ။

"ဒီနေ့လည်း အိမ်ပြန်နောက်ကျမယ် ထင်တယ်။ ကလေးထိန်းက လည်း လမ်းမှာ ကားဘီးပေါက်နေလို့တဲ့။ အဲဒါ ဂျီဝူးကို (၇) နာရီမှာ မူကြို သွားကြိုပေးမလား"

"မအားဘူး။ အစောဆုံး ကိုးနာရီမှ အားမယ်"

သူ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။ သူ့မိန်းမ သက်ပြင်းချသံကို ဖုန်းထဲက အတိုင်းသားကြားရတယ်။

"ပြီးရောလေ... (၇၀၉) က အစ်မကို ကိုးနာရီထိ ဂျီဝူးကို ကြည့်ပေးဖို့ အကူအညီတောင်းလိုက်မယ်"

ဖုန်းချလိုက်ကြတယ်။ တခြား ဘာမှမပြောဖြစ်ကြဘူး။ ဒါ ခုနောက်ပိုင်း သူတို့လင်မယား နှစ်ယောက်ရဲ့ ဆက်ဆံရေးပုံစံပဲ။ ကလေးဗဟိုပြု အလုပ် သဘော ဆက်ဆံရေးပေါ့။

ဒီညမတိုင်ခင် သုံးလေးရက်လောက်တုန်းက သူ့ခယ်မနဲ့တွေ့ပြီး ပြန်ရောက်ရောက်ချင်း မှောင်ထဲမှာ မိန်းမကို အတင်း နသားပါယား လုပ်မိတယ်။ သူ့ကိုယ်သူတောင် ဘာလုပ်မိမှန်း စဉ်းစားချိန်မရဘူး။ မိန်းမခမျာ အံ့သြချိန်တောင် မရလိုက်ဘူး။ မေးခွန်းထုတ်စရာ အကြောင်းလည်း မရှိဘူးကိုး။ ဘာဖြစ်တာတုန်းလို့ သူ့မျက်လုံးတွေကို စိုက်ကြည့်ပြီး မေးချင်စိတ်တော့ ရှိချင် ရှိမယ်ပေါ့၊ ဒါပေမဲ့ မှောင်နေတယ်လေ။

"ရှင်ဘာဖြစ်နေတာလဲ"

မိန်းမပါးစပ်ကို သူ လက်နဲ့ အသာပိတ်လိုက်တယ်။ နှာသံနဲ့ပြောနေတာကို မကြားချင်ဘူး။ မှောင်ထဲမှာ မိန်းမရဲ့နှာတံ၊ နှုတ်ခမ်း၊ ကလေး တစ်ယောက်လို လည်တိုင်ကလေးတွေဟာ ယောင်ဟေးလိုပဲလို့ စိတ်သွင်းလိုက်တယ်။ သူ့ပါးစပ်ထဲက ရင်သား ဝတ်ဆံကလေး မာတင်းလာချိန်မှာ သူ မိန်းမကို တစ်ကိုယ်လုံး ချွတ်ပစ်လိုက်တယ်။ မျက်စိကို စုံမှိတ်ရင်း ယောင်ဟေးရဲ့ တင်ပါးပေါ်က မွေးရာပါ အပြာမှတ်ကလေး ပေါ်တုံပျောက်တုံ နိမ့်တုံမြင့်တုံ ပွင့်တုံပိတ်တုံ ဖြစ်နေတာကို အာရုံခံစားရင်း...။

ကိစ္စပြီးတော့ မိန်းမက တရှုံ့ရှုံ့ငိုတယ်။ ဒီမျက်ရည်တွေဟာ ဘာအဓိပ္ပာယ်လဲ သူမပြောတတ်။ နာကြင်မှု၊ သာယာမှု၊ သံယောဇဉ်၊ ချစ်ခြင်း၊ ရွံရှာခြင်း၊ အထီးကျန်မှုနဲ့ သူ မသိနိုင်တဲ့ တခြား အရာတွေ အတွက်လား မသိဘူး။

ကျွန်မကြောက်တယ်တဲ့။ သူ့ကို ကျောခိုင်းရင်း မိန်းမက ပြောနေ တယ်။ ဘယ်ဟုတ်လိမ့်မလဲ။ မင်းက ငါ့ကို ကြောက်အောင် လုပ်နေတာ။ ဒါပေမဲ့ အဲဒီအချိန်မှာ သူ ကုလားသေကုလားမောအိပ်ဖို့ စိုင်းပြင်းနေပြီမို့ ဒီစကားလုံးတွေ မိန်းမပါးစပ်က တကယ်ပြောခဲ့တာလား သူ ထင်မိယောင်မှား ဖြစ်တာလား မသေချာဘူး။ အမှောင်ထဲမှာ အကြာကြီး တရှုပ်ရှုပ်လုပ်နေသေး သလား မသိပါဘူး။

နောက်တစ်နေ့မနက်ကျတော့ မိန်းမက သူမဟုတ်သလိုဘဲ။ ပုံမှန် အတိုင်းပဲ။ ခုလေးတင် ဖုန်းဆက်သလိုပေါ့။ မိန်းမအသံဟာ သူ့အပေါ် ဘာမှ အာရုံရှိပုံမရ။ ချစ်တဲ့ခင်တဲ့သဘောရော မုန်းတဲ့ ရွံတဲ့ သဘောရော ဘာမှရှိပုံကို မရပါဘူး။ ပြောနေကျအတိုင်းပဲ ပြောသွားတာပဲ။ ဒါပေမဲ့ မိန်းမရဲ့ ကိုယ်ပိုင် သက်ပြင်းချဟန်က သူ့ကို မသက်မသာ ဖြစ်စေတယ်။ ဒီ ခံစားချက်ကြီး လွင့်စင်သွားအောင် သူ လမ်းကို သွက်သွက်ဖိလျှောက်တယ်။

သူ့ခယ်မက ဘူတာရုံအဝမှ စောင့်နေတယ်။ အံ့သြစရာပဲ။ ရောက်နေ တာ ကြာပြီထင်တယ်။ ခြေထောက်လေးတွေ ဟိုရွှေ့ဒီရွှေ့နဲ့။ ဆွယ်တာအညိုနဲ့ ဂျင်းတစ်ပတ်နွမ်းကလေး ဝတ်ထားတယ်။ မျက်နှာလေးကတော့ ချွေးစက် ကလေးတွေနဲ့ ဝင်းလို့ပဲ။ ခန္ဓာကိုယ် ကောက်ကြောင်းကို သူ မျက်စိအရသာ ခံကြည့်နေမိတယ်။ ပုံစံမပျက်ကြည့်ချင်လို့ မခေါ်ဘဲ ခဏထားလိုက်တယ်။ ဖွတ်မေ့ပုတတ်မေ့ ငေးကြောင်ကြည့်နေတဲ့ သူ့ကို ခရီးသည်တွေက မသက်မသာ ကြည့်သွားကြတယ်။

※

"အဝတ်တွေ ချွတ်လိုက်တော့"

သူ အသံတိမ်လေးနဲ့ ပြောလိုက်တယ်။

ယောင်ဟေးက ပြတင်းပေါက်အပြင်ကို ငေးနေတယ်။ နေ့လယ်ခင်း နေရောင်က ပိတ်ဖြူစပေါ်ကျနေတယ်။ ယောင်ဟေးဟာ သူ့ဘက် လှည့်မလာဘူး။

သူပြောတာ မကြားဘူးထင်လို့ ထပ်ပြောမယ် အလုပ်မှာပဲ လုံးစွတ် ဆွယ်တာကို ခေါင်းပေါ်က မချွတ်လိုက်တာကို တွေ့လိုက်ရတယ်။ ပြီးတော့ တီရှပ်အဖြူလေးပါ ကျွတ်သွားတယ်။ ဖွေးနေတဲ့ ကျောပြင်လေးကို သူ မြင်လိုက် ရတယ်။ ဘယာစီယာ ဝတ်မထားပါလား။ ဂျင်းဘောင်းဘီကို ချွတ်ချလိုက် ပြန်တယ်။ တင်ပါးသားနှစ်ခု ဖွေးခနဲ ပေါ်လာတယ်။

သူ့အသက်မရှူနိုင်ဘဲ ယောင်ဟေးရဲ့ တင်သားတွေကို စူးစမ်းနေ တယ်။ တင်သားတွေအထက်မှာ နတ်သမီး အပြုံးလို့ခေါ်ကြတဲ့ ပါးချိုင့်လို အခွက်ကလေး တစ်ခုစီ ရှိနေတယ်။ ဘယ်ဘက်တင်ပါးပေါ်မှာတော့ လက်မလောက်ရှိတဲ့ မွေးရာပါအမှတ်။ ဒီလောက် နှစ်တွေကြာတာတောင် ပျောက်မသွား ဘဲ ဘာလို့များ ဆက်ရှိနေပါလိမ့်၊ အဓိပ္ပာယ်တော့ သိပ်မရှိလှဘူး။ စိမ်းပြာပြာ အမှတ်ဟာ သွေးခြေဥရာဟောင်းလို ဖြစ်နေပေမဲ့ မွေးရာပါ မွန်ဂိုးလီးယန်း အမှတ်ဆိုတာ သိပ်သေချာတယ်။ ရှေးဟောင်းပစ္စည်း ဆင့်ကဲဖြစ်စဉ် မတိုင်ခင် ပဝေသဏီ။ နေရောင်နဲ့ ခတ်ပြုဖြစ်စဉ် အစရှိတဲ့ကိစ္စတွေ ခေါင်းထဲဝင်လာတယ်။ အမှတ်ကိုကြည့်ရင်း လိင်စိတ်တွေ တားမနိုင်ဆီးမရ ဖြစ်လာမယ် ထင်ပေမယ့် အဲလိုမဟုတ်တဲ့ အတွက် သူ့ကိုယ်သူတောင် အံ့သြတယ်။ ရှားပါးတဲ့ သစ်ပင်လေး တစ်ပင်ကို တအံ့တသြ ကြည့်နေရသလိုပဲ။

မျက်လုံးတွေကို မွေးရာပါအမှတ်က အတင်းဆွဲခွာပြီး ယောင်ဟေး တစ်ကိုယ်လုံးကို သူ ခြုံငုံကြည့်လိုက်တယ်။ ယောင်ဟေးဟာ မော်ဒယ်တစ်ယောက် မဟုတ်ပေမဲ့ ကိုယ်ဟန် အနေအထားက အထင်ကြီးစရာပဲ။ သူ့ခင်ပွန်းဟောင်းနဲ့ ဘယ်လို ဆက်ဆံရေးများရှိခဲ့ပါလိမ့်။ သြော်.. သူ သတိရလာတယ်။ လက်ကောက်ဝတ်ကိုလှီးလို့ ဆေးရုံတက်ရတုန်းက ယောင်ဟေး ဟာ ဆေးရုံရေပန်းနားမှာ ခါးထိဗလာကျင်းပြီး နေခဲ့ဖူးသေးတာပဲ။ အဲလို ခဏခဏ ချွတ်ပြီး နေစာလှုံနေလို့ ဆေးရုံက တော်တော်နဲ့ ပေးမဆင်းတာပေါ့။

"ကျွန်မ ထိုင်ရမှာလား"

"မဟုတ်ဘူး လှဲလိုက် မှောက်အိပ်လိုက်"

သူ့အသံက ကြားရတယ်ဆိုရုံလေး။ ယောင်ဟေးက သူပြောသလို လှဲချလိုက်တယ်။ သူ မတ်တတ်ရပ်ပြီး ကျောက်ရုပ်လို ဖြစ်နေတယ်။ ယောင်ဟေး ခန္ဓာကိုယ်ကိုကြည့်ပြီး ဖြစ်လာတဲ့ စိတ်ရှုပ်ထွေးမှုတွေနဲ့ သူ အသံတိတ်ပဋိပက္ခ ဖြစ်နေတယ်။

"ဟုတ်ပြီ အဲလိုလေးနေ၊ ခဏလေး ပြင်ဆင်လိုက်ဦးမယ်"

ကင်မရာကို သုံးချောင်းထောက်ပေါ်တင်တယ်၊ အနေအထားနဲ့ အမြင့် ကို ချိန်တယ်။ စိတ်ကြိုက် ချိန်သားကိုက်တဲ့အခါ ပန်းချီရေးဖို့ ပြင်ဆင်တယ်။ ယောင်ဟေးခန္ဓာကိုယ်ပေါ် သူ ပန်းချီရေးနေတာကို ဗွီဒီယို ရိုက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။

ပုခုံးပေါ်ဝဲကျနေတဲ့ ယောင်ဟေးဆံပင်တွေကို သူ သပ်တင်ပြီး လည်ဂုတ်ကစလို့ ဆေးရေးပန်းချီ စ,ဆွဲလိုက်တယ်။ ပွင့်အာခါစ ပန်းဖူး ကလေးတွေ၊ အနီရောင်၊ လိမ္မော်ရောင် ပန်းပွင့်တွေကို ပုခုံးနဲ့ ကျောပြင်မှာ ဆွဲတယ်။ ရိုးတံသေးသေးတွေက လိမ်ယှက်ပြီး ခါးစောင်းတွေဆီ ဆင်းသွားတယ်။ ညာဘက်တင်ပါးအပြည့် လိမ္မော်ရောင် ပန်းပွင့်ကြီးဆွဲတယ်။ အဝါရောင် ဝတ်ဆံတွေ ပန်းပွင့်အလည်က ထူထူထဲထဲ တိုးထွက်လို့နေတယ်။ ပြာနှမ်းနှမ်း

မွန်ဂိုးလီးယန်းအမှတ် ရှိနေတဲ့ ဘယ်ဘက်တင်ပါးကိုတော့ ဘရပ်ရှ်သုံးပြီး အမှတ်ဘေားကနေ အစိမ်းနုရောင် ဖျော့ဖျော့ ခြယ်လိုက်တယ်။ အမှတ်ဟာ အစိမ်းနုရောင်နောက်ခံမှာ အပြာရောင်ပန်းပွင့်လေး ပွင့်နေသလိုဖြစ်လာတယ်။

ဘရပ်ရှ်နဲ့ တစ်ချက်သုတ်လိုက်တိုင်း ယောင်ဟေးဟာ တွန့်တွန့်သွားတယ်။ ကလိယားထိုးခံရသလိုပေါ့။ သူ ပုခုံး တွန့်လိုက်မိတယ်။ ဆန္ဒတွေ နိုးကြွလာတာမျိုး မဟုတ်ပေမဲ့ အတွင်းအဇ္ဈတ္တ သဏ္ဍာန်မှာ အဆက်မပြတ် ခေါက်လိုက်သလို သူ ခံစားနေရတယ်။

ညာဖက်ပေါင်တံကနေ ခြေကျင်းဝတ် သေးသွယ်သွယ်လေး အထိ ပန်းပွင့်အရွက်နဲ့ ရိုးတံရှည်တွေ ဆွဲပြီးသွားတဲ့အခါမှာတော့ သူ့တစ်ကိုယ်လုံး ချွေးတုပ်တုပ်ကျနေခဲ့ပြီ။

"ကဲ.. ပြီးပြီ။ တစ်မိနစ်လောက် ဒီတိုင်းလေး နေဦး"

သုံးချောင်းထောက်ကနေ ကင်မရာကိုဖြုတ်တယ်။ ယောင်ဟေး တစ်ကိုယ်လုံးကို သူ အနီးကပ် ရိုက်တော့မယ်။ ပန်းတွေ၊ လည်တိုင်ကျော့ကျော့၊ ကပိုကရိုဆံနွယ်တွေ၊ အဝတ်စပေါ်တင်ထားတဲ့ လက်နှစ်ဖက်၊ အမှတ်ပါတဲ့ တင်ပါး၊ တစ်ကိုယ်လုံးကို စိတ်တိုင်းကျ ရိုက်ပြီးချိန်မှာတော့ သူ ကင်မရာကို ပိတ်လိုက်တယ်။

"ထလို့ရပြီ"

မီးဖိုရှေ့က ဆိုဖာပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ ယောင်ဟေးဟာ တံတောင်ကိုအားပြုပြီး ဖြည်းဖြည်းထရှာတယ်။ တစ်ကိုယ်လုံး တောင့်တင်းကိုက်ခဲနေရှာပုံပဲ။

"အေးနေပြီလား"

ချွေးသုတ်၊ ထရပ်ပြီး သူ့ဆွယ်တာကို ယောင်ဟေး ပုခုံးပေါ် တင်ပေးလိုက်တယ်။

"ဘယ်လိုနေလဲ။ နင့်အတွက် သိပ်မခက်ဘူးလား"

ယောင်ဟေးက ဒီတစ်ကြိမ်မှာတော့ သူ့ကို စေ့စေ့ကြည့်ပြီး ရယ်ချလိုက်တယ်။ ရယ်သံက တိုးတိုးပေမဲ့ အရမ်း အသက်ပါတာပဲ။ ဘာကိုမှ မအံ့သြ၊ ဘာမှလည်း မငြင်းဆန်တဲ့ ရယ်သံမျိုးလား။

ခုမှပဲ ယောင်ဟေး ပိတ်ဖြူစပေါ် မှောက်နေတဲ့ပုံကို မြင်ရတဲ့အချိန်မှာ သူဘယ်လောက် ချောက်ချားခဲ့ရတယ်ဆိုတာကို ကောင်းကောင်းသိလာတယ်။ ငယ်ငယ်လှလှ မိန်းမတစ်ယောက်ရဲ့ ကိုယ်ခန္ဓာ၊ ဆန္ဒရမ္မက်တွေရဲ့ အဖြည့်ခံ ခန္ဓာ၊ တစ်ချိန်တည်းမှာပဲ ဆန္ဒတွေအားလုံး ကင်းဝေးအောင်ဖယ်ရှားထားတဲ့ ခန္ဓာလည်း ဖြစ်နေသေးတယ်။ အစက ကာမဆန္ဒတွေ တစ်စက်မှ မကျန်တော့ဘူးထင်ရလောက်အောင် ဖြစ်ခဲ့ရတဲ့ ယောင်ဟေးရဲ့ ခန္ဓာကိုယ်လေးဟာ ခုတော့ နဂိုနေ စိုပြေနေခဲ့ပြီ။ ပြတင်းပေါက်ကျယ်ကျယ်က ဝင်လာတဲ့နေရောင်ဟာ ယောင်ဟေးခန္ဓာကိုယ်က မျက်စိနဲ့မမြင်ရတဲ့ အလှတရားတွေ အားလုံးကို တစ်ခုမကျန် အကုန်လှစ်ပြပေးနေသလိုပဲ။ မြင်ကွင်းကို အဓိပ္ပာယ်ဖော်နိုင်စွမ်း မရှိခြင်းစွမ်းအားဟာ သူ့ကို ကျောက်ဆောင်မှာ ရေလှိုင်းလာလာရိုက်သလို ရိုက်ခတ်နေရင်း လွန်ခဲ့တဲ့နှစ်တွေတုန်းက အခါမလပ်ခံစားခဲ့ရတဲ့ နာကျင်မှုတွေ၊ တည်မှီရာ ကြောက်စရာအင်အားတွေကို တဖြည်းဖြည်း လျော့ပါးစေခဲ့တယ်။

※

ယောင်ဟေးက ဂျင်းဘောင်းဘီနဲ့ သူ့ ဆွယ်တာကို ဝတ်ထားတယ်။

အငွေ့တထောင်းထောင်းထနေတဲ့ မတ်ခွက်ပေါ် လက်ကလေးတွေ တင်ထားတယ်။ ဖိနပ်တွေကို တံခါးနားချွတ်ခဲ့တဲ့အတွက် ကြမ်းပေါ်မှာ ခြေဗလာနဲ့ လျှောက်နေရရှာတယ်။

"အေးနေပြီလား"

ဒုတိယအကြိမ် သူ ထပ်မေးလိုက်တယ်။ ယောင်ဟေးက ခေါင်းခါပြတယ်။ သူ ထပ်မေးပြန်တယ်။

"ဒီလိုလုပ်တာ ခက်ခဲနေလားဟင်"

"ကျွန်မ လုပ်ရတာက လှဲနေရတာပဲကို၊ ကြမ်းကလည်း နွေးပါတယ်"

အဖြစ်အပျက်တစ်ခုလုံးက မငြင်းနိုင်လောက်အောင် ကိုးရိုးကားယားနိုင်တာတော့ အမှန်ပဲ။ ဒါပေမဲ့ ယောင်ဟေးကတော့ အရင်အတိုင်း တုံဏှိဘာဝေပါပဲ။ ဘယ်လိုအခြေအနေမျိုးနဲ့ ရင်ဆိုင်ရသည်ဖြစ်စေ ဒီလိုပဲ မတုန်မလှုပ်နေမယ်လို့များ သံန္နိဋ္ဌာန် ချထားလား မသိပါဘူး။ တစ်ခါမှ မရောက်ဖူးတဲ့နေရာ ကို စူးစမ်းတာ၊ စပ်စုတာ၊ ကြောက်တာ၊ တုန်လှုပ်တာ ဘာမှကို မတွေ့ရဘူး။ လာမယ့်ဘေး ပြေးတွေ့တာမျိုးလည်း မဟုတ်ဘူး။ သူ့ရှေ့မှာ ဘာရှိနေရှိနေ ဥပေက္ခာပြုထားတဲ့သဘောပဲ။ ဒါမှမဟုတ် သူ့ရင်ထဲမှာ၊ အတွင်းအဇ္ဈတ္တမှာ ပေါ်ပေါက်နေတဲ့ သဏ္ဍာန်တွေက တခြားလူ မခန့်မှန်းနိုင်လောက်အောင် ဆိုးရွားလွန်းလို့ နိစ္စဓူဝ နေ့စဉ်ဘဝ ပြုဖွယ်ကိစ္စတွေဟာ သူနဲ့ဘာမှမဆိုင်သလို ဖြစ်သွားတာများလား။ အဲလိုဆိုရင်တော့ သူ့မှာ စူးစမ်းဖို့ စပ်စုဖို့မပြောနဲ့ ထိုင်ဖို့ထဖို့တောင် အားရှိမှာမဟုတ်ဘူး။ ယောင်ဟေးမှာ အကြည့်ရိုင်းတွေရှိနေတယ်လို့ သူ ထင်တယ်။ တုံဏှိဘာဝေ မဟုတ်တဲ့ ဥပေက္ခာမဟုတ်တဲ့ အကြည့်ရိုင်းတွေ၊ ဒါတွေကို ထိန်းချုပ်နှိပ်ကွပ်ဖို့ ယောင်ဟေးခမျာ အသည်းအသန် ကြိုးစားနေရတယ်။ ဟော... မတ်ခွက်ကို အုပ်ကိုင်ရင်း ခြေထောက်လေးတွေကို ငုံ့ကြည့် နေပြန်ပြီ။ ပုခုံးလေးတွေ ကုပ်ကိုင်းနေပုံက ကြက်ပေါက်လေး တစ်ကောင် အနွေးဓာတ်ရအောင် ကြိုးစားနေရရှာပုံမျိုး။ ဒါပေမဲ့ မြင်သူတကာ ကရုဏာ သက်လောက်တဲ့ပုံ မျိုးတော့ မဟုတ်ဘူး။ မတုန်မလှုပ် အကြောမာမာနဲ့ ထိုင်နေပုံ က မြင်သူတကာ စိတ်မသက်မသာဖြစ်စေပြီး ချာခနဲ လှည့်ထွက်သွား လောက်တဲ့ ပုံမျိုး။

ယောင်ဟေး ယောကျ်ားရဲ့ မျက်ခွက်ကြီးကို သူ ပြန်မြင်ယောင်လာတယ်။ စတည်းက ကြည့်မရခဲ့တဲ့ အဲဒီကောင်ကြီးကို ခုတော့ မယားညီအစ်ကို ရေလို့ ခေါ်စရာမလိုတော့ဘူး။ ဘာတန်ဖိုးမှမရှိတဲ့ မျက်နှာမွဲကြီး၊ ကျက်သရေ ယုတ်တဲ့ နှုတ်ခမ်းကြီးနဲ့ ယောင်ဟေးခန္ဓာကိုယ်ကို နွားသိုးကြိုးပြတ် စုပ်နမ်း ခဲ့တဲ့ကောင်။ တန်ဖိုးရှိတာ တစ်ခွန်းမှ မထွက်တဲ့ အဲဒီနှုတ်ခမ်းတွေနဲ့ အရှက်မရှိတဲ့ အကောင်။ ဒီအကောင်ဟာ ယောင်ဟေးမှာ မွေးရာပါ မွန်ဂိုးလီးယန်း အမှတ်လေး ရှိတယ်ဆိုတာတောင် သိ,သိရဲ့လား။ ဒင်းနဲ့ ယောင်ဟေး အဝတ်မဲ့ ခန္ဓာနှစ်ခု ပူးနေတဲ့ မြင်ကွင်းကို မြင်ယောင်ကြည့်ရတာ သူ့အတွက်တော့ အလိုမတူဘဲ ကာမကို ဇွတ်အတင်းရယူနေတဲ့ မုဒိမ်းသမားကိုပဲ မြင်နေတယ်။

မတ်ခွက်အလွတ်ကို ကိုင်ရက်သား ယောင်ဟေးက ထရပ်လိုက်လို့ သူလည်း ထလိုက်ရတယ်။ မတ်ခွက်ကိုယူပြီး စားပွဲပေါ်တင်တယ်။ ကင်မရာ ထဲက တိပ်ကို စစ်ပြီး သုံးချောင်း ထောက်ပေါ် ပြန်တင်လိုက်တယ်။

"ကဲ ပြန်စကြမလား"

ယောင်ဟေးက ခေါင်းညိတ်တယ်။ အဝတ်စပေါ် ပြန်လျှောက်သွား

တယ်။ နေရောင်က အတော်ဖျော့သွားပြီ။ ဒါကြောင့်မို့ သူ မီးမောင်းတစ်ခု ဖွင့်လိုက်တယ်။ အလင်းက အဝတ်ဖြူစပေါ် စူးခနဲ ကျလာတယ်။

ယောင်ဟေးက အဝတ်တွေချွတ်ပြီး ပက်လက်အိပ်လိုက်တယ်။ မျက်လုံးတွေက မျက်နှာကြက်ကို မမိုတ်မသုန်ကြည့်လို့။ ခန္ဓာကိုယ်အပေါ်ပိုင်း က အရိပ်ထဲကျနေတယ်။ အလင်းရောင်က သူ့မျက်လုံးထဲ စူးခနဲ ဝင်လာတယ်။ ယောင်ဟေးရဲ့ ဝတ်လစ်စလစ်ခန္ဓာကိုယ် ကို ဟိုတစ်နေ့က သူ မြင်ခဲ့ပြီးသားပါ။ ဒါပေမဲ့ ခုလို အခုအခံ အတားအဆီးမရှိ ဖြေလျှော့ခွေ ပက်လက်ကလေး လှန်နေတဲ့ မြင်ကွင်းက အားကောင်းလွန်လွန်းလို့ သူ မျက်ရည်ဝဲသလို ဖြစ်လာတယ်။ ထင်းနေတဲ့ ညှပ်ရိုးတွေ။ အပျိုဖြန်းလေးလို သေးသေးရှည်ရှည် ရင်သား လေးတွေ၊ ပြိုင်းပြိုင်းထနေတဲ့ နံရိုးတွေ၊ ခပ်ဟဟလေး ကားထားတဲ့ ပေါင်တံ လေးတွေ၊ ဒါပေမဲ့ ကာမစိတ် လှုံ့ဆော်တဲ့ပုံမျိုးတော့ နည်းနည်းမှ မပေါက်ဘူး။ မျက်နှာလေးရယ်၊ အိပ်ရေးဝနေပုံနဲ့ ပွင့်ရက်သား မျက်လုံးလေးတွေ ရယ်ဟာ ကြည်လင်နေတာပဲ။ အပေါ်ယံ ပကာသနတွေအားလုံး ဖယ်ခွာထားတဲ့ ခန္ဓာ၊ အဓိပ္ပာယ်အမျိုးမျိုးကို သူ့အလိုလို ဖွင့်ဆိုပြနေတဲ့ ခန္ဓာ။

ဒီတစ်ခါတော့ ညှပ်ရိုးကနေ ရင်သားတွေအထိ အဖြူနဲ့ အဝါရောင် ပန်းပွင့်တွေကို သူ အဆုပ်လိုက် အခိုင်လိုက် ရေးခြယ်တယ်။ ယောင်ဟေး ကျောပေါ်က ပန်းတွေဟာ ညပန်းဆိုရင် ခု လင်းထင်းနေတဲ့ပန်းတွေက နေ့ပန်း ပေါ့။ ဗိုက်သားလေးပေါ်မှာ လိမ္မော်ရောင် လီလီပန်းတွေ တနင့်တပိုး ဆွဲလိုက် တယ်။ ရွှေရောင်ရိုးတံတွေက ပေါင်တံစင်းစင်းတွေဆီ ဆင်းလို့ပေါ့။

ကြက်သီးထလောက်တဲ့ စွမ်းအင်တစ်ခု သူ့ခန္ဓာကိုယ် အတွင်းတစ်နေရာ ကနေ စုတ်တံဆီ ဒလဟော စီးဆင်းနေခဲ့တယ်။ မရပ်တမ်း မနားတမ်း သူ ရေးဆွဲချင်စိတ်တွေ ဖြစ်နေတယ်။ တန်စတင် မီးလုံးက အလင်းစူးစူးကို လည်ပင်း ထိပဲ ချိန်ထားလို့ ယောင်ဟေး မျက်နှာဟာ မှောင်ထဲမှာ မြုပ်နေတယ်။ ယောင်ဟေး အိပ်များ ပျော်နေလားလို့ ထင်မိသေးပေမဲ့ စုတ်တံထိပ်ဖျားနဲ့ အရေပြား ထိလိုက်တိုင်း ဆတ်ခနဲ ဆတ်ခနဲ တွန့်တွန့်သွားလို့ မအိပ်ဘူးဆိုတာ သူ သိတယ်။

ဒီလိုကိစ္စတွေကို မျက်ခုံးတစ်ချက်မတွန့်ပဲ အေးအေးဆေးဆေး လက်ခံ ခဲ့တဲ့ ယောင်ဟေး၊ အင်း... ကြောက်စရာတောင် ကောင်းတယ်။ ယောင်ဟေး ဟာ ဘာလဲ။ လူလား၊ တိရိစ္ဆာန်လား၊ သစ်ပင်လား၊ နာနာဘာဝလား အဲဒါတွေ အားလုံးစုပေါင်းထားတဲ့ သတ္တဝါ တစ်မျိုးမျိုးလား။

တစ်ကိုယ်လုံး ပန်းတွေနဲ့ဝေနေတဲ့ ယောင်ဟေးကို ကြည့်ရင်း ဗွီဒီယို အနုပညာတစ်ခုကို ဖန်တီးနေတယ်ဆိုတဲ့စိတ်ဟာ သူ့ ခေါင်းထဲက လွင့်စဉ် ထွက်သွားတယ်။ ဒါပေမဲ့ နေအတော်စောင်းနေပြီ။ ဒါကြောင့် အတွေးတွေကို ယတျာဘူတကျအောင် စိတ်ထဲ စီစဉ်ရင်း မတ်တတ်ရပ်လိုက်တယ်။

"ကဲ ဘေးတစောင်းလေး လှဲပါဦး"

တကယ်ပါပဲ... ယောင်ဟေးဟာ တစ်ကိုယ်ရေပဲကြားနိုင်တဲ့ ဂီတ စည်းချက်နဲ့အညီ လှုပ်ရှားသလို လက်လေးတွေ ခြေထောက်လေး တွေကို ကွေးလိုက်ပြီး ခန္ဓာကိုယ်လေးကို လှိမ့်လိုက်တယ်။ တင်သား ကောက်ကြောင်း တွေကနေစပြီး သူ ဗွီဒီယို ရိုက်တယ်။ ကျောပြင်က ညပန်းတွေ၊ ရင်ဘတ်က နေ့ပန်းတွေ၊ ပြီးတော့ ကျနေရိပ်မှာ ထင်းနေတဲ့ အပြာရောင် မွန်ဂိုးလီးယန်း အမှတ်ကို ရှားပါးတန်ဖိုးကြီး ရတနာတစ်ပါးလို သူ မှတ်တမ်းတင်တယ်။ မလုပ်ဖို့

စိတ်ကို အတန်တန် ဆုံးမချုပ်တီးနေတဲ့ကြားက ဘယ်လိုမှ မနေနိုင်ဘဲ ယောင်ဟေး မျက်နှာလေး ကို အနီးကပ် ရိုက်မိတယ်။ ဖျော့တော့တော့ နှုတ်ခမ်း လေးတွေ ၊ ထောင်ထွက်နေတဲ့ ညှပ်ရိုးတွေ၊ ဆံနွယ်တွေဝဲကျနေတဲ့ နဖူးလေးနဲ့ ၊ ဗလာနတ္ထိ မျက်ဝန်းအစုံ။

※

ပစ္စည်းတွေကားထဲထည့်နေတုန်း ယောင်ဟေးက တံခါးဝမှာ လက်ကလေးပိုက်ရင်း ရပ်စောင့်နေတယ်။ စတူဒီယိုသော့ကို အမ်ပြောခဲ့တဲ့ အတိုင်း အခန်းရှေ့က တောင်တက်ဖိနပ်ထဲ ထည့်ထားလိုက်တယ်။

"ကဲ ပြီးပြီ သွားကြစို့"

ယောင်ဟေးဟာ အပေါ်က သူ့ဆွယ်တာ ထပ်ဝတ်ထားတာတောင် ဆတ်ဆတ်ခါအောင် တုန်နေရှာတယ်။

"နင့်အခန်းမှာ တစ်ခုခုစားကြမလား ဒါမှမဟုတ် အပြင်မှာပဲ တစ်နေရာရာမှာ စားလိုက်မလား"

"ကြိုက်သလိုလုပ်"

ယောင်ဟေးက ရင်ဘတ်ကို လက်နဲ့ပွတ်ပြပြီး...

"ရေချိုးလိုက်ရင် ဒါတွေ ပျောက်သွားမှာလား"

လို့ မေးလိုက်တယ်။ ဒီတစ်ခွန်းပဲ စပ်စပ်စုစု မေးတာပါ ။

"အင်း... တစ်ခါချိုးရုံနဲ့တော့ အကုန်မပြောင်ဘူး၊ လေးငါး ခြောက်ခါလောက် ချိုးပြီးမှ..."

ယောင်ဟေးက သူ့စကားကို ဖြတ်ပြောလိုက်တယ်။

"ဟုတ်ဘူး။ ကျမက မပျောက်ချင်တာ။ ဒီတိုင်း ရှိနေစေချင်တာ"

သူ အံ့ဩတကြီး ယောင်ဟေးကို ကြည့်လိုက်မိတယ်။ ဒါပေမဲ့ ယောင်ဟေးမျက်နှာပေး ဘယ်လိုရှိရှိ အမှောင်ထုက ကွယ်ထားခဲ့ပြီ။

※

တစ်ခုခုစားဖို့အတွက် သူတို့အတော်လေး ကြိုးစားပမ်းစား ရှာလိုက်ရတယ်။ ယောင်ဟေးက ဘာအသားမှ မစားတဲ့အတွက် ဗုဒ္ဓဘာသာအစားအစာ ဆိုပြီး ကြော်ငြာရောင်းနေတဲ့ ဆိုင်တစ်ဆိုင်ကို ရွေးလိုက်ကြတယ်။ အစား အသောက် မှာလိုက်ကြတယ်။ သပ်သပ်ရပ်ရပ် အစီအစဉ်တကျ အရံဟင်းပွဲ အမျိုး နှစ်ဆယ်လောက် လာချတယ်။ ကျောက်အိုးနဲ့ ထည့်ချက်ထားတဲ့ သီးစုံ ဂျင်ဆင်း ထမင်းနဲ့အတူပေါ့။ ယောင်ဟေးစားနေတာကို ကြည့်ရင်း ဝတ်လစ် စလစ် ယောင်ဟေးနဲ့ လေးနာရီလောက် တူတူရှိနေခဲ့ပေမဲ့ ဘာမှမဖြစ်ခဲ့တာကို စဉ်းစားနေမိတယ်။ ယောင်ဟေးကို နှိုးဆွ ချော့မြူဖို့ သူ အစီအစဉ်မှ မချထား ခဲ့တာ။ အဝတ်မဲ့ယောင်ဟေးကို ပန်းပွင့်ခန္ဓာဖန်တီးပြီး ဗွီဒီယိုပဲရိုက်ခဲ့တာလေ။ ဒါပေမဲ့ ဒီတစ်လျှောက်လုံး ယောင်ဟေးဟာ နည်းနည်းလေးမှတောင် ဘာဆန္ဒမှ ဖြစ်မလာဘူးဆိုတာ အံ့ဩစရာပဲ။

ခုတော့ သူ့ရှေ့မျက်နှာချင်းဆိုင်မှာ သူ့ဆွယ်တာကိုဝတ်ပြီး ပလုပ် ပလောင်းနဲ့ ထမင်းစားနေပြီ။ အင်း ဒီနေ့လည်ခင်းကတော့ လွန်ခဲ့တဲ့နှစ်တွေ အတွင်း မပြတ်တမ်းရှိနေခဲ့တဲ့ ရှုံးလောက်တဲ့ဆန္ဒတွေကို အရည်ဖျော်ပစ်လိုက်တာ ပဲလေ။ ကောင်းတယ်၊ ခုတော့ ပြီးသွားပြီ။ ယောင်ဟေးကို သူ ဒီနေ့လုပ်ခဲ့တာကို မြင်ကြရင် ဒီစားသောက်ဆိုင် ထဲကလူတွေ အကုန်လန့်ဖြန့်ပြီး အော်ပြေးကြမယ် ထင်တယ်။ သူ

ထမင်းကို ပါးစပ်ထဲ အပြည့်သွပ်လိုက်တယ်။

"ဒါနဲ့ နေပါဦး၊ နင်ဘာလို့ အသားမစားတာလဲ။ ငါ အမြဲသိချင်နေ ပေမယ့် မမေးဖြစ်တာ"

ယောင်ဟေးက တူကိုချပြီး သူ့ကို ကြည့်လိုက်တယ်။

"ကဲလေ သိပ်ခက်ခဲနေလည်း ဖြေစရာမလိုပါဘူး"

ဟော.. ဖြစ်နေကြအတိုင်း ယောင်ဟေးနဲ့ သူ ကာမဆက်ဆံနေတဲ့ ပုံရိပ်တွေ ခေါင်းထဲ တရိပ်ရိပ်ပေါ်လာပြန်လို့ မနိုင်ရင်ကာ ထိန်းချုပ် နှိပ်ကွပ်နေရပြန်ပြီ။

"အဲလိုမဟုတ်ပါဘူး"

ယောင်ဟေးက တည်တည်ငြိမ်ငြိမ်ပဲ ဖြေတယ်။

"မခက်ခဲပါဘူး... ဒါပေမဲ့ ရှင်နားလည်မယ် မထင်ဘူး"

ပဲတွေကို တူနဲ့ ညှပ်စားရင်း ယောင်ဟေးက ဆက်ပြောတယ်။

"အဲဒါ ကျွန်မ မက်ခဲ့တဲ့ အိပ်မက်တစ်ခုကြောင့်ဖြစ်တာ"

"ဘာရယ်"

"ကျမ အိပ်မက်တစ်ခုမက်တယ်၊ ဒါကြောင့် အသားမစားတော့တာ"

"အင် ဘယ်လို အိပ်မက်မျိုးလဲ"

"မျက်နှာတစ်ခုကို အိပ်မက်မက်တာ"

"မျက်နှာတစ်ခု ဟုတ်လား"

သူ ကြောင်တက်တက်ဖြစ်နေတာကိုကြည့်ပြီး ယောင်ဟေးက ကျိတ်ရယ်တယ်။ ကြေကြေကွဲကွဲ ဆွေးဆွေးမြည့်မြည့် ရယ်တာပါ။

"ကျွန်မပြောသားပဲ ရှင်နားလည်မှာမဟုတ်ပါဘူးဆို"

သူ ဆက်တော့မေးချင်သား၊ မမေးဖြစ်ပါဘူး။ ဒါဆို နင် နေရောင် အောက် ကိုယ်တုံးလုံးနဲ့ထိုင်ပြီး နေရောင်ကနေ အစာချက်လုပ်နိုင်တဲ့ သတ္တဝါလို လုပ်နေတာကရော အိပ်မက်ကြောင့်ပဲ လားလို့ပေါ့။

※

ယောင်ဟေးတိုက်ရှေ့မှာ ကားပါကင်ထိုးလိုက်တယ်။ ကားထဲက ထွက်လိုက်ကြတယ်။

"ဒီနေ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်"

ယောင်ဟေးက တုံ့ပြန်ပြုံးပြတယ်။

ယောင်ဟေးပြုံးတာက တည်တည်ငြိမ်ငြိမ် ချင့်ချင့်ချိန်ချိန်ပဲ။ မိန်းမပြုံးတာနဲ့တောင် တူသေးတယ်။ ခုလိုကျတော့ ယောင်ဟေးဟာ တကယ့်သာမန် မိန်းမတစ်ယောက်လိုပါပဲ။ အင်းလေ... ယောင်ဟေးက ပုံမှန်ပဲ။ တကယ်က ငါပဲ စောက်ရူးထနေတာလို့ သူတွေးနေတယ်။

ယောင်ဟေးက တိုက်ထဲဝင်သွားတယ်။ ဂွတ်ဘိုင်တွေဘာတွေ လုပ်မသွားဘူး။ ယောင်ဟေးအခန်း မီးလင်းလာမလားလို့ သူ ရပ်ကြည့်နေ မိတယ်။ မလင်းဘူး။ သူ ကားထဲပြန်ဝင်ပြီး မောင်းထွက်လာလိုက်တယ်။ အမှောင်ခန်းထဲမှာ တစ်ကိုယ်လုံး ပန်းတွေနဲ့ ဝတ်လစ်စလစ် ယောင်ဟေးကို သူ့စိတ်မျက်စိထဲမှာ မြင်နေတယ်။ အကြာကြီး အနီးကပ်နေခွင့်ရပေမဲ့ စုတ်တံ ထိပ်ဖျားလေးနဲ့ပဲ ထိခွင့်ရခဲ့တဲ့ ခန္ဓာကိုယ်လေးရယ်။

ကြေကွဲသလို ဝမ်းနည်းသလို စိတ်က တားမနိုင်ဆီးမရ။

※

အခန်း ၇၀၉ ရဲ့ လူခေါ်ခေါင်းလောင်းကို သူနှိပ်လိုက်တော့ ည ကိုးနာရီ မိနစ်နှစ်ဆယ်တိတိ။ အခန်းရှင်မိန်းမက တံခါးလာဖွင့်ရင်း လေသံ အက်အက်နဲ့ ပြောတယ်။

"ဂျီဝူးက သူ့အမေကိုပဲ တစ်မေးတည်းမေးနေတာ။ ခုနကမှ အိပ်ပျော်သွားတာ"

သွားအထိန်းတွေ တပ်ထားတဲ့ နှစ်တန်းသုံးတန်း အရွယ် ကလေးမလေး တစ်ယောက်က ဂျီဝူးရဲ့ ပလတ်စတစ် ထရပ်ကားလေးကို ယူလာပေးတယ်။ သူတို့ကို ကျေးဇူးတင်စကားပြောရင်း ကားလေးကို ကျောပိုးအိပ်ထဲထည့်၊ အိပ်ပျော်နေတဲ့သားကို မနိုးအောင် ချီရင်း သူ့အခန်း ၇၁၀ ရဲ့ တံခါးကို သတိနဲ့ ဖွင့်တယ်။ ကလေးအိပ်ခန်း ဆီသွားရတဲ့လမ်းက ရှည်လျားလွန်းနေ သလိုပဲ။ ဂျီဝူးကလည်း နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသေးတာ မဟုတ်တော့ ခုတင်ပေါ် တင်လိုက်တယ်ဆိုရင်ပဲ အိအွဲ နဲ့ အသံထွက်လာပြီး လက်မကို တပြွတ်ပြွတ် စုတ်သံ ထွက်လာတယ်။ မှောင်မည်းနေတဲ့အိပ်ခန်းထဲက တစ်ခု တည်းသော အသံပေါ့။

ဧည့်ခန်းထဲဝင်တယ်။ မီးဖွင့်တယ်။ ရှေ့တံခါး လော့ခ်ချတယ်။ ဆိုဖာပေါ် ထိုင်တယ်။ အတွေးတွေထဲ သူ ခဏနစ်သွားတယ်။ နောက်တော့ ထရပ်တယ်။ တံခါးဖွင့်တယ်။ အပြင်ထွက်တယ်။ ဓာတ်လှေကားနဲ့ အောက်ဆင်းတယ်။ ပါကင်ထိုးထားပြီးတဲ့ ကားထဲဝင်တယ်။ ကျောပိုးအိတ်ထဲက ၆ မီလီမီတာ တိတ်နှစ်ခွေရယ်၊ ပုံကြမ်းစာအုပ်ရယ်ကို ထုတ်ပြီး အလုပ်ရှုပ်နေချိန်မှာ ဖုန်းက မြည်လာတယ်။

"ဂျီဝူးရော"

သူ့မိန်းမ အသံ။

"အိပ်သွားပြီ"

"ညစာရော စားရဲ့လား"

“အင်း စားပြီးလောက်ပါပြီ၊ ရောက်တော့ သူ အိပ်ပျော်နေပြီ”

“အိုကေလေ၊ ဆယ့်တစ်နာရီလောက် ပြန်ရောက်မယ်”

"အင်း... ဂျီဝူးက အိပ်မောကျနေပြီ။ ငါ ငါ”

“ဘာဖြစ်လဲ”

“စတူဒီယိုကို ခဏပြန်သွားရမယ် ထင်တယ်၊ လက်စမသတ်ရသေးတဲ့... အလုပ်ရှိလို့”

မိန်းမဆီက အသံမကြားရ။

“ဂျီဝူးက မနိုးပါဘူး။ အရမ်းအိပ်ပျော်နေပြီ။ မနက်ထိ တောက်လျှောက်အိပ်မှာပဲ”

ဘာမှ ပြန် ပြန်မပြော။

※

“နားထောင်နေသေးလား”

အသံမထွက်...။

“အချစ်ရေ...”

ဟောဗျာ၊ မိန်းမ ငိုနေတယ်ထင်တယ်။ သူ အတော် အံ့သြသွားတယ်။ ဆိုင်မှာ ဘယ်သူမှ မရှိကြဘူးလား။ မိန်းမဟာ လူရှေ့သူရှေ့ ငိုတတ်တဲ့ အစားထဲက မဟုတ်ဘူး။ ငိုထားလို့မို့နေတဲ့ မျက်လုံးတွေကို လူတွေ့မှာ သိပ်ကြောက်တတ်တာ။

မိန်းမဟာ သူ့ကိုယ်သူထိန်းနေပုံပဲ။ ခဏနေတော့ သူ တစ်ခါမှ မကြားဘူးတဲ့ လေသံမျိုးနဲ့ ပြန်ပြောတယ်။

“ကဲ ဒီလောက်သွားချင်နေလည်း သွားပါ၊ ကျွန်မ ခု ဆိုင်ပိတ်ပြီး အိမ်ပြန်လာတော့မယ်”

ဖုန်းချသွားပြီ။ ပုံမှန်အားဖြင့် ဘယ်လောက်ပဲအလုပ်ရှုပ်ရှုပ် အရင်ဆုံး ဖုန်းချပစ်လေ့မရှိတဲ့ မိန်းမ။ ခု ဘယ်လိုများဖြစ်တာတုန်း။ သူ စိတ်ရှုပ်သွားတယ်။ ဝေခွဲမရ ဖြစ်သွားတယ်။ အပြစ်ရှိသလို ခံစားလိုက်ရတယ်။ ဖုန်းကို လက်ထဲ ဆုပ်ထားပြီး ဘာလုပ်ရမှန်းမသိ ကားထဲမှာ ငူငူကြီးထိုင်နေမိတယ်။ အခန်းပြန်ပြီး မိန်းမကို စောင့်နေရကောင်းမလား။ နောက်တော့ ဆုံးဖြတ်ချက်ချလိုက်ပြီး ကားစက်နှိုး လိုက်တယ်။ ခုချိန် ကားရှင်းနေပြီမို့ မိန်းမအိမ်ပြန်ရောက်ဖို့ မိနစ်နှစ်ဆယ်လောက်ပဲ ကြာမယ်။ ကလေးက ဒီအချိန်လောက်နဲ့ ဘာမှဖြစ်မှာ မဟုတ်ပါဘူး။ နောက်တစ်ခုက သူ လင်းလင်းထင်းထင်း ဧည့်ခန်းထဲက ထိုင်စောင့်ပြီး မိန်းမမျက်နှာကို စေ့စေ့မကြည့်ရဲဘူး။ အမှောင်ခန်းထဲမှာသာ ရင်ဆိုင်ဝံ့တာ။

စတူဒီယိုရောက်တော့ ဂျေတစ်ယောက်တည်းရှိနေတာ တွေ့ရတယ်။

“နောက်ကျလှပါလား၊ ကျွန်တော်တောင် ခုပြန်တော့မလို့”

အင်း... သူ အလုပ်လုပ်နေတာကို ဂျေ မနှောက်ယှက်ပါစေနဲ့။ စတူဒီယိုက လေးယောက် စုနေရတာ၊ အားလုံးက ညဇီးကွက်လို ကောင်တွေချည်းပဲဆိုတော့ ညလုံးပေါက် အနှောက်အယှက်မရှိ အလုပ်လုပ်နိုင်ဖို့ အခွင့် အရေးက ရခဲဘိခြင်း။

သူ ကွန်ပျူတာ ထုတ်နေတုန်း ဂျေက အပေါ်ဝတ်ကုတ်ကြီး ဝတ်ပြီး ပြန်ဖို့ပစ္စည်းတွေ သိမ်းနေပြီ။ သူ့လက်ထဲက တိတ်နှစ်ခွေကို တွေ့တော့ ဂျေဟာ အံ့သြသွားပုံပဲ။

“ခင်ဗျား တစ်ခုခုတော့ ရိုက်လာခဲ့ပြီ”

“အင်း ဟုတ်တယ်”

ဂျေက ဘာရယ်မဟုတ် ပြုံးလိုက်တယ်။

"ခင်ဗျားလုပ်လာတာကို ကြည့်တော့ကြည့်ချင်သားဗျ"

"အင်းပေါ့"

တမင်ဟန်လုပ် ဦးညွှတ်ပြီး တံခါးဖွင့် လက်တွေလွှဲရင်း ဂျေ အပြင်ဘက် ထွက်သွားတယ်။ ဂျေကိုကြည့်ရင်း သူ ရယ်လိုက်တယ်။ ရယ်သံ စဲသွားတော့ ဒီလို ဟက်ဟက်ပက်ပက် မရယ်ဖြစ်တာ ကြာလှပြီဆိုတာကို သူ သတိထားမိပြန်တယ်။

※

မာစတာတိတ်ကို ထုတ်၊ ကွန်ပျူတာပိတ်လိုက်တော့ မိုးလင်းလို့ နေတောင် အတော်မြင့်နေပြီ။

တိတ်တွေက သူထင်တာထက်ပိုပြီး ရုပ်ထွက်ကောင်းနေတယ်။ အလင်းရောင်ရယ် ယောင်ဟေး ရဲ့ကိုယ်ဟန်အမူအရာတွေရယ် ကာလံဒေသ ရယ်ဟာ ရင်သပ်ရှုမောဖွယ်ပဲ။ နောက်ခံဂီတသံထည့်မလား ခဏစဉ်းစားတယ် နောက်တော့ အငြိမ်ပဲထားလိုက်ဖို့ ဆုံးဖြတ်တယ်။ မြင်ကွင်းအားလုံးကို ပကတိလေဟာနယ်ထဲ ဖြစ်ပျက်နေသလိုပဲ လုပ်ချင်တယ်။ ယောင်ဟေးရဲ့ ညင်သာတဲ့ ကိုယ်ဟန်၊ ပန်းပွင့်တွေနဲ့ ဗလာခန္ဓာ၊ မွေးရာပါ မွန်ဂိုးလီးယန်း အမှတ်ပြာတွေဟာ တိတ်ဆိတ်မှု နောက်ခံနဲ့ သဟဇာတဖြစ်လွန်းတယ်။ ထာဝရ တည်မြဲနေမယ့် အရာတွေလိုပဲ။

သူ အရမ်းကို အားကြိုးမာန်တက် အလုပ်လုပ်တယ်။ စီးကရက် တစ်ဘူးလုံး ပြောင်တလင်းခါသွားအောင်သောက်ရင်း လုပ်တယ်။ နောက်ဆုံး အချောသတ်လက်ရာက လေးမိနစ်နဲ့ ငါးဆယ့်ငါးစက္ကန့် ကြာတယ်။ သူ့လက်တွေ၊ ယောင်ဟေးခန္ဓာကိုယ်ပေါ် ပန်းချီရေးနေတဲ့ သူ့လက်တွေနဲ့စပြီး မွန်ဂိုးလီးယန်းအမှတ်ပြာနဲ့ အဆုံးသတ်ထားတယ်။ ပြီးတော့ အရိပ်ကျနေတဲ့ ယောင်ဟေးမျက်နှာကို မှုန်ဝါးဝါးပြရင်း တဖြည်းဖြည်း မှိန်ဖျော့ပျောက်ကွယ်။

ညလုံးပေါက်အလုပ်လုပ်ပြီး ခံစားရတဲ့ ပန်းလျှမှုကို သူ မခံစားရတာကြာခဲ့ပြီ။ သူ့အရေပြားထဲ သဲတွေစိမ့်ဝင်နေသလို ခံစားမှုမျိုး။ မာစတာ တိတ်ပေါ် မှင်နက်နဲ့ ရေးလိုက်တယ်။

မွန်ဂိုးလီးယန်း အမှတ် (၁) ညပန်းများနှင့် နေ့ပန်းများ

အားလုံးပြီးသွားတော့ လက်တွေကို မျက်လုံးပေါ်အုပ်ရင်း သူအမိအရ မရိုက်ယူနိုင်ခဲ့တဲ့ ပုံရိပ်တွေကို ပြန်စဉ်းစားနေတယ်။ ဒါပေမဲ့ မွန်ဂိုးလီးယန်း အမှတ် (၂) ကို ဆက်လုပ်ဖို့ ဖြစ်နိုင်တာပဲလေ။

ပန်းပွင့်ခန္ဓာနဲ့ စုံတွဲတစ်တွဲ ဘာသံမှမကြားရတဲ့ ငြိမ်သက်ခြင်း ပကတိလွင်ပြင်မှာ ချစ်ပွဲဝင်နေတဲ့ ပုံရိပ်။ လေဟာနယ်ထဲမှာ သူတို့ခြေထောက်တွေ လက်တွေ လှုပ်ရှားနေကြ၊ ကြမ်းတမ်းမှုကနေ နူးညံ့ညင်သာမှုကို တဖြည်းဖြည်း ကူးပြောင်း၊ တိတ်ဆိတ်တဲ့ သန့်စင်တဲ့ ငြိမ်းချမ်းတဲ့ ချစ်ခြင်း။

မာစတာတိတ်ပေါ် လက်ချောင်းတွေ တရွရွပွေးရင်း ခေါင်းထဲမှာ ဒီအတွေးတွေ ဖန်တီးမှုအာရုံတွေ မပြတ်တမ်းဝင်နေတယ်။ တကယ်လို့သာ အဲလိုမြင်ကွင်းမျိုးကို သူ့ခယ်မနဲ့ ရိုက်မယ်ဆိုရင် မော်ဒယ်ယောကျ်ားလေးက ဘယ်နည်းနဲ့မှ သူ မဖြစ်နိုင်ဘူး။

ဗိုက်ပူပျော့တွဲတွဲ၊ ဖင်ရှုံ့၊ ပေါင်ပိန်နဲ့ သူ့ကိုယ်သူ သိပ်သိတာပေါ့။

ကားစက်နှိုးလိုက်တယ်။ အိမ်ပြန်ရမယ့်အစား ဆောင်နာ ချွေးထုတ်

ခန်းတစ်ခုကို သူ ဦးတည်တယ်။ ကောင်တာကပေးတဲ့ တီရှပ်ဖြူ ဘောင်းဘီတို တွေကို သူ လဲဝတ်တယ်။ မှန်ထဲမှာ သူ့ကိုယ်သူ ကြည့်တယ်။ သေချာပါတယ်။ ဘယ်နည်းနဲ့မှ သူ မဖြစ်နိုင်ပါဘူး။ ဒါဆို ဒီမြင်ကွင်းအတွက် ဘယ်သူ့ကို သုံးမလဲ။ ယောင်ဟေးနဲ့ ချစ်ပွဲဝင်ဖို့ ဘယ်သူ့ကို ရှာရမလဲ။ ဒါ အပြောကား ရိုက်နေတာ မဟုတ်ဘူး။ ဟန်လုပ်နေတာလည်း မဟုတ်ဘူး။ ဆိုလိုတာကတော့ တကယ့်ကို မိမိရရ ချစ်ပွဲဝင်ဖို့ အရေးကြီးတယ်။ ဘယ်သူက လုပ်မှာလဲ။ ဘယ်သူက လုပ်ဖို့ သဘောတူမှာလဲ။ ယောင်ဟေးကရော ဘယ်လို တုံ့ပြန်မှာလဲ။

ပြန်လမ်းမရှိတဲ့ နေရာတစ်ခုကို ရောက်သွားခဲ့ပြီဆိုတာ သူသိတယ်။ ဒါပေမဲ့ သူ မရပ်နိုင်တော့ဘူး။ ဟင့်အင်း... သူ မရပ်ချင်တော့တာ။

ဆောင်နာထဲမှာ အိပ်ပျော်အောင် သူ ကြိုးစားတယ်။ ကိုက်ခဲနေတဲ့ ခြေထောက်တွေကို ရေနွေးငွေ့နဲ့ ပေါင်းတာခံရင်း သူ့ကိုယ်သူ ချော့သိပ်တယ်။ ပူလှတဲ့ နွေညတစ်ခုကို ဖြတ်ကျော် နေရသလိုပဲ။ အဲဒီ အပူလှိုင်းတွေကြားမှာ သူ အာရုံပုံရိပ်တစ်ခုကို တွေ့လိုက်ချိန်မှာတော့ ပင်ပန်းနွမ်းလျပြီးသား ခန္ဓာ ကိုယ်ထဲက လက်ကျန်စွမ်းအင်တွေ စီးထွက်ကုန်သလို ခံစားလိုက်ရတယ်။

※

ခဏအိပ်ပျော်သွားပြီး နိုးနိုးချင်း သူ့အာရုံထဲရောက်လာတာက ယောင်ဟေးပဲ။

ယောင်ဟေးတစ်ကိုယ်လုံး ရေညှိစိမ်းရောင် သမ်းနေတယ်။ သူ့ရှေ့မှာ ဝတ်လစ်စလစ်မှောက်နေတဲ့ ယောင်ဟေးဟာ ခုမှ ကြွေကျလာတဲ့ သစ်ရွက် ကလေးလိုပဲ။ မွန်ဂိုးလီးယန်းအမှတ် က မရှိတော့ဘူး။ အဲဒီအစား ယောင်ဟေး တစ်ကိုယ်လုံး ရေညှိတွေ ဖုံးနေသလိုပဲ။

သူ ယောင်ဟေးကို ပက်လက်လှန်လိုက်တယ်။ မျက်နှာနေရာလောက် ကနေ စူးခနဲထွက်လာတဲ့ အလင်းရောင်ကြောင့် သူ့မျက်လုံးတွေ ကျိန်းသွားတယ်။ ရင်သား အထက်ပိုင်းကို သေချာမမြင်ရဘူး။ ယောင်ဟေးရဲ့ ခြေထောက်တွေကို သူ ပြန့်ကားသွားအောင် ချဲ့လိုက်တယ်။ အလွယ်တကူ အသာအယာ လုပ်နိုင်ပုံ ထောက်ရင် ယောင်ဟေး နိုးနေတာသေချာတယ်။ ယောင်ဟေးရဲ့ အတွင်းကို ဝင်သွားတဲ့အခါ သစ်ရွက်တွေကို ကြိတ်လိုက်လို့ထွက်လာတဲ့ အစိမ်းပျစ်ပျစ်အရည်မျိုးတွေ ယောင်ဟေး မိန်းမကိုယ်ကနေ ထွက်လာခဲ့တယ်။ မြက်ရိုင်းနံ့လို ချိုအီအီ စူးရှရှအနံ့က မွှန်လွန်းလို့ သူ့မှာအသက်ရှူ လို့တောင်မရ။ ဆန္ဒအထွဋ်အထိပ် ရောက်ပြီးလို့ ဆွဲထုတ်လိုက်ချိန်မှာတော့ ဖွားဖက်တော်တစ်ခု လုံး စိမ်းလွင်နေခဲ့တယ်။ ဗိုက်သားပြင်အောက်ကနေ ပေါင်အထိ အရေပြားပေါ် မှာ မည်းမည်းချွဲချွဲ အရည်တွေ အပြည့်ပဲ၊ သူ့ဆီကလား ယောင်ဟေးဆီကလား၊ တစ်ယောက်ယောက်ဆီကနေမှာပေါ့။

※

သူ ယောင်ဟေးဆီ ဖုန်းဆက်မိပြန်တယ်။ ထုံးစံအတိုင်း တိတ်ဆိတ် ခြင်းကို မျှော်လင့်ထားရင်းပေါ့။

“ခယ်မလေးရေ”

"အင်း..."

ဟယ် ဒီတစ်ခါတော့ အချိန်သိပ်မဆွဲဘဲ ပြန်ဖြေနေပါ့လား။ သူ့အသံ ကြားရလို့ ယောင်ဟေး ပျော်များသွားသလား၊ မသိပါဘူးလေ။

"မနေ့က ကောင်းကောင်းနားရရဲ့လား"

"အင်း"

"ဟိုလေ ငါ မေးစရာတစ်ခုရှိလို့"

"ပြောပါ"

"နင့်ကိုယ်က ပန်းတွေ ဖျက်လိုက်ပြီလား"

"ဟင့်အင်း"

သူ သက်ပြင်းရှည်ကြီး ချလိုက်မိတယ်။

"ဒါဆို မဖျက်နဲ့ဦး၊ မနက်ဖြန်ထိပေါ့၊ ဒီတိုင်းနေရင်းနဲ့ ပျောက်မသွားဘူးလေ။ ငါ နောက်တစ်ခါလောက် ထပ်ရိုက်ချင်သေးလို့"

ယောင်ဟေးဟာ ရယ်မျှားနေမလား။ မြင်ချင်လိုက်တာ။ ပြုံးစိစိလေး လုပ်နေမလား။

"ကျွန်မ အဲဒါတွေကို မဖျက်ချင်ဘူး"

ယောင်ဟေးအသံက တည်တည်ငြိမ်ငြိမ် ထွက်လာတယ်။

"ဒါကြောင့် ရေမချိုးဘူးလေ။ ဒီပန်းတွေက အိပ်မက်တွေကို တားနိုင်တယ်။ ပန်းတွေ မှိန်သွားရင်တောင် နောက်တစ်ခါ ထပ်ဆွဲပေးဖို့ပြောမလို့ ဆွဲပေးမယ် မဟုတ်လား"

ယောင်ဟေး ဘာကိုဆိုလိုတယ်ဆိုတာ သူ သေချာသဘောမပေါက်ပေမယ့် စိတ်လှုပ်ရှားလွန်းလို့ ဖုန်းကို ကြေမတတ် ဆုပ်ထားမိတယ်၊ ကောင်းတယ် .. သိပ်ကောင်းတယ်။ ဒါဆို သင်း သဘောတူတယ်ပေါ့။ သူ့စိတ်ထဲမှာဖြစ်နေတဲ့အရာ ကိုလည်း ယောင်ဟေး သဘောတူ ခွင့်ပြုလေမလား။

"အင်း အချိန်ရမယ်ဆို မနက်ဖြန်တစ်ခေါက် ထပ်လာပေးမလား။ ဆွန်ဘာဝီက စတူဒီယိုကိုပဲလေ"

"အိုကေ…"

"တခြားတစ်ယောက်လည်း လာလိမ့်မယ်။ ယောက်ျားတစ်ယောက်ပဲ …"

ယောင်ဟေးက ငြိမ်ပြီး နားထောင်နေတယ်။

"သူ့ကိုလည်း ဗလာကျင်းခိုင်းပြီး တစ်ကိုယ်လုံးကို ပန်းတွေနဲ့ခြယ် မယ်။ အိုကေတယ် မဟုတ်လား"

သူ စောင့်နေလိုက်တယ်။ ယောင်ဟေးရဲ့ တိတ်ဆိတ်ခြင်းတွေ ဟာ ခုတော့ သူ့ကို စိတ်မသက်မသာဖြစ်စေနိုင်စွမ်း သိပ်မရှိတော့ဘူး။ တိတ်တိတ်နေခြင်းဟာ သဘောတူလို့ဆိုတဲ့ ကောက်ချက်ကို သူ ချမိပြီ။

"အိုကေ"

ဖုန်းချလိုက်တယ်။ လက်က ဇောချွေးတွေ စိုစို့ရွဲလို့ပဲ။ ညှော်ခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိတယ်။

မိန်းမဆီ ဖုန်းခေါ်တယ်။ မခေါ်ချင်ပေမဲ့ ခေါ်ရမှာပဲ။

"ရှင်ဘယ်မှာလဲ"

မိန်းမအသံက တစ်မျိုးပဲ၊ အေးစက်စက်ဖြစ်နေတာတော့လည်း မဟုတ်ပြန်ဘူး။

"အိမ်မှာလေ"

"ရှင့်အလုပ်က ဘယ်လိုလဲ"

"လုပ်တုန်းပဲ မနက်ဖြန်ညထိ အလုပ်ရှုပ်နေဦးမှာပဲ"

"အင်း ⍰ ⍰ ⍰ အင်း၊ အရမ်းမလုပ်ပါနဲ့ ဖြည်းဖြည်းလုပ်ပါ"

ဖုန်းချလိုက်ပြန်တယ်။ တကယ်ဆို တခြားမိန်းမတွေလို အော်ပါ့လား၊ ဟစ်ပါ့လား၊ ဒေါထပြီး ကုတ်ဖွဲ့သောင်းကျန်းပါ့လား။ မိန်းမဟာ အလွယ်တကူပဲ အလျှော့ပေးလွန်းတယ်။ အဲလို အလျှော့ပေးတာက သူ့လည်ပျိုကို ညှစ်နေသလိုပဲ။ မိန်းမက အဲလိုလုပ်လေ သူက ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တတ်တဲ့ အတ္တသမား ဖြစ်လေပဲ။ ကဲ.. ထားပါတော့ကွာ။

မလုံမလဲဖြစ်တာတွေ၊ နောင်တတွေ၊ မရေရာမှုတွေ ရောယှက်နေတဲ့ ခံစားမှုကြီး ကျော်လွန်သွားချိန်မှာ သူ့အစီအစဉ် နောက်တစ်ဆင့်ကို ခရီးဆက်တယ်။ သူ ဂျေကို ဖုန်းခေါ်တယ်။

"ဂျေ... ညနေ တစ်ချက်လောက် လှည့်ခဲ့ပါလား"

"အမယ်လေး ညက တစ်ညလုံး အဲဒီမှာအလုပ်လုပ်ထားတာ ကျွန်တော် ဒီနေ့ နားမလားလို့"

"အို တကယ်လား အကူအညီလေး တောင်းစရာရှိလို့ပါ"

"ဘာများလဲ"

"မနက်ဖြန်အားမလား။ မနက်ဖြန်ညနေကို ရိုက်ကူးရေးလေး နည်းနည်းလုပ်ချင်တယ်"

အမ်ရဲ့ စတူဒီယိုလိပ်စာ ဂျေကို သူ ပြောပြနေတယ်။ မနက်ဖြန် ညနေပိုင်း အချိန်နည်းနည်းပေးရင် ရပါပြီလို့ ပြောမယ်ကြံပြီးမှ သူ စိတ်ပြောင်း သွားတယ်။

"မနေ့က ရိုက်ထားတာတွေ ကြည့်ချင်တယ်ဆို"

"အင်းလေ"

"ဒါဆို ခု စတူဒီယိုကို လာမယ်"

သူ ပြောပြီး ဖုန်းချလိုက်တယ်။

※

ဂျေက စောစောပဲ ပေါက်ချလာတယ်။ စောင့်ရတာတောင် စိတ်မရှည်နိုင်အောင် ဖြစ်နေပုံပဲ။

"ကဲ လုပ်ဗျု ကျုပ်တော့ တုန်တုန်ယင်ယင်တောင် ဖြစ်နေပြီ"

သူ ဂျေကို ကော်ဖီဖျော်ပေးရင်း တမင်တကာ အချိန်ဆွဲနေတယ်။ သူတို့နှစ်ယောက်ဟာ ခု ဘုန်းကြီးရှူးနဲ့ လေ့လူးလိုပဲ သိပ်လိုက်ဖက်တာ၊ ကောင်းတယ်။

မနေ့နေ့လယ်တုန်းက သူ့အခွေ ဂျေကို ပြပြီးကတည်းက ကောင်လေး က ဖျတ်ဖျတ်လူးနေခဲ့တာ။

"ဟား... ကျွန်တော်ဖြင့် ကိုယ့်မျက်လုံးကိုယ် မယုံနိုင်လောက်အောင် ပါပဲ။ ဒါဟာ မှော်ဆန်လွန်းတယ်။ ဒီလို အိုင်ဒီယာမျိုး ခင်ဗျား ဘယ်လိုများ ရလိုက်တာလဲဗျာ။ ခင်ဗျားဟာ သူလိုငါလိုပဲလို့ ကျွန်တော်ထင်ထားခဲ့တာ။ ဆောရီး ဆောရီး"

ဂျေမျက်လုံးတွေဟာ စိတ်လှုပ်ရှားမှု စိတ်အားထက်သန်မှုတွေနဲ့ တဖျတ်ဖျတ် လက်နေတယ်။ သူ တကယ် ရိုးရိုးသားသား ပြောနေတာလား။

"အရင်က ခင်ဗျားလက်ရာတွေနဲ့တော့ တခြားစီပဲဗျာ၊ ခင်ဗျားဟာ ခုန်ပျံကျော်လွှားပြီး ရုတ်တရက် အဆင့်အတန်း မြင့်သွားသလိုပဲ။ ဒီအရောင်တွေ

ဟာ ဟား.....”

လူငယ်ပီပီ ဂျေတစ်ယောက် အသည်းအသန်ဖြစ်နေတာကို သူ သိပေမဲ့ ယေဘုယျအားဖြင့်တော့ ဂျေပြောတာကို သူ သဘောတူပါတယ်။ အရင် ဖန်တီးမှုတွေမှာ သူဟာ အရောင်ကန်းနေတာ မဟုတ်ပေမဲ့ ခုတစ်ခေါက်ကတော့ သူ့ကိုယ်တွင်းက စွမ်းအင်တွေ ဖြာထွက်လာသလို အရောင်တွေဟာ မခံစား နိုင်လောက်အောင်ပါပဲ။ တကယ့်အလုပ်ပဲ။

“ငါ အမှောင်ကမ္ဘာထဲရောက်နေတာ ကြာခဲ့ပြီ”

ခုလိုမျိုး သူ တစ်ခါတလေ ပြောတတ်တယ်။ မှောင်မိုက် တိတ်ဆိတ်တဲ့ အရောင်ကန်းကမ္ဘာထဲ စုတ်စုတ်မှောင် ဒုတ်ဒုတ်ထိ ရောက်နေခဲ့တာလို့ ဆိုလိုတာ မျိုးပါ။ အဲဒီကမ္ဘာထဲမှာ ရနေခဲ့တဲ့ အေးချမ်းတိတ်ဆိတ်ငြိမ်းအေးခြင်းတွေ ခု သူ့ဆီက ပျောက်ဆုံးသွားခဲ့ပြီ။ ဒါပေမဲ့ ဒါကို ဆုံးရှုံးမှုလို့ သူမထင်ဘူး။ သူ့ အင်အားတွေအားလုံးကို ခုပစ္စုပ္ပန်အခြေအနေမှာဖြစ်ပေါ်နေတဲ့ ရင်ခုန် စိတ်လှုပ်ရှားမှုတွေနဲ့ အသားကျဖို့ မနိုင်ရင်ကာ ကြိုးစားနေရတယ်လေ။

ဂျေရဲ့ အလွန်အကျူး မြှောက်ပင့်ချီးကျူးမှုကြောင့် မျက်နှာတွေ ရဲတက်သွားတာကို သူ မထိန်းသိမ်းနိုင်ဘူး။ ရုတ်တရက် ပြောစရာ စကားလုံး တောင် ရှာမတွေ့ဘူးဖြစ်နေတယ်။ ဒါပေမဲ့ ပုံကြမ်းစာအုပ် ကိုပြပြီး မော်ဒယ်လ် လုပ်ပေးနိုင်မလား မေးတဲ့အခါမှာတော့ ဂျေတစ်ယောက် စိတ်ရှုပ်သွားပုံပဲ။

“ဘာလို့လဲ၊ ဒီလောက် မော်ဒယ်လ်တွေပေါတာကို။ ပြဇာတ်သရုပ် ဆောင်တွေ ငှားချင်လည်း အများကြီးကို...”

“မင်း ကိုယ်လုံး ကိုယ်ပေါက် ကမှ အနေတော်ပဲကွ။ ကြွက်သားတွေနဲ့ ဖုထစ်နေရင် မဖြစ်ဘူး။ မင်းနဲ့မှဖြစ်မှာ”

“ဟင် အဲဒီ မိန်းမလိုမျိုး နေရမှာလား မဖြစ်ဘူးထင်တယ်။ ကျွန်တော် မလုပ်နိုင်ဘူး”

“ဘယ်သူမှမသိပါဘူး။ မင်းမျက်နှာကို ပေါ်အောင် မရိုက်ဘူးလေ။ ဒီအမျိုးသမီးနဲ့ မင်း မတွေ့ချင်ဘူးလား။ ဒီအလုပ်မှာ အစိတ်အပိုင်း တစ်ခုအနေနဲ့ မင်းမပါချင်ဘူးလား”

တစ်ညလောက် စဉ်းစားပြီးတဲ့အခါ နောက်တစ်နေ့မနက်မှာ ဂျေက သဘောတူကြောင်း ဖုန်းလှမ်းဆက်တယ်။ သူ ဘယ်အတိုင်းအတာထိ လိုချင်တယ်ဆိုတာကို ဒီကောင်လေး ဘယ်သိပါ့မလဲ။ တကယ်တော့ ယောင်ဟေးနဲ့ ဂျေနဲ့ တကယ် လိင်ဆက်ဆံဖြစ်တဲ့ထိ သူက ရိုက်ချင်တာ။

“သူ နောက်ကျတယ်နော်”

ဂျေက ပြတင်းပေါက်ကို မကြာမကြာ ချောင်းရင်း တုန်တုန်ခိုက်ခိုက် ပြောနေရှာတယ်။ သူကိုယ်တိုင်လည်း စိတ်မရှည်ချင်ဘူး ဖြစ်နေတယ်။ စတူဒီယိုကို သူ့ဘာသာလာခဲ့မယ်လို့ ယောင်ဟေးက အာမခံတဲ့အတွက် မြေအောက်ဘူတာမှာ သွားမစောင့်တော့ဘဲ ဒီကပဲ စောင့်နေခဲ့တာ။

“ငါ ဘူတာဘက် ဆင်းကြည့်ဦးမှထင်တယ်"

ဆွယ်တာကောက်ဝတ်ပြီး ထရပ်လိုက်တုန်း မှန်တံခါးကို ခေါက်သံ ကြားလိုက်ရတယ်။

“ဟော လာပြီထင်တယ်”

ဂျေက ကော်ဖီခွက်ကို ချလိုက်တယ်။ ယောင်ဟေးဟာ ဆွယ်တာအနက်

ပွပွကြီး ဝတ်လာတယ်။ ဂျင်းဘောင်းဘီကတော့ ဟိုနေ့ကဟာပဲ။ အင်မတန်နက်တဲ့ သူ့ဆံပင်တွေဟာ စိုနေတုန်းပဲဆိုတော့ သူ ခေါင်းလျှော်လာတယ်ထင်တယ်။ ယောင်ဟေးက ပထမဆုံး သူ့ကို စိုက်ကြည့်တယ်။ ပြီးတော့ ဂျေကိုကြည့်တယ်။ ပြီးတော့ ဟက်ခနဲ တစ်ချက်ရယ်လိုက်တယ်။

"ပန်းတွေကို ရေမထိအောင် အရမ်းသတိထားရတာ"

ဆံပင်တွေကို ကိုင်ရင်း ယောင်ဟေးက ပြောနေတယ်။ ဂျေက စိတ်သက်သာရာရသလို ပုံမျိုးနဲ့ ပြုံးနေတယ်။ ယောင်ဟေးကို သူ ဒီလို ပေါ့ပေါ့ပါးပါးပုံမျိုး မျှော်လင့်မထားဘူး ထင်တယ်။

"ကဲ အဝတ်တွေချွတ်တော့"

ဂျေ မျက်လုံးပြူးသွားတယ်။

"ဟင် ကျွန်တော်လား"

"အင်း... သူ့ကိုယ်ပေါ်မှာ ရေးထားပြီးပြီ။ ခု မင်းကိုယ်ပေါ်မှာ ရေးရမှာ"

ဂျေက ကြောက်ကြောက်လန့်လန့်နဲ့ ဟီးခနဲ ရယ်ချလိုက်ပြီး တစ်ဖက် လှည့် အဝတ်ချွတ်ရရှာတယ်။

"ဘောင်းဘီပါချွတ်"

ချီတုံချတုံလုပ်နေပြီး နောက်ဆုံးတော့ သူပြောတဲ့အတိုင်း ချွတ်တယ်။ ဂျေခန္ဓာကိုယ်ဟာ သူထင်ထားတာထက် ပိုပြီး သေးသွယ်တယ်။ ဗိုက်အောက်ခြေကနေ ဆီးခုံထိ မည်းနက်နေတဲ့ အမွေးတွေကလွဲရင် တစ်ကိုယ် လုံး ဖွေးဆွတ် ချောမွတ်နေတာပဲ။

ယောင်ဟေးကို လုပ်ခဲ့တဲ့အတိုင်း အရင်ဆုံး မှောက်ခိုင်းလိုက်ပြီး လည်ဂုတ်ကစလို့ ပန်းတွေ စရေးတယ်။ မြန်နိုင်သမျှ မြန်အောင်ရေးတယ်။ ခရမ်းပြာပန်းတွေကို ဘရပ်ရှ်နဲ့ ရေးတယ်။ ဂျေကျောပြင်တစ်ခုလုံးကို လေပြင်း မွှေ့သလို အပြင်းအထန် ရေးနေတယ်။

"ကဲ ပက်လက်လှန်"

ဂျေရဲ့ ငယ်ပါကို ဗဟိုချက်ထားပြီး သွေးရောင်ရဲနေတဲ့ ရောမ တစ်ပွင့်စံပန်းကြီးတစ်ခုပုံ ရေးလိုက်တယ်။ ဂျေဆီးခုံမွေး မည်းမည်းတွေက အမြစ်တွေ ဂျေငယ်ပါက ပင်စည်ပေါ့လေ။ ယောင်ဟေးက ဆိုဖာပေါ်ထိုင် လက်ဖက်ရည်သောက်ရင်း သူလုပ်တာကို စိတ်ဝင်တစားကြည့်နေတယ်။ ရေးပြီး သွားတော့ ဂျေရဲ့ငယ်ပါဟာ တောင့်တင်းလာသလိုပဲ။

ဗိုက်သားနဲ့ နံစောင်းတွေဟာ ပန်းတွေ အပြည့်ရေးပြီးချိန်မှာ သူဟာ အသက်ကို အမောတကောရှူ ထရပ်ရင်း ကင်မရာထဲ တိတ်အသစ် ထည့်လိုက်တယ်။ ယောင်ဟေးဘက်လှည့်ပြီး အဝတ်တွေချွတ်ဖို့ ပြောလိုက်တယ်။

ယောင်ဟေးက သူပြောတာနဲ့ ချွတ်ချလိုက်တယ်။ အလင်းရောင်က ဟိုတစ်ခါကလောက် အားမကောင်းဘူး။ ဒါပေမဲ့ ယောင်ဟေး ရင်ဘတ် အလည်တည့်တည့်က ရွှေရောင်ပန်းခိုင်ကြီးဟာ တဖျတ်ဖျတ်လက်နေတုန်းပဲ။ ဂျေနဲ့ယှဉ်ကြည့်ရင် ယောင်ဟေးရဲ့ ပန်းတွေနဲ့ဝေနေတဲ့ ဝတ်လစ်စလစ်ခန္ဓာဟာ သဘာဝကျလွန်းတယ်။ လိုက်လျောညီထွေ ဖြစ်လွန်းတယ်။ ပိတ်ဖြူစပေါ် ယောင်ဟေး ဒူးထောက်ချလိုက်တဲ့အခါ ဂျေဟာ မျက်နှာ ဘယ်နားထားရမှန်း မသိတဲ့ပုံမျိုး ဖြစ်နေတယ်။

သူ ဘာမှမညွှန်ကြားရသေးခင် ယောင်ဟေးဟာ ဂျေနားကို တိုးတိုး

သွားတယ်။ သူလည်း ယောင်ဟေးရဲ့ကြေးမုံအလား ကမန်းကတန်း ဒူးထောက် ချလိုက်မိတယ်။ ယောင်ဟေးရဲ့ ငြိမ်သက်တိတ်ဆိတ်နေတဲ့မျက်နှာနဲ့ ဝင်းဝင်း တောက်နေတဲ့ ခန္ဓာဟာ ဆန့်ကျင်ဖက်နှစ်ခု ပေါင်းစပ်ထားသလို ထူးထူးဆန်းဆန်း လိုက်ဖက်ညီနေတယ်။

"ကဲ ခု ကျွန်တော်တို့ ဘာဆက်လုပ်ရမတုံး"

ဂျေက မျက်နှာကြီး ရဲတွတ်နေတယ်။ သူ့ကြည့်ရတာ ဦးဆောင်ရမှာ ကြောက်နေပုံပဲ။ သို့သော်လည်း သူ့ဖွားဖက်တော်ကတော့ မာန်ဖီနေပြီ။

"မင်း အပေါ်ကနေ သူ့ကို ထိုင်ခိုင်းလိုက်"

ယောင်ဟေးကို သူလို့ပဲ နာမ်စားသုံးတာအကောင်းဆုံးလို့ တွေးလိုက် မိတယ်။ ခု ကင်မရာနဲ့ သူတို့ကို အနီးကပ်ရိုက်တော့မယ်။

"သူ့အနားကပ်စမ်းပါ။ မင်း ဒါမျိုး တစ်ခါမှ မလုပ်ဖူးဘူးလား။ မင်းလုပ်နေတာက သရုပ်ဆောင်နေတာဟ။ သဘာဝမကျလိုက်တာ၊ သူ့ရင်သား တွေကို ကိုင်ကွာ။ တစ်ခုခု လုပ်စမ်းပါ"

ဂျေက သူ့နဖူးသူ လက်ခုံနဲ့ ချွေးသုတ်လိုက်တယ်။ သူ ဘာမှမလုပ်ရ သေးခင် ယောင်ဟေးဟာ ဂျေမျက်နှာကို စိုက်ကြည့်ရင်း ဂျေပေါ် တက်ခွလိုက် တယ်။ ဂျေလည်တိုင်ကို လက်တစ်ဖက်နဲ့ ထူမပြီး သူ့နားရောက်အောင်ဆွဲယူရင်း ဂျေရင်အုပ်ပေါ်က ပန်းနီနီကြီးကို ပွတ်သပ်လို့နေတယ်။ အခန်းထဲက လူသုံးယောက်ရဲ့ အသက်ရှူသံ ပြင်းပြင်း တွေကြားမှာ အချိန်ဘယ်လောက် ကုန်သွားပြီလဲဆိုတာ တိုင်းတာဖို့ မဖြစ်နိုင်သလောက်ပါပဲ။ ဂျေရဲ့ နို့သီးလေးတွေ ထောင်ထ၊ ငယ်ပါကလည်း အစွမ်းကုန် ထောင်မတ်နေခဲ့ပြီ။ ဂျေကို သူ့လည်တိုင်ကျော့လေးနဲ့ ဖြည်းဖြည်းချင်း ပွတ်သပ်ပေးနေတဲ့ ယောင်ဟေးဟာ သူ့ပုံကြမ်းစာအုပ်ကို ကြည့်ထားပြီး သူ လိုချင်တာမှန်သမျှ အကုန်လုပ်ပေး နေသလား အောက်မေ့ရတယ်။

"ကောင်းတယ် အရမ်းကောင်းတယ်"

သူဟာ မြင်ကွင်းကို ရှုထောင့်ပေါင်းစုံက ရိုက်တယ်။ အကောင်းဆုံး ရှုထောင့်ကို ရှာတယ်။ တွေ့တယ်။

"ကောင်းတယ်... ဆက်လုပ်၊ ဟုတ်ပြီ အဲလိုလေးနေ၊ အင်း ဟုတ်တယ်"

ယောင်ဟေးရဲ့လက်တွေဟာ ဂျေရင်ဘတ်ပေါ်ကနေ တဖြည်းဖြည်း လျှောဆင်း၊ တစ်ပွင့်စံပန်းကြီးဆီရောက်၊ အဲဒီကနေတစ်ဆင့် ဂျေငယ်ပါဆီ ဦးတည်။ သူ ယောင်ဟေးနဲ့ နောက်ကျောကို ရွှေ့လိုက်တယ်။ ယောင်ဟေး ကျောက ခရမ်းရင့်ရောင် ပန်းတွေရယ် လှုပ်ရှားမှုနဲ့ အတူ ခုန်ပေါက်မြူးတူး နေတဲ့ မွန်ဂိုးလီးယန်းအမှတ် ရယ်ကို အဓိကထား ရိုက်နေတယ်။ ဒါပဲ၊ ဒါပဲ ဒီထက် ပိုမကောင်းနိုင်တော့ဘူးလို့ သူ အံကြိတ်ရင်း တွေးနေတယ်။

ဂျေကတော့ ထွန့်ထွန့်လူးနေခဲ့ပြီ။ သူဘယ်လိုမှ ဆက်မခံစားနိုင် လောက်အောင် ရှုံ့မဲ့နေတယ်။ ယောင်ဟေးက သူ့ရင်သားတွေကို ဂျေရင်ဘတ် မှာ ဖိကပ်လိုက်ပြီး တင်ပါးကို အသာကြွလိုက်ပြန်တယ်။ သူလည်း ဘေးတိုက် ရိုက်ရတာပေါ့။ ယောင်ဟေးရဲ့ကျောပြင်ဟာ ကြောင်တစ်ကောင်လို ခုံးထလာ တယ်။ သူတို့နှစ်ယောက်လုံး ရောမပန်းပွင့်ကြီးတွေလို အစွမ်းကုန် ပွင့်လန်းနေ ကြပြီ။ ယောင်ဟေး ကျောတွေမတ်လာပြီ။ ဂျေတင်ပါးဆုံခွင်ထဲ လှုပ်ကာ ယမ်းကာ ကစားနေပြီ။ ဂျေဆီက ညည်းသံ ပီပီပြင်ပြင်ထွက်လာတယ်။

သူ ယောင်ဟေးနဲ့ ဂျေကို တစ်လှည့်စီ ကြည့်လိုက်တယ်။

"ငါ … ငါ စဉ်းစားနေတာက မင်းတို့ ဟိုလေ တကယ်ပဲ လုပ်ကြပါ လား"

ဒီစကားကြားတဲ့အခါ ယောင်ဟေးက ဘာမှထူးပြီး ဖြစ်မသွားပေမဲ့ ဂျေကတော့ သူနဲ့ထိကပ်နေတဲ့ ယောင်ဟေးကို မီးခဲနဲ့ထိရသလို ဆတ်ခနဲ တွန်းထုတ်လိုက်ပြီး ဒူးထောက်ထိုင်ရင်း ငယ်ပါကို အလန့်တကြား ဖုံးလိုက်တယ်။

"ဘယ်လို ခင်ဗျားက အပြောကားရိုက်ချင်လို့လား"

"မဟုတ်ပါဘူး သဘာဝကျကျလေး…"

"တော်ပြီ ကျွန်တော် တော်ပြီ"

ဂျေက ထရပ်လိုက်တယ်။

"ခဏလေးနေပါဦး၊ ငါ ထပ်မခိုင်းတော့ပါဘူး။ ခုလောက်ဆို တော်ပါပြီ…"

ဂျေပုခုံးကို တင်းတင်းဆုပ်ရင်း သူပြောလိုက်တယ်။ ဆုပ်ထားတဲ့အားက များသွားသလိုပဲ။ ဂျေက သူ့လက်တွေကို ဆွဲဖယ်လိုက်တယ်။

"တော်ပါဗျာ ဒီလောက်ကြီး မလိုပါဘူး"

ကျွန်တော်လည်း အနုပညာသမားမို့ နားလည်ပါတယ်။ ဒါပေမဲ့ ခုလိုလုပ်ဖို့ဆိုတာ ဒီအမျိုးသမီးကို အားနာစရာ။ သူက ကြေးတန်းစားလည်း မဟုတ်လောက်ပါဘူး။ တကယ်လို့ ဟုတ်ခဲ့ရင်တောင် ဒီလိုလုပ်ဖို့ အဆင်မပြေဘူးလေ ခင်ဗျားသိပါတယ်"

"ဟုတ်ပါတယ်။ ငါနားလည်ပါတယ်။ စိတ်မကောင်းပါဘူး"

ဂျေက ရိုက်ကွင်းကိုပြန်သွားတယ်။ ဒါပေမဲ့ ခုနကလို လိင်စိတ်လွှမ်း တဲ့ ပတ်ဝန်းကျင် ပျောက်ကွယ်သွားခဲ့ပြီ။ ဂျေ့ မျက်နှာက ခုနက ဖြစ်ရပ်အတွက် အပြစ်ပေးသလို မာတင်းလွန်းတယ်။ ခန္ဓာကိုယ်နှစ်ခု ထိတွေ့ပေါင်းစပ်ချိန်မှာ ယောင်ဟေးဟာ မျက်လုံးတွေ ပိတ်ထားတယ်။ တကယ်လို့ ဂျေသာ သဘောတူခဲ့ရင် ယောင်ဟေးဟာ မဆိုင်းမတွလုပ်မှာပဲဆိုတာကို သူ စိတ်ထဲက သိနေတယ်။

"နည်းနည်းလေး လှုပ်ရှားပါဦး"

ဂျေက ခန္ဓာကိုယ်ကို ရှေ့တိုးနောက်ငင် လှုပ်ရှားနေတယ်။ ယောင်ဟေးရဲ့ခြေဖဝါးလေးတွေ ကုပ်ကိုင်းကွေးညွတ်လာတယ်။ ယောင်ဟေး ခန္ဓာကိုယ်ဟာ အလိုရမ္မက်တွေ တရှိန်ရှိန်ထနေတယ်။ ဂျေကတော့ မထုံတက်တေးပဲ။ ဆယ်မိနစ်လောက် အချိန်ကုန်သွားတယ်။ ဂျေအတွက်တော့ ဆယ်ကမ္ဘာလောက် ကြာနေမယ်ထင်တယ်။ သူလည်း အကောင်းဆုံး မြင်ကွင်း ရအောင် ကြိုးစားရိုက်တယ်။

"ကဲ ပြီးပြီလား"

ဂျေတစ်ကိုယ်လုံး ဆံပင်ဖျားက ခြေသည်းကြားထိ နီရဲနေတယ်။ လိင်စိတ်ကြွလို့တော့ ဟုတ်ဟန်မတူဘူး။

"နောက်ဆုံးတစ်ခါပဲကျန်တယ်"

သူ တံတွေးမျိုလိုက်တယ်။

"ယောင်ဟေးက မှောက်လိုက်၊ ဂျေက ယောင်ဟေးအနောက်က နေပေး။ တကယ်နောက်ဆုံးနဲ့ အရေးအကြီးဆုံး အခန်းပဲ။ မလုပ်နိုင်ဘူးလို့ မပြောနဲ့ကွာ နော်၊ ဂျေ"

ဂျေက နင့်နင့်သီးသီး ရယ်လိုက်တယ်။ ငိုနေတာနဲ့တောင် တူသေး။

"ဟုတ်တယ်ကွာ. . . အဲလိုပုံမျိုး၊ ကဲ တော်ပြီ ရပ်ပြီ။ ပိုမဆိုးခင်

တော်လိုက်တော့မယ်။ ဒါ အပြာကား သရုပ်ဆောင်နေသလို ခံစားရမယ်ဆိုတာ ခုတော့ ငါသိပါပြီ။ ကျေးဇူးတင်တယ် ဂျေရာ”

ဂျေပခုံးပေါ် လက်တင်လိုက်ပေမဲ့ ဂျေက ပုတ်ချလိုက်ပြီး အဝတ်ဝတ်နေတယ်။ ဂျေခန္ဓာကိုယ်က ပန်းပွင့်တွေဟာ တီရှပ်အောက်မှာ ပျောက်ကွယ်သွားတယ်။ ဂျေက ပြောတယ်။

“ဒါကို ကျွန်တော် နားမလည်တာမဟုတ်ပါဘူး၊ ကျွန်တော့်ကို အကဲဆတ်တယ်မထင်ပါနဲ့။ ဒီလိုလုပ်ရတာ ဘယ်လိုနေမလဲလို့ စူးစမ်းချင်စိတ် သက်သက်နဲ့ လက်ခံမိတာမို့ ဒီထက်ပိုမလုပ်နိုင်တာပါ။ ဒီထက်ပိုဖို့ဆို အချိန် နည်းနည်းလိုမယ်ဗျ။ ဆောရီးပါ”

ဂျေဟာ အင်မတန်ရိုးသားတဲ့အတွက် စိတ်ထိခိုက်နေရှာတယ်။ ကောင်လေးဟာ သူ့ကို ဦးညွတ်နှုတ်ဆက်၊ ယောင်ဟေးကို တစ်ချက်ဝေ့ကြည့်ပြီး တံခါးဆီ ဘောက်ဆတ်ဘောက်ဆတ်နဲ့ လျှောက်သွားတယ်။

※

“ဆောရီးပါဟာ”

ဂျေကား ဆောင့်ကြီးအောင့်ကြီးနဲ့ မောင်းထွက်သွားပြီးတဲ့အခါ သူ ယောင်ဟေးကို ပြောလိုက်တယ်။ ယောင်ဟေးက ဘာမှ ပြန်မပြောဘူး။ ဆွယ်တာဝတ်တယ်၊ ဂျင်းဘောင်းဘီစွတ်တယ်။ ဒါပေမဲ့ ဘောင်းဘီဇစ် ဆွဲမတင်သေးဘဲ တဟီးဟီးနဲ့ အကြီးအကျယ် ရယ်ချလိုက်တယ်။

“ဟင် ဘာဖြစ်တာလဲ”

“ဒီမှာ အကုန်ရွှဲစိုနေပြီကို……”

ယောင်ဟေးကို ကြည့်မိတယ်။ ဒုန်းခနဲ ခေါင်းကို တူနဲ့ထုခံရသလို ခံစားလိုက်ရတယ်။ ဘောင်းဘီဇစ် တစ်ဝက်တစ်ပျက်နဲ့ ယောင်ဟေးဟာ ဇစ်ကို ဆွဲလည်း မတင်တတ်၊ ဆွဲလည်း မချတတ်တော့သလို ဖြစ်နေတယ်။ အို. သူ ကင်မရာကို ဖွင့်ထားတုန်းပါလား။ သူ တံခါးဆီသွားလိုက်တယ်။ တံခါးကို လော့ခ်ချပြီး ပြန်ပိတ်လိုက်တယ်။ လုံခြုံရေးသံကြိုးပါ ခတ်လိုက်တယ်။ ဒရော ယောပါး ပြန်လာပြီး ယောင်ဟေးကို အဝတ်စပေါ် ပြန်လှဲခိုင်းရင်း နှစ်ယောက် သား ပူးကပ်သွားတယ်။ ဂျင်းဘောင်းဘီကို ဆွဲချွတ်မလို့လုပ်တော့ ယောင်ဟေး ဆီက အသံထွက်လာတယ်။ ဟင့်အင်းတဲ့။

အဲသလို နှုတ်နဲ့တင် ငြင်းတာမဟုတ်ဘူး။ ယောင်ဟေးဟာ သူ့ကို တွန်းလွှတ်လိုက်ပြီး ထရပ်တယ်။ ဂျင်းကို အပေါ်ဆွဲတင်တယ်။ ဇစ်ပိတ်တယ်။ ကြယ်သီးပါ တစ်ခါတည်း တပ်ပစ်လိုက်တယ်။ သူ ထရပ်လိုက်တယ်။ တစ်ကိုယ်လုံးတုန်နေတဲ့ ယောင်ဟေးကို နံရံမှာဖိကပ်ရင်း နမ်းဖို့ကြိုးစားတဲ့အခါ တွန်းလွှတ်တာ ခံရပြန်တယ်။

“ဘာလို့တုံးဟယ်…. ငါက နင့်ခဲအို ဖြစ်နေလို့လား”

“ဟုတ်ဘူး… အဲဒါနဲ့ ဘာမှမဆိုင်ဘူး”

“ဒါဆိုဘာဖြစ်လို့လဲ၊ နင် ရွှဲစိုနေတယ်ဆို။ နင် မလိုချင်ဘူးလား”

“အဲဒါ သူ့ကြောင့်မဟုတ်ဘူး။ ပန်းတွေကြောင့်”

“ဘယ်လို ပန်းတွေကြောင့် ဟုတ်လား”

ယောင်ဟေးမျက်နှာဟာ ရုတ်တရက် အကြောက်ကြီး ကြောက်သွား သလို ပုံစံမျိုး။ နီရဲနေတဲ့ အောက်နှုတ်ခမ်းလေးကို သွားနဲ့ ကိုက်၊ နှုတ်ခမ်းလေးက

တဆတ်ဆတ်တုန်။

အင် . . ကျွန်မ တကယ်လုပ်ချင်တာ။ အရင်တုန်းက တစ်ခါမှ ဒီလောက် ဆန္ဒမပြင်းပြဖူးဘူး။ သူ့ခန္ဓာကိုယ်ပေါ်က ပန်းပွင့်တွေ မြင်တဲ့အခါ ကျွန်မဆန္ဒကို ချုပ်တည်းလို့ကို မရဘူး”

ယောင်ဟေးဟာ ဆုံးဖြတ်ချက်ချပြီးသလိုမျိုး တံခါးဆီ ဦးတည် လျှောက်သွားတာကို သူ ကြည့်နေတယ်။ ယောင်ဟေး ဖိနပ်စီးမလို့ လုပ်နေတုန်း သူ အော်ပြောလိုက်တယ်။

“တကယ်လို့.. တကယ်လို့ ငါ့ကိုယ်ပေါ်မှာ ပန်းတွေအပြည့်ရှိရင် နင် ငါနဲ့နေမှာလား”

ယောင်ဟေးက ဆတ်ခနဲလှည့်ပြီး သူ့ကို စိုက်ကြည့်နေတယ်။ အဲဒီ အကြည့်ကို သူ အပြည့်အဝ နားလည်တယ်။

“ငါ ငါ အဲဒါကိုရော ဗွီဒီယိုရိုက်ထားလို့ရမလား...”

ယောင်ဟေးက ရယ်တယ်။ လောကမှာ သူ မလုပ်နိုင်တာ ဘာမှမရှိတော့သလိုမျိုး၊ စည်းတွေဘောင်တွေ အားလုံးဟာ ဘာအဓိပ္ပာယ်မှမရှိတော့ သလိုမျိုး၊ လှောင်ရယ်သံမျိုးပေါ့။

※

ငါသေသွားရင် ကောင်းမယ်၊ ငါသေသွားရင်ကောင်းမယ်၊ ဒါဆိုလဲ သေလိုက်ပေါ့။

ဘာကြောင့်မှန်းမသိ၊ မျက်ရည်တွေ သူ့ပါးပြင်ပေါ် လိမ့်ဆင်းလာတယ်။ စတီယာတိုင်ကို တင်းတင်းဆုပ်ပြီး ကားရှေ့သုတ်တံတွေကို လျှောက်ဖွင့် နေပေမဲ့ အမြင်တွေဝါးနေတာဟာ ကားမှန်ကြောင့် မဟုတ်ဘူးဆိုတာ သူ သိလိုက်ရတယ်။ ဘာလို့ ငါ သေသွားရင်ကောင်းမယ်ဆိုတဲ့ စကားလုံးတွေ ခေါင်းထဲမှာ ပဲ့တင်ထပ်နေပါလိမ့်။ ဒါဆိုလည်း သေလိုက်ပေါ့ဆိုတဲ့ စကားက ဘာလို့ နောက်ကထပ်ချပ်မကွာလိုက်လာပါလိမ့်။ တစ်ယောက်ယောက်က သူ့ခန္ဓာကိုယ်ထဲဝင်ပြီး ပြောနေသလိုပဲ။ အဲဒီစကားသံတွေဟာ သူစိမ်း နှစ်ယောက် သူ့ခန္ဓာကိုယ်ထဲဝင်ပြီး အပြန်အလှန် မန္တာန်ရွတ်နေသလိုပဲ။ ဒါပေမဲ့ အဲဒီမန္တာန်ဟာ တဆတ်ဆတ်တုန်နေတဲ့ ခန္ဓာကိုယ်ကို ငြိမ်သက်အေးဆေးသွား စေနိုင်မလား။

သူဟာ ကားမှန်တွေကို အကုန်ချပြီး မှောင်မည်း တိတ်ဆိတ်နေတဲ့ အဝေးပြေးလမ်းပေါ်မှာ အသားကုန်မောင်းနေတယ်။ လက်တွေကစလို့ တုန်တက်လာလိုက်တာ တစ်ကိုယ်လုံး တုန်လာတယ်။ အံတင်းတင်းကြိတ်ပြီး လီဗာကို သူ ဖိနင်းတယ်။ မိုင်ခွက်ကို ကြည့်လိုက်တိုင်း မြန်လွန်းလို့ တုန်တက် သွားတယ်။ မျက်လုံးတွေကို လက်တုန်ကြီးနဲ့ ပွတ်ပြီး ကြည့်နေရတယ်။

※

အောက်ခံအမည်းဝတ်စုံပေါ်က ညဝတ်အင်္ကျီဖြူကြီး ထပ်ဝတ်ထားတဲ့ ပီဟာ ဂိတ်ပေါက်ဝဆီ အပြေးတစ်ပိုင်း လှမ်းနေတယ်။ သူနဲ့ ပီဟာ လေးနှစ် လောက် တွဲခဲ့ကြတာ။ နောက်ပိုင်းတော့ ပီဟာ ရှေ့နေစာမေးပွဲအောင်ထားတဲ့ လူတစ်ယောက်နဲ့ လက်ထပ်လိုက်တယ်။ အဲဒီလူက ပီနဲ့ မူလတန်းကျောင်း နေဖက်တဲ့။ သူ့ယောကျ်ားက အိမ်ထောင်ဦးစီးဆိုပေမဲ့ ပီဟာ အိမ်ရှင်မ အလုပ် ရော၊ သူ လုပ်လက်စ အလုပ်ရောကို အောင်အောင်မြင်မြင် ဆက်လုပ်နိုင်ခဲ့တယ်။ ဂန်နန်းက ပန်းချီကားစုသူတွေကြား ပီဟာ နာမည်တစ်လုံးနဲ့ ထင်ရှားအောင်မြင်

ပြီးသား။ တစ်ကိုယ်တော်ပြပွဲတွေ အများကြီး လုပ်ခဲ့ဖူးတယ်။ တကယ့်ကို မနာလိုစရာ ကောင်းလောက်အောင် အောင်မြင်တယ်ဆိုပါတော့။

ပီက သူ့ကားကို မှတ်မိသွားတယ်။ သူ ဂိတ်ဝရှေ့ကားကို မောင်းရင်း အထဲဝင်လို့ အော်လိုက်တယ်။

"ဟဲ့ ဒီနေရာမှာ အလုပ်သမားကအစ ငါ့ကို လူတိုင်းသိတယ်။ ညကြီးအချိန်မတော် နင် ဘာလိုချင်လို့လဲ"

"ကားထဲဝင်စမ်းပါဟာ၊ ငါ နင့်ကို ပြောစရာရှိတယ်"

ပီက တုန့်ဆိုင်း တွေဝေနေတယ်။

"ဆောရီးပါဟာ၊ ခုလိုမျိုး ရုတ်တရက်ကြီး ခေါ်လိုက်ရတာ"

"အင်း.. နင် ငါ့ကို တွေ့ချင်လွန်းလို့တော့ မဟုတ်လောက်ဘူး"

သူက စိတ်မရှည်နိုင်ဘဲ နဖူးကို ပွတ်ရင်း...

"အကူအညီတစ်ခု တောင်းချင်လို့ပါ"

လို့ ဖြေလိုက်တယ်။

"အင်း ပြောလေ"

"ပြောရမှာအရှည်ကြီးရယ်၊ နင့်စတူဒီယိုကို သွားကြစို့။ နီးတယ် မဟုတ်လား"

"ငါးမိနစ်လောက် လမ်းလျှောက်ရုံနဲ့ ရောက်တာပဲ။ ဒါပေမဲ့ ဘာဖြစ်လာသလဲ အရင်ပြောပါဦးဟဲ့"

ပီက သူ့ကို ငေါက်လိုက်တယ်။ အဖြေချက်ခြင်းပေး ဆိုတဲ့သဘောပဲ။ ပီက အဲလိုပဲ ဒေါသကြီးတယ်။ အမြဲတမ်း ဝူးဝူးဝါးဝါး ရှူးရှူးရှားရှား။ အတင်းဆွဲဖက်နမ်းလိုက်ပြီးရင်တော့ ဒေါသတွေ နေလာနှင်းပျောက်ပဲ။ အင်း... အတိတ်က ခံစားချက်တွေပေါ့လေ။

※

"ဒီနေ့ ငါ့ယောက်ျား အလုပ်က ပြန်မလာလို့ တော်သေးတယ်"

ပီက စတူဒီယို မီးတွေဖွင့်ရင်း ပြောလိုက်တယ်။

"နို့မို့ရင် အထင်လွဲစရာ အကြီးကြီးဖြစ်မှာ"

"ငါ့ ပုံကြမ်းတွေကို တစ်ချက်ကြည့်စမ်းပါ"

ပုံကြမ်းစာအုပ်ထုတ်ပြီး ပီကို ပြလိုက်တယ်။ ပီက အသေအချာ ကြည့်နေတယ်။

"အင်း စိတ်ဝင်စားစရာပဲ။ ငါ အတော် အံ့ဩသွားတာ နင်သိပါ တယ်။ နင် အရောင်တွေကို ဒီလိုသုံးနိုင်လိမ့်မယ်လို့ ငါ ဘယ်တုန်းကမှ ထင်မထားခဲ့ဘူး"

ပီက မေးကိုပွတ်ရင်း ပြောနေတယ်။

"ခုတော့ အရင်ကနဲ့ တခြားစီပဲ။ ပြောင်းပြန်လှန်လိုက်သလိုပဲ။ နင် ဒါတွေ ပြပွဲတင်မလို့လား။ နင့် နာမည်ပြောင် မေဘုန်းကြီးဆိုတာကို မှတ်မိသေး လား။ ဂွမ်ဂျူးမှာ မေလ အဖြစ်ဆိုးကြုံပြီးကတည်းက နင့်လက်ရာတွေဟာ တစ်ကြောင်းတည်းသောစိတ်နဲ့ ရေးခဲ့သလို အင်မတန် လေးနက်ပြင်းထန်ပြီး ရိုမန်းတစ်ဖြစ်ခဲ့တာလေ။ ဒါကို ငါ ဝန်ခံရမယ်"

ပီက သူ့ကို မျက်မှန်ပေါ်က ကျော်ကြည့်လိုက်တယ်။

"နင့်အနုပညာလမ်းကြောင်းပြောင်းဖို့ ရည်ရွယ်နေတာကို ငါ ခုမြင်နေရတယ်။ ဒါပေမဲ့ နည်းနည်းအစွန်းရောက်မနေဘူးလား။ အေးလေ ငါက

အကောင်းအဆိုး အကြောင်းအကျိုး ဝေဖန်ခွင့်တော့ မရှိပါဘူး”

သူမှာ ပီနဲ့ အနုပညာအရည်အသွေး အကြောင်းအငြင်းပွားနေဖို့ အချိန်မရှိတဲ့အတွက် ဘာမှနှုတ်လှန်ပြန်ထိုးမနေဘဲ အဝတ်တွေ ချွတ်လိုက်တယ်။

ပီက နည်းနည်းအံ့သြသွားပေမဲ့ ဘာမှပြောမနေဘဲ ခန္ဓာပန်းချီရေးဖို့ ပြင်ဆင်တယ်။

“နင့်ကို ခုလို ကိုယ်လုံးတီးမတွေ့ရတာ အတော်ကြာသွားခဲ့ပြီ”

ပီဟာ ဖြည်းဖြည်းချင်း သူ့ခန္ဓာပေါ်မှာ ပန်းတွေ ရေးခြယ်ပေးနေတယ်။ ဘရပ်ရှ်က အေးစက်နေတယ်။ အထိအတွေ့ ကတော့ ကလိနေသလိုပဲ။

“ငါ့ကိုယ်ပိုင်ဟန်မပါအောင် ဆွဲထားတယ်နော်။ ငါလည်း ပန်းတွေကို ကြိုက်ပါတယ်။ အကြိမ်ပေါင်းများစွာ ရေးခဲ့ဖူးတာပဲလေ။ ဒါပေမဲ့ နင့်ရေးဟန် က တစ်မူဆန်းတယ်။ ငါ နင့်ရေးဟန်အတိုင်း အသက်ဝင်အောင် ရေးပေးနေ တယ်"

အားလုံးပြီးပြီလို့ ပီပြောတဲ့အချိန်မှာ သန်းခေါင်ကျော်နေခဲ့ပြီ။

“ကျေးဇူးပဲနော်”

အေးလွန်းလို့ တုန်နေတဲ့ကြားက သူပြောလိုက်တယ်။

“အင်း မှန်ရှိရင် ဘယ်လိုပုံထွက်တယ်ဆိုတာ ပြချင်လိုက်တာ”

ရင်ဘတ်၊ ဗိုက်နဲ့ ခြေထောက်က ရဲရဲနီတဲ့ ပန်းပွင့်ကြီးတွေကို သူ ငုံ့ကြည့်လိုက်တယ်။ တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်း ထနေတယ်။

“အင်း ငါ ကြိုက်ပါတယ်။ နင့်လက်ရာက ငါ့ထက်သာတာပဲ”

“နောက်ကျောတော့ မသေချာဘူးဟ။ နင်က ကျောဘက်ကို အသားပေးထားတာကိုး”

“အို ဒါလည်း ကောင်းမှာသေချာပါတယ်။ နင်က နာမည်တစ်လုံးနဲ့ နေတာပဲကို”

“အင်း. . . နင့်ရေးဟန်အတိုင်းရေးတာပဲ။ ဒါပေမဲ့ စဆွဲလိုက်တာနဲ့ ရပ်မရတော့တာ ထူးဆန်းတယ်”

“ငါ ဘဝင်မြင့်ရတော့မလိုပဲ”

ပီက ရယ်တယ်။

“နင် အဝတ်တွေချွတ်ချလိုက်တဲ့အချိန် ငါ အတွေးတစ်ခု ဝင်မိတယ် သိလား”

“ဟုတ်လား”

သူ အမြန်ဆုံး အဝတ်တွေပြန်ဝတ်ရင်း မေးလိုက်တယ်။ ဆွယ်တာ ဝတ်လိုက်တော့ နွေးလာပေမဲ့ ခြေထောက်တွေ ထုံနေတုန်း ရှိသေးတယ်။

“နင့်တစ်ကိုယ်လုံး ပန်းတွေဖုံးနေတာ အတော် သနားစရာကောင်း တယ်လို့ ငါခံစားရတယ်။ ငါ နင့်ကို တစ်ခါမှ ဒီလိုပုံမျိုး မတွေ့ခဲ့ဖူးဘူး”

ပီက အကျႌကြယ်သီးတပ်ပေးရင်း . . .

“ညကြီးသန်းခေါင် လာနှိုးတဲ့အတွက် အနည်းဆုံး အနမ်း တစ်ပွင့် တော့ ရသင့်တယ် မဟုတ်လား”

လို့ ပြောရင်း သူ ဘာမှမလုပ်နိုင်ခင် ပီက သူ့ကို နမ်းလိုက်တယ်။ အဲဒီအနမ်းက အတိတ်ကာလက သူတို့ရဲ့အနမ်းကုဋေကုဋာကို အမှတ်ရစေ တယ်။ သူ ငိုချင်သလိုလို ဖြစ်လာတယ်။ ဒါဟာ အတိတ်ကာလ ချိုမြမြကြောင့် လား၊ သူငယ်ချင်း သံယောဇဉ် ကြောင့်လား၊ မကြာခင် နင်းဖြတ်ကျော်လွှားမိတော့မယ့်

စည်းတစ်ခုကို ကျော်ရမှာကြောက်လို့လား မပြောတတ်။

※

အချိန်အင်မတန်လင့်နေပြီမို့ တံခါးဘဲလ်ကိုမတီးပဲ သူ အသာလေး တံခါးကို ခေါက်လိုက်တယ်။ တစ်ချိန်ထဲမှာပဲ တံခါးလက်ကိုင်ကို ဆွဲဖွင့်ကြည့် တယ်။ ထင်တဲ့အတိုင်း တံခါးပွင့်သွားတယ်။

မှောင်နေတဲ့အခန်းထဲ သူဝင်သွားတယ်။ အပြင်ဖက်က အလင်းရောင်ဟာ အခန်းထဲကို အပြည့်အဝ မရောက်တဲ့အတွက် အကုန်လုံးကို မမြင်ရဘူး။ ဖိနပ်ကို သူ ကမန်းကတန်း ချွတ်လိုက်တယ်။

"အိပ်ပျော်နေလား"

ကြမ်းပေါ်က ဗွီဒီယိုရိုက်တဲ့ ကိရိယာတွေကို သူအရင်ဆုံး ဆင်လိုက်တယ်။ လေးလိုက်တာ တကယ်ပါပဲ၊ တချို့ပစ္စည်းတွေဆို ပုခုံးနဲ့ထမ်းပြီး ဆင်ရတယ်။ အဝတ်စပေါ်မှာတော့ ယောင်ဟေး ထိုင်နေတယ်။ မှောင်နေပေမဲ့ ကိုယ်လုံးတီးဆိုတာ သိပ်သေချာတယ်။ ယောင်ဟေး ထလာပြီ။ သူ့ဆီ လာနေတယ်။

"မီးဖွင့်လိုက်ရမလား"

လိင်စိတ်မွှန်ပြီး အက်ကွဲကွဲအသံနဲ့ သူမေးလိုက်တယ်။

"တစ်ကိုယ်လုံး ဆေးနံ့တွေထွက်နေတယ်"

ယောင်ဟေး အသံက တိုးတိုးလေး။

သူ အားလုံးကိုမေ့သွားတယ်။ မီးဆက်တင်ဆင်ဖို့၊ ကင်မရာပြင်ဖို့ အကုန်လုံးကိုပဲ။ ဘာဆိုဘာမှ မရှိတော့ဘူး။ ယောင်ဟေးနဲ့ သူပဲ ရှိတယ်။ သူ မှန်ယိုမာန်ဖီနေမိတယ်။

ယောင်ဟေးရဲ့ ရင်သားတွေကို အလောတကြီးဆုပ်နယ်၊ နှုတ်ခမ်းတွေ ကို အငမ်းမရ နမ်းရင်း အဝတ်တွေကို အတင်းအဓမ္မ ချွတ်နေတယ်။ ကြယ်သီး ဖြုတ်ရတာ စိတ်မရှည်နိုင်တော့လို့ ဆွဲဆောင့်ချွတ်ပစ်လိုက်တယ်။

ကိုယ်လုံးတီးဖြစ်သွားတာနဲ့ ယောင်ဟေး ပေါင်နှစ်ဖက်ကြားဝင်ပြီး အထဲထိုးသွင်း လိုက်မိတယ်။ တိရစ္ဆာန်ရိုင်း တစ်ကောင်ရဲ့ မှန်ယိုမာန်ဖီသံဟာ စက္ကန့်မလတ် အကြားအလပ်မရှိ ထွက်လာတယ်။ အဲဒီအသံတွေဟာ သူ့ဆီက ထွက်နေတာပဲ။ သူ ပုခုံးတွန့်လိုက်မိတယ်။ လိင်ဆက်ဆံတဲ့အခါ ဘယ်တုန်းကမှ သူ အသံမထွက်ဖူးဘူး။ ယောင်ဟေးရဲ့ ရွှဲရွှဲစိုနေတဲ့ မအင်္ဂါလေးဟာ ဆတ်ဆတ်ခါနေတဲ့အတွက် သူ ဘယ်လိုမှမဟန်နိုင်ဘဲ အသံနက်ကြီးနဲ့အော်ရင်း ချစ်ဆိပ်ရည်တွေ ပန်းထွက်သွားတော့တယ်။

※

"ဆောရီးပါဟာ"

မှောင်ထဲမှာ ယောင်ဟေးမျက်နှာကိုစမ်းရင်း သူ ပြောလိုက်တယ်။

"မီးဖွင့်လိုက်ရမလား"

ယောင်ဟေးက မေးတယ်။ အသံက အင်မတန် တည်ငြိမ် လွန်းတယ်။

"ဘာဖြစ်လို့တုံး"

"ရှင့်ပန်းတွေကို သေချာကြည့်ချင်လို့ပေါ့"

ယောင်ဟေးက ထရပ်ပြီး မီးဖွင့်လိုက်တယ်။ သူတို့ရဲ့ ချစ်တင်းနှောခန်းဟာ ငါးမိနစ်တောင် မကြာဘူး။ သူ့ဘက်က တစ်ဖက်သတ်ပဲဆိုတော့ ယောင်ဟေးဟာ ဘာမှ ပင်ပန်းပုံမပေါ်ဘူး။

မီးရောင်စူးကနဲ လင်းလာတယ်။ သူ မျက်လုံးတွေကို လက်နဲ့ ကာထားရတယ်။ အတော်လေးကြာမှ လက်ကိုချလိုက်တော့ ယောင်ဟေးက နံရံကို မှီနေတယ်။ ပန်းတွေက ယောင်ဟေးခန္ဓာကိုယ်မှာ လှလိုက်တာကို မပြောပါနဲ့ တော့။

သူက ရှက်ကိုးရှက်ကန်းနဲ့ သူ့ဗိုက်ပူကြီးကို ကာထားမိတယ်။

"ဟင့်အင်း ကာမထားနဲ့ ကျမကြိုက်တယ်၊ ပန်းတွေ သိပ်လှတယ်"

ယောင်ဟေးက သူ့နားကပ်လာတယ်။ သူ့ကိုယ်ပေါ် ကိုင်းကျလာတယ်။ ဂျေကိုလုပ်ပေးတဲ့အတိုင်း သူ့ရင်ဘတ်ပေါ်က ပန်းပွင့်တွေကို ပွတ်သပ် နေတယ်။

"ခဏလေး"

သူဟာ ကမန်းကတန်းထပြီး ကင်မရာဆင်လိုက်တယ်။ အဝတ်ဖြူစ ကို ဆန့်သွားအောင် ပြင်ခင်းလိုက်တယ်။ မီးချိန်လိုက်တယ်။

"လှဲလိုက်ပါလား"

သူတို့ခန္ဓာကိုယ်နှစ်ခု တီထွေးလို လိမ်ကျစ်ပူးကပ်သွားမယ့် နေရာကို မှန်းပြီး ကင်မရာကို ချိန်လိုက်တယ်။

သူ ယောင်ဟေး အပေါ်ကနေ သတိကြီးကြီးနဲ့ ကိုင်းညွတ်ချလိုက် တယ်။ ခန္ဓာကိုယ် နှစ်ခုဟာ ပွင့်ဖတ်ချင်းထပ်သလို ကပ်သွားတယ်။ တစ်ပွင့်တည်းလို့ထင်ရတဲ့အထိ ကပ်သွားချိန်မှာတော့ ပန်းပွင့်လား၊ လူလား၊ တိရစ္ဆာန် လား မကွဲပြားတဲ့ အရောအနှော ခန္ဓာတစ်ခု အသွင်ဆောင်လာခဲ့တယ်။

ပုံစံပြောင်းတော့မယ်ကြံတိုင်း ကင်မရာကို လိုက်ချိန်နေရတယ်။ ယောင်ဟေး နောက်ကနေ သူနေတော့မယ့်အခါမတော့ ယောင်ဟေးရဲ့ တင်ပါး တွေကို သူ အနီးကပ်ရိုက်တယ်။ ဂျေက ထွန့်ထွန့်လူး အောင်ငြင်းဆန်ခဲ့ပေမဲ့ သူကတော့ ယောင်ဟေးရဲ့ အတွင်းထဲ ထိဝင်လိုက်ပြီး အနေအထားကို မော်နီတာ မှာကြည့်ပြီး ကျေနပ်တာ နဲ့တပြိုင်နက် အပြင်းအထန် အလုပ်စတော့တယ်။

အရာအားလုံးဟာ ပုံကြမ်းစာအုပ်ထဲက အတိုင်း ပြီးပြည့်စုံနေခဲ့ပြီ။ သူ့ရဲ့ ပန်းပွင့်နီတွေဟာ ယောင်ဟေးရဲ့ မွန်ဂိုးလီးယန်း အမှတ်ပြာလေးပေါ် ပူးတုံခွာတုံ။ သူ့ငယ်ပါကလည်း ပွင့်လွှာရိုးတံလို ဝင်ချည်ထွက်ချည်။ သူတို့ရဲ့ ပေါင်းစပ်ခြင်းပုံရိပ်တွေဟာ အံ့မခန်း လှလွန်းတယ်။ မျက်လုံးကို မှိတ်လိုက်တိုင်း ခန္ဓာကိုယ် အောက်ပိုင်းတစ်ခုလုံး သစ်စေးစိမ်းတွေဖုံးပြီး ပေါင်ကနေ သစ်စေး တွေ စီးကျနေသလို ခံစားနေရတယ်။

ဟော... ယောင်ဟေး မျက်ရည်တွေကျလာပြီ။ မိနစ်သုံးဆယ်လုံးလုံး တစ်ချက်မှ ညည်းသံမထွက်တဲ့ ယောင်ဟေး။ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်လာပြီ။ သူ ပုံစံပြောင်းလိုက်တယ်။ ထိုင်လိုက်တယ်။ ယောင်ဟေးကို ပွေ့ရင်း ကင်မရာကို လှမ်းပိတ်လိုက်တယ်။

သူလိုချင်တဲ့ ယောင်ဟေးရဲ့ဆန္ဒ အထွဋ်အထိတ်ရောက်မှုကို ခဏခဏ ရိုက်ခွင့် ရခဲ့ပြီပဲ။ ယောင်ဟေးရဲ့ရှိုက်သံတွေ ငြိမ်သွားတဲ့အချိန်ထိ စောင့်ပြီး နောက်ဆုံးပိုင်းကို နိဒါန်းပျိုးလိုက်တယ်။ နောက်ဆုံးမိနစ်တွေမှာတော့ ယောင်ဟေးဟာ သွားချင်းကြိတ်ရင်း အရမ်းအော်ပြီးတော့ ဟီးခနဲ ငို၊ အဲဒီနောက် တော့ အားလုံးငြိမ်။

※

အရုဏ်ရဲ့မှုန်ပြာပြာအလင်းအောက်မှာ သူဟာ ယောင်ဟေးတင်ပါး ကို အချိန်အကြာကြီး တရှိုက်မက်မက် စုပ်နမ်းနေခဲ့တယ်။

“ငါ့ပါးစပ်ထဲ ပြောင်းထည့်ထားလို့ရရင် ကောင်းမှာပဲ”

“ဘာကိုလဲ”

“ဒီ မွေးရာပါအမှတ်ကိုလေ”

ယောင်ဟေးက အံ့သြတကြီး ပုခုံးပေါ်ကကျော်ပြီး ကြည့်နေတယ်။ သူ မေးလိုက်တယ်။

“ခုချိန်ထိ ဒီအမှတ်က ဘာလို့ရှိနေသေးတာလဲ”

“မပြောတတ်ဘူး။ လူတိုင်းမှာရှိတယ်လို့ ထင်ခဲ့တာ။ ဒါပေမဲ့ တစ်ရက် ရေချိုးခန်းသွားမိမှ ကျွန်မတစ်ယောက်ထဲ ဒီ အမှတ်ရှိတာကို တွေ့ရတာ”

ယောင်ဟေးရဲ့ခါးလေး ကိုဖက်ရင်း အမှတ်ကို ပွတ်သပ်နေမိတယ်။ ဒီအမှတ် သူ့အရေပြားပေါ် အမှတ်တံဆိပ်နှိပ်သလို ကူးယူလို့ရရင် ကောင်းမယ်လို့ သူ ဆန္ဒပြုမိတယ်။ ငါ နင့်ကို မျိုချ ပစ်လိုက်ချင်တယ်။ ငါ့ပါးစပ်ထဲမှာ နင် အရည်ပျော်ပြီး သွေးကြောတွေ ထဲမှာ နင် စီးဆင်း. . . . .။

“အိပ်မက်မက်တာတွေ ခုရပ်သွားတော့မှာလား ဟင်” ယောင်ဟေးရဲ့အသံက ကြားနိုင်တယ်ဆိုရုံလေး။

“အိပ်မက်တွေလား၊ အော်.... မျက်နှာတွေ အိပ်မက်မက်တယ် ဆိုတာလား။ နင်ပြောဖူးတယ်လေ။ မဟုတ်ဘူးလား”

အိပ်ချင်စိတ်က တလိပ်လိပ်နဲ့ တွားတက်လာခဲ့တယ်။

“ဘယ်လိုမျက်နှာမျိုးလဲ။ ဘယ်သူ့မျက်နှာလဲ”

“မျက်နှာက အမြဲတမ်းပြောင်းနေတာ။ တစ်ခါမက် တစ်မျိုးပဲ။ တစ်ခါတလေ အင်မတန်ရင်းနှီးကျွမ်းဝင်တဲ့မျက်နှာ၊ တစ်ခါတလေတော့ တစ်ခါမှမမြင်ဖူးတဲ့မျက်နှာ၊ တစ်မျက်နှာလုံး သွေးတွေ ရဲနေတာမျိုးလည်းပါ၊ ပုပ်သိုးနေတဲ့ အလောင်းကောင် မျက်နှာမျိုး လည်းပါ”

သူ ယောင်ဟေးရဲ့မျက်လုံးတွေကို ကြည့်လိုက်တယ်။ သူ့မျက်လုံးကတော့ အနိုင်နိုင်ဖွင့်ထားရတယ်။ ယောင်ဟေးကတော့ နည်းနည်းမှ ပင်ပန်းတဲ့ပုံ မပေါက်ဘူး။ မျက်လုံးတွေက ဒီအကြောင်း ပြောပြနေချိန်မှာ စိတ်လှုပ်ရှားနေ သလိုလို၊ ဒေါသထွက်နေသလိုလိုနဲ့ ပြူးကျယ်လို့ပဲ။

“အဲဒီအိပ်မက်တွေဟာ အသားစားလို့ဖြစ်တာလို့ ထင်လာတဲ့အတွက် အသားမစားခဲ့ရင် ဒီမျက်နှာအိပ်မက်တွေ ထပ်မမက်တော့ဘူး လို့ထင်လာတယ်။ ဒါပေမဲ့ မရပါဘူး။ မက်တာပဲ”

ယောင်ဟေးရဲ့စကားကို အလေးထား နားထောင်သင့်တယ် ဆိုတာ သိပေမဲ့ မျက်ခွံတွေတွဲကျလာတာကို သူ မတားနိုင်ဘူး ဖြစ်နေတယ်။

“ခုတော့သိပါပြီ။ ဒီမျက်နှာဟာ ကျွန်မဗိုက်ထဲမှာရှိနေတာ။ ဗိုက်ထဲ ကနေ တိုးထွက်လာတာ”

ယောင်ဟေးအသံဟာ သူ့နားထဲမှာ သားချော့တေး ဆိုပြနေသလိုပဲ၊ သူ မခွဲခြားတတ်တော့ဘူး။ အသိစိတ်ရဲ့ ချောက်ကမ်းပါးစွန်းကနေ လွင့်ကျပြီး ဆုံးစမဲ့ အိပ်စက်ခြင်း ချောက်နက်ထဲ သူ လွင့်ကျသွားတယ်။

“ဒါပေမဲ့ ကျွန်မ ခုတော့ မကြောက်တော့ပါဘူး။ ဘာမှကြောက်စရာ မရှိတော့ဘူးလေ”

※

သူနိုးလာတဲ့အချိန်မှာ ယောင်ဟေးက အိပ်ပျော်နေတုန်းပဲ။

အခန်းထဲကို နေရောင်စူးစူးဝင်နေတယ်။ ယောင်ဟေး ခေါင်းပေါ်က ဆံပင်တွေဟာရှုပ်ပွလို့။ အဝတ်စကလည်း တွန့်ကြေလို့။ တစ်ခန်းလုံး ယောင်ဟေး အနံ့တွေ လွှမ်းလို့။ စူးရှရှ၊ စိမ်းရွှင်ရွှင်၊ ချိုမြမြ၊ ခါးသက်သက်၊ မွှန်စူးစူး။

ဘယ်အချိန်ရှိပြီလဲ။ ဆွယ်တာထဲက ဖုန်းကို ထုတ်ကြည့်လိုက်တယ်။ နေ့လယ်တောင် ရောက်မှကိုး။ မနက်ခြောက်နာရီလောက်က အိပ်ပျော်သွားတာ ဆိုတော့ ခုနစ်နာရီလုံးလုံး အသေကောင်လို တုံးခနဲ အိပ်ပျော်သွားတာပဲ။ ဘောင်းဘီ ကောက်စွပ်ပြီး သူ့ပစ္စည်းတွေကို ရှာတယ်။ သုံးချောင်းထောက် ရယ်၊ မီးတွေရယ်ကို ပြန်သိမ်းတယ်။ ကင်မရာ ရှာမတွေ့ဘူး။ မနေ့ညက ရိုက်ကူးရေး ပြီးပြီးချင်း မွှန်ထွန်ပြီး ခလုပ်တိုက်မိ၊ တက်နင်းမိမှာစိုးလို့ သေသေချာချာ တံခါးနားချထားတာ၊ ခုဘယ်မှာမှ ရှာမတွေ့ဘူး။

ယောင်ဟေးများ ကင်မရာကို တစ်နေရာရာ ထားလိုက်လားမသိ။ မီးဖိုခန်းထဲ သွားကြည့်မိတယ်။ ဟင်.. ကြမ်းပေါ်မှာ လက်လက်လက်လက်နဲ့ ဘာလဲ.. ဟ.. ဒါ ဖ မီလီမီတာတိပ်ပဲ။ ထူးဆန်းတယ်။ မျက်လုံးတွေကိုပွတ်ရင်း သေချာကြည့်လိုက်တယ်။ မီးဖိုခန်းက ထမင်းစားပွဲမှာ မိန်းမတစ်ယောက် မျက်နှာမှောက်လျက် ထိုင်နေတယ်။ အလို… ဒါ သူ့မိန်းမပါလား။

မိန်းမအနားမှာ ထုတ်ထားတဲ့ထမင်းဘူးလေး။ မိန်းမရဲ့ လက်ချောင်း တွေက ဖုန်းကို ကျစ်ကျစ်ပါအောင်ဆုပ်လို့။ စားပွဲအောက်မှာ ကျွမ်းထိုးမှောက်ခုံ ဖြစ်နေတာ သူ့ကင်မရာ။ သူဝင်လာတဲ့အသံကို ကြားမှာသေချာပေမဲ့ မိန်းမဟာ လှည့်မကြည့်၊ တုပ်တုပ်မလှုပ်။

“အ. .အ..အချစ်…”

သူ ခေါင်းတွေချာချာလည်နေတယ်။ ဘာဖြစ်သွားပါလိမ့်၊ ဒီလို ဖြစ်ပျက်သွားတာကို သူမယုံနိုင်ဘူး။ မိန်းမက ခေါင်းမော့ရင်း ထရပ်လိုက်တယ်။ သူ့နားကပ်လာမယ်လို့ ထင်မိပေမဲ့ မိန်းမဟာ စားပွဲခုံတစ်ဖက်ခြမ်းမှာနေရင်း စားပွဲကို အရံအတားအဖြစ် ခြားထားတယ်။

“ယောင်ဟေးဆီက ဘာသံမှမကြားတာကြာလို့ ဆိုင်မသွားခင် ခဏ ဝင်ဦးမှပဲလို့ စဉ်းစားခဲ့တာ။ ရာသီပေါ် အသီးအနှံလေးဘာလေး ဝယ်ပေးဖို့ပေါ့”

မိန်းမရဲ့အသံဟာ မာခဲလို့နေတယ်။ ဘယ်လောက်ပဲ ဣန္ဒြေရအောင် ကြိုးစားကြိုးစား အသံကို ပြင်လို့မရဘူး။ ဒီအသံနေ အသံထားကို သူ ကောင်းကောင်းသိတယ်။ စိတ်လှိုင်းခတ်နေတဲ့အသံ၊ စိတ်ထဲက ဒဏ်ရာကို အပြင်းအထန်တိုက်နေတဲ့အသံ၊ တီးတိုးညင်သာတဲ့ ကြောက်စရာ့အသံ။

“တံခါးကပွင့်နေတော့.. ဘာရယ်မဟုတ် ဝင်လိုက်မိတယ်။ ယောင်ဟေး တစ်ကိုယ်လုံး ဆေးတွေခြယ်ထားတာတွေ့တယ်၊ ထူးဆန်းတယ်လို့ ထင်မိတယ်။ ရှင့်ကို ပထမမမှတ်မိဘူး။ ရှင့်မျက်နှာက နံရံဘက်လှည့်ထားပြီး တစ်ကိုယ်လုံးလည်း ပန်းတွေနဲ့ဝေနေတာကိုး”

ဖုန်းကို ကျစ်ကျစ်ပါအောင်ဆုပ်ထားတဲ့ မိန်းမဟာ မျက်နှာပေါ် ဝဲကျလာတဲ့ ဆံပင်တွေကို ဖယ်လိုက်တယ်။ လက်နှစ်ဖက်လုံး တဆတ်ဆတ် တုန်နေတာကို သိသိသာသာ မြင်နေရတယ်။

“ပထမတော့ ယောင်ဟေး ရည်းစား ရနေတာလား။ တစ်ကိုယ်လုံး ပန်းတွေခြယ်ထားလို့ နောက်တစ်ခါ ထပ်ရူးပြန်ပြီလားလို့ တွေးမိတယ်၊ ဘယ်လို ပဲဖြစ်ဖြစ် ယောင်ဟေးက ကျွန်မညီမ။ ကျွန်မ ကာကွယ်ပေးရမယ်။ တံခါးနား က

ကင်မရာကိုတွေ့တော့ ရှင် အရင်က သင်ပေးခဲ့ဖူးသလို နောက်ပြန်ရစ်ကြည့်လိုက်တယ်...”

မိန်းမဟာ သူစိတ်သူထိန်းရင်း သတ္တိတွေ တစ်စက်မကျန် ညှစ်ထုတ်ရင်း ဆက်ပြောတယ်။

“ဒီမှာတင် ရှင့်ကို ကျွန်မတွေ့လိုက်ရတာ”

မိန်းမရဲ့မျက်လုံးတွေထဲမှာ ဆောက်တည်ရာမရခြင်း၊ ကြောက်ခြင်း၊ မျှော်လင့်ချက် ဆိတ်သုဉ်းခြင်းတွေ ရောပြွန်းနေတယ်။ မျက်နှာက အသားမာတက်နေသလို ခံစားမှုကင်းနေတယ်။ သူ့ကို ကိုယ်တုံးလုံးနဲ့ မြင်နေရတာ အောင့်နှလုံးနာလိမ့်မယ်ဆိုတာ သိလာတဲ့အတွက် ကမန်းကတန်း အင်္ကျီကိုရှာနေတယ်။

ရေချိုးခန်းထဲကနေ တွန့်ကြေနေတဲ့အင်္ကျီကို ရှာတွေ့တယ်၊ ကပျာကယာ ဝတ်လိုက်တယ်။

“အချစ်ရေ.... ကိုယ် ရှင်းပြလို့ရပါတယ်၊ နားလည်ရခက်မယ်ဆိုတာ သိပါတယ်၊ ဒါပေမဲ့..."

မိန်းမက သူ့စကားဆုံးအောင် နားမထောင်ဘူး။ ဖြတ်ပြောလိုက် တယ်။

“အရေးပေါ်ဆေးဌာနကို ကျွန်မ ဖုန်းခေါ်ပြီးပြီ”

“ဘယ်လို”

သူ နားမလည်လို့ မျက်မှောင်ကြုတ်ရင်း မိန်းမနား တစ်လှမ်းတိုးလိုက်တယ်။ မိန်းမက နောက်တစ်လှမ်း ဆုတ်လိုက်တယ်။

“ရှင်နဲ့ ယောင်ဟေး နှစ်ယောက်လုံး ဆေးကုဖို့လိုနေပြီ”

“ဘယ်လို.. ဒါဆို မင်း ငါ့ကို စိတ်ဆေးရုံပို့မယ်ပေါ့”

အဝတ်စပေါ်က အသံတစ်သံ ထွက်လာတယ်။ သူတို့ နှစ်ယောက်လုံး အသက်အောင့်ပြီး လှည့်ကြည့်လိုက်တယ်။ ယောင်ဟေးဟာ ဝတ်လစ်စလစ်နဲ့ အိပ်ရာထလာတယ်။ မိန်းမမျက်ဝန်းတွေထဲ မျက်ရည်ဥတွေ တွဲကျလာတယ်။

“သေချင်းဆိုးကြီး . . . ယောင်ဟေးကို ကြည့်စမ်း၊ သူ နေမကောင်းဘူးဆိုတာ သေချာတယ်၊ ဒါနဲ့များ ရှင် ဘာလို့ သူ့ကို...”

ယောင်ဟေးက သူတို့နှစ်ယောက်ကို ကြည့်နေတယ်။ မျက်နှာပေါ်မှာ ဘာခံစားချက်မှ မမြင်ရဘူး။ တကယ့်မျက်နှာသေပဲ။

သူတို့ကိုကျော်ပေးပြီး ဝရန်တာဘက် ထွက်သွားတယ်။ ဝရန်တာ တံခါးဖွင့်လိုက်တော့ စိမ့်နေအောင် အေးတဲ့လေတွေ ဝင်လာတယ်။ အပြာရောင် မွှန်ဂိုလီးယန်းအမှတ်ကလေးဟာ သူ့သွားရည်တွေနဲ့ စေးကပ်ပြီး ကော်သုတ်ထားသလိုဖြစ်နေတာကို သူငေးကြည့်နေမိတယ်။ ရုတ်တရက် ချက်ချင်း သူဟာ လောကမံ အားလုံးကို ခံစားခဲ့ဖူးပြီးလို့ သေခြင်းတရား ကတောင် မခြိမ်းခြောက်နိုင်တော့တဲ့ အိုမင်းမစွမ်းဘဝကို ရောက်သွားသလို ခံစားလိုက်ရတယ်။

ယောင်ဟေးဟာ ရွှေအိုရောင်ပန်းတွေဝေနေတဲ့ ရင်သားနှစ်ဖက်ကို ဝရန်တာလက်ရန်းပေါ်တင်ပြီး ခပ်ကားကား ရပ်နေတယ်။ သူ့ခြေထောက်က လိမ္မော်ရောင်ပွင့်ဖတ်နဲ့ ပန်းပွင့်တွေကို နေထိစေချင်တဲ့ပုံမျိုးနဲ့ ခြေနှစ်ဖက်ကို ကားရင်း လေသလပ်ခံနေတယ်။ အရေးပေါ်လူနာတင်ယာဉ်က ဥသြသံတွေ၊ အော်သံတွေ၊ သက်ပြင်းချသံတွေ၊ ကလေးသံတွေ စတူဒီယိုခန်းထဲ စုပြုံတိုးဝင်လာတယ်။ လှေကားထစ်တွေပေါ် ဝရုန်းသုန်းကားတက်လာတဲ့ ခြေသံတွေ

တဖြည်းဖြည်း နီးလို့လာ။

သူဘာလုပ်ရမလဲ။ ယောင်ပေါး ရပ်နေတဲ့ ဝရန်တာလက်ရန်းကို ကျော်ပြီး အောက်ကို ခုန်ချလိုက်ရင် သုံးထပ်အမြင့်က ခွေးကျကျပြီး ခေါင်းရှစ်စိတ်ကွဲသေမှာပဲ။ ဒီတစ်နည်းပဲရှိတော့တယ်။ အားလုံး ကိုဖြေရှင်းဖို့ ဒီတစ်လမ်းပဲ ရှိတော့တယ်။ ဒါပေမဲ့ ရပ်နေတဲ့နေရာမှာ အမြစ်တွယ်သလို တစ်လှမ်းမှ ရွှေ့လို့မရဘူး။ သူ့ဘဝရဲ့ နောက်ဆုံး အချိန်ကာလကို ရောက်နေသလိုမျိုးပဲ။ မနေ့ညက ဗီဒီယို ရိုက်တုန်းကထက် ပိုပြီး ထင်း...လင်း... ဝင်းနေ တဲ့ ယောင်ပေါးရဲ့ ပန်းခန္ဓာကို စိုက်ကြည့်နေဖို့ပဲ သူ တတ်နိုင်တော့တယ်လေ။

««« »»»

III

လောင်မီးကျ သစ်ပင်များ

မတ်တတ်ရပ်ရင်း မိုးရေဖြန်းထားတဲ့ ဝတ်လစ်စလစ်လမ်းကို အင်ဟေး ငေးနေမိတယ်။ မာဆယေ့ ဘတ်စ်ကားမှတ်တိုင်မှာ ခု သူရပ်နေတာ။ အမြန် လမ်းတစ်လျှောက် ရောမ ကုန်တင်ကားကြီးတွေ မိုးခြိမ်းသလို အသံတွေပေးပြီး အပြင်းမောင်းနေကြတယ်။ မိုးကသိပ်သည်းတဲ့အတွက် မိုးစက်ကြီးတွေ ထီးပေါ် ကျနေတဲ့အသံက ဗုံတီးနေသလိုပဲ။

အသက်မငယ်တော့တဲ့ အတွက် အင်ဟေးကို အင်မတန်လှပါတယ်လို့ ပြောဖို့တော့ အခက်သားပဲ။ ဒါပေမဲ့ လည်တိုင် ကျော့ကျော့လေးက ဆွဲဆောင်မှု ရှိနေတုန်းပဲ။ မျက်ဝန်း ကြည်ကြည်လေးတွေက ခင်မင်နှစ်လို့ဖွယ်ကောင်းတုန်းပဲ။ မိတ်ကပ် ပါးပါးလေးလိမ်းပြီး သန့်ရှင်းချပ်ရပ်တဲ့ ဘလောက်စ်အဖြူလေးနဲ့ စမတ်ကျတဲ့ အင်ဟေးရဲ့မျက်ဝန်းတွေဟာ လင်းတစ်ခါ မှိန်တစ်လှည့်ပါပဲ။ သူမျှော်နေတဲ့ ဘတ်စ်ကားလာနေတာကို အဝေးကြီးထဲကတွေ့တဲ့အတွက် အသင့် ပြင်ပြီး စောင့်နေလိုက်တယ်။ ဘတ်စ်ကားက အရှိန်လျှော့ပြီး ရပ်လိုက်တယ်။

“ချောက်ဆီယောင်း စိတ္တဇဆေးရုံကိုလား ခင်ဗျ”

သက်လတ်ပိုင်းအရွယ် ကားဆရာက ခေါင်းညိတ်နှုတ်ဆက်ပြီး ကားပေါ်တက်ဖို့ လက်ဟန်ပြတယ်။ သူ ကားခပေးပြီး ထိုင်စရာနေရာ ရှာတယ်။ ကားပေါ်ကလူတွေက သူ့ကို ပြူးကြည့်နေကြတယ်။ လူနာလား၊ သူနာပြုလား၊ ဘာလား၊ ညာလား စူးစမ်းကြတာပေါ့။ သူနဲ့ပတ်သက်လို့ ဘာမှထူးထူး ဆန်းဆန်း တွေ့ကြမှာမဟုတ်ပါဘူး။ ဒီလို သံသယအကြည့်မျိုးကို မျက်လွှာ ချရင်း တုံ့ပြန်ခဲ့ရတာ ရိုးနေပါပြီ။

ထီးကိုခေါက်ပြီး ရေခါလိုက်တယ်။ ဘတ်စ်ကားကြမ်းပြင်က ရေတွေ နဲ့ ပြောင်ချောစိုစွတ်နေတယ်။ ထီးကလေးတစ်လက်နဲ့ ကာလို့ရတဲ့ မိုးမျိုး မဟုတ်တဲ့အတွက် အင်ဟေးတစ်ကိုယ်လုံး ရွှဲစိုနေတာပေါ့။ ဘတ်စ်ကားဟာ အရှိန်မြှင့်လိုက်တယ်။ တန်းကိုကိုင်ပြီး သတိထားလျှောက်ရင်း နေရာလွတ် ရှာတယ်။ နှစ်ယောက်တန်း တစ်တန်းလွတ်နေတယ်။ ပြတင်းပေါက်နားက ခုံမှာထိုင်လိုက်တယ်။ ပြတင်းက ရေငွေ့ရိုက်ပြီး မှုန်ဝါးနေတယ်။ အိတ်ထဲက တစ်သျှူးနဲ့ ပြတင်းပေါက်ကို သုတ်လိုက်တယ်။ ပြတင်းပေါက်မှန်ကို မိုးပေါက်တွေ လာမှန်နေတာကို သူ တုံဏှိဘာဝငေးနေတယ်။ မာဆယေ့ဖက် ရောက်လာလေ၊ မိုးသစ်တောတွေက ထူလာလေ။ သစ်တောထဲ မိုးသည်းနေတာ ကို ကြည့်ရတာ ရောမတိရစ္ဆာန်ကြီးတစ်ကောင် ထိန်းထိန်းသိမ်းသိမ်း ဟိန်းသံပေးနေသလိုပဲ။ ချောက်ဆီယောင်း တောင်ပေါ်လမ်းကိုရောက်တဲ့အခါ လမ်းကကျဉ်း၊ လေကထန်၊ သစ်တောတွေက လမ်းနားကပ်လာခဲ့တယ်။ လွန်ခဲ့တဲ့သုံးလလောက်က ယောင်ဟေးကို ပြန်ရှာတွေ့တာ ဒီတောင်ခြေက သစ်တောတွေထဲ မှာများလား။ သစ်တောဟာ ကြည့်ရင်းကြည့်ရင်း ပိုပိုထူလာ ခဲ့တယ်။ သူ အကြည့်ကို ပြတင်းပေါက်က ခွာလိုက်တယ်။

အဲဒီတုန်းက နေ့လယ် နှစ်နာရီနဲ့ သုံးနာရီကြား လူနာတွေ လမ်းလျှောက်ထွက်တဲ့အချိန်မှာ ယောင်ဟေး ပျောက်သွားခဲ့တာလို့ ဆေးရုံ ဝန်ထမ်းတွေက သူ့ကို ပြောပြကြတယ်။ လူနာ လမ်းလျှောက်ထွက်ချိန်ဆိုတာ လည်း သိပ်အခြေအနေမဆိုးတဲ့ လူနာတွေ ကို သတ်မှတ်ထားတဲ့ရက်မှာပဲ ခွင့်ပြုတာပါ။ နေ့လယ် သုံးနာရီ လူနာစာရင်းစစ်တော့ ယောင်ဟေး ပြန်မလာခဲ့ဘူးတဲ့။ အဲဒီအချိန် မှိုင်းညို့နေတဲ့မိုးဟာ တစ်ပေါက်စ နှစ်ပေါက်စ

ကျစပြုပြီ တဲ့။ ဆေးရုံဝန်ထမ်း အားလုံး ဝရုန်းသုံးကား ရှာကြတယ်။ လူနာတစ်ယောက် ပျောက်ပြီဆိုရင် ဖြစ်နိုင်ချေက နှစ်ခုတည်းရယ်။ တောင်ပေါ်က ဆင်းသွားပြီး ကားလမ်းတစ်လျှောက် မာဆယော့ထိ ရောက်ချင်ရောက်၊ ဆန့်ကျင်ဖက်အနေနဲ့ သစ်တောထဲ တိုးဝင်ပျောက်ကွယ် ဒီနှစ်ခုပဲ။

မိုးကလည်းအရမ်းသည်း၊ မတ်လဆိုတော့ နေ့တာကလည်း တိုတုန်း ဆိုတော့ တောင်ပတ်လည်ကို ပိုက်စိတ်တိုက်ရှာတဲ့ သူနာပြုတစ်ယောက် ယောင်ဟေးကို ရှာတွေ့သွားတာဟာ အင်မတန် ကံကောင်းလို့,လို့ ဆိုရမယ်။ မိုးရေနဲ့ တစ်ကိုယ်လုံး ရွှဲစိုတုပ်တုပ်ကျနေတဲ့ ယောင်ဟေးတစ်ယောက် သစ်တော ထဲ မလှုပ်မယှက်ရပ်နေပုံက သူ့ကိုယ်သူ သစ်ပင်လို့ ထင်နေပုံပဲတဲ့။

ညနေ လေးနာရီလောက်မှာ ယောင်ဟေး ပျောက်သွားတဲ့အကြောင်း သူ့ကို ဖုန်းခေါ်တယ်။ အဲဒီအချိန်မှာ အင်ဟေးက သူ့သား ဂျီဝူးနဲ့အတူရှိနေခဲ့တယ်။

ခြောက်နှစ်သားဂျီဝူးဟာ အဖျားတာရှည်နေလို့ ရင်ဘတ် ဓာတ်မှန်ရိုက်ဖို့ ဓာတ်မှန်ခန်းထဲ ရောက်နေတုန်း ဖုန်းဝင်လာတာ။

“မစ္စစ် ကင်အင်ဟေးလား”

“ပြောနေပါတယ်”

“ကျမက ကင်ယောင်ဟေးရဲ့သူနာပြုပါ”

ယောင်ဟေး ဆေးရုံတက်ပြီးကတည်းက ခု ဆေးရုံကနေ ဖုန်းခေါ်တာ ပထမဆုံးအကြိမ်ပဲ။ အင်ဟေးအနေနဲ့ သူ့ညီမနဲ့ မာကြောင်းသာကြောင်း စကား တစ်ခွန်းနှစ်ခွန်းပြောတာကလွဲလို့ ဆေးရုံကို ဖုန်းခေါ်ခဲလှတယ်။ တစ်ဖက်က သူနာပြုဟာ အရေးပေါ် အခြေအနေကို ဖုံးကွယ်ထားတဲ့ တမင်လုပ်ယူထားတဲ့ လေသံအေးအေးနဲ့ ယောင်ဟေး ပျောက်နေကြောင်း အကြောင်းကြားခဲ့တယ်။

“ကျွန်မတို့လည်း ရှာနေပါတယ်။ တကယ်လို့ သူ ရှင့်ဆီရောက်လာ ခဲ့ရင် ချက်ချင်း အကြောင်းကြားပေးပါနော်”

ဖုန်းမချခင် သူနာပြုက ဆက်ပြောတယ်။

“သူဘယ်များသွားနိုင်မလဲရှင့်။ ရှင်တို့မိဘတွေဆီများ ရောက်သွား နိုင်လား”

“မိဘတွေက တောမှာနေတာပါ။ တကယ်လို့ လိုရင် ဆက်သွယ် ပေးပါ့မယ်”

အင်ဟေး ဖုန်းချလိုက်ပြီး ဖုန်းကို အိတ်ထဲထည့်၊ ဓာတ်မှန်ခန်းထဲ ပြန်သွား၊ ဂျီဝူးကို ပွေ့လိုက်တယ်။ ဂျီဝူးဟာ အတော် ပိန်သွားတယ်။ အဖျား ငွေ့ငွေ့နဲ့ ကိုယ်နွေးနွေးဟာ အင်ဟေးလက်ထဲမှာ ပေါ့ပေါ့လေး ဖြစ်နေတယ်။

“သား ကောင်းကောင်းနေတယ်နော် မေမေ”

ဂျီဝူးက မျက်နှာနီနီလေးနဲ့ ဂုဏ်ယူဝံ့ကြွားစွာ ပြောနေတယ်။

အဖျားသွေးကြောင့် ရဲနေတာလည်းဖြစ်မယ်။

“ဟုတ်တယ်ဗျ၊ ကလေးက တုပ်တုပ်တောင် မလှုပ်ရှာဘူး”

ဆရာဝန်ကလည်း ဂျီဝူးဖက်က ထောက်ခံတယ်။ ဓာတ်မှန်သာ ရိုက်ရတယ် အင်ဟေးကတော့ နမိုးနီးယားလို့ မထင်ဘူး။ ဂျီဝူးကို ပွေ့ချီ၊ တက္ကစီစီးပြီး မိုးထဲရေထဲ အိမ်ပြန်လာခဲ့တယ်။ အိမ်ရောက်တော့ ကလေးကို ခြေလက်ဆေးပေး၊ ဆန်ပြုတ်တိုက်၊ ဆေးတိုက်ပြီး သိပ်လိုက်တယ်။ ဂျင်ဂျာလည်နေအောင် လုပ်ရတဲ့အတွက် သူ့ညီမ ပျောက်နေတာကို ခေါင်းထဲထည့်ဖို့

စိတ်ရောလူရော မအားဘူး ဖြစ်နေတယ်။ သား စဖျားကတည်းက အိပ်ရေး ပျက်တာ ငါးရက်ဆက်တိုက် ရှိပြီ။ ဒီညမှ အဖျားမကျရင် ဆေးရုံတင်ရ လိမ့်မယ်။ ဂျီဝူး အဝတ်အစားတွေ အဆင်သင့် အိတ်ပြင်ထားပြီး ကျန်းမာရေး အာမခံလက်မှတ်လည်း ရှာထားလိုက်တယ်။ အဲဒီအချိန် ဖုန်းဝင်လာတယ်။

ညကိုးနာရီလောက် ရှိရောပေါ့။

"ကျွန်မတို့ သူ့ကို ရှာတွေ့ပြီရှင့်"

"ကျေးဇူးတင်လိုက်တာရှင်၊ ကျွန်မ နောက်အပတ် လာခဲ့ပါ့မယ်"

ကျေးဇူးတင်တာကတော့ တကယ်ပါ။ ဒါပေမဲ့ ပင်ပန်းလွန်းပြီ။ ဖုန်းချပြီးမှ ဒီမှာတောင် မိုးဒီလောက်ရွာရင် အဲဒီတောင်ပေါ်မှာ ဘယ်လောက်များ သည်းသည်းမည်းမည်း ရွာလိမ့်မလဲလို့ တွေးမိတယ်။ အဲဒီအချိန်လေးအတွင်းမှာတော့ သူနဲ့ ယောင်ဟေး ပေါင်းစပ်သွားသလို ခံစားလိုက်ရတယ်။

စိတ်ထဲမှာမြင်တာလား၊ အိပ်မက်မက်တာလား၊ ဒီမြင်ကွင်းက ဘယ်လောက်တိကျ မှန်ကန်သလဲဆိုတာကို စစ်တမ်းထုတ်ဖို့နည်းလမ်း သူ့မှာမရှိ။ ဖလန်နယ်စကို ရေဆွတ် သားနဖူးမှာ ကပ်ကပ်ပေးရင် ငိုက်ခနဲ စိုက်ကျသွားချိန်မှာ ဒီမြင်ကွင်းကို သူ မြင်လိုက်ရတာ။ မိုးသည်းသည်းကြား ယိမ်းနွဲ့နေတဲ့ သစ်ပင်တစ်ပင်၊ မသာတစ်လောင်းရဲ့ ဝိညာဉ်နဲ့တောင် တူ,တူသေးတော့။ မှောင်မည်းနေတဲ့ သစ်တော၊ မည်းသည်းအောင်ရွာတဲ့မိုး၊ ရွှံနင့်နေတဲ့ ဖြူယော်ယော် လူနာဝတ်စုံ၊ တုပ်တုပ်ကျစိုနေတဲ့ ဆံပင်တွေ၊ မည်းနက်နက် တောင်တန်း ဆင်ခြေလျှော၊ ရွှံနစ်မည်းမှောင်ပြီး သဲသဲကွဲကွဲ ရှင်းရှင်းလင်းလင်း မမြင်ရတဲ့ ခါတ်အစုအဝေး အစိုင်အခဲတစ်ခု။ အဲဒါ ယောင်ဟေးပဲ။ သူ နာနာဘာဝလို မားမားကြီး ရပ်နေတယ်။ အရုဏ်တက်ချိန်မှာ သားနဖူးကို ကမန်းကတန်း ထစမ်းတယ်။ အေးနေတာတွေ့မှ စိတ်သက်သာရာရပြီး မတ်တတ်ထရပ်၊ အိပ်ခန်းထဲကထွက်၊ ဧည့်ခန်းဝရန်တာမှာရပ်ရင်း အရုဏ်အလင်းပြာကို ငေးနေမိတယ်။

ဆိုဖာပေါ်ခွေရင်း အိပ်ပျော်အောင် ကြိုးစားတယ်။ ဂျီဝူး မနိုးခင် အချိန်တစ်နာရီရရ၊ ရသလောက် အိပ်မှဖြစ်မယ်။

အစ်မရေ..ကြည့်စမ်း ဒီမှာ ကျွန်မ အုန်းပင်စိုက်နေတာ (ဦးစိုက် ကျွမ်းပြန် လက်ထောက်ပြီး ရပ်နေတာ)၊ ခန္ဓာကိုယ်ကနေ သစ်ရွက်တွေ ထွက်လာပြီ၊ လက်ကနေ အမြစ်တွေထွက်လာပြီ၊ မြေကြီးထဲကို အမြစ်တွေ စိုက်ဝင်နေပြီ၊ ဟော.. ဟော.. ကြည့်စမ်း၊ ဝင်ပြီးရင်း ဝင်ရင်းပဲ၊ ခြေနှစ်ချောင်း ကားထားတာတွေ့လား၊ ပေါင်ဂွကြားကနေ ပန်းပွင့်လာမှာလေ၊ ဒါကြောင့် ကားထားရတာ။

အိပ်တစ်ဝက် နိုးတစ်ဝက် အနေအထားမှာ ယောင်ဟေးရဲ့အသံ သူ့နားထဲမှာ ကြားလာတယ်။ အစပိုင်းမှာတော့ တိုးတိုးသက်သာ ကလေးသံလေးနဲ့ပဲ။ စကားဆုံးခါနီးလေလေ အသံက ဗလုံးဗထွေး နိုင်လာလေလေ၊ တိရစ္ဆာန်တစ်ကောင် အော်ညည်းသံလို ဖြစ်လာတယ်။ အင်ဟေး ကြောက်လန့် တကြား မျက်လုံးဖွင့်ကြည့်လိုက်တယ်။ ကြောက်လိုက်တာ။ ဒါပေမဲ့ ပြန်အိပ်ပျော် သွားတယ်။ ဒီတစ်ခါတော့ ရေချိုးခန်းထဲက မှန်ရှေ့မှာ သူရပ်နေတယ်။ ဘယ်ဖက်မျက်လုံးထဲက သွေးတွေကျလာတယ်။ သွေးကို သုတ်လိုက်ပေမဲ့ မှန်ထဲကအရိပ်က တုပ်တုပ်မလှုပ်ဘဲ တောင့်တောင့်ကြီးရပ်နေတုန်း။ သွေးတွေ ကလည်း စီးကျနေတုန်း။

ဂျီဝူးရဲ့ချောင်းဆိုးသံကြားလို့ အိပ်ခန်းထဲ ကမန်းကတန်း ထပြေးတယ်။ ယောင်ဟေး အခန်းထောင့်မှာ ကုပ်ကုပ်လေး ထိုင်နေသလိုပဲ။ သူ စိတ်ထဲက ပုံရိပ်ကို ဇွတ်အတင်း ဆွဲဖယ်လိုက်ပြီး သားလက်ကလေးကို ကိုင်လိုက်တယ်။ ခု အဆင်ပြေသွားပြီနော်လို့ ပြောလိုက်တယ်။ ဒါပေမဲ့ အဲဒီစကားတွေဟာ သားအတွက်လား၊ သူ့ကိုယ်သူအတွက်လားဆိုတာ မသေချာဘူး။

※

တောင်ပေါ်လမ်းမှာ ဘတ်စ်ကား ရပ်လိုက်တယ်။ အင်ဟေး ကားပေါ် က ဆင်းပြီး ထီးကိုဖွင့်လိုက်တယ်။ အဲဒီမှာဆင်းတာ သူတစ်ယောက်တည်း၊ ကားက သူဆင်းပြီးတာနဲ့ ဝူးခနဲ မောင်းထွက်သွားတယ်။

လမ်းကနှစ်မြွာကွဲနေတယ်။ တောင်တက်လမ်းကျဉ်း ကလေးအတိုင်လိုက်၊ မီတာငါးဆယ် လောက်ရှည်တဲ့ လှိုဏ်ခေါင်းတစ်ခုကို ဖြတ်ပြီးထွက်လိုက်တာနဲ့ ဆေးရုံလေး တစ်ဖက်ခြမ်းကို လှမ်းမြင်ရပြီ။ တောင်တွေ ပတ်လည်ဝိုင်းထား တဲ့ ဆေးရုံ။ မိုးက ရွာမစဲ၊ တသည်းသည်း၊ တဝေါဝေါ။ အသံတော့ နည်းနည်း လျော့သွားသလိုပဲ။ အင်ဟေး စိုရွှဲနေတဲ့ ဘောင်းဘီတွေကို ကုန်းပြီး လိပ်တင် လိုက်တယ်။ ကတ္တရာလမ်းကို ဖောက်ပြီး တိုးထွက်နေတဲ့ ပေါင်းပင်တွေက ဟိုတစ်စ ဒီတစ်စ။ အတော်လေးတဲ့ ဘေးလွယ်အိတ်ကြီးကို နေရာတကျထား၊ ပုခုံးတွေ သက်သာအောင် အနေအထားပြင်၊ ထီးကို ဆောင်းပြီး ဆေးရုံဆီ ရှေးရှု ဆက်လက်ချီတက်။

ခုနောက်ပိုင်း ဗုဒ္ဓဟူးနေ့တိုင်း သူ ဒီကို မှန်မှန်ရောက်ဖြစ်တယ်။ ယောင်ဟေးပျောက်သွားတဲ့ မိုးနေ့မတိုင်ခင်တုန်းကတော့ တစ်လတစ်ခါ တောင် နပ်မမှန်ချင်ဘူး။ လာတိုင်း အသီးတွေ၊ ဆန်မုန့်တွေ၊ တို့ဟူးကြော်တွေ အများကြီး သယ်ရတယ်။ လမ်းက တိတ်ဆိတ်နေတာပဲ။ ကားရော လမ်းသွားလမ်းလာပါ ဘာမှမရှိဘူး။ ဆေးရုံဧည့်ခန်းစားပွဲမှာ သယ်လာတဲ့ အစားအသောက်တွေကို ချလိုက်တဲ့အခါ ယောင်ဟေးဟာ အိမ်စာမလုပ်ချင်ဘဲ လုပ်ရတဲ့ကလေးလို အဲဒီအစားအသောက်တွေကို တို့ကနန်း ဆိတ်ကနန်း တမြုံ့မြုံ့ လုပ်နေတတ်တယ်။ ယောင်ဟေးရဲ့ ဆံပင်လေးတွေကို ပွတ်သပ်ပေးတဲ့အခါ ညီမလေးယောင်ဟေး ဟာ လှည့်ကြည့်ပြီး မပွင့်တပွင့်ပြုံးပြရှာတယ်။ စိတ်နှလုံးကြည်ရွှင်ရတဲ့ တဒင်္ဂ အခိုက်အတန့်လေးတွေပေါ့လေ။ ခုလို အခြေအနေမျိုးနဲ့ ယောင်ဟေး တစ်ယောက် တစ်သက်လုံးနေသွားရတော့မယ်လား။ အသားမစား တုံဏှိဘာဝေ နဲ့ ညီမကို တစ်ခါတစ်ခါ သွားတွေ့တာနဲ့ပဲ ပြီးရောလား။

ယောင်ဟေးက သူ့ထက် လေးနှစ်ငယ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် အပြိုင်အဆိုင် ဖြစ်မလာနိုင်တဲ့ အသက်ကွာဟမှုမျိုးပေါ့။ ထစ်ခနဲ ရိုက်ပါတတ်တဲ့ အဖေ့ကြောင့် ငယ်ငယ်တည်းက နှစ်ယောက်လုံး ခဏခဏ ပါးတီးခံရတယ်။ အဲဒီအချိန်တည်းက ညီမလေးကို မိခင်မေတ္တာမျိုးနဲ့ စောင့်ရှောက်ပေးနိုင်ဖို့ သူ အားတွေ တင်းခဲ့ရတယ်။ အားတွေ မွေးခဲ့ရတယ်။ တော်ကြာ ဒူးပြဲ၊ တော်ကြာ တံတောင်ပွန်း ခဏခဏဖြစ်တတ်တဲ့ ညီမလေးဟာ ကြည့်နေရင်းနဲ့ အရွယ်ရောက် အိမ်ထောင်ကျသွားခဲ့တယ်။ စိတ်မသက်မသာ ဖြစ်ရတာတစ်ခုကတော့ ယောင်ဟေးဟာ အရွယ်ရောက်လေ စကားနည်းလေ ဖြစ်လာတာပဲ။ သူလည်း နှုတ်ဆိတ် တတ်ပါတယ်။ ဒါပေမဲ့ အခြေအနေ အရ ပြောစရာရှိရင် ယဉ်ကျေးပျူငှာ အလိုက်အထိုက် ပြောရတာပဲလေ။ ယောင်ဟေး

ကတော့ အဲလိုမဟုတ်ဘူး၊ ကြည့်ရင်းကြည့်ရင်း နားလည်ရ ခက်ခက်လာတယ်။ ခက်လွန်းလို့ တစ်ခါတလေ ပီဘိ သူစိမ်းတစ်ရံလိုပဲ။

ဂျိဝူးမွေးပြီး တစ်ရက်နှစ်ရက်နေတော့ ယောင်ဟေးဟာ သူ့တူကို ကြည့်ဖို့ ဆေးရုံကို ရောက်လာခဲ့တယ်။ သူ့ကို သုတိသာယာ စကားတွေပြောရ မယ့်အစား ယောင်ဟေးဟာ ကလေးကိုကြည့်ရင်း ဆီမန်းမန်းသလို ရွတ်နေ တယ်။

"ဒီလောက် ပုစိကွေးလေးတွေ တစ်ခါမှ မမြင်ဖူးဘူး။ မွေးကင်းစ ဆိုတာ ဒီလိုပုံမျိုးတဲ့လား"

ယောင်ဟေးနှုတ်ခမ်းပေါ်က သိရခက်တဲ့ အပြုံးဟာလည်း ထူးခြားတယ်။ ယောင်ဟေးဟာ တဖြည်းဖြည်း သူနဲ့ ဝေးကွာလာတယ်။ မျက်နှာဖုံးအောက်က တကယ့်မျက်နှာကို မခန့်မှန်းနိုင်ဘူး။ သူ့ယောက်ျား နဲ့ဖြစ်ခဲ့တဲ့ စိတ်ညစ်စရာကိစ္စနဲ့တော့ မဆိုင်လောက်ဘူး။ ဘာပဲပြောပြော သူတို့နှစ်ယောက် လုံး တိတ်ဆိတ်ခြင်းနွံထဲ နစ်သထက်နစ်။

※

လှိုဏ်ခေါင်းထဲ ဝင်လိုက်တယ်။ အရင်အခေါက်တွေထက် ပိုမှောင် သလိုပဲ။ ရာသီဥတုကြောင့်ဖြစ်မယ်။ ထီးကိုပိတ်ပြီး လမ်းဆက်လျှောက်တယ်။ ခြေသံရဲ့ ပဲ့တင်သံတွေကို နားစွင့်ရင်းပေါ့။ တစ်ခါမှမမြင်ဖူးတဲ့ အရောင်အသွေး နဲ့ ပိုးဖလံကြီးတစ်ကောင် လှိုင်ခေါင်းနံရံမှာ ပြေးကပ်တယ်။ သူ ခဏရပ်ပြီး တောင်ပံတွေကို ကြည့်နေမိတယ်။

သူ့ယောက်ျားက ပျံသန်းနေတဲ့အရာတွေကို ရိုက်ကူးရတာ နှစ်သက် တယ်လေ။ ငှက်၊ လိပ်ပြာ၊ လေယာဉ်ပျံ၊ ပိုးဖလံ၊ ယင်ကောင် အစုံပဲ။ ပြီးရင် သူရိုက်တဲ့အကြောင်းအရာနဲ့ ဆိုင်ဆိုင်,မဆိုင်ဆိုင် အဲဒီပုံရိပ်တွေကို ထည့်တော့တာပဲ။ ဘာလို့ထည့်မှန်းလဲ မသိပါဘူး။ အနုပညာနဲ့ပတ်သက်ရင် အင်ဟေးက ဒုံးဝေးတယ်။ တစ်ခါက ယောက်ျားကို သူမေးဖူးတယ်။ တံတားအို ကြီး တစ်စင်းရယ်၊ အသုဘမှာ လူတွေ ငိုနေကြတာရယ်ကိုပြပြီး ဘာဖြစ်လို့ ငှက်တစ်ကောင်ရဲ့ အရိပ်မည်းကြီး လေပေါ်ထိုးတက်သွားတဲ့ မြင်ကွင်းကို နှစ်စက္ကန့်စာ ထည့်ရတာတုန်းလို့ပေါ့။

"ဘာဖြစ်လို့လဲဆိုတော့ ဒီလိုမျိုးနဲ့ အဆုံးသတ်ချင်လို့ပေါ့။ အဲလို ထည့်ရတာ ကောင်းတယ်လို့ထင်လို့"

အဲလိုဖြေပြီး ဘာမှဆက်မပြောပဲ တိတ်သွားတယ်။

ထိုးဖောက်နိုင်စွမ်းမရှိတဲ့ တိတ်ဆိတ်မှုနဲ့ ဧကစာရီ ကျင့်နေတတ်တဲ့ သူ့ယောက်ျား ရဲ့သဘာဝစရိုက်မှန်ကို သူတကယ်ပဲ သိရဲ့လား။ သူ့ယောက်ျား အကြောင်းသိချင်ရင် ယောက်ျားရဲ့ ဗွီဒီယို အနုပညာတွေ လေ့လာရမလို ဖြစ်နေတယ်။ သင်းနဲ့မညားခင်တုန်းက အဲလိုအနုပညာလက်ရာမျိုး ရှိမှန်းတောင် မသိပါဘူး။ ဘယ်လိုပဲ နားလည်အောင် ကြိုးစားကြိုးစား နားကိုမလည်တာ။

နှစ်ယောက်သား ပထမဆုံးစတွေ့တဲ့ ညနေခင်းကို သူမှတ်မိနေသေးတယ်။ ဆိုင်ကိုရောက်လာတဲ့ ယောကျ်ား အလောင်းအလျာဟာ အဲဒီတုန်းက ပိန်လိုက်တာမှ တုတ်ချောင်း ထောင်ထားသလိုပဲ။ မျက်နှာကလည်း တစ်သက်လုံး မအိပ်ရသလို ပါးချောင်နားချောင်နဲ့၊ ကင်မရာအိတ်ကြီးက ပုခုံးပေါ် တွဲလဲရွဲကျ လို့။ မုတ်ဆိတ်ရိတ်တုန်းလိမ်းတဲ့ လိုးရှင်းခံ့ရင်မ် လာဝယ်တာ။ ကောင်တာမှာ ခရင်မ်ကို လက်မှာပွတ်ကြည့်နေတဲ့ ပုံစံက ပုံလဲကျသွားတော့မလိုမျိုးပဲ။ အဲဒီအချိန်ထိ ဘာစိတ်မှ မဖြစ်သေးဘူး။

နေ့လယ်စာရော စားပြီးရဲ့လားလို့ ခင်ခင်မင်မင် မေးလိုက်မိတယ်။ အံ့ဩတကြီးနဲ့ သူ့ကိုကြည့်ပြီး ဘာမှပြန်မဖြေ နိုင်လောက်အောင် နွမ်းလျနေတဲ့ပုံကို ကြည့်ပြီး အဲဒီမှာ သူ စကြွေတော့တာပဲ။

အဲဒီနေ့က တတ်နိုင်ရင် ချော့သိပ်ချင်စိတ်တွေ သူ့မှာ တဖွားဖွား ဖြစ်ရတယ်။ ဒါပေမဲ့ မင်္ဂလာဆောင်ပြီးတဲ့အထိလည်း သင်းပုံစံက ခြေကုန် လက်ပန်းကျ နွမ်းလျနေတုန်းပါပဲ။ ယောက်ျားဟာ သူ့ကိစ္စတွေနဲ့ အမြဲရှုပ်နေ တတ်တယ်။ အိမ်ကိုလည်း ခဏတဖြုတ် ညအိပ်ဖို့လောက် သာလာတဲ့ ခရီးသွား တစ်ယောက်လိုပါပဲ။ အလုပ်တွေ အဆင်မပြေတဲ့အခါ နှုတ်နည်းချက်ကတော့ ကျောက်တုံးကြီး ချထားသလို၊ ရာဘာစေးနဲ့ ဆို့ထားသလိုပဲ။

တကယ်တော့ သူ တစ်စုံတစ်ရာကို သေချာသိလာတာ မကြာသေးဘူး။ သူ တကယ်ကူညီဖေးမ ချော့မြူချင်တာက ယောက်ျား မဟုတ်ဘဲ သူ့ကိုယ် သူ ဆိုတာကိုပေါ့။ အသက်ဆယ့်ကိုးနှစ်ထဲက အိမ်ကထွက်လာပြီး ဆိုးလ်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားခဲ့ရတဲ့သူဟာ ဒီလူရဲ့ နွမ်းလျပင်ပန်းမှု ဘဝအမောတွေကို မြင်လိုက်ရချိန်မှာ သူ့ကိုယ်သူ မှန်ထဲ ပြန်ကြည့်ရသလို ခံစားလိုက်ရတာ။

ယောက်ျားဖြစ်လာမယ့် သင်းကို တကယ်ပဲ သံယောဇဉ် တွယ်တာ ဟုတ်ရဲ့လား။ ဒင်းကရော သူ့အပေါ် ဘာခံစားရတုံး သူ သေချာမသိ။ ဘယ်တုန်းကမှ မသိ။ ယောက်ျားကတော့ သူ့ကို အားကိုးပါတယ်။ နိစ္စဓူဝ ဘဝမှာ အဆင်မပြေတာများ လွန်းတဲ့ ယောက်ျားဟာ ပိုပြောတာ လျှော့ပြောတာ မရှိ။ ပကတိ တုံဏှိဘာဝေ အမျိုးဆိုတော့ သူ့ကို ဘယ်တုန်းကမှ အသံကျယ် ကျယ်တောင် မပြောဖူးဘူး။ တစ်ခါတလေဆို လေးစားသမှုနဲ့ ဆက်ဆံတယ် တောင် ထင်ရတယ်။

"ကျုပ်ဟာ ခင်ဗျားနဲ့မတန်ပါဘူးဗျာ" တဲ့။ လက်မထပ်ခင်ကဆို အဲလို ခဏခဏ ပြောတယ်။

"ခင်ဗျားဟာ တော်တယ်၊ တည်ငြိမ်တယ်၊ အရာရာကို အေးအေး ဆေးဆေး ဖြေရှင်းနိုင်တယ်"

လေးစားသမှု၊ သူ့စကားတွေကနေ အနှစ်ချုပ်ထုတ်လို့ရလာတဲ့ စကားလုံးပဲ။ အဲ့လိုတော့ တိုက်ရိုက်ဝန်ခံတာ မဟုတ်ဘူးပေါ့။ သို့သော်လည်း ဒီစကားတွေထဲ ချစ်တယ်ဆိုတာ တစ်ခွန်းမှ မပါတာတော့အမှန်ပဲ။

ယောက်ျားတကယ်ချစ်တာက သူရိုက်ထားတဲ့ မြင်ကွင်းတွေပဲ။ ဒါမှမဟုတ် မရိုက်ရသေးတဲ့ ပုံရိပ်တွေပဲ။ လက်ထပ်ပြီးတဲ့နောက်ပိုင်း ပထမဆုံး အကြိမ် ယောက်ျားရဲ့ တစ်ကိုယ်တော်ပြပွဲတစ်ပွဲကို ရောက်ဖြစ်တယ်။ အဲဒီမှာ သူ ရှော့ခ်ရသွားတယ်။ ဒီလို လေတိုက်ရင်လဲတော့မယ့်ပုံနဲ့ ယိုင်နဲ့နဲ့လူဟာ ဒီလိုပုံရိပ်တွေကို ဘယ်လို အခက်အခဲတွေ ကျော်လွှားပြီး ရိုက်လာပါလိမ့်။ တချို့ပုံရိပ်တွေက အင်မတန်အကဲဆတ်တဲ့ ပြဿနာတက်နိုင်တဲ့ဟာတွေ၊ ဘာလို့များ ဒီလိုဟာတွေကို စွဲလမ်းနေမှန်းမသိပါဘူး။ ယုံကို မယုံနိုင်တာ။

သူ့မှတ်ဉာဏ်ထဲ စွဲကျန်ခဲ့တဲ့ ဖြစ်ရပ်တစ်ခုရှိတယ်။ ဂျီဝူး တစ်နှစ်ပြည့် မွေးနေ့ပြီး သိပ်မကြာခင်မှာဖြစ်တာ။ ကလေး လမ်းလျှောက်တတ်ကာစ။ ယောက်ျားဟာ နေခြည်နွေးနွေး ထွေးပွေ့ထားတဲ့ ဧည့်ခန်းထဲ ဂျီဝူးနောက်က တကောက်ကောက် လိုက်ရင်း ဗွီဒီယိုမှတ်တမ်းတင်နေတယ်။ ဂျီဝူးဟာ အမေ့

ရင်ခွင်ထဲ တိုးဝင်၊ အမေဖြစ်တဲ့ အင်ယောင်းက ကလေးခေါင်းကလေးကို အာဘွားပေးနေတာကို အသေးစိတ်ရိုက်တယ်။

"ဂျီဝူးလေး ခြေတစ်လှမ်းလှမ်းတိုင်းလေ..."

ယောကျ်ားရဲ့မျက်လုံးတွေဟာ တဖျတ်ဖျတ်ကို လက်လို့နေတယ်။

"ဂျီဝူးရဲ့ခြေလှမ်းတိုင်းမှာ ပန်းပွင့်လေးတစ်ပွင့်စီ ပွင့်လာတာကို ပုံဖော်မယ်။ ဟာယာယို မီယာဇာကီရဲ့ ရုပ်ရှင်တွေထဲကလိုပေါ့။ ဟင့်အင်း... ပန်းထက်စာရင် လိပ်ပြာလေးတွေက ပိုကောင်းတယ်။ ပန်းခြံထဲမှာရိုက်ရင် အကောင်းဆုံးပဲ။ ထပ်ရိုက်ဦးမှ"

ယောကျ်ားက သူ့ကို ကင်မရာကိုင်တွယ်နည်း နောက်ပြန်ရစ်ပြီး ရိုက်ထားတာတွေ ပြန်ကြည့်တဲ့နည်းတွေ သင်ပေးတယ်။ ပြီးတော့ ဘယ်လို ရိုက်မယ်ဆိုတဲ့ အိုက်ဒီယာတွေကို တတွတ်တွတ် ပြောနေတယ်။

"သားနဲ့ အချစ်နဲ့က ဝတ်စုံဖြူတွေ ဆင်တူဝတ်ကြ။ အဲ.. . နေဦး၊ စုတ်စုတ်ပြတ်ပြတ်ဝတ်တာ ပိုကောင်းမလား။ ဟုတ်တယ်..အင်း... စုတ်စုတ်ပြတ်ပြတ် နွမ်းနွမ်းဖတ်ဖတ်ဝတ်။ လူဆင်းရဲသားအမိပေါ့။ ကလေးလေး ယိုင်တိယိုင်ထိုးနဲ့ လမ်းလျှောက်လာ၊ ခြေတစ်လှမ်းလှမ်း လိုက်တုန်း ရောင်စုံလိပ်ပြာလေး တွေ လွင့်ဝဲပျံသန်းထွက်လာ၊ အံ့ဖွယ်တန်ခိုးတော်ပေါ့"

ဒါပေမဲ့ သူတို့မှာ ကိုယ်ပိုင်ပန်းခြံမှမရှိဘဲ။ ဂျီဝူးကလည်း ယိုင်တိယိုင်ထိုး ခြေလှမ်းလှမ်းတဲ့ အရွယ်ကနေ လွန်မြောက်တော့မှာ။ ဒါကြောင့်မို့ ခြေလှမ်းတိုင်းမှာ ရောင်စုံလိပ်ပြာတွေ ပျံသန်းလာတဲ့ ဗွီဒီယိုဟာ လက်တွေ့မှာ ဖြစ်မလာခဲ့ဘူး။

ဘာပဲပြောပြော အဲဒီအချိန်ကစလို့ ယောကျ်ားဟာ အပြင်းအထန် အလုပ်လုပ်လာတယ်။ စတူဒီယိုထဲ တံခါးပိတ်ပြီး နေ့မအားညမနား အိမ်တောင် မပြန်ဘဲ အလုပ်လုပ်ပေမဲ့ ဘာမှ ဖြစ်မလာသလိုပဲ။ ဖိနပ်တွေ မည်းညစ် စုတ်ပြတ်ကုန်တဲ့ထိ လမ်းတကာ လှည့်တယ်။ တစ်ခါတလေ အင်ဟေး စောစော နိုးပြီး အိမ်သာဝင်ရင် ယောကျ်ားဟာ ရေဇလားထဲမှာ အိပ်ပျော်နေတတ်တယ်။

သူ့ယောကျ်ား သူတို့သားအမိကို ထားသွားပြီးတဲ့နောက်ပိုင်း ဂျီဝူး ခဏခဏမေးတတ်တဲ့ မေးခွန်းတစ်ခုက သားတို့မိသားစုမှာ အဖေဆိုတာ ရှိလား မေမေတဲ့။ အဲဒီမေးခွန်းက ယောကျ်ားရှိနေစဉ်ထဲက ဂျီဝူးမေးတတ်တဲ့ မေးခွန်းပဲ။ ဒီမေးခွန်းကိုကြည့်ရင် ယောကျ်ားဟာ သူတို့မိသားစုမှာ ဘယ်လောက်တောင် မှေးမှိန်ပျောက်ကွယ် နေတယ်ဆိုတာ မြင်နိုင်တာပဲလေ။

"မရှိဘူး.. အမေနဲ့ သားကလွဲလို့ ဘယ်သူမှမရှိဘူး။ အမေနဲ့ သားရှိနေရင် လုံလောက်ပါပြီ သားရယ်"

လို့ သူ ဖြေတတ်တယ်လေ။

※

မိုးသည်းသည်းမှာ ဆေးရုံအဆောက်အဦတွေကြည့်ရတာ စိတ်ညစ်စရာကောင်းလောက်အောင် ထုံထိုင်းမှုန်မှိုင်းလို့ပဲ။ မီးခိုးရောင် ကွန်ကရစ်နံရံတွေဟာ မည်းသည်းထူထဲနေတယ်။ ပထမထပ်နဲ့ တတိယထပ် ဆေးရုံအဆောင် ပြတင်းပေါက်တွေက သံတိုင်တွေ အပြည့်ကာထားတယ်။ လူနာတွေဟာ သံတိုင်ကြားမှာ မှုန်မှိုင်းမှိုင်းမျက်နှာတွေ ကိုယ်စီနဲ့ မိုးမှောင်ကြီးကို ငေးနေ ကြတာကို မော့ကြည့်မိတယ်။ ပြီးတော့ ဌေ့ကြိုဌာနကို ဦးတည်လိုက်တယ်။

"ဒေါက်တာ ပတ်အင်ဟိုနဲ့တွေ့ဖို့ ချိန်းထားပါတယ်"

သူ့ကို မျက်မှန်းတန်းမိနေတဲ့ ဒေါ်ကြိုမလေးက နှုတ်ဆက်တယ်။ ထီးကိုပိတ်ပြီး သစ်သားခုံတန်းရှည်မှာ ထိုင်လိုက်တယ်။ ဆရာဝန်အလာကို စောင့်နေတုန်း ဆေးရုံရှေ့ဥယျာဉ်ထဲက ဇယ်ကိုဗာပင်ကြီးကို ငေးနေမိတယ်။ အပင်ကြီးက အိုလှပြီ။ အနည်းဆုံး နှစ်လေးရာလောက် သက်တမ်းရှိပြီ ထင်ရတယ်။ နေသာတဲ့နေ့တွေဆိုရင် မရေမတွက်နိုင်တဲ့ အကိုင်းအခက်တွေ တောင်ပံ ဖြန့်လို့ အရွက်တွေက ကြွားကြွားရွှားရွှား စကားဖောင်လောက်အောင် ပြောနေ ပုံမျိုးပဲ။ ဒီနေ့တော့ မိုးသည်းသည်းကြားမှာ ရေငုံနှုတ်ပိတ် တုံဏှိဘာဝေ လုပ်နေရှာတယ်။ အကိုင်းတွေကလည်း မည်းမှောင်၊ အရွက်တွေကလည်း ကုပ်ကိုင်းလို့။ အဲလို တိတ်ဆိတ်ငြိမ်သက်နေတဲ့ သစ်ပင်မြင်ကွင်းပေါ်မှာ တစ္ဆေတစ်ကောင်ရဲ့ပုံရိပ်လို ယောင်ဟေးရဲ့ မျက်နှာဟာ မှုန်ဝါးဝါး ပေါ်လာခဲ့ တယ်။

နီတွတ်နေတဲ့မျက်လုံးတွေကို အကြာကြီး မှိတ်ထားပြီး ပြန်ဖွင့်လိုက်တယ်။ ဇယ်ကိုဗာပင်မြင်ကွင်းက အမြင်အာရုံထဲ ဆိတ်ဆိတ်ငြိမ်ငြိမ် ပြန်ဝင်လာတယ်။ ခုဆို ကောင်းကောင်းမအိပ်ရတာ သုံးလရှိပြီ။ ဒီသုံးလအတွင်း ကြက်အိပ်ကြက်နိုးပဲ။ တစ်နာရီ ကျော်အောင် အိပ်ရတာ အရမ်းရှားတယ်။ တဝုန်းဝုန်းရွာနေတဲ့ မိုး၊ သစ်တောထဲက ယောင်ဟေးရဲ့အော်သံ၊ မျက်လုံးထဲက သွေးတွေစီးကျနေတဲ့ သူ့မျက်နှာတွေဟာ အိပ်စက်ရမယ့်ညတာကို ကြွေထည်ပစ္စည်း အစိတ်စိတ် အမြွာမြွာကွဲသလို တစ်စစီဖြစ်စေတယ်။

များသောအားဖြင့်တော့ အိပ်မပျော်တော့ရင် အိပ်ရာထ လိုက်တာပဲ။ မနက်သုံးနာရီလောက် ဖြစ်တတ်တာများတယ်။ မျက်နှာသစ်တယ်၊ သွားတိုက်တယ်၊ အရုံပင်းတွေပြင်တယ်၊ အိမ်သန့်ရှင်းရေးလုပ်တယ်။ ဒီလောက် ဇယ်ဆက်အောင် လုပ်တာတောင် အချိန်ကုန်တာက နှေးလွန်းတယ်။ လက်တွေ လှုပ်ရှားမှုကလည်း ကာတွန်းထဲထဲကလို ဖြစ်နေတယ်။ နောက်ဆုံး ယောကျ်ားရဲ့ အခန်းထဲသွားပြီး ကျန်ရစ်ခဲ့တဲ့ ဗွီဒီယိုမှတ်တမ်းတွေ ကြည့်ချင်ကြည့်၊ ယောကျ်ား တစ်ခါတလေ လုပ်တတ်သလို လက်တွေနောက်ပစ်ပြီး ခန္ဓာကိုယ်ကို ချာချာ လည် လှည့်ချင်လှည့်၊ ရေဇလားထဲ ဝင်ခွေချင်ခွေ နေတတ်တယ်။ ယောကျ်ား၊ ယောကျ်ား . . . အဝတ်အစားတွေယူသွားဖို့၊ ရေပူရေအေး ချိန်ညှိဖို့၊ ရေချိုးသွားဖို့ တောင် အားမရှိတော့ဘဲ ကတိုက်ကရိုက်ကို ထွက်သွားခဲ့တာ။ တိုက်ခန်းတစ်ခန်း လုံးမှာ ဒီနေရာလေးတစ်ခုပဲ နေသာထိုင်သာရှိပြီး နွေးထွေးနေသလိုပဲ။

“ဒါတွေအားလုံး ဘယ်တုန်းက စဖြစ်ခဲ့တာပါလိမ့်” တစ်ခါတလေ သူ့ကိုယ်သူ အဲသလို ပြန်မေးမိတယ်။

“မဟုတ်သေးဘူး... ခုလို အလုံးစုံ ပျက်သုဉ်းမှုတွေ ဘယ်အချိန်က စခဲ့ပါလိမ့်”

လွန်ခဲ့တဲ့ သုံးနှစ်။ ယောင်ဟေးတစ်ယောက် သားသတ်လွတ်သမဘဝကို ရုတ်တရက် ပြောင်းသွားပြီးချိန်က စခဲ့တာပေါ့။ ယောင်ဟေးဟာ ပိန်သွားလိုက်တာ မြင်သူတကာ အံ့သြယူရတယ်။ အိပ်လည်း မအိပ်တော့ဘူး။ အရင်တည်းက စကားနည်းတဲ့ ယောင်ဟေးဟာ လုံးဝ ရေငုံနှုတ်ပိတ်နေတော့ တယ်။ ဘာမှကို ပြောလို့မရတော့ဘူး။ မိဘတွေဆိုတာ ယောက်ယက်ခတ်ကုန် ကြတာပေါ့။ အင်ဟေးတို့မိသားစုရဲ့ တိုက်ခန်းသစ်မှာ မိသားစု အကုန်ဆုံကြတဲ့ အချိန် အဖေက ယောင်ဟေးကို ပါးရိုက်၊ ပါးစပ်ဖြဲပြီး အသားတုံး အတင်း သွပ်တယ်။ ယောင်ဟေးဟာ အပြင်းအထန် ဒဏ်ရာရတဲ့လူလို တစ်ကိုယ်လုံး တသိမ့်သိမ့်

တုန်သွားပြီး တိရစ္ဆာန် တစ်ကောင်လို အသားတုံးကို ထွီခနဲထွေးရင်း သစ်သီးခွဲဓားနဲ့ လက်ကောက်ဝတ်ကို လှီးချလိုက်တယ်။

ယောင်ပေး အဲသလိုလုပ်တာကို သူ ဘာလို့မတားနိုင်ခဲ့တာလဲ။ အင်ပေးစိတ်ထဲမှာ သံသယတွေ အလုံးအရင်း ဖြစ်တည်လာတယ်။ အဖေ ယောင်ပေးကို လုပ်ချင်တိုင်းလုပ်နေတာကို ဘာနဲ့မှတားလို့ မရတော့ဘူးတဲ့လား။ ယောင်ပေး မျက်စိရှေ့ကနေ ဓားကို ဆွဲယူလိုက်လို့ မရတော့ဘူးတဲ့လား။ ယောင်ပေးကို သူ့ယောက်ျားက ပွေ့ပြီး ဆေးရုံပြေးတာကို မတားနိုင်ဘူးတဲ့လား။ ယောင်ပေး စိတ္တဇဆေးရုံ တက်တုန်းက ယောင်ပေး ယောက်ျား မစ္စတာ ချွိုင်းကို ယောင်ပေး နားမှာ ကြွံကြွံခံ မားမားရပ်ပေးဖို့ မဖျောင်းဖျနိုင်ခဲ့ဘူးတဲ့ လား။ မကြားဝံ့မနာသာ အလုပ်ကြီးကို လုပ်တော့မယ့် ယောက်ျားရဲ့စိတ်ကို အချိန်မီ ပြောင်းသွားအောင် မလုပ်နိုင်ခဲ့ဘူးတဲ့လား။ သူ့နားက လူတွေရဲ့ ဘဝ ကြမ္မာဟာ ကံစီမံရာအတိုင်းဖြစ်၊ သူတတ်နိုင်တာ ဘာမှ မရှိ၊ အဲသလိုတဲ့လား။

မွေးရာပါ အပြာရောင်အမှတ်ကလေးတစ်ခုဟာ သူ့ယောက်ျားရဲ့ စိတ်ကို မီးပွင့်စေရုံမက လောင်မီးကျသွားစေတာကို သူ ဘယ်လိုမှ စဉ်းစားလို့ မရဘူး။ သူ့ယောက်ျားရဲ့အပြုအမူတွေက သဲလွန်စ မပေးခဲ့ဘူးလား။ ယောင်ပေးဟာ ဝေဒနာရှင်ဖြစ်နေဆဲဆိုတာ သင်း မသိလေရော့သလား။ ဘာပဲ ဖြစ်ဖြစ် သေချာတာကတော့ သူ့ယောက်ျား လုပ်ခဲ့တာတွေဟာ ခွင့်မလွှတ်နိုင်တဲ့ အပြစ်တွေဆိုတာပဲ။

အဲဒီနေ့က သူ့ယောက်ျားနဲ့ ယောင်ပေး အိပ်ရာကနိုးပြီး မကြာခင် ဆေးအကူသုံးယောက် ပစ္စည်းကိရိယာအပြည့်အစုံနဲ့ ဝင်လာခဲ့ကြတယ်။ ဝရန်တာလက်ရန်းကို သိမှတ်မဲ့ အားပြုရပ်နေတဲ့ ယောင်ပေးကို နှစ်ယောက်က ဝိုင်းလိုက်တယ်။ ပန်းပွင့်ခန္ဓာကို ဂျာကင်ကြီးခြုံပေးတုန်းမှာ ယောင်ပေးဟာ အော်တယ်၊ တွန်းတယ်၊ ရုန်းတယ်၊ ကိုက်တယ်၊ ရိုက်တယ်၊ အပြင်းအထန်ပဲ။ ဒါပေမဲ့ သူတို့ ယောင်ပေးကို အောင်အောင်မြင်မြင် အကြောဆေးသွင်းလိုက်နိုင်တယ်။ အဲဒီအချိန်မှာ ယောင်လည်လည်လုပ်နေတဲ့ ယောက်ျားကို ကျန်တဲ့ ဆေးအကူတစ်ယောက်က မသိမသာအကဲခတ်နေတယ်။ ယောက်ျားဟာ ဝရန်တာဆီပြေးပြီး ခုန်ချမလို့လုပ်တယ်။ ဆေးအကူက သူ့ထက် မြန်တဲ့အတွက် သူ့ကို ခါးကနေ အချိန်မီ ဖမ်းဆွဲထားလိုက်နိုင်တယ်။ ဒီနောက်ပိုင်းတော့ ယောက်ျားဟာ ဝရုန်းသုန်းကား မလုပ်တော့ဘူး။ ငြိမ်သွားတယ်။

အင်ပေးဟာ တုန်တုန်ခိုက်ခိုက်နဲ့ မတ်တတ်ရပ်ရင်း အဲဒီမြင်ကွင်းကို ကြည့်နေခဲ့တယ်။ ဒရွတ်တိုက်အဆွဲခံနေရတဲ့ ယောက်ျားနဲ့ မျက်လုံးချင်းဆုံတယ်။ အင်ပေးက တင်းတင်းမာမာ ကြည့်နေတယ်။ ယောက်ျားရဲ့မျက်ဝန်းတွေ ထဲမှာ နောင်တ၊ ရှုံ့မှုက်၊ ရှုံးသွပ်မှုတွေ မတွေ့ပါဘူး။ အင်ပေး ခံစားနေရတဲ့ အကြောက်တရားတွေ ကိုပဲ တွေ့ခဲ့ရတယ်။

ဒီလိုနဲ့ အရာအားလုံး နိဂုံးချုပ်ခဲ့တယ်။ အဲဒီနေ့လယ်ကစလို့ သူတို့ ဘဝတွေဟာ နောက်ကြောင်း ပြန်လှည့်လို့မရတဲ့ အချိုးအကွေ့တစ်ခုကို ကိုယ်စီ ကိုယ်ငှ ကျော်ဖြတ်ခဲ့ကြရတယ်။

ဆေးရုံက မရှုးဘူးဆိုတဲ့ ဆေးစာထွက်လာတဲ့အခါ သူ့ယောက်ျားဟာ အချုပ်ခန်းထဲရောက်သွားတယ်။ ရုံးလုပ်ထုံးလုပ်နည်း အဆင့်ဆင့်တွေနဲ့ အချုပ်ထဲ လပေါင်းများစွာနေပြီး ပြန်လွတ်လာတဲ့အခါ ယောက်ျားဟာ စုပ်စမြုပ်စ

ပျောက်သွားတယ်။ မြင်ကို မမြင်ရတော့ဘူး။ ယောင်ဟေးကတော့ ဆေးရုံကနေ ပြန်ကိုမဆင်းရတော့ဘူး။ ပထမအကြိမ်ဖြစ်ပြီး ပြန်ကောင်းလာမယ် ကြံကာရှိသေး နောက်တစ်ကြိမ် ခုလိုထပ်ဖြစ်တော့ တုံဏိဘာဝေ ဇကေစာရိဘ၀ ပြန်ရောက်သွားရရှာတယ်။ ဒါပေမဲ့ အဲလိုချည်း အမြဲနေတာတော့ မဟုတ်ဘူး။ ဘယ်သူမှမရှိဘူး မနှောက်ယှက်ဘူးဆိုရင် နေရောင်ရတဲ့နေရာမှာ ငုတ်တုတ်လေး ထိုင်ပြီး တစ်ယောက်ထဲ တွတ်ထိုး နေတတ်တယ်။ အရင်ကလိုပဲ အသားလုံး၀ မစားတော့ပြန်ဘူး။ ပန်းကန်ထဲ အသားမြင်တာနဲ့ အလန့်တကြားအော်ပြီး ထ ပြေးတတ်တယ်။ နေသာတဲ့အချိန်ဆို ဆေးရုံ၀တ်စုံကို ကြယ်သီးဖြုတ်ပြီး ပြတင်းပေါက်မှန်ကို ရင်သားတွေနဲ့ ထိကပ်ရင်း နေတတ်တယ်။ မိဘတွေက တော့ သားသမီးအရေးကို ပူပင်ဖို့ အရွယ်လွန်သွားခဲ့ပြီ။ ယောင်ဟေးကိုရော သူ့ကိုပါ အဆက်အသွယ် သိပ်မလုပ်တော့ဘူး။ သူ့မောင် ယောင်ဟိုလည်း တူတူပါပဲ။ သူကတော့ ယောင်ဟေးကို မစွန့်ပစ်နိုင်ဘူး၊ မျက်နှာလွှဲခဲပစ် မလုပ်နိုင်ဘူး။ ဆေးရုံစရိတ်အတွက် တစ်ယောက်ယောက်က တာ၀န်ခံတယ် ဆိုရင် တခြား တစ်ယောက်ယောက်က အုပ်ထိန်းသူအဖြစ် တာ၀န်ယူရမယ် မဟုတ်လား။

ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ အင်ဟေးဟာ နိစ္စဓူ၀ ပြုဖွယ်ကိစ္စတွေကို ခါတိုင်း လိုပဲ လုပ်နေခဲ့တယ်။ ဆိုင်ကို ဖွင့်မြဲအတိုင်း ဖွင့်တယ်။ ဂျီ၀ူးက ခုဆို ခြောက်နှစ် ပြည့်ပြီ။ ယောင်ဟေးကို ဈေးအတန်အသင့်နဲ့ ပတ်၀န်းကျင်ကောင်းရှိတဲ့ဆေးရုံမှာ ပြောင်းထားတယ်။ အမြန်ဆုံး သက်သာလာဖို့ မျှော်လင့်ရင်းပေါ့။

အင်ဟေးဟာ ကလေးဘ၀ထဲက မွေးရာပါ သန်စွမ်းကြံ့ခိုင်တယ်။ ဘယ်ရောက်ရောက် သူတတ်နိုင်သမျှ အကောင်းဆုံးလုပ်တာပဲ။ သမီးတစ်ယောက်၊ အစ်မတစ်ယောက်၊ အိမ်ရှင်မ တစ်ယောက်၊ အမေတစ်ယောက်၊ ဆိုင်ပိုင်ရှင် တစ်ယောက်အနေနဲ့တင်မက လမ်းပေါ်လျှောက်နေတဲ့ ခရီးသည် အနေနဲ့တောင် တတ်စွမ်းသမျှ အကောင်းဆုံးလုပ်တယ်။ အဲသလို အကောင်းဆုံးလုပ်တတ် ကြိုးစားတတ်သူ တစ်ယောက်အတွက် အချိန်အပါအ၀င် အရာရာ ကို အောင်နိုင်သင့်တာပေါ့။ အောင်နိုင်ဖို့ အကြောင်း ရှိတာပေါ့။ အင်း ပြီးခဲ့တဲ့ မတ်လက ယောင်ဟေးသာ ရုတ်တရက် ပျောက်မသွားခဲ့ရင်၊ မိုးသည်းည သစ်တောထဲက ပြန်မတွေ့ခဲ့ရင်၊ အဲဒီနောက်ပိုင်း ယောင်ဟေးရဲ့ရောဂါ ရုတ်တရက်ကြီး ဆိုးဆိုး၀ါး၀ါး ဖောက်မလာခဲ့ရင်….။

※

ရှေ့တော်ပြေး ခြေသံမြန်မြန်နဲ့အတူ ဂျူတီကုတ်ဖြူ၀တ် ဆရာ၀န်ငယ် လေးဟာ အင်ဟေး အနား လျှောက်လှမ်းလာခဲ့တယ်။ အင်ဟေးက မတ်တတ်ရပ်၊ ဆရာ၀န်က သူ့ကို မသိမသာ ဦးညွှတ်နှုတ်ဆက်ပြီး ဆွေးနွေးခန်းထဲ၀င်ဖို့ လက်ဟန်ပြတယ်။ ဆရာ၀န်နောက်က လက်ဟန်ပြတယ်။ ဆရာ၀န်နောက်က သူ လိုက်သွားတယ်။

အသက် သုံးဆယ်လောက်ရှိမယ့် ဆရာ၀န်လေးဟာ ကျန်းမာသန်စွမ်းပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု အင်မတန်ရှိတဲ့ပုံပဲ။ ဆရာ၀န်က ထိုင်လိုက်ပြီး သူ့ကို မျက်မှောင်ကြုတ်ကြည့်နေတယ်။ အင်း... အခြေအနေတော့ သိပ်ကောင်း မယ့်ပုံ မပေါ်ဘူးလို့တွေးမိတော့ အင်ဟေး စိတ်လေးသွားတယ်။

“ကျွန်မ ညီမလေး...”

“ကျွန်တော်တို့ တတ်စွမ်းသမျှ လုပ်နေပေမယ့် သူ့အခြေအနေဟာ

တိုးတက်မလာဘူး ခင်ဗျာ”

“ဒါဆို ဒီနေ့ . . .”

အင်ဟေး စကားတွေ ထစ်ငေါ့နေပြီ။ ဆရာဝန်က သူ့အပြောကိုမစောင့်ဘူး။

“ဒီနေ့ သူ့ကို အကြောဆေးကတစ်ဆင့် အာဟာရ သွင်းပေးတယ်၊ ကံကောင်းရင် အခြေအနေနည်းနည်းကောင်းလာမယ်။ အဲလိုမှ မဟုတ်ရင်တော့ အထွေထွေရောဂါ ကုဆေးရုံကြီးက အသည်းအသန် လူနာဆောင်ကို ပို့ရတော့မှာ

“ခု ကျွန်မ သူနဲ့ စကားပြောကြည့်ပါ့မယ်နော်”

ဆရာဝန်ကတော့ သိပ်မျှော်လင့်ချက်ထားပုံ မပေါ်ပါဘူး။ သူ့ကြည့်ရတာ ပင်ပန်းပြီး လူနာတွေ သူ့စိတ်တိုင်းကျ ကောင်းမလာလို့ ဖြစ်တည်လာတဲ့ ဒေါသတွေကို မျိုသိပ်ထားရတဲ့ပုံ။ ဆရာဝန်က နာရီကို ကြည့်လိုက်တယ်။

**အင်း နာရီဝက်လောက်ပြောကြည့်ပါ။ အောင်မြင်ရင် သူနာပြုတွေ ကို အသိပေးပါ။ နေ့လည် နှစ်နာရီ ပြန်တွေ့မယ်”

ဆရာဝန်ရှေ့ကနေ အမြန်ဆုံးထွက်သွားလို့ရဖို့ မျှော်လင့်ပေမဲ့ ဆရာဝန်က လေကြောရှည်နေခဲ့တယ်။

“ပြီးခဲ့တဲ့အခေါက်ကလည်း ကျွန်တော် ပြောခဲ့ပြီးသားဆိုတာ သိပါတယ်။။ ခံတွင်းပျက် အေနိုရက်ဇီးယား နားဗိုးဆား ဝေဒနာရှင်တွေ ၁၅-၂၀% လောက်ဟာ အာဟာရပြတ်ပြီး သေကြရတယ်ဆိုတာပေါ့။ တစ်ကိုယ်လုံး အရိုးနဲ့ အရေပဲကျန်တာတောင် သူတို့ကိုယ်သူတို့ ဝနေတယ်လို့ ထင်တတ်ကြတုန်း၊ ခံတွင်းပျက်ရောဂါသည် ဖြစ်ရတဲ့ စိတ်ပိုင်းဆိုင်ရာ အကြောင်းအရင်းခံက တော့ အများကြီးပေါ့။ ဒါပေမဲ့ စိတ်ကစဉ့်ကလျား ရောဂါအုပ်စုမှာတော့ အစာစားဖို့ငြင်းဆန်တာ အတော်ရှားတယ်။ ခင်ဗျားညီမ ကင်ယောင်ဟေး အပါအဝင်ပေါ့။ သူ့ စိတ်ကစဉ့်ကလျားဖြစ်မှုက အဆိုးလှကြီးမဟုတ်ဘူး၊ ဒါပေမဲ့ သူ ဘာလို့ခုလိုဖြစ်နေလဲဆိုတာ ကျွန်တော်တို့ သေချာမသိတာ ဝန်ခံရ မယ်။ အစာထဲ အဆိပ်ခတ်ခံရမှာကြောက်တဲ့ ယုံမှားလွန်သံသယ ဝေဒနာရှင် တွေမှာ သူတို့အကြောင်းပြချက်နဲ့ သူတို့ရှိတယ်။ သူတို့စားမယ့် အစားအသောက် ကို ဆရာဝန်က အရင်စားပြရင် အိုကေတယ်။ ဒါပေမဲ့ ကင်ယောင်ဟေးကတော့ ဘယ်လိုလုပ်လုပ် မအိုကေဘူး။ အစာကျွေးလို့ကို မရတာ။ တိုက်သမျှဆေးတွေ လည်း ဘာမှ အရာ မထင်သလိုပဲ။ တကယ်တော့ အကြောဆေး အာဟာရ သွင်းဖို့ ဆုံးဖြတ်ရတာ မလွယ်ပါဘူး။ သို့သော် ဆရာဝန်ရဲ့ အဓိကတာဝန်ဟာ လူနာအသက်ကိုကယ်ဖို့ပဲ။ ဒီတိုင်းထားရင် သူ့အသက်ရှင်ဖို့က မသေချာဘူး လေ”

ဆရာဝန်က ထရပ်လိုက်တယ်။ ပြီးတော့ သူ့ကိုကြည့်ပြီး ထပ်ပြောတယ်။

“ခင်ဗျားလည်း အသားအရေက မကောင်းလှဘူး။ ကောင်းကောင်း ရောအိပ်ပျော်ရဲ့လား ”

ဆရာဝန်ဆန်လှတဲ့အမေးကို ဘာပြန်ဖြေရမယ်မှန်း သူမသိ။

“လူနာ့အုပ်ထိန်းသူဆိုတာ ကျန်းမာရေးကောင်းဖို့လိုတယ်လေ။ ခင်ဗျားသိပါတယ်”

ဆရာဝန်နဲ့ သူ အပြန်အလှန် ဦးညွှတ်နှုတ်ဆက်ကြတယ်။ ဆရာဝန်က တံခါးဖွင့်ပြီး ထွက်သွားတယ်။ ခြေလှမ်းသွက်သွက် လှမ်းတဲ့ ဆရာဝန်ကို သူ အခန်းထဲက ထွက်လာချိန် စင်္ကြံလမ်းမှာ မမြင်ရတော့ဘူး။

ညှော်ကြိုစားပွဲရှေ့က ခုံရှည်ဆီ ပြန်လာလိုက်တယ်။ ပေါပေါပဲပဲ အဝတ်အစားတွေ ဝတ်ထားတဲ့ သက်လတ်ပိုင်း အမျိုးသမီး တစ်ယောက်ဟာ သူနဲ့ သက်တူရွယ်တူ အမျိုးသားတစ်ယောက်ရဲ့ လက်မောင်းကို မှီတွဲပြီး ရှေ့တံခါး ကနေ ဝင်လာတာ တွေ့ရတယ်။ လူနာ လာကြည့်တာများလား။ ဟော ကြည့်နေ ရင်း အဲဒီမိန်းမဟာ ပါးစပ်က အမြုပ်ထွက်မတတ် မြည်တွန်တောက်တီး နေတော့တယ်။ အမျိုးသား ကတော့ ဒီလို ဂျီတိုက်တာ ရိုးနေပုံပဲ။ ဂရုကိုမစိုက်ဘူး။ ပိုက်ဆံ အိတ်ထဲက ကျန်းမာရေး အာမခံကဒ် ကိုထုတ်ပြီး ညှော်ကြိုကောင်တာ ပြတင်းပေါက်ထဲ လျှောတိုက်ထည့်ပေးလိုက်တယ်။

"အကျင့်ယုတ်တဲ့အကောင်။ ငါ့တစ်ကိုယ်လုံး ခြောက်ကပ်သွား အောင် မျိုဆို့ရတာတောင် နင်မကျေနပ်နိုင်သေးဘူး။ ငါ ဒီမှာ မနေဘူး။ နိုင်ငံခြားထွက်မယ်။ နင့်လိုအကောင်မျိုးနဲ့ တစ်စက္ကန့်တောင် အတူ မနေဘူးဟဲ့"

အင်း ဆေးရုံတက်မှတ်တမ်း အချိန်မီထွက်လာရင် ဒီမိန်းမဟာ ဒီညကို အလုံခန်းထဲစံမြန်းရမှာ။ ခြေတွေလက်တွေ ကြိုးတုပ်ခံရပြီး အိပ်ဆေးထိုးတာ ခံချင်ခံရမယ်။ အင်ပေးဟာ အဲဒီမိန်းမ ဆောင်းထားတဲ့ ပန်းပွင့်တွေနဲ့ ဦးထုပ် ခပ်နွမ်းနွမ်းကို ငေးနေမိတယ်။ ဒီ စိတ္တဇဆေးရုံ ကိုလာရတာ အင်မတန် စိတ်ညစ်စရာကောင်းတယ်လို့ သူ ရုတ်တရက်ခံစားလိုက်ရတယ်။ ဆေးရုံလာပြီးတိုင်း လမ်းပေါ်ကလူတွေကို ကြည့်ရတာ တစ်မျိုးဖြစ်ဖြစ်နေတာကိုး။

ယောင်ဟေးကို စခေါ်လာတုန်းက အခြေအနေကို သူ အမှတ်ရနေ မိတယ်။ ဆောင်းဦးကာလရဲ့ နေသာတဲ့တစ်နေ့ပေါ့။ ဆိုးလ် ပြည်သူ့ဆေးရုံကြီး ဟာ သူ့အိမ်နဲ့နီးတယ်။ ဒါပေမဲ့ ဈေးက တနင့်တပိုးပဲ။ ဒါကြောင့် ဈေးသက်သာ ပြီး ကုသမှုကောင်းတဲ့ဆေးရုံ ရှာပုံတော် ဖွင့်ရတယ်။ ဆေးရုံက ဆရာဝန်က ယောင်ဟေးကို အပြင်လူနာအနေနဲ့ လာပြဖို့ အကြံပေးတယ်။

"အခြေအနေက မဆိုးပါဘူး။ ပုံမှန်တော့ပြန်မဖြစ်သေးဘူးပေါ့ ။ မိသားစုအကူအညီရဖို့တော့ လိုတယ်"

*"ဟုတ်ကဲ့ ဆရာပြောတာ ကျွန်မ နားလည်ပါတယ်။ ဒါပေမဲ့ ခုချိန်က အိမ်မှာနေဖို့ မသင့်တော်သေးဘူး"

ယောင်ဟေးကို ဆေးရုံမဆင်းစေချင်သေးတဲ့ အဓိက အကြောင်းအရင်း ကတော့ အိမ်ရောက်မှ ရောဂါ ပြန်ထနေမှာ ကြောက်လို့ပဲ။ အဲလိုဆို သူ ခံနိုင်ရည် ရှိတော့မယ် မထင်ဘူး။ ယောင်ဟေးကို ဆေးရုံမှာ အကျဉ်းသားလို သံတိုင်တွေကြား မထားရက် ပေမဲ့လည်းပေါ့။

ကံကောင်းထောက်မတော့ ယောင်ဟေး ဆေးရုံတက်ခွင့်ရလိုက် တယ်။ ဆရာဝန်တွေကို ဆေးရုံမှာနေရတာ သက်တောင့်သက်သာ ရှိပါတယ်လို့ ပြောနေတဲ့ ယောင်ဟေးဟာ တည်တည်ငြိမ်ငြိမ်ပဲ၊ အကြည့်တွေကလည်း ကြည်ကြည်လင်လင်ပဲ။ နှုတ်ခမ်းနှစ်ဖက်ကို တင်းတင်းစေ့လို့ပေါ့။ ရုတ်တရက် ကြည့်ရင် သာမန်လူတွေလိုပဲ။ ဒါပေမဲ့ ယောင်ဟေးဟာ ပြန်ပိန်စပြုနေခဲ့ပြီ။ ဆေးရုံသွားတုန်း တက္ကစီ ပြတင်းပေါက်ကနေ ငေးရင်းလိုက်လာတဲ့ ယောင်ဟေး ဟာ နည်းနည်းမှ မသက်မသာ ဖြစ်မနေဘူး။ တက္ကစီပြန်လွှတ်လိုက်ပြီးတဲ့အခါ အစ်မနောက်ကနေ လိမ်လိမ်မာမာ လိုက်လာခဲ့တယ်။ ယောင်ဟေးဟာ ပုံမှန်ဖြစ်လွန်းလို့ ဆေးရုံညှော်ကြိုမလေးဟာ ဘယ်သူကလူနာမှန်း ရုတ်တရက် မခွဲတတ် ရှာဘူး။

စာရွက်စာတမ်းတွေစောင့်နေတုန်း အင်ဟေးက သူ့ညီမကို ပြောတယ်။

"ဒီမှာက လေကောင်းလေသန့်ရတယ်။ နင် ခံတွင်းလိုက်လာမှာ။ များများစားပြီး ဝလာအောင်လုပ်နော်"

အဲဒီအချိန်မှာ စကားစပြောစပြုလာတဲ့ ယောင်ဟေးဟာ ဇယ်ကိုဗာပင်ကြီးကို စိုက်ကြည့်ရင်း . ..

"ဟုတ်တယ် အပင်ကြီးတွေလည်းရှိတယ်"

လို့ ပြန်ပြောရှာတယ်။

ခဏနေတော့ တုတ်တုတ်ခိုင်ခိုင် ယောကျ်ားသူနာပြု တစ်ယောက် ရောက်လာတယ်။ အိတ်ကို စစ်ဆေးတယ်။ အတွင်းခံတွေ၊ ထသွားထလာ ဝတ်တွေ၊ ဖိနပ်တွေ၊ ရေချိုးခန်းသုံးပစ္စည်းတွေ၊ တစ်ခုချင်းကို သေချာဖြန့်ပြီး စစ်နေတယ်။ ပင်အပ်တို့ တွယ်ချိတ်တို့ ပါမပါ ပေါ့။ ကုတ်အင်္ကျီရှည်ကြီးရဲ့ သိုးမွေးခါးပတ်ထူထူကြီးကို ဖယ်ပစ်တယ်။ အားလုံးပြန်ထည့်ပြီးတော့ သူနာပြုက သူတို့ကို သူနဲ့လိုက်ခဲ့ဖို့ခေါ်တယ်။

ခြောက်ယောက်ဆန့် လူနာဆောင်တစ်ခုရဲ့တံခါးကို ဖွင့်ပြီး အထဲခေါ်သွားတယ်။ သူနာပြုတွေကို အင်ဟေးက တစ်ယောက်ချင်း လိုက်နှုတ်ဆက်နေတုန်း ယောင်ဟေးက ခပ်မဆိတ်နေတယ်။ အိတ်ကိုချပြီး ပြတင်းပေါက်ဆီသွားတယ်။ ပြတင်းပေါက်က သံတိုင်တွေ ကာထားတယ်။ သံတိုင်တွေကိုင်ပြီး ငေးနေတဲ့ ညီမလေး ကိုကြည့်ရင်း အင်ဟေး စိတ်ဆင်းရဲလိုက်တာ။ အပြစ်ကြီး ကျူးလွန် မိသလိုပဲ။ ရင်ဝမှာ အလုံးကြီးဆို့လာသလိုပဲ။ ယောင်ဟေးကတော့ အေးအေးဆေးဆေးပါပဲ။ သူ့နား ပြန်လျှောက်လာတယ်။

"အို ဒီကနေလည်း သစ်ပင်တွေမြင်ရတာပဲနော်"

စိတ်မပျော့စမ်းနဲ့ အင်ဟေး။ နှုတ်ခမ်းတင်းတင်းကိုက်ထားရင်း သူ့ကိုယ်သူ အသံတိတ် ပြောနေမိတယ်။ အိမ်မှာထားရင် မကြာခင် ဒုက္ခအကြီးအကျယ်ရောက်မှာ။ ဒီလိုလုပ်လို့ နင့်ကို ဘယ်သူမှ အပြစ်မတင်ပါဘူး။ အကောင်းဆုံး လုပ်တာပဲလေ။

ဒါပေမဲ့ သူ ယောင်ဟေးကို မကြည့်ရဲဘူး။ အပြင်က သစ်ပင်ကို ငေးနေတယ်။

"အစ်မ"

ယောင်ဟေးက အသံတိမ်လေးနဲ့ ခေါ်တယ်။ တည်တည်ငြိမ်ငြိမ်ပါပဲ။ အင်ဟေးက ပြန်မထူးတော့ ထပ်ပြောတယ်။

"အစ်မ. ကမ္ဘာပေါ်က သစ်ပင်တွေအားလုံးဟာ ညီမအတွက် ညီအစ်ကိုမောင်နှမတွေပဲ သိလား"

※

လူနာဆောင် စင်္ကြံတစ်လျှောက် သူ လျှောက်လာခဲ့တယ်။ အခန်းထဲကလူနာတွေဟာ မှန်တံခါးကို မျက်နှာအပ်ပြီး အပြင်ကို ချောင်းနေကြတယ်။ ဒီရက်ပိုင်းမိုးမပြတ်လို့ လူနာတွေ အခန်းထဲချည်းနေနေရမှာ။ အခန်းကြောက်ဝေဒနာ ခံစားနေရမယ်ထင်တယ်။ သူနာပြုခန်းရဲ့ လူခေါ်ဘဲလ်တီးလိုက်တော့ အသက်သုံးဆယ်လောက် ယောကျ်ားသူနာပြုတစ်ယောက် သော့တွဲကြီး ကိုင်ပြီး ထွက်လာတယ်။

သူနာပြုဟာ သူထွက်လာတဲ့တံခါးကို ချက်ချင်းပြန်ပိတ်တယ်။

သော့ခတ်တယ်။ ခပ်ငယ်ငယ် လူနာကောင်မလေးတစ်ယောက်က မှန်တံခါးမှာ ပါးအပ်ရင်း အင်ဟေးကို ပြူးကြောင်ကြည့်နေတယ်။ အကြည့်က စူးလွန်းလို့ အရေပြားထဲ ဖောက်ဝင်သွားသလိုပဲ။ စိတ်မှန်တဲ့လူတွေ ဒီလို စူးစူးဝါးဝါး မကြည့်တာ သေချာတယ်။

“ကျွန်မ ညီမလေး အခြေအနေ ဘယ်လိုရှိလဲ”

တတိယထပ်ကို လှေကားတက်နေတုန်း အင်ဟေးက သူနာပြုကို မေးလိုက်တယ်။ သူနာပြုက သူ့ကို သမင်လည်ပြန် လှည့်ကြည့်ရင်း ခေါင်းယမ်းတယ်။

“သူ စကားမပြောတော့ဘူး။ အကြောဆေးသွင်းထားတဲ့ ပိုက်ကို အတင်းဆွဲဖြုတ်ဖို့ ကြိုးစားလို့ လှောင်ခန်းထဲထည့် အိပ်ဆေး ပေးလိုက်ရတယ်။ သူက အင်မတန်အားသန်တယ်”

“ဟင် ဒါဆို သူ လှောင်ခန်းထဲမှာလား”

“ခု လူနာခန်းထဲပြန်ရောက်နေပြီ။ နေ့လယ်နှစ်နာရီမှာ နှာခေါင်းပိုက် ထည့်မယ်လေ”

သူနာပြုနောက်ကနေ အင်ဟေးလိုက်လာခဲ့တယ်။ တတိယထပ် ဧည့်ခန်းထဲ ရောက်ပြီ။ ရာသီဥတုသာယာတဲ့ နေ့ဆို ဧည့်ခန်းဟာ နေစာလှုံတဲ့လူတွေ၊ စားပွဲတင်တင်းနစ်ကစားသူတွေ၊ ဂီတသံတွေနဲ့ လူစည်ကား နေတတ်တယ်။ ဒီနေ့တော့ မိုးသံမှတစ်ပါး အခြားမရှိ။ လူနာတွေအားလုံး အခန်းထဲ အောင်းခိုင်းထားတယ်။ ဧည့်ခန်းထဲ ထွက်ခွင့်မရှိ။ စားပွဲတင်တင်းနစ်ခုံ ပေါ်မှာ ဘတ်တံလေးတွေတင်လို့။

တတိယထပ်ရဲ့ အနောက်စကြံန့်ဆီ အင်ဟေးအကြည့်က ရောက်သွားတယ်။ ဧရာမ ပြတင်းပေါက်ကြီးရှိတဲ့ အနောက်စကြံန်ဟာ နေသာတဲ့နေ့တွေ ဆို နေရောင်အရဆုံး အလင်းဆုံးနေရာပဲ။ ပြီးခဲ့တဲ့ မတ်လ၊ ဆေးရုံကနေ ပျောက်မသွားခင် သုံးလေးရက်အလို အင်ဟေး ဒီကိုရောက်တော့ ယောင်ဟေး ဟာ ဧည့်ခန်းထဲ ရောက်မလာခဲ့ဘူး။ သူနာပြုအုပ်ကို ဆက်သွယ်တဲ့အခါ အင်ဟေး အခန်းထဲကနေ အပြင်မထွက်တာ ရက်ပေါင်းများစွာ ကြာပြီလို့ သိရတယ်။ အထိန်းအကွပ်မပါ လွတ်လွတ်လပ်လပ် လမ်းလျှောက်ခွင့်ပေးတဲ့ အချိန်မျိုးမှာတောင် သူ အခန်းထဲမှာပဲ တွယ်ကပ်နေသတဲ့။ ဒါဆို သူ့ညီမနဲ့ ဘယ်လိုတွေ့ရမလဲလို့ အင်ဟေး မေးလိုက်တယ်။ ခဏနေတော့ သူနာပြု တစ်ယောက် သူ့ကိုလာခေါ်တယ်။

တတိယထပ် အနောက်စကြံန်မှာ မိန်းမတစ်ယောက် ရပ်နေတယ်။ ခြေထောက်နဲ့ ရပ်တာမဟုတ်။ ကြမ်းပေါ်လက်ထောက်ပြီး ဦးစိုက်ကျွမ်းပြန် အုန်းပင်စိုက်ရပ်နည်း နဲ့ရပ်နေတာ။ ဒါကို မြင်လိုက်ရချိန်မှာ အဲဒါ ယောင်ဟေးပဲလို့ သူ လုံးဝ မတွေးမိဘူး။ တဖြည်းဖြည်းနီး လာမှ ယောင်ဟေးရဲ့ မဟူရာဆံနွယ်ရှည် တွေကို မှတ်မိတော့တယ်။ ဟုတ်တယ် အဲဒါ ယောင်ဟေးပဲ။ ခေါင်းကအောက်၊ ခြေထောက်ကအထက်ရောက်နေလို့ မျက်နှာတစ်ခုလုံး နီနီရဲနေတဲ့ ယောင်ဟေး။

“အဲလိုလုပ်နေတာ နာရီဝက်လောက်ရှိပြီ”

သူ့ကိုခေါ်လာတဲ့ သူနာပြုက စိတ်မရှည်တဲ့အသံနဲ့ ပြောပြတယ်။

“လွန်ခဲ့တဲ့ နှစ်ရက်လောက်ကစတာပဲ။ တခြားလူနာတွေ ဒါမျိုး မလုပ်ဖူးပါဘူး။ အစကတော့ သူ့ကို လူနာခန်းထဲ အတင်းပြန်သွင်းကြတာပေါ့။

ဒါပေမဲ့ လူနာခန်းထဲမှာလည်း သူ အဲလိုပဲလုပ်နေတယ်။ တကယ့်ကို တားမနိုင် ဆီးမရပါပဲဗျာ”

လိုက်ပို့တဲ့ သူနာပြုက အကြံပေးသေးတယ်။

“ခင်ဗျား သူ့ကို စကားပြောကြည့်။ သူပြန်မပြောရင် တွန်းသာချ။ သူ လဲသွားလိမ့်မယ်။ လူနာခန်းထဲ ပြန်ပို့ရတော့မယ်ဆို ကျွန်တော်တို့ ဒီလိုပဲ လုပ်ကြတာ” တဲ့။

ခုတော့ သူနဲ့ ယောင်ဟေး နှစ်ယောက်တည်း ကျန်ခဲ့ပြီ။ ငုတ်တုတ် ထိုင်ပြီး ယောင်ဟေးနဲ့ မျက်လုံးချင်းဆုံဖို့ ကြိုးစားတယ်။ ဘယ်သူပဲဖြစ်ဖြစ် ကျွမ်းထိုးမှောက်ခုံ အုန်းပင်စိုက်နည်းနဲ့ ရပ်နေရင် မျက်နှာဟာ တစ်မျိုးဖြစ်နေမှာ ပဲ။ ဒါကြောင့် ရဲရဲနီနေတဲ့ ယောင်ဟေး မျက်နှာဟာ ကြည့်ရတာ တစ်မျိုးကြီးပဲ။ ဒါပေမဲ့ အဝေးကို ငေးနေသလိုထင်ရတဲ့ ယောင်ဟေးမျက်လုံးတွေကတော့ တဖျတ်ဖျတ် လက်နေတယ်။ အစ်မရောက်နေတာကိုလည်း သူ သိပုံမရပါဘူး။

“ယောင်ဟေး”

ဘာမှ ပြန်မဖြေ။

“ယောင်ဟေး ဘာလုပ်နေတာလဲ မတ်တတ်ရပ်စမ်း”

ယောင်ဟေးရဲ့ နီရဲနေတဲ့ ပါးကလေးကို လက်ကရောက်သွားတယ်။

“တော်တော့ ယောင်ဟေးရယ်၊ နင် ခေါင်းမကိုက်ဘူးလား။ မျက်နှာ ကလည်း နီရဲနေတာပဲ။ ကြည့်စမ်းပါဦး”

သူနာပြုအကြံပေးသလို အသာလေးတွန်းလိုက်တယ်။ ယောင်ဟေး ဟာ ကြမ်းပေါ် ဝုန်းခနဲပြုတ်ကျ၊ ခေါင်းနဲ့ လည်ပင်းကို အင်ဟေးက အသာထိန်းကိုင်ထားတယ်။

“အို. . . အစ်မ”

ယောင်ဟေးမျက်နှာ တစ်ခုလုံး ရွှင်ရွှင်ပြုံးလို့ပဲ။ ပျော်စရာ ကောင်းလှတဲ့ အိပ်မက်တစ်ခုကနေ ခုလေးတင် နိုးထလာခဲ့သလိုမျိုး၊ မျက်လုံးတွေကလည်း ဖိတ်ဖိတ်တောက်နေတယ်။

“ဘယ်တုန်းက ရောက်နေတာလဲ”

မလှမ်းမကမ်းက စောင့်ကြည့်နေတဲ့ သူနာပြု ရောက်လာတယ်။ သူတို့ညီအစ်မကို ဧည့်ခန်းနားက အခန်းလေးထဲ ခေါ်သွားတယ်။ အခြေအနေ ဆိုးတဲ့ လူနာတွေနဲ့ မိသားစုဝင်တွေ တွေ့ရတဲ့ အထူးဧည့်ခန်းမျိုးပေါ့။ ဆရာဝန် တွေ လူနာကြည့်တဲ့အခန်း ဖြစ်မယ်ထင်တယ်။

ပါလာတဲ့အစားအသောက်တွေ စားပွဲပေါ်တင်နေတာမြင်တော့ ယောင်ဟေးက ပြုံးတယ်။

“အစ်မ နောက်တစ်ခါမယူလာနဲ့တော့။ ကျွန်မ ဒါတွေ စားစရာ မလိုတော့ဘူး” တဲ့။

အင်ဟေးဟာ သူ့ညီမကို ပါးစပ်အဟောင်းသား ငေးမိတယ်။ ဘယ်လို ဖြစ်တာလဲ။ အပများ မှီနေသလား။ မျက်နှာကလည်း ဝင်းထိန်လို့။ ဒီလို မျက်နှာပေးမျိုး တစ်ခါမှကို မမြင်ဖူးပါဘူး။

“ဟဲ့ ယောင်ဟေး... နင်ဘာတွေပြောနေတာတုံး။ ခုနက နင် ဘာလုပ်နေတာလဲဟင်”

“အစ်မ သိလား”

ယောင်ဟေးက အမေးကို အမေးနဲ့ တုံ့ပြန်တယ်။

"ဟင် ဘာသိရမှာလဲ"

"ကျွန်မလည်း အစကမသိဘူး၊ ခုမှသိတာ။ သစ်ပင်တွေဟာ မြေကြီး ထဲ လက်မောင်းတွေစိုက်ပြီး မြေပေါ် ခေါင်းတင်ရင်း မားမားမတ်မတ် ရပ်နေ ကြတာကိုး အစ်မရဲ့။ ဟောဟိုမှာကြည့်လိုက်။ အစ်မ မအံ့သြဘူးလား"

ယောင်ဟေးက ပြတင်းပေါက်ကနေ လက်ညှိုးညွှန်ပြတယ်။ ပြီးတော့ အားရပါးရ ရယ်တယ်။ ယောင်ဟေး အူမြူးနေတာမြင်တော့ ကလေးဘဝကို အင်ဟေး သတိရမိတယ်။ ငယ်ငယ်တုန်းက ယောင်ဟေးလေး အဲလို ရယ်တိုင်း မျက်လုံးလေးက ပိတ်မတတ်၊ ရယ်သံလေးက တလွင်လွင်ပေါ့။ ခု ယောင်ဟေး ဟာ စကားတွေ အဆက်မပြတ် ပြောနေတယ်။

"အဲဒါကို ညီမ ဘယ်လိုရှာတွေ့လဲ သိလား။ အိပ်မက်ထဲမှာတွေ့တာ။ အိပ်မက်ထဲမှာ ညီမက ခုနကလို ပြောင်းပြန် ရပ်နေတုန်း ခန္ဓာကိုယ်ကနေ အရွက်တွေ ထွက်လာတယ်။ လက်တွေက အမြစ်တွေဖြစ်ပြီး မြေကြီးထဲ တိုးဝင်သွားတယ်။ ပန်းပွင့်တွေ ပွင့်ဖို့ ခြေထောက်တွေကို ကားပေးထားတယ်။ ဒါမှ ခွကြားမှာ ပန်းပွင့်လာမှာ"

အင်ဟေးက ယောင်ဟေးရဲ့ သွေးရောင်လွှမ်းတဲ့မျက်နှာနဲ့ မျက်လုံး တွေကို အလန့်တကြား ကြည့်လိုက်တယ်။

"ခု ကျွန်မခန္ဓာကိုယ်ကို ရေလောင်းပေးဖို့ လိုနေပြီ။ ဒီအစား အသောက်တွေ မလိုတော့ဘူး အစ်မရေ။ အပင်သန်ဖို့က ရေပဲလိုတယ် မဟုတ်လား"

※

"အလုပ်ရှုပ်စေခဲ့မိတာ တောင်းပန်ပါတယ်။ ဂရုစိုက်တာ ကျေးဇူးတင် ပါတယ်"

အင်ဟေးက သူနာပြုအုပ်ကို ပြောနေတယ်။ သူတို့ဖို့ဝယ်လာတဲ့ ဆန်မုန့်တွေကို စားပွဲပေါ်တင်ပေးရင်း တခြားသူနာပြုတွေကို နှုတ်ဆက်နေတယ်။ ယောင်ဟေးအကြောင်း မေးနေတုန်း အသက် ငါးဆယ်လောက် မိန်းမကြီး တစ်ယောက်ဟာ သူ့ကို သူနာပြုနဲ့မှားပြီး ပြတင်းပေါက်မှာရပ် ဦးညွှတ်ရင်း ပြောနေတယ်။

"ခေါင်းက အရမ်းနာနေတယ်။ ဆရာဝန်ကို ဆေးညွှန်းပြောင်းဖို့ ပြောပေးပါ"

"ကျွန်မက လူနာလာကြည့်တာပါ။ သူနာပြု မဟုတ်ပါဘူး" မိန်းမကြီးက အင်ဟေးကို မျက်လုံးချင်းဆုံပြီး စိုက်ကြည့်နေတယ်။ "ကူညီပါ ခေါင်းကနာလွန်းလို့ မခံနိုင်လို့ပါ။ ဒီလောက်နာနေတာ ဘယ်လိုနေရမလဲ"

အဲဒီအချိန်မှာ အသက်နှစ်ဆယ်လောက် ယောကျ်ားလူနာ တစ်ယောက် က ဇွတ်တိုးဝင်လာပြီး အင်ဟေးကျောကို သူ့ကိုယ်နဲ့ ဖိထားတယ်။ ဆေးရုံ ဆိုတာ ဒါမျိုးတွေ တွေ့နေကျဆိုပေမဲ့ အဲသလိုကြုံတိုင်း အင်ဟေး အမြဲ ကြောက်တာပါပဲ။ ဒီကလူနာတွေက ကိုယ်ရေးကိုယ်တာတွေ ကျင့်ဝတ်တွေ နင့်ဝတ်တွေ ဘာမှမသိ နိုင်လောက်အောင် ပုံမှန်စိတ် ကင်းမဲ့နေတာ မဟုတ်လား။ အခြေအနေတော့ မတူဘူးပေါ့။ တချို့က သူတို့ကိုယ်ပိုင်ကမ္ဘာထဲမှာ ထွက်မရအောင် ပိတ်မိနေချိန်မှာ တချို့လူနာတွေ ကျတော့လည်း ဆေးရုံဝန်ထမ်းတွေနဲ့ မှားရလောက်အောင် တကယ့် လူကောင်းပကတိအတိုင်းပဲ။ အင်း ယောင်ဟေး လည်း အဲလို

လူကောင်းထင်ရလောက်တဲ့အချိန် ရှိခဲ့ဖူးတာပဲလေ။

"အောင်မလေး ဆရာတို့ရေ ဒီအကောင့်ကို တစ်ခုခုလုပ်ကြစမ်းပါ"

မြင်ဖူးနေတဲ့ အသက်သုံးဆယ်လောက် အမျိုးသမီးလူနာက သူနာပြုအုပ်ကို အတင်းကုန်းအော်နေတယ်။ အသံကလည်း ဒေါသအပြည့်နဲ့။

"ဒီအကောင် ကျုပ်ကို အမြဲရိုက်နှက် နှိပ်စက်နေတာ ဆရာတို့သိတယ် မဟုတ်လား"

အင်း... ဒီမိန်းမရဲ့ရောဂါက တစ်နေ့တခြား ပိုဆိုးလာသလိုပဲလို့ အင်ဟေးတွေးနေရင်း သူနာပြုတွေကို ဦးညွှတ်နှုတ်ဆက်လိုက်တယ်။

"ကျွန်မ ညီမလေးနဲ့ စကားသွားပြောလိုက်ပါဦးမယ်"

သူနာပြုတွေရဲ့အမူအရာကို ကြည့်ဆုံးဖြတ်ရရင် သူတို့အားလုံး ကောင်းကြတယ်။ ယောင်ဟေးကိုလည်း ဂရုတစိုက် ပြုစုကြပါတယ်။ ဒါပေမဲ့ အင်ဟေးရဲ့ကြိုးစားအားထုတ်မှု အရာထင်လိမ့်မယ်လို့ ဘယ်သူကမှ မျှော်လင့်ချက် မထားကြတာ သိသာတယ်။ အင်ဟေးဟာ လူနာတွေကြားကနေ သတိကြီးကြီးထားပြီး လျှောက်လာတယ်။ ယောင်ဟေး အခန်းအပြင်ဘက် အရှေ့ဘက် စင်္ကြံအတိုင်း လျှောက်လာတယ်။ အခန်းတံခါးက ပွင့်နေတယ်။ အခန်းထဲ ဝင်လိုက်တော့ ဆံပင်တိုတိုနဲ့ မိန်းမတစ်ယောက်က လှမ်းနှုတ်ဆက် တယ်။

"ဩော်... ရောက်လာပြီလား"

သူ့နာမည်ကဟီဂျူးတဲ့။ အရက်ကြောင်ကြောင်နေတဲ့လူနာပေါ့။ တုတ်တုတ်တိုတို အကြည့်ချိုချို အသံအက်အက်နဲ့။ ဒီဆေးရုံမှာ အခြေအနေဆိုးတဲ့လူနာတွေကို ဝေဒနာသက်သာသူတွေ က ပြန်စောင့်ရှောက်တဲ့ စနစ်တစ်ခု လုပ်ထားတယ်။ အဲလို စောင့်ရှောက်ပေးလို့ ငွေနည်းနည်းပေးတယ်။ ဟီဂျူးက ယောင်ဟေးကို အနီးကပ်စောင့်ရှောက်သူပေါ့။

"ကျေးဇူးတင်ပါတယ်ရှင်"

အင်ဟေးက ဟီဂျူးကို ပြောလိုက်တယ်။

"ကျွန်မတို့ဘယ်လိုလုပ်ကြမလဲ။ သူတို့ပြောကြတာက ယောင်ဟေး ဟာ သေတော့မယ်တဲ့လေ"

ဟီဂျူးက မျက်ရည်တွေဝဲရင်း ပြောနေတယ်။

"အင်း.... ခု သူဘယ်လိုနေလဲ"

"ခုပဲ အန်လိုက်တာ သွေးတွေပါလာတယ်။ ဘာအစာမှမစားလို့ အစာအိမ်ထဲက အက်စစ်အချဉ်တွေဟာ သူ့အစာအိမ်နံရံကို စားနေပြီတဲ့။ ခဏခဏလည်း တက်တယ်။ ခုလည်း သွေးအန်ပြီဆိုတော့.....

ဟီဂျူးဟာ ပြောရင်း မျက်ရည်ကျလာတယ်။

"ကျွန်မ သူ့ကို စကြည့်ပေးကာစက သူ ဒီလိုမဟုတ်ပါဘူး။ မကြာခင် ကောင်းသွားမယ်တောင် ထင်မိသေးတယ်။ ခုလို ဖြစ်သွားမယ်လို့ ထင်ကိုမထားတာ။ ကျွန်မသာ သူ့ရဲ့စောင့်ရှောက်သူ မဟုတ်ခဲ့ရင် သူ ဒီလို အဖြစ်ဆိုးမှာ မဟုတ်ဘူးလို့ ထင်နေမိတယ်"

အင်ဟေးက ဟီဂျူးလက်ကို အသာလွှတ်ပြီး ကုတင်နား တဖြည်းဖြည်း တိုးသွားတယ်။ မမြင်ချင်ဘူး၊ မမြင်ရရင်ကောင်းမှာပဲ။

ယောင်ဟေးဟာ ခုတင်ပေါ်မှာ ဆန့်ဆန့်လေး လှဲနေတယ်။ ပြတင်းပေါက်အပြင်ကို ငေးနေသလားလို့ စစချင်းထင်မိပေမဲ့ တကယ်တော့

ယောင်ဟေးဟာ ဘာကိုမှ မကြည့်နိုင်ရှာတော့ဘူးဆိုတာ အနီးကပ်ကြည့်တော့ သိလာတယ်။ မျက်နှာ၊ လည်ပင်း၊ ပခုံး၊ ခြေ၊ လက်တွေအားလုံး တကယ့် အရိုးပေါ် အရေပြားကပ်ထားတဲ့ပုံစံ ပေါက်နေခဲ့ပြီ။ ပါးပြင်နဲ့ လက်ဖျံမှာ ကလေးမွေးညှင်းနုလို အမွေးလေးတွေ ပေါက်နေတယ်။ ဟိုမုန်းခေတ်တွေ ကသောင်းကနင်း ဖြစ်ပြီး အာဟာရချို့တဲ့တာ ကြာလွန်းလို့ အဲသလိုဖြစ်လာတာလို့ ဆရာဝန်က ပြောဖူးတယ်။

ယောင်ဟေးဟာ ကလေးဘဝကို ပြန်ရအောင်များ ကြိုးစားနေလေ ရော့သလား။ ခုဆို သူ ရာသီမလာတော့တာ ကြာခဲ့ပြီ။ ကိုယ်အလေးချိန်က လည်း ကီလိုသုံးဆယ်တဲ့။ ရင်ဆိုတာလည်း မရှိသလောက်ဘဲ။ မိန်းမ သဘော သဘာဝအားလုံး ပျောက်ကွယ်နေတဲ့ ယောင်ဟေးဟာ ကလေးကြီးတစ်ယောက် ခုတင်ပေါ် လှဲနေသလိုပါပဲလေ။

အင်ဟေးဟာ ပက်လက်လှဲနေတဲ့ ယောင်ဟေးကို အလွယ်တကူပဲ တစ်ဖက်ကိုစောင်းရင်း ကျောနဲ့တင်ပါးက အိပ်ရာနာတွေ ကိုကြည့်တယ်။ ပြီးခဲ့တဲ့အခေါက်လာတုန်းက ယောင်ယမ်းနေတဲ့ နေရာတွေဟာ ခုလည်း ဒီအတိုင်းပဲ။ ယောင်ဟေးတင်ပါးက မွေးရာပါ အပြာမှတ်ကလေးဆီ အကြည့် က ရောက်သွားတယ်။ ခုတော့ အမှတ်ကလေးဟာ တင်ပါးရိုးနဲ့ကပ်ပြီး ပျောက်လုလု ဖြစ်နေပြီ။ တစ်ကိုယ်လုံး ပန်းရောင်စုံနဲ့ ယောင်ဟေးရဲ့ခန္ဓာကိုယ်ကို ပြန်မြင်ယောင်လာမိတယ်။

“လုပ်ပေးခဲ့တာတွေအားလုံးအတွက် ကျေးဇူးတင်ပါတယ် ဟီဂျူးရယ်”

“အင်း ကျွန်မ သူ့ကို နေ့တိုင်းရေပတ်တိုက်ပေးတယ်။ ပေါင်ဒါ လိမ်းပေးတယ်။ ရာသီဥတုက သိပ်စိုစွတ်တော့ အနာတွေက ကျက်ခဲတယ်”

“အရမ်းကျေးဇူးတင်ပါတယ်”

“အစက သူ့ကိုရေချိုးပေးဖို့ သူနာပြုတစ်ယောက် အကူခေါ်ရတယ်။ ခုတော့ သူ့ကိုယ်က သိပ်ပေါ့လွန်းသွားပြီ။ ကလေးချီရသလောက်ပဲ ဆိုတော့ ကျွန်မတစ်ယောက်တည်း နိုင်တယ်။ ဒီနေ့ သူ့ကို ရေချိုးပေးမလားလို့၊ ရှင် သူ့ကို ဆေးရုံ ပြောင်းတော့မယ်ဆိုရင် ဒါ နောက်ဆုံးအကြိမ် ရေချိုးပေးခြင်း ဖြစ်မှာ”

ဟီဂျူးဟာ ပြောရင်းနဲ့ မျက်လုံးဝိုင်းကြီးထဲ မျက်ရည်တွေ ပြည့်ပြီး မျက်သားတွေ နီရဲလာပြန်တယ်။

“အင်း... ခဏနေရင် သူ့ကို အတူတူရေချိုးပေးကြတာပေါ့”

“ဟုတ်ကဲ့ . . . လေးနာရီဆို ရေနွေးရပြီလေ...”

ဟီဂျူးက ပြောရင်း မျက်ရည်သုတ်နေတယ်။

“ကောင်းပါပြီ ခဏနေတွေ့မယ်နော်”

ဟီဂျူးက အခန်းထဲက ထွက်သွားတယ်။ အင်ဟေးက ယောင်ဟေး တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ကြည့်ရင်း စောင်လွှမ်းပေးတယ်။ ခြေတွေ လက်တွေမှာ အပ်ရာတွေနဲ့ သွေးကြော ပေါက်ထားတဲ့အရာတွေ ပွစိတက်နေ တယ်။ ယောင်ဟေး အသက် ဆက်ဖို့အတွက် ပရိုတိန်းနဲ့ သကြားဓာတ်ကို သွေးကြောကတစ်ဆင့်ပဲ သွင်းလို့ရတော့တာ။ ခု အပ်ထိုးလို့ရတဲ့ သွေးပြန်ကြော မကျန် လောက်အောင် ပျက်စီးကုန်ပြီဆိုတော့ လက်မောင်း သွေးလွှတ်ကြောက နေတစ်ဆင့် သွင်းရမတဲ့။ မနေ့က အဲဒီအကြောင်း ဆရာဝန်က ဖုန်းဆက်ပြီး ရှင်းပြတယ်။ အဲဒါကလည်း ခွဲစိတ်ပြီးထည့်ရမှာ အန္တရာယ်ရှိတယ်၊ ဒါကြောင့်မို့ ယောင်ဟေးကို အထွေထွေရောဂါကု ဆေးရုံကြီးကို လွှဲပေးဖို့လိုသတဲ့။

နာခေါင်းပိုက်လည်း အကြိမ်ကြိမ် ထည့်ခဲ့ကြပြီးပြီ။ အမြဲတမ်း ဆွဲဆွဲဖြုတ်ပစ် သတဲ့။ ဒီနေ့ နောက်ဆုံးအကြိမ် ကြိုးစားထည့်ကြည့်လို့မှ မအောင်မြင်ရင်တော့ လက်လျှော့ပြီတဲ့လေ။

လွန်ခဲ့တဲ့သုံးလ၊ ယောင်ဟေးကို သစ်တောထဲက ပြန်ရှာတွေ့ကာစမှာ အင်ဟေးဆေးရုံကို ရောက်လာချိန်မှာ ယောင်ဟေးရဲ့ ဆရာဝန်က တွေ့ချင် တယ်လို့ အကြောင်းကြားလာတယ်။ ဆေးရုံ တက်ပြီးကတည်းက ဆရာဝန်နဲ့ စကားမပြောဖြစ်တာမို့ အဲသလို ပြောလာတဲ့အခါ အင်ဟေး ရင်တုန်ပန်းတုန်း ဖြစ်ခဲ့တယ်။

"ယောင်ဟေးဟာ အသားပါတဲ့ ဟင်းပွဲတွေ့ရင်ကို စိတ်အနှောက်အယှက် အကြီးအကျယ်ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သိထားတဲ့အတွက် ဒါမျိုးမဖြစ်အောင် အင်မတန်ဂရုစိုက်ခဲ့ကြပါတယ်၊ ဒါပေမဲ့ ခု အစာစားချိန်တွေ ဆို သူ ထမင်းစားခန်းထဲ ဆင်းမလာတော့ဘူး၊ လူနာခန်းထဲထိ အစာပို့ပေးပေမယ့် တို့တောင် မတို့ဘူး။ ခုဆို လေးရက်ရှိပြီ။ သူ ရေခဲတတ်ခန်းခြောက်စပြုလာပြီ။ အကြောဆေးသွင်းဖို့ ကြိုးစားတိုင်း သေမတတ်ရုန်းကန်နေလို့ သူ့ကို သေချာကုသမှုပေးနိုင်ပါတော့မလားလို့ ကျွန်တော် သံသယရှိမိတယ် ခင်ဗျာ"

တကယ်တော့ ယောင်ဟေးဟာ ပေးထားတဲ့ဆေးတွေကို သောက် မသောက်နဲ့ ပတ်သက်ပြီးလည်း ဆရာဝန်ဟာ သံသယ အကြီးအကျယ် ဖြစ်နေတယ်။ ဆရာဝန်ခမျာ ဘာလုပ်ရမှန်းမသိလို့ သူ့ကိုယ်သူ အပြစ်တင်နေရှာတယ်။ အဲဒီနေ့မနက်က ဆေးတိုက်ပြီးတဲ့ အချိန် သူနာပြုက မသင်္ကာလို့ ယောင်ဟေးကို ပါးစပ်အတင်းဖြဲပြီး ဓာတ်မီးနဲ့ထိုးကြည့်တော့ ဆေးတွေ လျှာပေါ် မှာ ဒီအတိုင်းရှိနေသတဲ့။

အဲဒီနေ့က အကြောဆေးတန်းလန်းနဲ့ ယောင်ဟေးနားမှာထိုင်ပြီး အင်ဟေးဟာ သူ့ညီမကို တရစပ်မေးနေမိတယ်။

"နင်ဘာလို့ အဲလိုလုပ်ရတာလဲ ယောင်ဟေးရယ်။ အဲဒီ သစ်တောကြီး ထဲ နင်ဘာဝင်လုပ်တာတုန်း။ မအေးဘူးလား . . . တစ်ခုခုဖြစ်သွားမှာ မကြောက် ဘူးလား"

ယောင်ဟေးမျက်နှာဟာ အင်မတန် နွမ်းလျှနေတယ်။ ဆံပင်တွေက လည်း ရေမှော်တွေလို ရှုပ်ပွပြီး ကျပ်ခဲကြီးဖြစ်နေတယ်။

"နင် တစ်ခုခုစားမှဖြစ်မှာပေါ့ဟယ်။ အသားမစားချင်လည်း တခြားဟာစားမှပေါ့။ ဘာလို့မစားဘဲနေတာလဲ"

ယောင်ဟေးရဲ့နှုတ်ခမ်းတွေ တွန့်လိမ်သွားတယ်။ သူဟာ လေသံလေး နဲ့ ပြောနေတယ်။

"ရေငတ်လိုက်တာ။ ရေပေးကြပါ"

အင်ဟေးဟာ ရေတစ်ခွက် ကမန်းကတန်းသွားယူတယ်။ ရေသောက် ပြီးတဲ့အခါ ယောင်ဟေးက သက်ပြင်းချပြီးမေးတယ်။

"ဆရာဝန်နဲ့ တွေ့ခဲ့တာလား အစ်မ"

"အေးလေ ဘာဖြစ်........"

အင်ဟေး စကားမဆုံးသေးခင် ယောင်ဟေးက ဖြတ်ပြောတယ်။

"အင်း.... ကျွန်မ ကလီစာတွေအားလုံး ခြောက်သွေ့တွန့်လိမ် ကုန်ပြီ လို့ သူတို့ပြောတယ်မဟုတ်လား"

အင်ဟေးဟာ အာစေးထည့်ခံရသလိုဖြစ်သွားတယ်။ ပြန်ပြောဖို့ စကားလုံးရှာမရဘူး။ ယောင်ဟေးရဲ့ ချုံးချုံးကျနေတဲ့ မျက်နှာကလေး သူ့မျက်နှာနားကို တိုးကပ်လာတယ်။ အခန်းကို ပတ်ချာလည် ဝေ့ဝိုက်ကြည့်နေတဲ့ ယောင်ဟေးဟာ လူမသိစေချင်တဲ့ လျှို့ဝှက်ချက် တစ်ခုကို ဖွင့်ပြောတော့မယ့် ပုံမျိုး။

"ဒီမယ်အစ်မ၊ ကျွန်မက ခု အစ်မတို့လို အစာစား မှအသက်ရှင်နိုင်မယ့် သတ္တဝါမျိုးမဟုတ်တော့ဘူး။ ခု အစာစား ဖို့မလိုတော့ဘူး။ ကျွန်မ အစာမစားလည်း ရတယ်။ ကျွန်မလိုတာ နေရောင်ခြည်ပဲ"

"ဘယ်လိုပြောလိုက်တာလဲ ယောင်ဟေးရယ်။ နင် တကယ်ပဲ နင့်ကိုယ်နင် သစ်ပင်လို့ထင်နေတာလား။ သစ်ပင်ဆို နင် ဘယ်လိုလုပ် စကား ပြောနိုင်မှာလဲ။ သေချာစဉ်းစားပါဦး ညီမရယ်"

ယောင်ဟေးရဲ့မျက်လုံးတွေ အရောင်တောက်လာတယ်။ မျက်နှာမှာ သိရခက်တဲ့ အပြုံးတစ်ပွင့်ပေါ်လာတယ်။

"အစ်မပြောတာမှန်တယ်။ ဒါပေမဲ့ စကားလုံးတွေ အတွေးတွေဟာ မကြာခင်ပျောက်သွားတော့မှာ အစ်မရဲ့ မကြာခင်"

ယောင်ဟေးဟာ ဟက်ဟက်ပက်ပက် နှစ်နှစ်ခြိုက်ခြိုက် ရယ်ချလိုက်တယ်။ ရယ်ပြီးတော့ သက်ပြင်းကြီးတစ်ချက်ချလိုက်ရင်း. . .

တကယ့်ကို မကြာခင်ပျောက်သွားမှာ။ အချိန်လေးနည်းနည်းပဲ စောင့်ရတော့မှာအစ်မရဲ့"လို့ တရစပ် ပြောနေရှာတယ်။

※

အချိန်တွေကုန်သွားခဲ့တယ်။

အပြင်မှာ မိုးစဲသွားခဲ့ပြီ။

အင်ဟေးဟာ ယောင်ဟေး ခုတင်ဘေးက ကုလားထိုင်မှာ ထိုင်ချလိုက်တယ်။ ပါလာတဲ့အိတ်ထဲက သေချာပိတ်ထားတဲ့ ဘူးမျိုးစုံကို ထုတ်တယ်။ အသေးဆုံးဘူးကို ဖွင့်တယ်။ ချိုမြတဲ့ သစ်သီးရနံ့ဟာ တစ်ခန်းလုံးကို လွှမ်းသွားတယ်။

"ညီမလေး... ဒါဘာလဲကြည့်စမ်း။ ဒါ နင့်အသည်းစွဲ ဝန်ဒိုစည်သွပ် မက်မုံသီးလေ။ နင်သိပ်ကြိုက်တာလေ...မှတ်မိလား။ မက်မုံသီး ပေါ်တဲ့ရာသီဆို နင် ကလေးလေးကို ခုန်ပေါက်ပြီး မြူးတူးနေတာ"

မက်မုံသီးစိတ်လေးကို ခက်ရင်းနဲ့ထိုးပြီး ယောင်ဟေး နှာခေါင်းနား အသာတေ့ပေးလိုက်တယ်။

"အနံ့လေး ရှူကြည့်စမ်း။ နည်းနည်းလေး စားကြည့်ပါလား ယောင်ဟေးရယ် . . .နော်"

နောက်တစ်ဘူး။

အရွယ်တော်အစိပ်ကလေးတွေလုပ်ထားတဲ့ ဖရဲသီး။

"မှတ်မိသေးလား။ နင်ငယ်ငယ်တုန်းက ဖရဲသီးခွဲတိုင်း အနားလာပြီး အနံ့ရှူလိုက်၊ အားရပါးရစားလိုက်လုပ်နေတာလေ။ ဖရဲသီးနံ့က တစ်အိမ်လုံး သင်းကြိုင်လို့"

ယောင်ဟေးကတော့ မတုန်မလှုပ် ငြိမ်လို့။

အင်ဟေးက ဖရဲသီးစိတ်ကို ယောင်ဟေးနှုတ်ခမ်းနားတေ့၊ လက် နှစ်ချောင်းနဲ့ ယောင်ဟေးနှုတ်ခမ်းနှစ်လွှာကို ဖွင့်ဖို့ကြိုးစားပေမဲ့ ပါးစပ်က

သော့ခတ်ထားသလို တင်းတင်းစေ့နေတယ်။

“ယောင်ဟေး ..ယောင်ဟေး၊ အစ်မကို တစ်ခုခုပြောပါဦး ပြန်ဖြေပါဦး ယောင်ဟေးရယ်”

အင်ဟေးဟာ ယောင်ဟေး ပုခုံးကို ကိုင်ပြီး ခါယမ်းနေတယ်။ ပါးစပ်ပွင့်လာအောင် အမျိုးမျိုးကြိုးစားတယ်။ နားရွက်နားကပ်ပြီး အတင်းအော်ပစ်လိုက်ချင်တာ။ နင် ဘာလုပ်တာလဲ၊ နင် ငါပြောတာ နားထောင်နေ ရဲ့လား၊ နင် တကယ် သေချင်နေပြီလား၊ သေချင်စိတ်တကယ်ရှိတာလား။ ယူကြုံးမရစိတ်နဲ့ တလိတ်လိတ် တက်လာတဲ့ ဒေါသတွေနဲ့ သူ့ရင်ဟာ ပွက်ပွက်ဆူ။

※

အချိန်တွေကုန်သွားခဲ့တယ်။

အင်ဟေးဟာ ပြတင်းပေါက်ကနေ အပြင်ကိုကြည့်လိုက်တယ်။ မိုးတိတ်သွားပြီ။ ကောင်းကင်ကတော့ မှုန်မှိုင်းညို့ဆိုင်းနေတုန်း။ ရေစက်လက်နဲ့ သစ်ပင်တွေဟာ ငြိမ်သက်နေတယ်။ ချောက်ဆီယောင်း တောင်စောင်း တစ်လျှောက် သစ်တောကြီးဟာ တစ်မျှော်တစ်ခေါ်ပဲ။ တောင်စောင်းကို လွှမ်းခြုံ ထားတဲ့ သစ်တောကြီးတစ်ခုလုံး တိတ်ဆိတ်လို့။

အိတ်ထဲက ခါတ်ဘူးကိုထုတ်တယ်၊ သံမဏိခွက်ထဲ တရုတ် ကွင်ရှီ လက်ဖက်ရည်ကို ငှဲ့တယ်။

“သောက်လိုက်ပါဦး ယောင်ဟေးလေးရယ်။ အနံ့လေးက မမွှေးဘူး လား"

အင်ဟေးဟာ လက်ဖက်ရည် တကျိုက်ကျိုက်လိုက်တယ်။ မွှေးပျံ့ချိုမြမှုကို လျှာဖျားကတစ်ဆင့် ခံစားရတယ်။ ယောင်ဟေးရဲ့ နှုတ်ခမ်းတွေကို လက်ဖက်ရည်ဆွတ်ပေးတယ်။ ဘာမှမတုံ့ပြန်ဘူး။

“နင် သေဖို့ ကြိုးစားနေတာလား”

သူ မေးပြန်တယ်။

“နင် မသေချင်ပါဘူး။ နင် သစ်ပင်ဖြစ်ချင်တာ မဟုတ်လား။ ဒါဆို ရှင်သန်နေဖို့လိုတယ်။ အဲဒီအတွက် တစ်ခုခုစားဖို့ လိုတယ်လေ”

ရုတ်တရက် စကားပြောတာကို ရပ်လိုက်တယ်။ လည်ချောင်းထဲက စကားသံဟာ ပျောက်ကွယ်သွားတယ်။ သူ မဝင်ချင်တဲ့ သံသယစိတ်တွေ ခေါင်းထဲ အလုံးအရင်းနဲ့ ဝင်လာတယ်။ တကယ်ပဲလား... တကယ်ပဲ ယောင်ဟေးဟာ သေချင်နေပြီလား။ ရှင်သန်လိုစိတ် မရှိတော့ဘူးလား။

ဟင့်အင်း... အဲလိုမဟုတ်ပါဘူး။ ယောင်ဟေးဟာ သေဖို့ကြိုးစားနေတာ မဟုတ်ပါဘူး၊ မဟုတ်ရဘူး။

လွန်ခဲ့တဲ့တစ်လ။ ယောင်ဟေး လုံးဝဥဿုံ တုံဏှိဘာဝေ ဖြစ်မသွားခင်တုန်းက ပြောခဲ့ဖူးတဲ့စကားလေးတစ်ခွန်း ရှိတယ်။

“အစ်မရေ... ကျွန်မ...ကို... ဒီက.. ထွက်သွား... ခွင့်.. ပေးပါ တော့” တဲ့။

အဲဒီစကားတစ်ခွန်း အတွက် ယောင်ဟေးဟာ အတော် အချိန်ယူရတယ်။ စကားပြောတိုင်း အမောတကော အသက်ရှူသံ နဲ့ ရောနေတယ်။

“လူတွေက ကျွန်မကို အစာစားဖို့ပဲ အမြဲပြောတယ်.... ကျွန်မမှ မစားချင်တာ... သူတို့ ကျွန်မကို အတင်းကျွေးကြတယ်... သူတို့ကျွေးတာတွေကို လွင့်ပစ်တော့ ကျွန်မကို ချုပ်ပြီး ဆေးသွင်း ကြတယ်... အစ်မ..ကျွန်မ ဆေးသွင်းခံရတာမကြိုက်ဘူး။ တကယ်ကို မကြိုက်တာ.... ကျွန်မကို ဒီကနေ

ခေါ်သွားပါတော့… ကျွန်မ ဒီမှာ မနေချင်တော့ဘူး”

ယောင်ဟေးရဲ့ ကြုံလှီနေတဲ့လက်ကလေးကို ကိုင်ပြီး အင်ဟေးက ပြောတယ်။

“နင်က လမ်းမှ မလျှောက်နိုင်တာဟာ။ ဆေးသွင်းမှ အားရှိပြီး အိမ်ပြန်လို့ရမှာ။ အစာစားမှ အိမ်ပြန်လို့ရမှာ။ အစာစားမယ်လို့ ကတိပေးရင် အစ်မ ချက်ချင်း ဆေးရုံပေးဆင်းမယ်လေ”

ပြောနေရင်းနဲ့ ယောင်ဟေးမျက်လုံးတွေ မှိန်ဖျော့လာတာကို သူ ဘယ်သတိထားမိလိမ့်မလဲ။

“ယောင်ဟေး… ဖြေပါဦး၊ ကတိပေးမလား”

ယောင်ဟေးဟာ အသာရုန်းလိုက်တယ်။

“အစ်မလည်း တူတူပါပဲ”

သူ့အသံက နားထောင်လို့ရရုံလေး။ အရမ်းကို တိုးလွန်းတယ်။

“ဟင် နင် ဘာတွေပြောနေတာလဲ”

“ကျွန်မကို ဘယ်သူမှနားမလည်ကြဘူး… ဆရာဝန်တွေ.. သူနာပြု တွေ … အားလုံးအတူတူပဲ… နားလည်ဖို့မကြိုးစားဘူး… ဆေးအတင်း တိုက်ဖို့၊ အပ်တွေနဲ့ထိုးဖို့ပဲ အမြဲတမ်း”

ယောင်ဟေးအသံဟာ တိုးတိုးလေးပေမဲ့ ပြတ်သား နေပြန်တယ်။

အင်ဟေးဟာ မအောင့်နိုင်တော့ဘူး။

“ဟဲ့ ယောင်ဟေးရဲ့”

သူ မာန်မဲလိုက်တယ်။

“ငါ ဒီလိုလုပ်နေရတာ နင့်ကို မသေစေချင်လို့ပေါ့ဟဲ့”

ယောင်ဟေးက ခေါင်းလှည့်ပြီး အင်ဟေးကို စိုက်ကြည့်နေတယ်။ တကယ့်သူစိမ်းတစ်ယောက်ကို ပထမဆုံးအကြိမ် မြင်ဖူးသလို အကြည့်မျိုးနဲ့ ကြည့်တာ။ အဲဒီနောက်က သူ့မေးခွန်း လိုက်လာခဲ့တယ်။

“ဘာဖြစ်လို့လဲ၊ သေတယ်ဆိုတာ ဘယ်လောက်များ ဆိုးနေလို့လဲ”

※

သေတယ်ဆိုတာ ဘယ်လောက်များ ဆိုးနေလို့လဲတဲ့လား။

တစ်ခါက သူနဲ့ ယောင်ဟေး တောင်ပေါ်မှာ လမ်းပျောက်ဖူးတယ်။ အဲဒီတုန်းက ကိုးနှစ်သမီး ယောင်ဟေးဟာ လမ်းပျောက်တယ် လည်းဆိုရော၊ ကောင်းတယ်… မပြန်ဘဲနေကြစို့တဲ့။

အဲဒီအချိန်က ယောင်ဟေးပြောတာကို အင်ဟေး နည်းနည်းမှ နားမလည်ဘူး။

“ဟယ် ဘယ်လိုပြောလိုက်တာလဲ။ မကြာခင် မှောင်တော့မှာ။ ငါတို့ လမ်းတွေ့မှဖြစ်မယ်”

ခုတော့ ယောင်ဟေး အဲဒီတုန်းက ပြောခဲ့တာကို အင်ဟေး နားလည် ပါပြီ။ တကယ်တော့ အဖေရိုက်တာကို အခံရဆုံးက ယောင်ဟေးပဲလေ။ ရွာထဲက ကောင်လေးတွေနဲ့ အချိန်ရှိသရွေ့ လမ်းသလားနေတဲ့ ယောင်ဟိုက ရိုက်တာ သိပ်မခံရသလို၊ ရိုက်လည်း သိပ်ဂရုမစိုက်ဘူး။ သမီးအကြီးဆုံး အင်ဟေးက အငယ်တွေကို အမေ့ကိုယ်စားထိန်းရသလို အဖေ့ဝေယျာဝစ္စလည်း လုပ်ပေးရတဲ့လူ ဆိုတာ အဖေကသိတယ်။ ဒါကြောင့် မလည်မဝယ် ကြားက လွတ်နေတဲ့

ယောင်ဟေးသည်သာ အဖေ့ဒေါသပုံချရာ ဇဟိုချက်မ ဖြစ်လာတာ ပေါ့။ ယောင်ဟေးဟာ အဲဒီတုန်းက ခံခဲ့ရတဲ့ ခံစားချက်တွေအားလုံးကို အသည်းထဲ အရိုးထဲစိမ့်ဝင်အောင် စုပ်ယူထားလိုက်ပုံပဲ။ ခုတော့ အင်ဟေး သိလာပါပြီ။ သူ အစ်မကြီး အမိအရာဆိုပြီး လုပ်ခဲ့တာတွေဟာ ရင့်ကျက်လို့ မဟုတ်ဘဲ သရဲဘောကြောင်လို့၊ အန္တရာယ်ရှောင်လွှဲဖို့နဲ့ ရှင်သန်ဖို့ ဗျူဟာတစ်ခုပဲ ဆိုတာကိုပေါ့။

ဒါတွေကို ငါ ကာကွယ်နိုင်ခဲ့သလား။ ယောင်ဟေးရဲ့ အတွင်းစိတ်ထဲ ကို ဝင်ရောက်နစ်မြုပ်သွားမယ့်ကိစ္စတွေ မဖြစ်အောင် ကာကွယ်နိုင်ခဲ့သလား။ ကလေးအရွယ် ယောင်ဟေးလေးကို ပြန်မြင်ယောင်လာတယ်။ နေဝင်ချိန် ခြံဝမှာ သူ့ကို ကျောပေးရင်း ရပ်နေတဲ့ ယောင်ဟေးလေး။ တောင်ပေါ်မှာ လမ်းပျောက်နေရာကနေ လမ်းပြန်တွေ့ပြီး ထော်လာဂျီလမ်းကြုံနဲ့ သူတို့ မြို့ပိုန် ကလေးဆီ ပြန်လာကြတယ်။ မှောင်နေတဲ့လမ်းပေါ်မှာ ပြေးနေတဲ့ ထော်လာဂျီ ပေါ်လိုက်ရင်း အင်ဟေးက အလွန့်အလွန် စိတ်သက်သာရာရနေချိန်မှာ ယောင်ဟေးကတော့ အဲလိုမဟုတ်ရှာဘူး။ ထော်လာဂျီပေါ် မတ်တတ်ကလေး ရပ်လိုက်လာရင်း ညမီးရောင်တွေကြားမှာ လောင်မီးကျသလိုဖြစ်နေတဲ့ ခရစ်စမတ်ပင်တွေကိုကြည့်ရင်း အသံမဲ့ငိုမိသက်။

※

အဲဒီနေ့က ယောင်ဟေးပြောသလို အိမ်မပြန်ဘဲ ထွက်ပြေးခဲ့ရင် အခြေအနေဟာ တစ်မျိုးများ ဖြစ်လာလေမလား။

အဲဒီနေ့ည မိသားစုစုံတဲ့အခါ ယောင်ဟေးကို ပါးပိတ်ရိုက်နေတဲ့ အဖေ့လက်ကို သူသာ အတင်းဆွဲထားနိုင်ခဲ့ရင် ခုလိုအခြေအနေတွေ ဖြစ်လာ ပါ့မလား။

သတို့သားလောင်း မစ္စတာချျိုင်းနဲ့တွေ့ပေးဖို့ ယောင်ဟေးကို ခေါ်သွား တဲ့အခါ အေးတိအေးစက်ဆက်ဆံနေတဲ့ မစ္စတာချျိုင်းကို ယောင်ဟေး လက်မထပ်ဖို့ သူ ကန့်ကွက်ခဲ့ရင်ရော ဘယ်လိုဖြစ်လာမလဲ။

ယောင်ဟေးရဲ့ကြမ္မာကို ဆုံးဖြတ်တန်စွမ်းရှိတဲ့ ကိန်းရှင်တွေကို ချိန်ဆကြည့်နေရင်း သူ့ခင်ပွန်းဟောင်းဆီ စိတ်ကရောက်သွားတာကို မတားလိုက်နိုင်ဘူး။ တကယ်လို့ အင်ဟေးသာ သူ့ကို လက်မထပ်ခဲ့ရင် ဘယ်လိုနေ မလဲ။

သူ အင်ဟေးဆီ ဖုန်းဆက်ခဲ့တယ်။ တစ်ကြိမ်တည်းပါ။ လွန်ခဲ့တဲ့ ကိုးလလောက်၊ ညသန်းခေါင်ကြီးမှာ။ အဝေးက ဆက်နေပုံပါပဲ။ အကြွေ စေ့ ထည့်နေတဲ့ အသံတောင် ကြားရသေးတယ်။

“ငါ ဂျီဝူးကို တွေ့ချင်တယ်”

ယောကျ်ားရဲ့အသံဟာ အရင်အတိုင်း ခပ်တိုးတိုး ခပ်ဆတ်ဆတ်ပါပဲ။ အဲဒီအသံက အင်ဟေး ရင်ဝကို ဓားနဲ့မွှေနေသလိုပဲ။

“ငါ သားကို တစ်ကြိမ်လေးတောင် တွေ့ခွင့်မရှိတော့ဘူးလား။ မင်း ခွင့်မပြုနိုင်ဘူးလား”

ဒါပဲ။ သူဖုန်းဆက်တာ ဒီအကြောင်းပြောဖို့တဲ့။ တောင်းပန်တယ် တစ်ခွန်းမပြောဘူး။ ခွင့်လွှတ်ဖို့ တစ်ခွန်းမပြောဘူး။ ကလေးအကြောင်းပဲ ပြောတယ်။ ယောင်ဟေးနေကောင်းရဲ့လားတောင် မမေးဘူး။

သူ့ယောကျ်ားရဲ့စိတ်ဟာ ဘယ်လောက် အကဲဆတ်တယ်ဆိုတာ

အင်ဟေး အသိဆုံးပါ။ အင်မတန် စိတ်ဒဏ်ရာရလွယ်တဲ့ လူမျိုး၊ နားလည်ရခက်တဲ့ လူမျိုး။ ခု သူလိုချင်တာကို ငြင်းပယ်လိုက်ရင် အကြာကြီးနေမှ မေ့လောက်မှ ထပ်ဆက်သွယ်တော့မယ့်လူမျိုးဆိုတာ အင်ဟေး သိတယ်။ ဒါကြောင့် မငြင်းဘူး။ ဘာမှလည်း ပြန်မပြောဖြစ်ဘူး။

ညသန်းခေါင်အချိန် အများသုံးတယ်လီဖုန်းရုံထဲမှာ။ စုတ်ပြတ်နေတဲ့ ဖိနပ်၊ နွမ်းဖတ်နေတဲ့ အဝတ်အစားတွေနဲ့၊ ဆောက်တည်ရာမရတဲ့ မျက်နှာပေးနဲ့ လူလတ်ပိုင်း ယောကျ်ားတစ်ယောက်။ အင်ဟေး ခေါင်းကိုခါယမ်းပြီး ခေါင်းထဲ က သူ့ပုံရိပ်တွေကို ဖျောက်ပစ်တယ်။ သူ့အကြောင်း ဘယ်လိုပဲ တွေးတွေး၊ ဝရန်တာကနေ ခုန်ချကာနီး သူ ကြည့်သွားတဲ့အကြည့်ကပဲ ဒါတွေကို အမြဲ လွှမ်းမိုးသွားတတ်တယ်။ သူ အင်မတန်ကြိုက်တဲ့ ရိုက်ကူးဖို့ အမြဲကြိုးစားနေတဲ့ ငှက်တစ်ကောင်ပျံသလို သူ ခုန်ချမလို့တဲ့လေ။

အင်ဟေးဟာ ဖုန်းခွက်ကို တင်းတင်းဆုပ်ထားရင်း ပြောလိုက်တယ်။

"ကျွန်မ ရှင့်ကို မသိဘူး။ ဒါကြောင့် တစ်ယောက်ကိုတစ်ယောက် ခွင့်လွှတ်ဖို့လည်း မလိုဘူး။ ကျွန်မမှ ရှင့်ကိုမသိတာ"

ဖုန်းထပ်မြည်လာတဲ့အခါ အင်ဟေးဟာ ဖုန်းကြိုးကို ဆွဲဖြုတ်လိုက်တယ်။ နောက်တစ်နေ့မနက် ဖုန်းကြိုးပြန်တပ်တဲ့ အချိန်ကစလို့ မျှော်လင့်ထားတဲ့ အတိုင်း သူ ဖုန်းထပ်မခေါ်တော့ဘူး။

※

အချိန်တွေကုန်သွားခဲ့ပြန်တယ်။

ယောင်ဟေး မျက်လုံးတွေ မှိတ်ထားတယ်။ အိပ်များပျော်နေသလား။ နှုတ်ခမ်းနားတွေ့ထားတဲ့ သစ်သီးနံ့ရော ရမှရရဲ့လား။

ယောင်ဟေးရဲ့ ပါးရိုးတွေ၊ ခွက်ဝင်နေတဲ့ပါးတွေ၊ ချိုင့်ဝင်နေတဲ့ မျက်တွင်းတွေကို အင်ဟေး ငေးနေတယ်။ မမှန့်တမှန် အသက်ရှူသံကို နားစိုက် ထောင်နေတယ်။ ပြတင်းပေါက်ဆီ ထသွားလိုက်တယ်။ မည်းပုပ်နေတဲ့ ကောင်းကင်ဟာ တဖြည်းဖြည်း လင်းလာပြီ။ အလင်းရောင်ဟာ သစ်တော တစ်ခုလုံးပေါ် ဖြန့်ကျက်ဖြာကျလာတယ်။ ယောင်ဟေးကို ပြန်တွေ့ခဲ့တဲ့နေရာ ဟာ ဟောဟိုက တောင်စောင်းကလေးနား မှာတဲ့လား။

အကြောဆေးတန်းလန်းနဲ့ ယောင်ဟေးရဲ့စကားသံကို နားထဲ ပြန်ကြား ယောင်မိတယ်။

"ကျွန်မ တစ်ခုခုကြားလိုက်တယ်။ ကျွန်မကို ခေါ်နေတဲ့အသံကြားလို့ အဲဒီကိုသွားတာ။ အနားရောက်တော့ မကြားရတော့ဘူး။ ဒါကြောင့် ရပ်စောင့် နေတာ"

"နင် ဘာကို ရပ်စောင့်တာလဲ"

လို့ အင်ဟေး မေးလိုက်တဲ့အခါ ယောင်ဟေးမျက်လုံးထဲ ကြောက်ရိပ်တွေ လွှမ်းသွားတယ်။

ယောင်ဟေးဟာ အကြောဆေးသွင်းထားတဲ့အပ် ကို ဆွဲနှုတ်လိုက်တယ်။ ညာလက်က အပ်ကိုကိုင်ပြီး ဘယ်လက်က အင်ဟေးလက်ကို ဆုပ်လိုက်တယ်။ ဆုပ်လိုက်တဲ့အားဟာ အင်မတန်ပြင်းထန်လွန်းလို့ အင်ဟေး လန့်တောင်သွားတယ်။

"မိုးထဲမှာ အားလုံး အရည်ပျော်သွားတယ်လေ။ အရည်ပျော်သွားခဲ့တယ်။ မြေကြီးထဲစိမ့်ဝင်သွားတယ်။ ဒါကြောင့် မြေကြီးထဲ တိုးဝင်ဖို့ပဲရှိတယ်။

သိတယ်မဟုတ်လား။ ဒါကြောင့် အုန်းပင်စိုက်နေတာပေါ့”

ဟီဂျူးရဲ့ ကတုန်ကယင်အသံက အင်ဟေးကို အတိတ်အိပ်မက်ကနေ လှုပ်နှိုးလိုက်တယ်။

“ခု ဘယ်လိုလုပ်ကြမလဲ။ ယောင်ဟေး သေတော့မယ်လို့ သူတို့ ပြောနေကြတယ်”

အင်ဟေးအဖို့တော့ ဟီဂျူးရဲ့စကားလုံးတွေဟာ ဂျက်လေယာဉ် ပျံတက်သွားသလို နားကွဲလုမတတ်အသံနဲ့ သိမ့်သိမ့်တုန်။

※

အင်ဟေး ဘယ်သူ့ကိုမှမပြောခဲ့တဲ့၊ နောင်လည်း ဘယ်တော့မှ မပြောမယ့်ကိစ္စတစ်ခု ရှိခဲ့တယ်။

လွန်ခဲ့တဲ့နှစ်နှစ် ဧပြီလ၊ သူ့ယောက်ျား ယောင်ဟေးကို ဟိုဗ့်ဒီယို ရိုက်တဲ့နှစ်ရဲ့ နွေဦးကာလပေါ့။ အင်ဟေးဟာ တစ်လလုံး ပေါ်ချည်ပျောက်ချည်နဲ့ သွေးဆင်းနေခဲ့တယ်။ သွေးစွန်းနေတဲ့ အတွင်းခံတွေကို လျှော်တိုင်း ဘာကြောင့်မှန်း မသိ။ ယောင်ဟေး လက်ကောက်ဝတ်ကနေ သွေးတွေပန်းထွက်လာတာကိုချည်း စိတ်ထဲမှာ မြင်ယောင်နေမိတယ်။ မနက်ဖြန်ဆို ဆေးရုံသွားပြမယ်လို့ နေ့တိုင်းပဲ သံန္နိဋ္ဌာန်ချတယ်။ မနက်ဖြန်ရောက်လာတော့ နောက်တစ်နေ့ကို ရွှေ့ရွှေ့ သွားပြန်တယ်။ သူ ဆေးရုံသွားရမှာ ကြောက်နေတာ။ တကယ်လို့ ဒါဟာ သေလောက်တဲ့ ရောဂါဆိုးဆိုရင် သူနေရဖို့ အချိန်ဘယ်လောက် ကျန်မလဲ။ တစ်နှစ်လား၊ ခြောက်လလား၊ သုံးလလား။ ဘဝမှာ ယောက်ျားနဲ့ တူတူနေရချိန် ဘယ်လောက်ရှိသလဲဆိုတာကို သူ ပထမဆုံးအကြိမ် ပြတ်ပြတ်ထင်ထင် စဉ်းစားမိတယ်။ ပျော်ရွှင်မှုတွေ ဆိတ်သုဉ်းနေခဲ့တာ ဘယ်လောက်ကြာပြီလဲ။

သားဖွားမီးယပ်ဌာနကို သွားပြဖို့ သတ္တိတွေရှိလာတဲ့ မနက်ခင်းမှာတော့ ဝမ်ဆင်းနီ ဘူတာပလက်ဖောင်း မှာ ရထားစောင့်နေမိတယ်။ ဂျီဝူးကိုမွေးတဲ့ ဆေးရုံကိုသွားမယ်။ ရထားကစောင့်ရတာ သိပ်ကိုကြာလွန်းနေသလိုပဲ။ ပလက်ဖောင်း တစ်ဖက်မှာတော့ ယိုယွင်းပျက်စီးနေတဲ့ ပျံကျတွေရဲ့တန်းလျား လေး။ မြက်ရိုင်းတွေ တောထလို့ပဲ။ ရုတ်တရက်ချက်ချင်း ဒီကမ္ဘာလောကမှာ သူဟာ တကယ်ရှင်သန်လှုပ်ရှား နေထိုင်နေရတာ ဟုတ်ရဲ့လားဆိုတဲ့ ခံစားချက် ဝင်လာတယ်။ ဟုတ်တယ်… သူ တကယ် ရှင်သန်နေတာ မဟုတ်ဘူးဘဲ။ သူဟာ ငယ်ငယ်လေးတည်းက ကောင်းအောင်နေတယ်၊ ဘယ်သူ့ကိုမှ မထိခိုက် အောင်နေတယ်၊ မှန်တာကိုပဲ လုပ်တယ်၊ သူ့ဘဝအောင်မြင်မှုတွေဟာ ဒါတွေပေါ် မူတည်တယ်လို့ မှတ်ယူခဲ့တာ။ ဒါပေမဲ့ ဒီပျံကျတန်းလျားနဲ့ မြက်ရိုင်း တောကိုမြင်တဲ့အခါ ဘဝမှာ ဘယ်တုန်းကမှ အဓိပ္ပာယ်ရှိရှိ ရှင်သန်ခဲ့ရခြင်း မရှိတဲ့ ကလေး တစ်ယောက် ဆိုတဲ့ ခံစားချက် ဘာလို့ဝင် လာတယ် မသိပါဘူး။

သည်းသည်းထန်ထန် ရက်တာနဲ့ တစ်ကိုယ်လုံးတုန်နေတာကို နှိပ်ကွပ် ခြေချွတ်ရင်း အင်ဟေး စမ်းသပ်ခုတင်ပေါ် တက်လိုက်တယ်။ သက်လတ်ပိုင်း ယောက်ျားဆရာဝန်ဟာ အေးစက်စက်အရာတစ်ခုကို သူ့မိန်းမကိုယ်ထဲ ထိုးသွင်းတယ်။ လျှာအသေးစားလို အသားပိုလေးကို မိန်းမကိုယ်နံရံကနေ ဆွဲနှုတ်လိုက်တယ်။ စူးခနဲနာကျင်မှုဟာ တစ်ကိုယ်လုံးကို တုန်တက်သွားစေ တယ်။

“ခင်ဗျားသွေးဆင်းနေတာ ဒီအသားပိုကြောင့်ပဲ။ ခု ရှင်းသွားပြီ၊ ရက်နည်းနည်းကြာရင် သွေးဆင်းတာ လုံးဝရပ်သွားလိမ့်မယ် ခင်ဗျားရဲ့

မျိုးဥအိမ်တွေက ကောင်းပါတယ်။ သားအိမ်လည်းကောင်းတယ်။ ဘာမှ စိတ်ပူစရာ မရှိဘူး”

အဲသလိုကြားလိုက်ရလို့ သူ့မှာ ဝမ်းသာစိတ် နှမ်းစေ့ လောက်တောင် ပေါ်မလာခဲ့ဘူး။ ရောဂါဆိုးဖြစ်မှာစိုးတဲ့ စိတ်ပူပင် သောကတွေဟာ ဘာမှ မဟုတ်တော့သလိုပဲ။ ဘူတာရုံပလက်ဖောင်းပေါ် ပြန်ရောက်လာတဲ့အခါ ခုနက အသေးစားခွဲစိတ်မှုကရခဲ့တဲ့ နာကျင်မှု တစ်ခုတည်းကြောင့်မဟုတ်ဘဲ ခံစားချက် ပေါင်းစုံနဲ့ ခြေထောက်တွေ တဆတ်ဆတ် တုန်နေတယ်။ တဝေါဝေါ မြည်သံ ပေးပြီး ရထား ဝင်လာတဲ့အခါ ပလက်ဖောင်းပေါ်က သတ္တုထိုင်ခုံတစ်လုံး နောက်မှာ ပုန်းနေမိတယ်။ ရထားရှေ့လှဲချလိုက်မိမှာကို ဘာကြောင့်မှန်းမ သိကြောက်နေတယ်။

အဲဒီနေ့နောက်ပိုင်း လေးလလောက်ကို ဘယ်လို ရှင်းပြရမှန်းတောင် မသိဘူး။ နှစ်ပတ်လောက်မှာ သွေးဆင်းတာ ရပ်သွားတယ်။ ဒါပေမဲ့ သူ့ကိုယ်ထဲမှာ အနာဟပြဲကြီး ရှိနေဆဲလို့ ထင်နေတုန်း။ အနာကြီးဟာ ကြီးသထက် ကြီးလာပြီး သူ့တစ်ကိုယ်လုံးကို စုပ်မျိုသွား။

နွေဦး လွန်မြောက် နွေပေါက်လာချိန်ထိ သူ ငြိမ်ကုပ်ပြီး နေခဲ့တယ်။ သူ့ဖောက်သည် ကောင်မလေးတွေရဲ့ စကတ်တွေ တိုသထက်တိုလာ၊ အရောင်စုံ သထက် စုံလာတာကို မြင်နေရတယ်။ သူ ခါတိုင်းလိုပဲ ဖောက်သည်တွေကို ပြုံးပြတယ်၊ လျှော့ဈေးပေးတယ်၊ ပစ္စည်းနမူနာတွေ လက်ဆောင်တွေ ဖော်ဖော်ရွေရွေ ထည့်ပေးတယ်။ ဆိုင်မှာ ပစ္စည်းသစ် ကြော်ငြာ ပိုစတာတွေကို မျက်လုံးထဲ တန်းကနဲ ဝင်မယ့်နေရာတွေမှာ ကပ်တယ်။ ဒါပေမဲ့ ဆိုင်ပိတ်လို့ အိမ်အပြန်လမ်းမှာ တော့ ဂီတသံတွေ စုံတွဲတွေနဲ့ ပြည့်နှက်နေတဲ့ လမ်းတွေပေါ်မှာ လျှောက်ရင်း ခန္ဓာကိုယ်ထဲက အနာမည်းဟပြဲကြီး သူ့ကိုစုပ်မျိုနေတာကို ခံစားမိပြန်တယ်။ ချွေးတွေရွှဲနှင့်နေတဲ့ ခန္ဓာကိုယ်ကြီးကို အဲဒီအခါမျိုးမှာ လူအုပ်နဲ့ဝေးရာဆီ ဒရွတ်တိုက်ဆွဲခေါ်ရပြန်တော့တာပေါ့ ။

※

ပေါင်းအိုးထဲရောက်နေသလို မခံနိုင်အောင်ပူတဲ့ နွေအပူချိန်တွေ နည်းနည်းလျှော့ကြလာတဲ့ မနက်ပိုင်းနဲ့ ညပိုင်း အချိန်လောက်မှာ အဲဒီကိစ္စ ဖြစ်လာခဲ့တယ်။ ရက်ပေါင်းများစွာ အိမ်မကပ်ဘဲ အချိန်မတော် လင်းအားကြီး လောက်မှာ ပြန်ရောက်ပြီး ခွေးသူခိုးတစ်ကောင်လို ခိုးကြောင်ခိုးဝှက် အိမ်ထဲ ဝင်လာတဲ့ ယောကျ်ားဟာ အိပ်ရာပေါ်တက်ပြီး သူ့ကို အတင်းလာဖက်တော့ သူ တွန်းထုတ်လိုက်တယ်။

“သွားစမ်းပါ ကျွန်မ အရမ်းပင်ပန်းနေတယ်”

“ခဏလေးပါ ဒီအတိုင်းခဏလေး ငြိမ်ငြိမ်နေပေး...နော်”

အဲဒီတုန်းက ဘယ်လိုဖြစ်သွားခဲ့သလဲဆိုတာ သူ အသေအချာ မှတ်မိပါ တယ်။ စကားလုံးတွေဟာ သူ့မသိစိတ်ထဲမှာ ထပ်ကာထပ်ကာ ပြေးလွှား ကစားနေခဲ့တယ်။ နိုးတစ်ဝက် အိပ်တစ်ဝက်အခြေအနေမှာ သူ စဉ်းစားနေခဲ့တယ်။ တစ်ခါတည်းပါ။ ပြီးတော့လည်း ပြီးသွားမှာပဲ။ အသာလေးနေလိုက်၊ မသိလိုက် မသိဘာသာနေလိုက်။ နာကျင်မှုတွေ အရှက်ရမှုတွေဟာ အိပ်စက်ခြင်း နဲ့ မျောပါလွင့်ပြယ်သွားလိမ့်မယ်ပေါ့။ ဒါပေမဲ့ မနက်စာစားချိန်ရောက်တဲ့အခါ သူ ရုတ်တရက်ချက်ချင်း မျက်လုံးတွေကို တူနဲ့ ထိုးဖောက်လိုက်ချင်စိတ်တွေ၊

ပွက်ပွက်ဆူနေတဲ့ ရေနွေးနဲ့ ခေါင်းပေါ်က လောင်းချလိုက်ချင်စိတ်တွေ ပေါ်လာတယ်။

သူ့ယောက်ျား အသေကောင်လိုအိပ်ပျော်သွားတဲ့အခါ အိပ်ခန်းဟာ တိတ်ဆိတ်ငြိမ်သက်သွားတယ်။ ယောက်ျားဘေးမှာ ကွေးကွေးလေးအိပ်နေတဲ့ ဂျီဝူးကို ပွေ့ချီပြီး သူ့ဘက်မှာ သိပ်လိုက်တယ်။ အမှောင်ထဲက အမေနဲ့သားရဲ့ ကောက်ကြောင်းတွေဟာ သနားစရာ အသွင်သဏ္ဍာန်ဖြစ်နေမှာပဲလို့ သူ တွေးနေ တယ်။

ကိစ္စမရှိပါဘူး.... ဒါဟာ အချက်အလက်တစ်ခုပါပဲ။ နေမြဲတိုင်း ဘဝကိုနေသွားရင် အားလုံးကောင်းသွားမှာပါ။ တခြားနည်းလမ်းလည်း မရှိပါ ဘူး။

အိပ်ရာထဲကထပြီး ပြာနှမ်းနှမ်း အရုဏ်အလင်းနဲ့ ဝရန်တာ ပြတင်းပေါက်ကို ကြည့်လိုက်တယ်။ တစ်ခါမှမရောက်ဖူးတဲ့နေရာကို ရောက်လာသလိုမျိုး အိမ်ထဲမှာ လှည့်ပတ်ကြည့်နေမိတယ်။ ညက ဂျီဝူး ဆော့ထားတဲ့ အရုပ်တွေ၊ ဆိုဖာ၊ တီဗွီ၊ တံခါးအောက်က ကြောင်ဝင်ပေါက်၊ ဂက်စ်ပိုက်လိုင်း က ဆီကွက်တွေ။ ရင်ထဲမှာ ထူးထူးဆန်းဆန်း နာလိုက်တာလေ။ အိမ်နံရံတွေ တဖြည်းဖြည်း ကျဉ်းလာပြီး သူ့ကို ထွက်ပေါက်မရှိအောင် ပိတ်ညှစ်ခံရလို့ ဖြစ်လာတဲ့ နာကျင်မှုမျိုး။

ဗီရိုတံခါးကို ဖွင့်လိုက်တယ်။ ခရမ်းပြာရောင် တီရှပ်အနွမ်းလေးကို ထုတ်လိုက်တယ်။ ဂျီဝူးက ဒီအရောင်ကို သိပ်ကြိုက်တာ။ ဒါကြောင့် သူ ခဏခဏဝတ်ရတယ်။ ဆိုတော့ အရောင်တွေတောင် လွင့်စပြုပြီပေါ့။ တကယ် တော့ နေထိုင်မကောင်းမှ ဒီအရောင်ကို ဝတ်ချင်တာ။ အင်္ကျီက ခဏခဏ လျှော်ထားပေမဲ့ ဂျီဝူးငယ်ငယ်လေးတည်းက ဝတ်လာတာဆိုတော့ နို့နံ့ နဲ့ ကလေး နံ့လေးတွေ သင်းနေတယ်။ ခါတိုင်း ဒီအင်္ကျီဝတ်ရတာ လုံခြုံစိတ်ချမှုကို ပေးသလို ခံစားရပေမဲ့ ခုတော့မဟုတ်ဘူး။ ရင်ထဲက နာကျင်မှုက ပိုဆိုးလာ တယ်။ အသက်ရှူမဝ ဖြစ်လာတယ်။

ဆိုဖာပေါ် ထိုင်ချလိုက်တယ်။ နာရီရဲ့ လည်နေတဲ့ စက္ကန့်တံလေးကို ကြည့်တယ်။ အသက်ရှူမှန်အောင် ကြိုးစားတယ်။ ဒါပေမဲ့ ကောင်းမလာဘူး။ ဒါမျိုး အရင်ကဖြစ်ဖူးသလို အကျွမ်းတဝင်ခံစားမှု ကလည်း ပေါ်လာတယ်။ ခုလို ရင်နာရတာကို ဟိုးအရင်တည်းက မျှော်လင့်စောင့်ကြိုပြင်ဆင်ထား သလိုမျိုးပဲ။

အမိပ္ပာယ် မရှိလိုက်တာ။

မခံနိုင်တော့ဘူး။

ရှေ့မဆက်နိုင်တော့ဘူး။

အဲလိုဖြစ်နေတာ မလိုချင်ဘူး။

အိမ်ထဲကို တစ်ချက်ဝေ့ကြည့်လိုက်တယ်။ ဒီအိမ်ရော သူ့ဘဝရော သူနဲ့ ဘာမှမဆိုင်သလိုပါပဲ။

သူ့ဘဝက ဘာလဲ။ ခြေကုန်လက်ပန်းကျနေတဲ့ အိမ်ရှင်မတစ်ယောက် ရဲ့ အရိပ်တစ္ဆေလား။ တီဗွီဒရာမာဇာတ်လမ်း တစ်ခုလား။ မိသားစုဝင် တစ်ယောက်လို ရင်းနှီးကျွမ်းဝင်ခဲ့ပြီး မေ့နေတာ အတော်ကြာပြီဖြစ်တဲ့ သေမင်းဟာ ခု သူ့နားမှာ မားမားကြီး လာရပ်နေခဲ့ပြီ။

တုန်တုန်ယင်ယင်နဲ့ ထရပ်လိုက်တယ်။ အရုပ်တွေပြန့်ကျဲနေတဲ့ ဧည့်ခန်းထဲ သွားလိုက်တယ်။ ဆဲလ်ဖုန်းကို အလှဆင်တဲ့အနေနဲ့ ပတ်ထားတဲ့

ကြိုးရောင်စုံတွေကို ဖြည့်တယ်။ အရမ်းတင်းနေအောင် ပတ်ထားလို့ ဖြည့်ရတာ လက်ချောင်း တွေတောင် နာတယ်။ ဒါပေမဲ့ နောက်ဆုံးကြိုးထုံးပြေတဲ့အထိ သူ စိတ်ရှည် လက်ရှည် ဖြည့်နေတယ်။ အမှိုက်တွေကို ပုံးထဲထည့်၊ ဖုန်းကို ဘောင်းဘီအိတ်ထဲ ထည့်လိုက်တယ်။

ဖိနပ်လေးကောက်စွပ်၊ အိမ်ရှေ့တံခါးမကြီးကို တွန်းဖွင့်ပြီး အပြင်ထွက်လိုက်တယ်။ လေကားငါးဆင့်ကို ဆင်းတယ်။ အပြင်မှာ မှောင်နေတုန်းပဲ။ အဆောက်အဦတစ်ခုလုံးမှာ သူ့အခန်းက ဖွင့်ခဲ့တဲ့ မီးလေးတစ်ပွင့်ပဲ လင်းတယ်။ လမ်းဆက်လျှောက်တယ်။ အဆောက်အဦ အနောက်ဂိတ်က ထွက်တယ်။ ညို့မှိုင်းနေတဲ့ တောင်တက် လမ်းကျဉ်းကျဉ်း ဆီ ဦးတည်ရင်းပေါ့။

မှောင်ရီဝိုးတဝါးမှာ တောင်ရဲ့အတွန့်အခေါက်တွေက ပိုပြီး နက်ရှိုင်း နေသလိုပဲ။ သိပ်ကိုစောလွန်းသေးလို့ ခါတိုင်း တောင်ကျစမ်းရေ သွားခပ်သူတွေတောင် အိပ်ရာထသေးပုံ မပေါ်ဘူး။ ခေါင်းငိုက်စိုက်နဲ့ လမ်းလျှောက်လာမိတယ်။ သူ့မျက်နှာမှာ ချွေးလား၊ မျက်ရည်လားမသိ။ သူလည်းမသေချာ။ လက်ခုံနဲ့ သုတ်ပစ်လိုက်တယ်။ ရင်ထဲက နာကျင်မှုဟာ သူ့ကို တွင်းနက်လို စုပ်မျိုနေတယ်။ ဆုံးစမဲ့ ကြောက်ရွံ့ခြင်းရဲ့ ရင်းမြစ်။ တစ်ချိန်တည်းမှာပဲ ထူးဆန်းတဲ့ ငြိမ်းအေးမှုနဲ့ အတူ။

※

အချိန်တွေ တရွေ့ရွေ့ကုန်။

အင်ပဟေး ပြန်ထိုင်လိုက်တယ်။ နောက်ဆုံးဘူးကို ဖွင့်တယ်။ ယောင်ပဟေးရဲ့ တုတ်ချောင်းသာသာ လက်ကလေးကိုကိုင်ပြီး ဘူးထဲက ဆီးသီး တွေကို ထိစေတယ်၊ ကိုင်စေတယ်။

ဆီးသီးဟာ ယောင်ပဟေးအကြိုက်ဆုံးတွေထဲက တစ်ခုပဲ။ ငယ်ငယ်က ဆို ယောင်ပဟေးဟာ ဆီးသီးကို ကိုက်မစားသေးဘဲ ပါးစပ်ထဲ အလုံးလိုက် ငုံထားတတ်တယ်။ အဲဒီအရသာကို ကြိုက်လို့တဲ့။ ခုတော့ ယောင်ပဟေးလက် တွေမှာ ဘာတုံ့ပြန်မှုမှ မရှိ။ လက်သည်းတွေကလည်း စက္ကူလိုပါးလျလို့။

"ယောင်ပဟေး"

တိတ်နေတဲ့အခန်းထဲ သူ့ ခြောက်ကပ်ကပ်အသံက ဟိန်းသွားတယ်။

ဘာမှပြန်မဖြေဘူး။ ယောင်ပဟေးမျက်နှာနား ကပ်လိုက်တယ်။ အဲဒီအချိန်မှာ မယုံနိုင်လောက်အောင်ဘဲ ယောင်ပဟေး မျက်လုံးတွေ ပွင့်လာ တယ်။

"ယောင်ပဟေး"

ယောင်ပဟေးရဲ့ မျက်ဝန်းနက်တွေထဲ စိုက်ကြည့်တယ်။ ယောင်ပဟေး မျက်လုံးထဲမှာ သူ့ပုံသူပဲ ပြန်မြင်နေရတယ်။ သူ ဆောက်တည်ရာမရ ဖြစ်လာတယ်။ အရင်ရက်တွေက ရင်ထဲမှာ ဖြစ်တည်နေတဲ့အတွေးကို ပထမဆုံးအကြိမ် အဖြစ် ယောင်ပဟေးကို ဖွင့်မေးနေမိတယ်။

"နင် တကယ်ရူးသွားပြီလား ယောင်ပဟေးရယ်။ စိတ်နဲ့ကိုယ်နဲ့ မကပ်တော့ဘူးလားဟင်"

သေမတတ်ကြောက်ရွံ့မှုတစ်ခုက ဆတ်ခနဲ တုန်တက် သွားစေတယ်။ ဒါပေမဲ့ အင်ပဟေး ထိုင်ရာက မထဖြစ်ဘူး။ အသက်ရှူသံတောင် အတော်ကျယ်နေတဲ့ ဒီလူနာခန်းရဲ့ တိတ်ဆိတ်မှု ဟာ နားထဲမှာ ဝွမ်းဆို့ခံထားရသလိုပါပဲ။

အတွေးထဲမှာ စကားပြောနေမိတယ်။

"အင်း ..."

"တကယ်တော့ ငါထင်တာထက်ပိုပြီး ရိုးရှင်းတာပဲ...။ နင် ရှုံးသွား ပြီ... ဆိုတော့"

သူ့အတွေးကို ရှေ့ဆက်ရမယ့်အစား လက်ညှိုးကို ယောင်ဟေး နှာခေါင်းဝနား အသာကပ်ကြည့်တယ်။ ဝင်သက်ထွက်သက် နွေးနွေးဖျော့ဖျော့ ဟာ ပုံမှန်လိုပဲ။ ယောင်ဟေး နှုတ်ခမ်းတွေ နည်းနည်းလေး တွန့်သွားသလိုပဲ။

အင်ဟေးဟာ ရင်ထဲက အနာနဲ့ ညညအိပ်မပျော်တာကို ရင်ဆိုင်ရတာ ကြာခဲ့ပြီ။

သူ့လိုအခြေအနေမျိုးကို ယောင်ဟေး ကျော်ဖြတ်ခဲ့ရသေးလား။ နိစ္စဓူဝ နေ့စဉ်ဘဝနဲ့ တွဲဖက် နှောင်ဖွဲ့ထားတဲ့ ကြိုးမျှင်လေးကို ယောင်ဟေး တိခနဲ ဖြတ်ချလိုက်ပြီလား။ အိပ်မပျော်ခဲ့တဲ့ အရင်လတွေ တုန်းက အင်ဟေးဟာ အမိပွာယ်မဲ့ ရှင်သန် နေ,နေရသလို ခံစားမိတယ်။ ဂျီဝူးကြောင့်သာမဟုတ်ခဲ့ရင် သူလည်း အဲဒီကြိုးမျှင်ကလေးကို ဖြတ်ပြီးတာကြာပေါ့။

တင်းခဲမွန်းကျပ်လွန်းတဲ့ ရင်ဝကဝေဒနာ ခဏလေး သက်သာနေတဲ့ အချိန်ဟာ သူရယ်နေတဲ့ အချိန်ပဲ။ ဂျီဝူးက ရယ်စရာတစ်ခုခု လုပ်ပြတဲ့အချိန်ပဲ။ အဲဒီ တစ်ခဏလင်းပွင့်ချိန်လေး ပျောက်သွားတာနဲ့ ဗလာနယ်နာကျင်မှုထဲ ပြန်လွင့်ကျသွားခဲ့တာပဲ။ တစ်ခါတလေ သူ ရယ်တယ်ဆိုတာ မယုံနိုင်အောင် ဖြစ်ရတာကိုတွေးရင်း ထပ်ရယ်မိပြန်တယ်။ ထွက်လာတဲ့ရယ်သံဟာ ကြောက်စရာကြီး။ ဒါပေမဲ့ ဂျီဝူးကတော့ သူရယ်ရင်ပျော်နေရှာတာ။

"မေမေ ရယ်တယ်... ဟုတ်လား... ကောင်းလိုက်တာ"

ဂျီဝူးလေးဟာ ရယ်ရမယ်ထင်တဲ့ဟာတွေ အားလုံးကို ထပ်ကာထပ်ကာ လုပ်ပြတယ်။ နှုတ်ခမ်းစူပြလိုက်၊ ခေါင်းမှာ ချိုပေါက်နေသလို လက်ချောင်းတွေ တပ်လိုက်၊ အသံ အမျိုးမျိုးလုပ်ပြလိုက်၊ ဒူးနှစ်လုံးကြားခေါင်းဝင်ပြီး မေမေ မေ့မေ့ဆိုပြီး အသံမျိုးစုံနဲ့ ခေါ်လိုက်ပေါ့။ အင်ဟေး ရယ်လေ သူ ပိုလုပ်ပြလေပဲ။ ဒါပေမဲ့လည်း ရယ်ခြင်းရဲ့ တခြားတစ်ဖက်က လျှို့ဝှက်ချက်တွေကို သားလေး ခမျာ ဘယ်သိနိုင်ရှာပါ့မလဲ။ သူ့အမေ ဘယ်လို ခံစားနေရတယ် ဆိုတာ သူ သိစရာအကြောင်းမှ မရှိတာလေ။ အမေ ပျော်အောင် တတ်စွမ်းသမျှ ကြိုးစား နေရှာတဲ့ ကလေးလေးရယ်။ သိပ်မလုပ်နဲ့ကွယ်.... တော်ကြာ ရယ်သံတွေ ခန်းခြောက်သွားလိမ့်မယ်။

ရယ်သံ စဲသွားတာနဲ့ တစ်ပြိုင်နက် ဘဝဆိုတာ ထူးဆန်းလိုက်တာလို့ သူ တွေးမိစမြဲ။ သူတို့ဘယ်လိုပဲ ဖြစ်နေဖြစ်နေ တခြားလူတွေဟာ စားမြဲ၊ သောက်မြဲ၊ အီးပါမြဲ၊ ရေချိုးမြဲ၊ အနေအထားမပျက် နေမြဲ၊ တခြားကမ္ဘာကလူတွေ လိုပါပဲ။ တစ်ခါတလေ သူတို့ဟာ အသံကျယ်ကြီးတွေနဲ့ သည်းသည်းထန်ထန် ဟက်ဟက်ပက်ပက် ရယ်တတ်ကြသေးတယ်။ အဲဒီလူတွေအားလုံးဟာ ရင်ထဲက ဝမ်းနည်းမှုတွေ၊ ပူဆွေးမှုတွေ၊ ကြေကွဲမှုတွေ၊ နာကျင်မှုတွေကို ခဏတဖြုတ် မေ့ပစ်ဖို့ ရယ်မောနေကြတာလား။ သူ့လို အတွေးမျိုး သူတို့မှာလည်း ရှိကြသလား။

သားလေးနား လှဲနေပြီး အပြစ်ကင်းတဲ့မျက်နှာလေးကို အိပ်စက်ခြင်း က လွှမ်းခြုံသွားတဲ့အခါမှာတော့ ထုံးစံအတိုင်း အမှောင်ညနဲ့သူ နပန်းလုံးပွဲ စရတယ်။ သက်ရှိတွေကို မမြင်မကြားနိုင် တော့တဲ့အချိန်၊ အသချေလောက် ကြာပြီး ဆုံးစမဲ့နွံအိုင်လိုနက်တဲ့ အမှောင်ထု။ ရေတစ်စက်မှမရှိတဲ့ ရေဇလား ထဲဝင်ခွေပြီး

မျက်လုံးတွေမှိတ်ထားလိုက်ရင် သစ်တောနက်ကြီး သူ့အနား ရောက်လာ တတ်တယ်။ မိုးပေါက်တွေအတန်းလိုက် ယောင်ဟေးကိုယ်ထဲ လုံ့သွားတွေလို စိုက်ဝင်။ ယောင်ဟေး ခြေထောက်ပိန်တာရိုးလေးဟာ ရွှံ့တွေထဲ နစ်နေတယ်။ အဲဒီပုံရိပ်တွေပျောက်သွားအောင် ခေါင်းကိုရမ်းခါလိုက်ရင် ထိန်ထိန်သာတဲ့ နေရောင်အောက်မှာ နွေဦးသစ်ပင်တွေဟာ မီးပန်းစိမ်း လွှတ် လိုက်သလို ဖြာထွက်လာတာကို မြင်ရပြန်တယ်။ ဘာလို့ ဒီမြင်ကွင်းကို မြင်နေ ရတာလဲ။ ယောင်ဟေး ပြောထားတာကို စိတ်စွဲပြီး ထင်မိယောင်မှား ဖြစ်နေ တာလား။ တစ်သက်လုံး မရေမတွက်နိုင်လောက်အောင် မြင်ဖူးခဲ့တဲ့ သစ်ပင်တွေ ဟာ မြစိမ်းရောင်ပင်လယ်ပြင်ကြီးလို သူ့ရဲ့ပန်းလျှခန္ဓာကို ပို့ဆောင်ရင်း ဟိုးအပေါ်ကို ပင့်တင်လိုက်တယ်။ မြို့ကြီးတွေ၊ မြို့ကလေးတွေ၊ လမ်းတွေအားလုံး သစ်ပင်ပင်လယ်ထဲမှာ ပေါလောမျောရင်း ဘယ်သောင်ဘယ်ကမ်း ကပ်ကုန် တယ် မသိ။

ဒီ သစ်ပင်လှိုင်းတွေ ဘာပြောနေမှန်း သိဖို့ အင်ဟေးမှာ ဘာနည်းလမ်း မှ မရှိ။

တောင်တက်လမ်းအဆုံးက အစိမ်းရောင် မီးလျှံတွေလို တောက်ပနေ တဲ့ သစ်ပင်အုပ်ကြီးကများ တစ်ခုခုပြောနေတာများလား။

ဘာပဲဖြစ်ဖြစ်၊ ဘာပဲပြောပြော နွေးထွေးမှုမပါတာကတော့ သေချာ တယ်။ ဘယ်လိုစကားလုံးတွေ ပြောနေပြောနေ သူ့အတွက် နာလန်ပြန်ထူနိုင် လောက်တဲ့ နှစ်သိမ့်စကားတွေတော့ မဟုတ်ဘူး။ အဲဒီအစား ရက်စက်တဲ့၊ ကြောက်စရာကောင်းလောက်အောင် အေးစိမ့်တဲ့ စကားလုံးတွေကို ပြောနေကြတာ။ ချောက်ချားဖွယ် ရှင်သန်တဲ့ ဘဝပုံစံတစ်မျိုးနဲ့ နေနေကြတာ။ အင်ဟေး ပတ်ပတ်လည် လှည့်ကြည့်တယ်။ သူ့ဘဝကို ကယ်တင်ပေးမယ့် ပုံစံပြောင်းပေး မယ့် သစ်ပင်တစ်ပင်မှ ရှာမတွေ့ဘူး။ တချို့အပင်တွေဟာ သူ့ကို လက်ကမ်း ကြိုဖို့ လက်ခံဖို့ ငြင်းပယ်ကြတယ်။ ခန္ဓာကိုယ်တုတ်တုတ်ကြီးတွေကို တစ်စက်မှ မလှုပ်ရှားဘဲ ခေါင်းမာမာနဲ့ နေရာမရွှေ့ ရပ်နေကြပုံများ။

※

အချိန်တွေကုန်သွားပြန်တယ်။

ဘူးတွေအားလုံးကို အဖုံးပြန်ပိတ်တယ်။ ဓာတ်ဘူးကစလို့ အားလုံး အိတ်ထဲ ပြန်ထည့်တယ်။ အိတ်ကို ဇစ်ပိတ်တယ်။ ယောင်ဟေးဟာ မြွေအရေခွံ လဲလိုက်သလိုပဲ။ ဝိဉာဉ်ဟာ ဘယ်ကိုများ လွင့်ပါးသွားပါလိမ့်။ လက်တွေ ကြမ်းပြင်ပေါ်ထောက်ပြီး ဦးစိုက်ကျွမ်းပြန် ရပ်နေတဲ့အချိန်တုန်းက ယောင်ဟေး အကြည့်တွေကို ပြန်အမှတ်ရလာတယ်။ ဆေးရုံကွန်ကရစ်ကြမ်းပြင်ကို သစ်ပင် ရှင်သန်ကြီးထွားရာ မြေသားပျော့ပျော့လို့များ အမြင်မှားနေရော့သလား။ ခန္ဓာကိုယ်ဟာ ပင်စည်ဖြစ်၊ လက်ချောင်းတွေကနေ အမြစ်တွေ တိုးထွက်ပြီး မြေသားထဲ စိုက်သွားတဲ့ အသွင်ပြောင်းခန္ဓာများ ဖြစ်သွားတာလား။ ခြေထောက်တွေက အကိုင်းတွေလို သန်စွမ်း။ မြင့်သထက်မြင့်၊ လက်တွေက မြေကြီးထဲ နက်သထက်နက်အောင် စိုက်ဝင်နေချိန်မှာ ကျောရိုးပင်စည်က ဆန့်ကျင်ဖက် ကြီးထွားမှုနှစ်ခုကို ဟန်ချက်ညီ ထိန်းပေးနေတာလား။ ခန္ဓာပင်စည်က နေရောင်ခြည်ကို စုပ်ယူ၊ မြေကြီးထဲက ရေဓာတ်ကို ဆဲလ်တွေထဲထိ စိမ့်ဝင်စေ ရင်း ပေါင်ခွကြားကနေ ပန်းလေးတွေများ ပွင့်လာဦးမှာလား။ ခန္ဓာကိုယ်က ရှိသမျှ

ကြွက်သားမျှင်တွေကို ဆန့်တန်းပြီး ဦးစိုက်ကျွမ်းပြန် ရပ်နေတာဟာ သစ်ပင်ခန္ဓာဖြစ်ဖို့ သူ့ဝိညာဉ်ကို နှိုးပေးနေတာများလား။

“ငါ အတည်ပြောမယ်”

အင်ပေါးအသံ ကျယ်လာတယ်။

“နင်သေတော့မှာ”

ပိုကျယ်လာတယ်။

“နင် ခုတင်ပေါ်လှဲရင်း သေဖို့စောင့်နေတာ။ သေတော့မှာ၊ တခြားဘာမှမဟုတ်ဘူး”

နှုတ်ခမ်းကို ပြတ်ထွက်မတတ် ကိုက်ထားမိတယ်။ သွေးတွေ စို့လာတယ်။ ယောင်ပေါးကို အတင်းဆွဲကိုင်လှုပ်ရမ်း ဆွဲဆောင့်ပစ်လိုက်ချင်တဲ့ စိတ်တွေကို မနိုင်ရင်ကာ ထိန်းနေရတယ်။

※

ခုတော့ အချိန်စေ့ပြီ။

အိတ်ကိုလွယ်ရင်း ထရပ်လိုက်တယ်။ လူနာခန်းထဲက ထွက်လိုက်တယ်။ ချာခနဲ လှည့်ကြည့်တယ်။ ယောင်ပေါးကတော့ တစ်စက်မှ မလှုပ်ဘူး။ အံတင်းတင်းကြိတ်ရင်း ဧည့်ခန်းဆီ ဦးတည် လျှောက်လိုက်တယ်။

※

ဆံပင်ကုပ်ဝဲလေးနဲ့ သူနာပြုကောင်မလေးတစ်ယောက် ပလတ်စတစ်ခြင်းတောင်းဖြူလေး ကိုင်ရင်း ဧည့်ခန်းထဲကစားပွဲဆီ လျှောက်လာတယ်။ ခြင်းတောင်းထဲမှာ လက်သည်းညှပ် မျိုးစုံပါတယ်။ လူနာတွေ တန်းစီနေကြတယ်။ တစ်ယောက်ကို လက်သည်းညှပ် တစ်ခုပေးတယ်။ ဘယ်သူက ဘယ်လက်သည်းညှပ်နဲ့ အသင့်တော်ဆုံး ဆိုတာကို ရွေးနေကြတာက အကြာကြီးရယ်။ ဧည့်ခန်း တစ်ဖက်ခြမ်းမှာတော့ မြင်းမြီးဆံပင်နဲ့ သူနာပြုအကူ တစ်ယောက်က သွပ်ချာပါဒဝေဒနာရှင်တွေကို လက်သည်းညှပ်ပေးနေတယ်။

အင်ပေါးဟာ ဒီမြင်ကွင်းကို အသာရပ်ကြည့်နေမိတယ်။ ချွန်တဲ့ထက်တဲ့အရာ၊ လည်ပင်းကို ပတ်လို့ရတဲ့ကြိုးလို အရာမှန်သမျှ ဒီအခန်းထဲမှာ လုံးဝမရှိ။ လူနာတွေဟာ တခြားလူတွေကို အန္တရာယ်ပြုမှာ စိုးလို့ဆိုပေမဲ့ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ပေးမှာစိုးလို့ပဲ။ လူနာတစ်ယောက်ချင်းစီရဲ့ မျက်နှာတွေကို အင်ပေါး လိုက်ကြည့်နေမိတယ်။ လူနာတွေဟာ လက်သည်းညှပ်ချိန် မကုန်ခင် လက်သည်းညှပ်တဲ့ အလုပ်ကိုပဲ အာရုံစူးစိုက်နေကြတယ်။ နံရံကပ်နာရီက ညနေ ငါးနာရီနှစ်မိနစ်ကို ပြနေတယ်။

မှန်တံခါးဝမှာ ဂျူတီကုတ်ဖြူဖြူကို တွေ့လိုက်တယ်။ ယောင်ပေါးရဲ့ ဆရာဝန်ပဲ။ သူ့လှုပ်ရှားမှုတွေဟာ တိကျပြီး ကျင့်သားရနေတယ်။ ဘယ်ဆေးရုံ မဆို အဲလိုပဲတွေ့ရမှာဆိုပေမဲ့ ဒီစိတ္တဇဆေးရုံက ဆရာဝန်တွေမှာ ပိုပြီး သိသာတယ်။ ဒီက လူနာတွေဟာ ကာလရှည်ကြာ ဆေးရုံဆင်းခွင့်မရှိတဲ့ လူနာတွေဆိုတော့ ဆရာဝန်မြင်လိုက်တာနဲ့ ကယ်တင်ရှင်ကြွလာသလို ဝိုင်းအုံလာ ကြတော့တာပဲ။

“ခဏလေးပါ ဒေါက်တာ၊ ကျွန်တော့်မိန်းမကို ဖုန်းခေါ်ပေးပါလား။ ကျွန်တော် ဆေးရုံဆင်းလို့ရပြီလို့ ပြောပေးရုံပဲလေ။ ဒီမှာ ကျွန်တော့်မိန်းမရဲ့ ဖုန်းနံပါတ်.. ဖုန်းလေးတစ်ချက်ဆက်ပေး၊ ပေး…”

“ဆရာ ကျွန်မ ဆေးညွှန်းကို ပြင်ပေးပါ။ နားထဲမှာ အမြဲ တစီစီ

မြည်နေတယ်”

“ဒေါက်တာရေ့ ဒီကောင့်ကို မပြောတော့ဘူးလား။ ကျွန်မကို သူ အမြဲ ရိုက်ရိုက်နေတယ်။ သည်းမခံနိုင်တော့ဘူး တကယ်ပဲ။ ဟော့ ဒေါက်တာ ဘာလို့ ရှင်ကပါ ကျွန်မကို ကန်ရတာလဲ။ ဒီမယ် ကျွန်မ ရှင့်ကို စကား ပြောနေတယ်”

ဆရာဝန်က လူနာအမျိုးသမီးကို နှစ်သိမ့်ပြုံးလေး ပြုံးပြတယ်။ သူ့အပြုံးက နှစ်လို့ဖွယ်ပါ။

“ဟင် ခင်ဗျားကို ကျွန်တော် ဘယ်မှာကန်လို့လဲ အစ်မကြီးရဲ့၊ တစ်ယောက်ပြီးတစ်ယောက် ဖြည်းဖြည်းပြောကြပါ။ နေဦး အဒေါ်ကြီး နားက တစီစီမြည်နေတာ ဘယ်တုန်းက စဖြစ်တာလဲ”

ခုနက ဆရာဝန်နောက် တကောက်ကောက်လိုက်ပြီး သူ့ကို ကန်တယ်လို့ စွပ်စွဲတဲ့လူ နာမဟာ စိတ်မရှည်တဲ့ပုံနဲ့ ခြေဆောင့် ထွက်သွားတယ်။ မျက်နှာကတော့ စိတ်လှုပ်ရှားနေပုံပဲ။ ရန်ပြုမယ့်ပုံ မျိုးတော့ မဟုတ်။

ဧည့်ခန်းအဝင် မှန်တံခါးပွင့်သွားပြီး နောက်ဆရာဝန် တစ်ယောက် ဝင်လာပြန်တယ်။ သူ့ကို အရင်က အင်ပေး မမြင်ဖူးဘူး။

“အဲဒါ သမားတော်လေ”

ဟီဂျူးက သူ့ကို ပြောပြတယ်။ ဘယ်တုန်းက ဟီဂျူး အနားရောက် လာမှန်း သတိမထားမိဘူး။ စိတ်ဆေးရုံတိုင်းမှာ သမားတော် ရှိတာတော့ သိတယ်။ ဒီဆရာဝန်ကြည့်ရတာ အတော် ငယ်သေးပုံပဲ။ နုနေလို့လားတော့ မပြောတတ်ဘူး။ ထက်မြက်ပုံပေါ်ပေမဲ့ အေးစက်စက်နဲ့။ ယောင်ပေးရဲ့ ဆရာဝန်ဟာ လူနာအုပ်ကြီးကြားက တိုးထွက်လိုက်ပြီး အင်ပေးဆီ လှည့်လာတယ်။ ဘာလုပ်လိုက်မှန်း သေချာမသိဘဲ အင်ပေး နောက်ကို ခြေတစ်လှမ်း ဆုတ်လိုက်တယ်။

“ခင်ဗျားညီမနဲ့ စကားပြောပြီးပြီလား”

“ကျွန်မထင်တာတော့ သူ သတိမရှိဘူး ထင်တာပဲ”

“အပေါ်ယံကြည့်ရင်တော့ အဲလိုပဲထင်ရတယ်။ ဒါပေမဲ့ သူ့ကြွက်သားမျှင်တွေက အကုန်တင်းတောင့်လို့ပဲ။ ဒါ သတိမေ့နေတာ မဟုတ်ဘူး။ သူ့ရဲ့ သိစိတ်ဟာ တစ်ခုခုပေါ် အပြည့်အဝ အာရုံစိုက်ထားတာမျိုး ဒါမှမဟုတ် တစ်နေရာရာ ရောက်နေတာမျိုးပါ။ ဒါကြောင့် သူပတ်ဝန်းကျင်ကို သတိမထားမိတော့တာ။ သူ့ကို ကျွန်တော်တို့ ပြန်ခေါ်ဖို့ အပြင်းအထန် ကြိုးစား ခဲ့ပါတယ်။ သူ အိပ်မနေဘူးဆိုတာတော့ ခင်ဗျားသိမှာပေါ့”

ဆရာဝန်ဟာ ရိုးရိုးသားသားပဲ ပြောနေတယ်။ စိတ်ကတော့ တင်းကျပ် နေပုံပဲ။

“အင်း မိသားစုဝင်တစ်ယောက်ကို အသိသက်သေနေ ရာထားရတာ မလွယ်ပါဘူး။ ခင်ဗျားရှိနေတာ ပြဿနာပိုများမယ်ထင်ရင် မနေလည်း ရတယ် နော်”

“ကျွန်.... ကျွန်မ နားလည်ပါတယ်၊ ဒါက......”

ဆရာဝန်က သူ့စကားကို ဖြတ်ချလိုက်တယ်။

“အားလုံးအဆင်ပြေသွားမှာပါ”

ယောင်ပေးရဲ့ တွန့်လိမ်ရုန်းကန်နေတဲ့ ခန္ဓာကိုယ်လေးကို မီးသတ်သမားလို ပုခုံးပေါ်တင်ပြီး ဆေးရုံလုပ်သားဟာ စကြံန်တစ်လျှောက်

လျှောက်ရင်း နှစ်ယောက်ခန်းအလွတ် ထဲ ဝင်လာတယ်။ အင်ဟေးက သတိကြီးကြီးနဲ့ နောက်က လိုက်သွားတယ်။ ဆရာဝန်ပြောတာမှန်တယ်။ ယောင်ဟေးဟာ သတိမေ့နေတာ မဟုတ်ဘူး။ အသိစိတ် အပြည့်ရှိတယ်။ ရုန်းနေကန်နေလိုက်တာ ကြမ်းလွန်းလို့ ခုနက အသေကောင်လိုလှဲနေတဲ့ မိန်းမမှ ဟုတ်ရဲ့လားလို့ ထင်ရတယ်။ လည်ချောင်းထဲကနေ အော်သံသဲ့သဲ့လည်း ထွက်လာတယ်။

"တစ်ယောက်တည်း နေပါရစေ၊ တစ်...ယောက်...တည်း"

လုပ်သားနှစ်ယောက်နဲ့ သူနာပြုအကူ တစ်ယောက် မနည်းချုပ်ပြီး ခုတင်ပေါ်ရောက်အောင် ပို့ရတယ်။ ခြေတွေလက်တွေကို အတင်းချုပ်ထားကြ တယ်။

"အပြင်ထွက်နေပါ၊ ကျေးဇူးပြုပြီး ထွက်ပေးပါ။ ဒါကို မိသားစုဝင် တွေ ကြည့်ရက်မှာမဟုတ်ဘူး"

အမျိုးသားသူနာပြုတစ်ယောက်က ချီတုံချတုံရပ်နေတဲ့ အင်ဟေးကို လာပြောတယ်။

ယောင်ဟေးက အင်ဟေးကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တယ်။ မျက်လုံးတွေက တဖျတ်ဖျတ်လက်လို့။ သူ စူးစူးရဲရဲ ကြည့်နေတယ်။ အော်သံဟာ တဖြည်းဖြည်း ကျယ်လာတယ်။ လူနာခန်းတွေထဲ သူ့အော်သံတွေ လှိုင်းထ သွားလောက်အောင်ပဲ။ မမြင်ရတဲ့အင်အားတွေ သူ့ခြေလက်တွေထဲ ဝင်လာသလိုပဲ။ ယောင်ဟေးဟာ အင်ဟေး ရှိတဲ့နေရာဆီရောက်အောင် အတင်း ရုန်းကန်နေတယ်။ သူ့ကိုယ်သူ ဘာလုပ်လို့လုပ်မှန်းမသိခင် အင်ဟေး ရှေ့တစ်လှမ်း တိုးလိုက်တယ်။ အရိုးချည်းသက်သက် ယောင်ဟေးရဲ့ လက်မောင်းတွေဟာ ဆတ်ဆတ်ခါနေတယ်။

"မ..ကြိုက်..ဘူး"

ပထမဆုံးအကြိမ်အဖြစ် ယောင်ဟေးအသံ ပီပီသသ ထွက်လာတယ်။ တိရစ္ဆာန်တစ်ကောင် မာန်ဖီနေသလိုမျိုးပဲ။

"မ....ကြိုက်....ဘူး... အစာ... စားရတာ..မကြိုက်ဘူး"

ယောင်ဟေးပါးကို လက်နှစ်ဖက်နဲ့ အင်ဟေး ကိုင်ထားမိတယ်။

"ယောင်ဟေး . . .ယောင်ဟေးရယ်"

ယောင်ဟေးရဲ့ အကြည့်တွေထဲမှာ ကြောက်စိတ်ကို သိသိသာသာကြီး မြင်နေရတယ်။

"အပြင်ထွက်ပါဗျာ။ ခင်ဗျားကြောင့် လုပ်ရကိုင်ရခက်နေပြီ"

အလုပ်သမားက အင်ဟေးကို လက်မောင်းကဆွဲကိုင်ပြီး တံခါး အပြင်စင်္ကြန်လမ်းဆီ အသာတွန်းထုတ်လိုက်တယ်။ အပြင်က သူနာပြုက သူ့လက်မောင်းကို အသာကိုင်လိုက်တယ်။

"ဒီမှာပဲနေပါနော်၊ ရှင် အထဲမှာမရှိရင် သူ့ကို ထိန်းဖို့ပိုလွယ်မယ်"

ယောင်ဟေးရဲ့ဆရာဝန်ဟာ ခွဲစိတ်ခန်းသုံးလက်အိတ် စွပ်တယ်။

သူနာပြုအုပ်လှမ်းပေးတဲ့ ရှည်ရှည်သွယ်သွယ် ပြွန်တစ်ချောင်းကို ဂျယ်လီတွေ ညီအောင် သုတ်လိမ်းတယ်။ အလုပ်သမား တစ်ယောက်က ယောင်ဟေး ခေါင်းကို ငြိမ်နေအောင် အင်အားရှိသမျှသုံးပြီး ကိုင်ထားတယ်။ သူ့မျက်နှာနားကို ဂျယ်လီသုတ်ထားတဲ့ အစာထည့်ပြွန်ဝဲလာတဲ့အခါ ယောင်ဟေးမျက်နှာ ရဲရဲ နီလာတယ်။ အားကုန်အင်ကုန်သုံးပြီး အတင်းရုန်းတယ်။

ဒီလောက်ပိန်တဲ့ ခန္ဓာကိုယ်ထဲ ဘယ်ကအားတွေ ဝင်လာလဲမသိဘူးလို့ သူနာပြုအုပ်ပြောတာ မှန်ပုံပဲ။ အင်ဟေးဟာ အခန်းထဲဝင်ဖို့ ခြေလှမ်းပြင်ပြန်တယ်။ သူနာပြုက သူ့လက်မောင်းကို ဆွဲထားတယ်။ အလုပ်သမားဟာ ယောင်ဟေးရဲ့ မေးရိုး တွေကို လက်ချောင်းတွေနဲ့ ပင့်တင်လိုက်ချိန်မှာ ဆရာဝန်ဟာ ပြွန်ကို ယောင်ဟေးနှာခေါင်းထဲ ထိုးသွင်းလိုက်တယ်။

"ဟာကွာ ပိတ်ထားပြန်ပြီ"

ဟုတ်တယ်၊ ယောင်ဟေးဟာ ပါးစပ်ဟပြီး ပိုက်မဝင်အောင် လျှာခင်နဲ့ ဆို့ထားတယ်။ ပိုက်ဝင်တာနဲ့ အာဟာရရည်ဖြည့်ဖို့ ဆေးထိုးပြွန် တကိုင်ကိုင်နဲ့ စောင့်နေတဲ့ သမားတော်လေးက မျက်မှောင် ကြုတ်သွားတယ်။ ယောင်ဟေးရဲ့ ဆရာဝန်ဟာ နှာခေါင်းပိုက်ကို ပြန်ဆွဲထုတ်လိုက်တယ်။

"ကဲ နောက်တစ်ကြိမ် ထပ်ကြိုးစားကြဦးစို့ မြန်မြန်နော်"

ပြွန်ကို ဂျယ်လီထပ်သုတ်တယ်။ အလုပ်သမားက ယောင်ဟေး မေးရိုးကို အားကုန်ဆွဲတယ်။ နှာခေါင်းထဲ ပြွန်ကို စွပ်ခနဲ ထိုးထည့်တယ်။

"ရပြီ ရပြီ"

ဆရာဝန်က စိတ်သက်သာရာရပြီး သက်ပြင်းကြီး ချလိုက်တယ်။ သမားတော်ဟာ ဆေးပြွန်ထဲ အာဟာရရည် စုပ်ထည့်ရင်းနဲ့ အလုပ်တွေရှုပ်နေတယ်။ အင်ဟေးကို ဆွဲထားတဲ့ သူနာပြုက လက်မောင်းကို ညှစ်လိုက်ပြီး တိုးတိုးပြောတယ်။

"အောင်မြင်သွားပြီ။ ခု သူ့ကိုအိပ်ဆေးပေးရမယ်။ နို့မို့ဆို သူ အန်ချလိမ့်မယ်"

သူနာပြုအုပ်က အိပ်ဆေးယူလာတဲ့အချိန်မှာ သူနာပြုအကူလေးဟာ စူးစူးဝါးဝါး အော်လိုက်တယ်။ အင်ဟေးဟာ အတင်းရုန်းပြီး အခန်းထဲ ပြေးဝင်လာခဲ့တယ်။

"ဖယ်ကြ..ဖယ်ကြ၊ သူ့နားမကပ်ကြနဲ့"

ဆရာဝန်ကို ပုခုံးကဆွဲပြီး ခပ်ကြမ်းကြမ်း ဖယ်ပစ်လိုက်တယ်။ ယောင်ဟေးကို သူ ငုံ့ကြည့်တယ်။ နှာခေါင်းပိုက်ကို ကိုင်ထားတဲ့ သူနာပြု အကူလေးမျက်နှာဟာ သွေးတွေနဲ့ ရဲနေတယ်။ ယောင်ဟေးပါးစပ်ထဲက သွေးဟာ ပိုက်ကတစ်ဆင့် လျှံတက်လာတာ။ ဆေးထိုးပြွန်ကြီး ကိုင်ထားတဲ့ သမားတော်က နောက်တစ်လှမ်းဆုတ်လိုက်တယ်။

*"ပိုက်ဖြုတ်လိုက်ပါ . . . မြန်မြန်"

အင်ဟေးဟာ အတင်းအော်နေတယ်။ အလုပ်သမားက သူ့ကို လာချုပ်တယ်။ ယောင်ဟေးရဲ့ဆရာဝန်ဟာ ပိုက်ကို ပြန်ဆွဲထုတ်တယ်။ ထုတ်လို့မရဘူး။ တစ်နေတယ်။

"စိတ်အေးအေးထား စိတ်အေးအေးထား"

ဆရာဝန်က အော်နေတယ်။

"အိပ်ဆေးပေး"

သူနာပြုအုပ်က သူ့ကို ဆေးထိုးပိုက်လှမ်းပေးတယ်။

"တော်ပါတော့ မလုပ်ပါနဲ့တော့"

အင်ဟေးက ကုန်းအော်လိုက်တယ်။ သူ့အသံက တိရစ္ဆာန်တစ်ကောင် အော်ညည်း နေသလိုပဲ။

"တော်ပါတော့. . .တော်လိုက်ပါတော့...."

သူ့ကို အတင်းချုပ်ထားတဲ့ အလုပ်သမားရဲ့လက်ကို အင်ဟေး ကုန်းကိုက်လိုက်တယ်။
“အား... ဟာကွာ-ဘာလုပ်တာလဲ”
အလုပ်သမားက ယောင်ယမ်းပြီး အော်တယ်။
အင်ဟေးက ယောင်ဟေးကို ပွေ့လိုက်တယ်။ သူ့ဘလေ့ဇ်မှာ ယောင်ဟေးသွေးတွေနဲ့ ရဲသွားတယ်။
“တော်ပါတော့၊ တော်ကြပါတော့...တော်ကြပါတော့”
ဆေးထိုးပိုက်ကိုင်ထားတဲ့ သူနာပြုအုပ်ရဲ့လက်ကောက်ဝတ်ကို အင်ဟေး ဖမ်းကိုင်လိုက်ချိန်မှာ သူ့ရင်ခွင်ထဲက ယောင်ဟေးဟာ တဂစ်ဂစ် တက်လို့နေတော့တယ်။

※

ဆရာဝန်ရဲ့ ဂျူတီကုတ်ဖြူဖြူမှာ ယောင်ဟေးရဲ့သွေးတွေ စွန်းနေလိုက်တာ သွေးရောင်ရဲနေတဲ့ ကြယ်စုတွေနဲ့တောင် တူသေး။
“ယောင်ဟေးကို ချက်ချင်း ဆေးရုံကြီးကိုလွှဲဖို့လိုတယ်။ ဆိုးလ်ကို သွားပါ။ လည်ပင်းသွေးလွှတ်ကြောကနေ ပရိုတိန်းသွင်းပေးမှ အစာအိမ် သွေးယိုတာ တိတ်လိမ့်မယ်။ အဲဒါက ရေရှည်မခံပေမဲ့ ခု ယောင်ဟေးကို အသက်ရှင်စေချင်ရင် အဲဒီတစ်နည်းပဲ ရှိတယ်”
ဆေးရုံကြီးကို လွှဲတဲ့စာကိုစောင့်ယူ၊ အိတ်ထဲထည့်ပြီး သူနာပြုခန်းထဲ က ထွက်လိုက်တယ်။ သန့်စင်ခန်းထဲ ကမန်းကတန်းဝင်၊ တဆတ်ဆတ်တုန်နေတဲ့ဒူးတွေ ညွတ်မကျခင် အိမ်သာခွက်တစ်ခုထဲ ခေါင်းအပ်ပြီး အသံ မထွက်အောင် အန်ချလိုက်တယ်။
လဖက်ရည်တွေနဲ့ အစာအိမ်ထဲက ဝါကြင့်ကြင့် အက်စစ်ရည်တွေ။
“အရူးမ”
မှန်ရှေ့လက်ဆေးကန်ထဲ မျက်နှာသစ်နေတုန်း တုန်ယင်နေတဲ့ နှုတ်ခမ်းဖျားက စကားလုံးတွေ အန်ချမိပြန်တယ်။
“အရူးမ”
ဒါ နင့်ခန္ဓာကိုယ်ပဲ၊ နင်ပိုင်တာပဲ။ နင်ကြိုက်သလို လုပ်နိုင်တယ်။ ကြိုက်သလို သုံးနိုင်တယ်။ နင်ပိုင်တဲ့ တစ်ခုထဲသောအရာ။
ခေါင်းမော့လိုက်တယ်။ မှန်ထဲကမျက်နှာဟာ ရေစက်လက်နဲ့။ အိပ်မက်ထဲမှာ သွေးစိမ်းရှင်ရှင် ကျနေခဲ့ဖူးတဲ့ မျက်လုံးတွေ။ ဘယ်လောက်ပဲ လက်နဲ့သုတ်ပစ်... သုတ်ပစ် မျက်လုံးထဲက အဆက်မပြတ် စီးကျနေတဲ့ သွေးစက်တွေ။ ခုတော့ မှန်ထဲက အမျိုးသမီးဟာ သွေးမျက်ရည်မကျဘူး။ မကျသေးဘူး။ သူ့ကို ငေးကြည့်နေတယ်။ ခုနက နားတွေထဲ ဝေစည်နေခဲ့တဲ့ ငိုသံ၊ ကြိတ်မနိုင်ခဲမရ ဒေါမနဿအပြည့်နဲ့ ငိုညည်းသံဟာ သူ့ဆီက ထွက်လာ တယ်ဆိုတာ ယုံဖို့ခက်လွန်းနေတယ်။
စကြိန်လမ်းတစ်လျှောက် အမူးသမားလို ဒယီးဒယိုင် လျှောက်လာမိတယ်။ ဟန်ချက်ကို သတိထားထိန်းရင်း ဧည့်ခန်းထဲ ရောက်အောင် ကြိုးစား လျှောက်ရတယ်။ ရုတ်တရက် နေပွင့် လာလိုက်တာ ဝင်းခနဲ လင်းသွားတယ်။ အဲလို ထိန်ထိန်လင်းတဲ့ အလင်းမျိုး မမြင်ရတာ ကြာခဲ့ပြီ။ တချို့လူနာတွေဟာ နေရောင်မြင်တော့ လန့်ကြတယ်။ တချို့ကတော့ ပျော်ကြပုံပဲ။

ညှော့ခန်း ပြတင်းမှန်ကို အခိပ္ပာယ်မဲ့ ပွတ်သပ်နေကြတယ်။သာမန်အဝတ်အစားတွေ ဝတ်ထားတဲ့ မိန်းမတစ်ယောက်ဟာ အင်ဟေးဆီ လျှောက်လာတယ်။ ဘယ်သူ လဲလို့ အာရုံစိုက်ပြီး ကြည့်ရတယ်။ အမြင်တွေက ရိပ်ခနဲ ရိပ်ခနဲ ဖြစ်နေတာကိုး။ အော်...ဟီဂျူးပဲ။ မျက်သားတွေနီလို့၊ ငိုထားပြန်ပြီ ထင်တယ်။ အမြဲတမ်းပဲ အဲလို အရမ်းခံစားတတ်တာမလား၊ လူနာအချင်းချင်း သံယောဇဉ်ရှိလို့လား၊ စိတ်ကိုက မမှန်လို့လား။

“ယောင်ဟေး ဘယ်လိုနေလဲ၊ ရှင် သွားတော့မှာလား...”

ဟီဂျူးရဲ့လက်ကို ဆုပ်ထားလိုက်တယ်။

“အစစအရာရာအတွက် အရမ်းကျေးဇူးတင်ပါတယ်”

ငိုနေတဲ့ ဟီဂျူးရဲ့ပုခုံးကျယ်ကျယ်တွေပေါ် ဘယ်လို လက်ရောက်သွား မှန်း မသိဘူး။ သူ့ကို ပွေ့ဖက်နှစ်သိမ့်ပေးနေမိတော့ အင်ဟေး ကိုယ့်ကိုယ်ကိုယ် အံ့သြမိတယ်။ ထားလိုက်ပါတော့။ မျက်လုံးကြီးတွေ ပြူးပြီး ဝိုင်းကြည့်နေကြတဲ့ လူနာတွေကို လှည့်ကြည့် မိတယ်။ သူတို့ကြောက်နေမှာပေါ့။ ဒါပေမဲ့ ဒီဆေးရုံက နေ ဘယ်တော့မှ ထွက်ခွင့်ရမှာမဟုတ်ဘူး။ သူတို့ကို ဒီထဲမှာ ပိတ်လှောင်ထား တာပဲလေ။ ဟီဂျူးလို၊ ယောင်ဟေးလိုပေါ့။ ယောင်ဟေးကို ဒီမှာ ပေယျာလ ကန်ပစ်ထားမိတာ။ အဲဒီ အပြစ်ရှိသလို ခံစားချက်ကြောင့်ပဲ ဟီဂျူးကို ဖက်ပြီး နှစ်သိမ့်မိလေသလား။

အရှေ့စကြံန်က ဒရောသောပါးခြေသံတွေ ကြားရတယ်။ အလုပ်သမားနှစ်ယောက် ယောင်ဟေးကို ထမ်းစင်နဲ့သယ်လာတယ်။ သွေးတွေ သန့်ရှင်းထားပြီးပြီ။ ယောင်ဟေးမျက်လုံးတွေ ပိတ်နေတယ်။ ရေချိုးပြီးခါစ တစ်ရေးအိပ်နေတဲ့ ကလေးလေးလိုပဲ။ ဟီဂျူးက ယောင်ဟေးရဲ့ အရိုးပဒေသာ လက်ကလေးကို ဆုပ်ထားတယ်။ အင်ဟေး မျက်နှာကို တစ်ဖက်လှည့်လိုက် တယ်။ ဒီမြင်ကွင်းကို သူ ကြည့်မနေနိုင်ဘူးလေ။

※

ထူထဲ လှပတဲ့ နွေသစ်တောဟာ လူနာတင်ကား နောက်မှာကျန်ရစ်ခဲ့ပြီ။ မိုးစက်ကလေးတွေနဲ့ စိမ်းလွင်နေတဲ့ သစ်ရွက်တွေဟာ ညနေခင်းနေရောင် အောင်မှာ မီးစိမ်းတွေလို စူးစူးရဲရဲ။

သူနာပြုအကူက သွေးတွေကို ဆေးကြောပေးထားလို့ နားရွက် နောက်ကစိုနေတဲ့ ယောင်ဟေးရဲ့ဆံပင်လေးတွေကို အင်ဟေး ပွတ်ပေးနေမိတယ်။ ယောင်ဟေးရဲ့ ငေါထွက်နေတဲ့ ကျောရိုးတစ်လျှောက် ဆပ်ပြာတိုက် ပေးရတာကို သတိရမိတယ်။ ငယ်ငယ်တုန်းက ညီအစ်မနှစ်ယောက် ရေတူတူ ချိုးကြတယ်။ သူ့ညီမလေး ကျောကုန်းကို ဆပ်ပြာတိုက်ပေးတယ်။ ဆံပင်ဖြီးပေး တယ်။

ယောင်ဟေး ဆံပင်လေးတွေကို ကြည့်ရင်း ဂျီဝူးလေးကို သတိရပြန်တယ်။ သားလေးဟာ လက်သေးသေးလေးနဲ့ သူ့မျက်ခုံးတွေကို ပွတ်သပ်ပေးလေတိုင်း အထီးကျန်မှုဟာ အငွေ့ပျံသလို ဖြစ်ခဲ့ရတာ။

အိတ်ထဲက ဖုန်းကိုထုတ်တယ်။ ဖုန်းက တစ်နေကုန် ပိတ်ထားတာ။ ပြန်ဖွင့်လိုက်တယ်။ အိမ်နီးနားချင်း အမျိုးသမီးဆီ ဖုန်းခေါ်တယ်။

“ဟုတ်ကဲ့ . . . ဂျီဝူးအမေပါ။ ကျွန်မ ဆေးရုံသွားနေတယ်။ ဆွေမျိုး ကိစ္စ... ဟုတ်.. ရုတ်တရက်ဖြစ်တာရှင့်၊ ဟင့်အင်း... ကားက ငါးနာရီ ငါးဆယ်ဆိုက်မှာ..ဟုတ်..ဟုတ်.. အချိန်မှန်ပါပဲ။ ကျွန်မ သိပ်နောက်မကျ

လောက်ဘူး. . နောက်ကျရင်လည်း ဂျီဝူးကိုခေါ်ပြီး ဆေးရုံပြန်သွားမယ်။ သူ့ကို ခဏလောက်သိပ်ထားပေး။ ဟုတ်.. ကျေးဇူးပါရှင်… ကျွန်မ ပြန်ခေါ်ပါ့မယ်။ ကျွန်မ ဖုန်းနံပါတ် ရှိတယ်မဟုတ်လား”

ဖုန်းကို ပိတ်လိုက်တယ်။ ဂျီဝူးကို အဲသလို အိမ်နီးနားချင်း တွေလက်မအပ်ခဲ့ရတာ ဘယ်လောက်ကြာခဲ့ပြီလဲ ပြန်စဉ်းစားနေမိတယ်။ ယောက်ျား ထွက်သွားပြီးကတည်းက ညပိုင်းနဲ့ စနေ၊ တနင်္ဂနွေဆို ကလေးနဲ့ပဲနေဖို့ သူ အခြေခံမူချထားခဲ့တာ။

မချိသွားဖြဲလုပ်နေရင်း ငိုက်လာတယ်။ ကားကိုမှီရင်း မျက်လုံးတွေ မှိတ်ပြီး စဉ်းစားနေမိပြန်တယ်။

မကြာခင် ဂျီဝူး အရွယ်ရောက်လာတော့မယ်။ လောကကို မြင်တတ်၊ ကြည့်တတ်၊ ဖတ်တတ်လာတော့မယ်။ ဖြစ်ပျက်ခဲ့သမျှတွေကို သူသိလာမှာပဲ။ သူ့ကို ဘယ်လိုရှင်းပြရပါ့မလဲ။ ဂျီဝူးဟာ အပရိကရောဂါတွေ ဖြစ်လွယ်တာကလွဲလို့ ပျော်ပျော်နေတတ်တဲ့ ကလေး။ တစ်သက်လုံး အဲလိုပျော်ပျော်နေသွားဖို့ ဖြစ်နိုင်ပါ့မလား။ ဘယ်လိုလုပ်ပေးရမလဲ။

တောထဲက အရိုင်းအစိုင်းတွေလို လုံးထွေးရစ်ပတ်ပူးကပ်နေတဲ့ ဝတ်လစ်စလစ် ခန္ဓာကိုယ်နှစ်ခုကို ပြန်မြင်ယောင်လာတယ်။ စစချင်းမှာ သွေးပျက်ခဲ့ရပေမဲ့ ကြာလာတော့ အဲဒီပုံရိပ်တွေဟာ ဆွဲဆောင်မှု ရှိတယ်လို့ တွေးမိလာတယ်။ ပန်းတွေ၊ စိမ်းမြမြ ရိုးတံတွေအပြည့်နဲ့ ခန္ဓာကိုယ်နှစ်ခုဟာ လူမဟုတ်တော့သလိုပဲ။ လူ့အသွေး၊ လူ့အသား၊ လူ့အသွင်၊ လူ့သဏ္ဌာန်ကို ခွာချနေသလိုပဲ။ ယောက်ျား ရိုက်ပြချင်နေတဲ့ အနုပညာဆိုတာ အဲဒါလား၊ အဲဒါကို လုပ်ပြဖို့ အားလုံးကို ရင်းခဲ့၊ အားလုံးကို အဆုံးရှုံးခံခဲ့တာလား။

※

“မေမေ့ခါတ်ပုံ။ လေထဲမှာပျံနေတဲ့ပုံတဲ့။ သား မိုးပေါ်မော့ကြည့်တော့ ငှက်တစ်ကောင်တွေ့တယ်။ ငှက်က စကား လှမ်းပြောတယ်။ သားရေ မေမေ လေတဲ့။ ပြီးတော့ ငှက်ခန္ဓာကိုယ်ထဲက ဟောသလို လက်နှစ်ဖက်ထွက်လာပါလေရော”

အဲဒါ အတော်ကြာခဲ့ပြီ။ ဂျီဝူး မပီကလာနဲ့ ပြောခဲ့တဲ့စကားတွေ။ မျက်ရည်လေးတွေစို့ရင်း ပြောနေတဲ့သားကြောင့် အံ့သြမိသေးတာ သတိရတယ်။

“ဟင် ဘာတုန်း သားရဲ့၊ အိပ်မက်လား၊ အိပ်မက် မက်တာလား ဟင်“

ဂျီဝူးကအိပ်နေရင်း မျက်လုံးကို လက်သီးဆုပ်လေးနဲ့ ပွတ်နေတယ်။

“နေပါဦး ငှက်က ဘယ်လိုပုံလဲ၊ ဘာအရောင်လဲ သားရဲ့”

“အဖြူရောင်.. အင်း… သိပ်လှတာ”

ဂျီဝူးဟာ သူ့ခေါင်းလေးကို ရင်ခွင်ထဲမှာ မြှုပ်ထားတယ်။ သားရဲ့ ရှိုက်သံတွေက သူ့ကို ကူကယ်ရာမဲ့ ဖြစ်စေတယ်။ သူ ရယ်အောင် သား အမျိုးမျိုးကြိုးစားလို့၊ ရယ်ပြီးတဲ့အခါတိုင်း ဖြစ်တတ်သလိုပေါ့။ အမေချော့တာ ခံချင်လို့ မဟုတ်ပါဘူး၊ သားခမျာ သူ့ဘာသာသူ ဝမ်းပန်းတနည်း ဖြစ်လို့ ငိုရှာတာပါ။

“ဒါဆို အဲဒါ မေမေငှက်ပေါ့”

ဂျီဝူးကို သူ ချော့ပြောပြောတယ်။ ဂျီဝူးက ခေါင်းယမ်းရင်း မျက်နှာကို ရင်ဘတ်မှာ အပ်မြဲအပ်ထားတယ်။

သားမျက်နှာလေးကို သူ လက်တစ်ဖက်နဲ့ မော့လိုက်ရင်း . . .

"ဒီမှာ၊ သားမေမေက ဒီမှာလေ။ မေမေက ငှက်ဖြူမကြီး ဖြစ်မသွားပါဘူး။ တွေ့တယ်မဟုတ်လား"

လို့ ပြောလိုက်တယ်။ ဂျီဝူးနှုတ်ခမ်းလေး တွေက ပြုံးယောင်သမ်းလာတယ်။ နှာခေါင်းထိပ်လေးက ခွေးပေါက်စလေးလို ပြောင်လက်လို့။

"အိပ်မက်မက်တာ မဟုတ်လား သားလေး"

ဒါပေမဲ့ တကယ့် အိပ်မက်ရော ဟုတ်ရဲ့လား။ ခု သူ မသေချာတော့ပါဘူး။ အိပ်မက်ပဲလား၊ တိုက်ဆိုင်တာလား။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီနေ့မနက် လင်းအားကြီးမှာ သူဟာ ခရမ်းရောင် တီရှပ်နွမ်းကလေး ဝတ်။ ထွက်ခါစ နေမင်းကို ကျောခိုင်းပြီး တောင်တက်လမ်းတစ်လျှောက် ခြေရာဟောင်းတွေ ကောက်ခဲ့မိတယ်လေ။

※

အိပ်မက်ပါပဲ။

အိပ်မက်တခုပါပဲ။

သူ့ကိုယ်သူ အသံထွက်ပြီး ကျယ်ကျယ်လောင်လောင် ခဏခဏ ပြောမိတဲ့စကားတွေပေါ့။ ဂျီဝူးရဲ့ အဲဒီနေ့က စကားတွေကို စဉ်းစားမိလေ တိုင်းပေါ့။ ခုလည်း မျက်လုံးတွေ ကျယ်ကျယ်ဖွင့်ပြီး အသံထွက် ပြောနေမိတယ်။ တောင်ဆင်းလမ်းတစ်လျှောက် လူနာတင်ကားက အရှိန်နဲ့ဆင်းနေတယ်။ ဆံပင်တွေကို သပ်လိုက်တယ်။ သူ ကြည့်မှ ဖြစ်မယ်ဆိုတာသိတယ်။ ရင်ဆိုင်မှ ဖြစ်မယ်ဆိုတာ သဘောပေါက်တယ်။ လက်တွေဟာ သိသိသာသာ တုန်နေ တယ်။

သားကို စွန့်ပစ်ခဲ့ဖို့ ဆုံးဖြတ်ချက်ချခဲ့မိတာဟာ ဘာဖြစ်လို့ ဒီလောက် လွယ်မှန်း သူ့ကိုယ်သူလည်း မသိဘူး။ ရှင်းပြလို့လည်း မရဘူး။ ဒါဟာ အင်မတန် စက်ဆုပ်ရွံရှာဖွယ်ကောင်းတဲ့ ရာဇဝတ်မှု၊ တာဝန်မဲ့မှု။ သူ့ကိုယ်သူ အပြစ်ပေါ့အောင် ဘယ်တော့မှ မလုပ်ဘူး။ ဘယ်တော့မှလည်း ဝန်ခံမှာမဟုတ်ဘူး။ ဘယ်တော့မှလည်း ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး။ အမှန်တော့ ကြောက်စရာ ကောင်း လောက်အောင် ရှင်းရှင်းလင်းလင်း ခံစားမိတဲ့ ခံစားချက်တစ်ခုကြောင့်ပဲ။ သူ့ယောက်ျားနဲ့ ယောင်ဟေးသာ လူ့ကျင့်ဝတ်နဲ့ လောကစည်းမျဉ်းတွေကို မကျော်ခဲ့ကြဘူးဆိုရင်၊ အရာအားလုံး ဝါးအစည်းပြေသလို တစ်စစီ ဖြစ်မသွားခဲ့ဘူးဆိုရင်၊ ခုချိန်မှာ ပုံလဲကျသွားမှာက သူပဲ။ အဲလိုဖြစ်ခွင့်ပေးခဲ့ရင်၊ ဘဝ နှောင်ကြိုးကို လက်လွှတ်လိုက်ရင် သူ ဘယ်တော့မှ ပြန်ရှာတွေ့တော့မှာ မဟုတ်ဘူး။ အဲလိုဆို ကနေ့ သွေးပွက်ပွက်အန်နေတာ ယောင်ဟေးမဟုတ်ဘဲ သူ ဖြစ်နေလိမ့်မယ် ထင်တယ်။

ညည်းသံ ထွက်လာတယ်။ ယောင်ဟေး သာ ပြန်လည်လာတယ်။ သွေးထပ်အန်မှာစိုးလို့ ပုဝါတစ်ထည်ထုတ်ပြီး အသင့်ကိုင်ထားမိတယ်။

"အင် . . . အင် . . ."

ယောင်ဟေး မအန်ပါဘူး။ အဲဒီအစား မျက်လုံးတွေ ပွင့်လာတယ်။ မျက်ဆန်နက်တွေက အင်ဟေးကို စိုက်ကြည့်နေတယ်။ အဲဒီမျက်လုံးတွေ နောက်မှာ ဘာများရှိပါလိမ့်။ အသိစိတ်ဟာ သူ့ခန္ဓာကိုယ်အတွင်းမှာ ရှိသေးရဲ့ လား။ ဘယ်သူမှ လက်လှမ်းမမီတဲ့ အဝေးတစ်နေရာကို ရောက်နေခဲ့ပြီလား။ ဘယ်လို ဒေါသ၊ ဘယာနက၊ ဒေါမနဿနဲ့ လောကငရဲတွေထဲများ ရောက် နေပါလိမ့်။

"ယောင်ဟေး"

အင်ဟေးက ခေါ်လိုက်တယ်။ ခုတော့ သူ့အသံမှာ ဘာစိတ်ခံစား ချက်မှ မပါတော့ပါဘူး။ ဗလာအသံပေါ့။

"အင်..ဟင်"

ယောင်ဟေးဟာ ဖြေဖို့ကြိုးစားနေတယ်။ ကမ္ဘာလောကထဲ အသက်ရှင်နေထိုင်တဲ့ နောက်ဆုံးအချိန်မှာ သူ လုပ်ချင်တဲ့အလုပ်က သူ့အစ်မကို အဖြေတစ်ခုခုပေးဖို့များလား။ အင်ဟေးရဲ့ တုန်နေတဲ့ လက်တစ်ဖက် မြောက်တက်လာတယ်။ ခဏနေတော့ ဖုတ်ခနဲ အရုပ်ကြိုးပြတ် ပြန်ကျသွား တယ်။

နှုတ်ခမ်းကို တင်းတင်းစေ့ထားမိတယ်။ ရုတ်တရက် ချက်ချင်း အရုဏ်မတက်ခင် မနက်မှာပျောက်ခဲ့တဲ့ တောင်တက်လမ်းက သူ့ဆီ ပြန်ရောက်လာခဲ့တယ်။ စိုစွတ်နေတဲ့ တောင်တက်လမ်းက ဖိနပ်မပါတဲ့ ခြေဖဝါး ကို အေးစက်စက် ကြက်သီးထလောက်အောင် ထိတွေ့။ မျက်ရည်တော့ တစ်စက်မှမကျခဲ့ဘူး။ ဘာလို့တုန်းဆိုတော့ အဲဒီတုန်းက သူမှ နားမလည်သေးတာ။ အေးစက်စိုစွတ်မှုက ဘာကိုပြောဖို့ ကြိုးစားနေတယ်ဆိုတာ သူ သဘောမပေါက်ခဲ့ဘူး။ ဒါပေမဲ့ အဲဒီ အေးစက်စိုစွတ်မှုဟာ တစ်ကိုယ်လုံးကို လွှမ်းသွားတယ်။ သွေးကြောတွေထဲက တစ်ဆင့် အသားမျှင်တွေနဲ့ အရိုးထိအောင် စိမ့်ဝင်သွားတယ်။

အင်ဟေး ပါးစပ် ဟလိုက်တယ်။

"ငါ ပြောချင်တာက.......။

သူ ယောင်ဟေးကို တိုးတိုးလေး ပြောနေတယ်။ အောက်မှာ လှိုဏ်ရှိတဲ့ လမ်းကို ဖြတ်နေချိန်မှာ လူနာတင်ကား အောက်ပိုင်းဟာ တရှီရှီ အသံထွက်လာတယ်။ အင်ဟေးက ယောင်ဟေး လက်မောင်းတွေ ကို ညှစ်လိုက်တယ်။

"ဒါတွေအားလုံးဟာ အိပ်မက် ဖြစ်ချင်ဖြစ်နေမှာ"

သူ ဦးညွှတ်လိုက်တယ်။ အဲဒီတစ်ခဏမှာ တစ်ခုခုက သူ့ကို ပူးကပ် လိုက်သလို ယောင်ဟေးနား အနားကပ်ပြီး စကားကို တစ်လုံးချင်း ပြောမိတယ်။

"ငါ့မှာလည်း အိပ်မက်တွေရှိခဲ့ဖူးတယ် ယောင်ဟေး။ အိပ်မက်တွေ၊ ငါ့ကိုယ်ငါ အိပ်မက်တွေထဲပျော်ဝင်သွားဖို့ ခွင့်ပြုခဲ့မိတာပေါ့။ အိပ်မက်တွေက ငါ့ကို ဆောင်ယူသွားပါစေလို့ပေါ့။ ဒါပေမဲ့ အိပ်မက်ဟာ တစ်ခဏပဲ။ ထာဝရ မဟုတ်ဘူး။ ငါတို့အားလုံး အချိန်တန်တော့ နိုးထကြရတာပဲ။ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ အဲဒီနောက်ပိုင်းမှာ..."

ခေါင်းပြန်မော့လိုက်တယ်။ လူနာတင်ကားဟာ တောင်ပေါ်က ဆင်းတော့မယ်။ နောက်ဆုံးတောင်ပတ်လမ်းကို ပတ်နေပြီ။ တိမ်မည်းညိုတွေဆီ ဦးတည်ပျံသန်းနေတဲ့ မဟူရာငှက်တစ်ကောင်ကို မြင်လိုက်တယ်။ နွေညနေခင်း ရဲ့ နေခြည်ဝင်းဝင်းက မျက်လုံးတွေကို ကျိန်းစေတယ်။ ဒါကြောင့် ငှက်ကို မျက်စိတစ်ဆုံး လိုက်မကြည့်နိုင်ဘူး။

အသက်ကို ဖြည်းဖြည်းရှူသွင်းလိုက်တယ်။ လမ်းဘေးက သစ်ပင်တွေဟာ နေရောင်နဲ့အတွေ့မှာ ကမ္ဘာဦးက ရောမသတ္တဝါရိုင်းကြီးရဲ့ ကိုယ်ခန္ဓာလို အစိမ်းရောင်မီးလျှံတွေနဲ့ ထိန်ထိန်ညီးနေတယ်။ သစ်ပင်တွေကို သည်းသည်း ထန်ထန် စိုက်ကြည့်နေမိတယ်။ အဖြေတစ်ခုခုကို

စောင့်ဆိုင်းနေတာလား၊ တစ်စုံတစ်ရာကို ကန့်ကွက်ဆန့်ကျင်နေတာလား၊ သူ့အကြည့်က တစ်သမတ်တည်း မှောင်မှောင်မဲလို့။

««« »»»

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR